www.burmeseclassic.com

ရွှေပဒေသာစာပေ

# မိုးစက်ပွင့်

တိမ်ငိုမှဝိတောက်ပြုံး




အချစ်

လုံးချင်းဝတ္ထုရှည်

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၁၃၊ မတ်လ။

ထုတ်ဝေသူ - ဦးအေးလွင်(၀၄၁၅၂)
ရွှေဥစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် - ဦးအေးလွင် (၀၈၂၀၀)
အတွင်းပုံနှိပ်သူ ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

ဖြန့်ချေး - ၁၀၀၀ ကျပ်
အုပ်ရေ - ၅၀၀ အုပ်

၈၉၅.၈၃

မိုးစက်ပွင့်
တိမ်ငိုမှပိတောက်ပြုံး / မိုးစက်ပွင့် ။ - ရန်ကုန်
ရွှေဥစာပေ ၊ ၂၀၁၃ ။
၃၃၁ - စာ၊ ၁၂.၃ × ၁၈ စင်တီ။
(၁) တိမ်ငိုမှပိတောက်ပြုံး


BURMESE CLASSIC

မိုးစက်ပွင့်

# တိမ်ငိုမှ ပိတောက်ပြုံး

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ . . .

တစ်ခါ . . . တစ်ခါ . . . မိုးသက်လေပြင်း

တစ်ခါ . . . တစ်ခါ . . . အလေငြိုးပေးတွဲလေ

မရှုမလှ ပေးဆပ်ခဲ့ရသမျှ

ကိုယ်စိတ်စ မြေကျွန်မိချိုးပါ . . .။

တကယ်တော့ . . . အချစ်ဆိုတာ . . .

ပူလိုက် . . . အေးလိုက် . . .၊ ငိုလိုက် ရယ်လိုက်

နှလုံးသားကို ရိုက်နှက်တဲ့ ကြာပွတ်ဆိုရင်

ရင်တစ်ချောက် ပီတိ

ဈေးတစ်ရာမှ မရှိတော့သည်အထိ

မချစ်တွင်းနက် . . . နစ်သက်ခက်ဆိုး

မူးယစ်ထိမ်းပြီး စိတ်ကစားတော့

အချစ်ပေးပြီး . . . ဆွေနဲ့ဝေးရာမှ . . .

ဓါးသည် . . .

ကျွန်တစ်ပြီး . . . ပါလေသား . . .။

ရှုပဒေသာ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁ )

ယွန်းပန်းအိမ် ဇောချွေးတွေပြန်လာသည်။ ခြေလှမ်းတွေက နောက်မှကျားလိုက်လာလို့ပြေးနေရသလို မျက်လုံးတွေကလည်း ကျိုးကန်းတောင်းမှောက်။ မျက်ခြည်ပြတ်မခံဘဲ လိုက်နေသည့်ကြားက လူတွေ တိုးကျိတ်နေရတာနှင့် ဘယ်လိုကနေ ဘယ်လို မျက်စိလည်ကျန်ခဲ့မှန်း မသိ။

ဘုရား . . . ဘုရား . . . ။

သူမတော့ ဘယ်သွားလို့ ဘယ်လာရမှန်း မသိနဲ့ ဒုက္ခရောက်တော့မည် ထင်ပါရဲ့။

ယွန်းပန်းအိမ်က နဂိုကတည်းက မအူမလည် လေးပါ။ ရန်ကုန်မှာဆိုရင်တောင် ကိုယ်နေတဲ့ အိမ်လိပ်စာလေး ပြောပြီး Taxi ငှားပြန်လို့ရသေးသည်။ လမ်းမသိလို့





ပိုက်ဆံပိုအတောင်းခံ ရကာမှ ခံရစေရော။

ခုတော့ ဖြစ်နေတာက သူမ ခုမှရောက်ဖူးသည့် တောင်ကြီးမြို့။ ကိုယ့်အစ်မ ပါတယ်ဆိုပြီး ကိုယ်တည်းတဲ့ အိမ်လိပ်စာကိုလည်း မှတ်မထားမိချေ။ လေးလေးက သူ့သမီး တောင်ကြီးက သူငယ်ချင်းအိမ်ကို အလည်လိုက်မလို့ဆိုတာနှင့် ယွန်းပန်းအိမ်ကိုလည်း ရောက်ဖူးအောင်ဆိုပြီး အဖော်ထည့်ပေးလိုက်တာ။

ခုမှ ဒုက္ခလှလှကြီးတွေ့ရတော့မည် ထင်ပါရဲ့။ ချွေးသီးပေါက်တွေ ဖူးသီး၊ ခရမ်းသီးလောက် ဖြစ်ကုန်ပြီလား။ စိုးထိတ်ကြောက်ရွံ့စိတ်နှင့် တိုးဝှေ့ကာ အောက်ထပ်ကို ပြေးအဆင်း . . .

"ဟာ"

"အင့်"

"အမယ်လေး"

ရုတ်တရက် လှေကားအကွေ့မှ လူတစ်ယောက်နှင့် တိုးတိုက်မိလေသဖြင့် လက်ထဲမှာ ကိုင်လာသည့် ရှမ်းပဲပုပ်အထုပ်ကလေး ပြုတ်ကျသွားလေ၏။

အရေးထဲမှာနော်။

"ဒုတ်"

"အ"

"သေပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံး ကိုယ့်နဖူးကိုယ် လက်နှင့်ပွတ်ပြီး ရှုံ့မဲ့သွားကြလေသည်။ ပြုတ်ကျသွားတဲ့ အထုပ်ကို နှစ်ယောက်ပြိုင်တူ ငုံ့ကောက်မိလို့ နဖူးချင်း ဆောင့်မိရက်ပွဲဆင်သွားတာ။

ဒါကို အနားက အထည်ဆိုင်မှ ရှမ်းမလေးနှစ်ယောက်က ကြည့်၍ ရယ်နေ၏။

ဟွန်း . . . သူများ ဒုက္ခရောက်နေတာကို ကြည့်ရယ်နေကြတယ်ဟု စိတ်မှာ ခံပြင်းလျက် ချက်ချင်း အကြည့်ကို ပြန် ရုပ်သိမ်းပစ်လိုက်သည်။

ယွန်းပန်းအိမ် ကိုယ်နှင့် တိုက်မိသည့်လူကို တစ်စက္ကန့်လေးမှ မော့မကြည့်ဖြစ် သူ့အရင် ကောက်ကိုင်မိသွားသည့် ကိုယ့်အထုပ်ကလေးကိုပဲ သူ့လက်ထဲမှ ဆတ်ခနဲ ဆွဲယူပြီး သုတ်ခြေတင်ခဲ့ရတော့သည်။

မမတို့ ဘယ်ရောက်ကြကုန်ပြီလဲ။

နောက်က ကုလားကျားဆွဲလို့ ဆွဲမှန်းမသိ၊ ယွန်းပန်းအိမ်ကိုတော့ရ် နည်းနည်းလေးမှ ပြန်ရှာဖော်မရကြဘူး။ နေနိုင်လိုက်ကြတာ အံ့ပါရဲ့။

ယွန်းပန်းအိမ် မမတို့ကို ရှာရင်းနဲ့ ဘယ်နေရာရောက်လို့ ရောက်လာမှန်းပင် မသိတော့။ လူတွေကြားမှာ တိုးဝှေ့ပြေးလွှား ရှာရင်းပဲ လူနည်းနည်းရှင်းသည့် နေရာမှာ ဘေးဘီကို ကြည့်လိုက်တော့ . . .





တောင်ပေါ်သားကားဂိတ်တဲ့ . . .

ဒါ ဘယ်နေရာလဲ။ ယွန်းပန်းအိမ် စိတ်ပျက်လက်ပျက် ထိုင်ချလိုက်ပြီး တအိအိနှင့်ငိုချပစ်လိုက်၏။ အခုအချိန်မှာ ကြောက်တာပဲသိပြီး ရှက်ဖို့ကို သတိမရတော့ချေ။

"ဟီးတီ"

"ဟာင်"

ဘယ်သူ့ကို ခေါ်တာလဲဟု ဘေးဘီကို ငေးကြည့်တော့ သူမနှင့် နီးနီးကပ်ကပ်မှာ ဘယ်သူမှမရှိ။

"မင်းကို ခေါ်နေတာ"

ယွန်းပန်းအိမ် မျက်ရည်တွေကို သုတ်ပြီး မော့ကြည့်လိုက်တော့ သူမကို စိုက်ကြည့်နေသော မျက်ဝန်းတစ်စုံ။

ချောလိုက်တာဟု . . . စိတ်မှာတွေးပြီးမှ စိတ်ကို ပြန်တင်းလိုက်၏။ သူချောတာ ဖုတ်စား၊ ပြုတ်စားလို့မှ မရတာ။ လောလောဆယ် ကိုယ်က ဒုက္ခရောက်နေတာလေ။

"ဘာဖြစ်လို့ လမ်းလယ်ခေါင်ကြီးမှာ ထိုင်ငိုနေတာလဲ"

"ရှင်"

"ရှင်"

"ကိုယ် မြန်မာစကားပြောနေတာ နားမလည်ဘူး



www.burmeseclassic.com

www.burmeseclassic.com



လား"

"အဲ"

မြန်မာစကားပြောနေပေမယ့် သူ့အသံက ခပ်ဝဲဝဲ။ ရှမ်းပဲ ဖြစ်မှာပေါ့။

"ငိုပါတယ်ဆိုမှာတော့ ဒုက္ခရောက်နေလို့၊ စိတ်ညစ်လို့ပေါ့ရှင့်"

"ဘယ်လို ဒုက္ခရောက်တာလဲ။ ပြောပြလေ ကူညီနိုင်ရင် ကူညီမှာပေါ့"

"ရှင် . . . တကယ်ပြောတာလား"

ယွန်းပန်းအိမ် မယုံသလိုလေး မေးလိုက်၏။ ပြောပြီးမှ ကိုယ့်ပါးစပ်ကို လက်နှင့်ပိတ်လိုက်မိသည်။ ယောကျ်ားတွေဟာ ယုံရတာ မဟုတ်ဘူး။

လူလိမ်လူညာနဲ့တွေ့မှ အရှင်လတ်လတ် ငရဲ ရှစ်ထပ် ဆင်းရတာထက် ဆိုးနေဦးမည်။ သူ့ပုံစံ ကြည့်ရတာတော့ သူခိုး၊ ကြမ်းပိုးရုပ် မပေါ်ပါဘူး။ ဒီတော့ အကောင်းစားတွေ ဝတ်ထားတာကိုး။

အို . . . လူဆိုးဆိုတာ ဘာနဲ့တံဆိပ်ရိုက်မှတ်ထားတာရှိလို့ ကိုယ်က မိန်းကလေး။ အယုံလွယ်လို့ မဖြစ်ပါဘူး။

"မင်းပုံစံကြည့်ရတာ မအူမလည်နဲ့။ တောင်ကြီးကတော့ မဖြစ်နိုင်ဘူး။ ဘယ်ကလဲ ရန်ကုန်ကလား၊ ကိုယ်





ဘာကူညီပေးရမလဲ"

အဲ . . . ကိုယ့်ပုံစံ မအူမလည် ဖြစ်နေတာကို ကြည့်ပြီး ဖွင်ဆင်တာလား။ ဒုက္ခရောက်နေတာက အမှန်ပေမယ့် အကူအညီလည်း အရမ်းမတောင်းရဲပေ။ ကူညီမယ်ဆိုပြီး လိမ်ခေါ်သွားရင် ဒုက္ခ။

လူကုန်ကူးမှုတွေက ခေတ်စားနေတာလေ။ ယွန်းပန်းအိမ် သူ့ကို အကဲခတ်လိုက်ပြီး . . .

"အဖော်တွေနဲ့ ကွဲသွားလို့ ဒုက္ခရောက်နေတာကတော့ အမှန်ပဲ။ ဒါပေမဲ့ ရှင်ကူညီမယ်ဆိုတာကို ကျွန်မ မယုံရဲဘူးရှင့်။ ရှင်ကူညီမယ်ဆိုပြီး လိမ်ခေါ်သွားရင် ခုဒုက္ခကမှ အသက်ရှုချောင်ဦးမယ်"

သူက မျက်မှောင်ကြုတ်သွားပြီး . . .

"မင်းစေတနာကို စော်ကားလှချည်လားကွ။ ငါ့ရုပ်က သူခိုး၊ ကြမ်းပိုးရုပ်ပေါက်နေလို့လား"

"သိနိုင်ဘူးလေ . . . လူရိုး နံပါတ်တပ်မထားသလို၊ လူလိမ်လူညာဆိုတာလဲ ချိုပေါက်နေတာမှ မဟုတ်တာ"

"မင်း"

သူ့မျက်နှာ ရဲခနဲဖြစ်သွားလေ၏။ စေတနာနဲ့ မတာန်တဲ့ဟာလေးပါလား။

"သူများ ဒုက္ခရောက်နေပါတယ်ဆိုမှ ဘယ်လိုလူနဲ့ လာတွေ့နေမှန်း မသိဘူး . . . ဟီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဖော့"

သူ ဗျာပျာသလဲ ဖြစ်သွားတုန်း . . .

"ဟယ် . . . ဒီမှာ တွေ့ . . . တွေ့ပြီ"

"ကဲ"

"ဒေါက်"

"အား"

"ဖဟာဗျာ"

မြစ်မြင်ချင်း ခေါက်နှင့်ထွင်းလိုက်တော့ သူ ပါးစပ်အဟောင်းသား ဖြစ်သွားလေ၏။

ကြည့်စမ်းပါဦး။ အဖော်ကွဲလို့ ကြောက်ရှိနေတဲ့သူကို အားမပေးဘဲ အနားရောက်တာနှင့် ခေါင်းကို ခေါက်ချလိုက်တာ မညှာမတာ။

"အဲဒါ ထုံချင် . . . အရချင်ဦး . . . မျက်စိလျင်၊ နားပါးမရှိဘူး။ ရှာလိုက်ရတာ ဖတ်ဖတ်ကိုမောနေတာပဲ။ ဟွန်း . . . သိပ်စေတနာရှိလို့ ရှာတယ်တော့ ခေါင်နဲ့။ နှင်ပျောက်ရင် ငါပါ အိမ်ပေါ်က ခေါင်းနဲ့ဆင်းရမှာစိုးလို့"

"ပန်းအိမ်လည်း ကြည့်နေရင်း မျက်စိလည်သွားတာပါ။ မမရဲ့"

"ခံပြောပြန်ပြီ။ နှင် တစ်ခုခုဖြစ်ရင် နှင့်ဦးလေးငါ့အဖေက ငါ့ကိုပဲ အပြစ်တွေနဲ့ ဖိဦးမယ်။ သိရဲ့လား . . . သိရဲ့လား"





"အား . . . သေပါပြီ"

ပါးစပ်ကပြော လက်က ယွန်းပန်းအိမ်၏ ဗိုက်ခေါက်ကို ဆွဲလိမ်ပြီးသား။ သူ ရှုံ့မဲ့မဲ့လေးနှင့် မျက်ရည်ဝဲသွားသော ချာတိတ်ကို ကြည့်ပြီး သနားကရုဏာ သက်မိသွားသည်။

"ချာတိတ်"

"ဟင်"

"မင်းရဲ့ အဖော်တွေ တွေ့ပြီဆိုတော့ ကိုယ် ကူညီစရာမလိုတော့ဘူးပေါ့။ သွားမယ်နော်"

"ကြွ . . . ကြွ"

"ဟဲ့"

ပန်းအိမ် စိတ်ပေါက်ပေါက်နှင့် အော်ပစ်လိုက်တော့ မမက ဟိုလူကို အားနာသလိုနှင့် သူမကို အော်သည်။ သူကပဲ တယ်တစ်ရှင်ကြီးလိုလို ဘာလိုလိုနဲ့။ အသားလွတ် အသားဝင်ယူနေသေးတယ်။

"ဟို . . . အားနာလိုက်တာရှင်။ ဒီကောင်မလေးက ဒီလိုပဲ အပြောမတတ်ဘူးရှင့်။ တောသူဆိုတော့ ရိုင်းတယ်။ စိတ်မရှိပါနဲ့နော်"

"ရပါတယ်"

"နှယ် . . . တွေ့ပြီလား"

"တွေ့ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါသေးရဲ့ဟယ် . . . ယွန်းပန်းအိမ်ရယ်။ နင်ပျောက်သွားလို့ တို့မှာ မာရသွန်ပြိုင်ပွဲ ကျင်းပနေရတာဖတ်ဖတ်ကို မောရောပဲ"

ရောက်လာသူက မြမိုးနွယ်ရဲ့ သူငယ်ချင်း ချောစုစံ။

"ဟယ် . . . ကိုစိုင်းခွန်မို"

"ဟုတ်ပါတယ် . . . ဒါနဲ့ သူ့နာမည်က ယွန်းပန်းအိမ်လား"

"ဟုတ်တယ် . . . ကိုစိုင်းခွန်မိုရဲ့ ဘာဖြစ်လို့လဲဟင်"

"ချာတိတ်က အဖော်ကွဲလာလို့ ဒီလမ်းမှာ ထိုင်ငိုနေတာ။ အဲဒါ ကိုယ်က ကူညီမလို့ မေးတာကို လူကုန်ကူးတဲ့ကောင်များ မှတ်နေသလား မသိဘူး။ မယုံသင်္ကာနဲ့ဘုတောလွှတ်နေတာ"

"ဖြစ်မှဖြစ်ရလေ . . . ကြားထဲက ကျွန်မတောင်းပန်ပါတယ် ကိုစိုင်းခွန်မို။ ကူညီမယ့်သူကိုများ ဘုတောလွှတ်ရတယ်လို့ ယွန်းပန်းအိမ်ရယ်။ ကိုစိုင်းခွန်မိုက အဝေးပြေးကားတွေပိုင်တဲ့ သူဌေးသားဟဲ့"

ချောစုစံက သူ့ကို လှည့်ပြောလိုက်၊ ချာတိတ်ကို လှည့်ပြောလိုက်။ သူ့ကို ချွန်တွန်းလုပ်တယ် ထင်သွားလားမသိဘူး။ မျက်စောင်းတစ်ချက်က ဒိုင်းခနဲ ရောက်လာသည်။





အားပါးပါး . . . လှလိုက်တဲ့ မျက်စောင်းလေး ရင်ထဲမှာ ဒိတ်ခနဲ ခုန်သွားတာပဲ။

"သူတို့က ဧည့်သည်တွေ ထင်တယ်"

"ဟုတ်တယ် . . . ရန်ကုန်ကလေ"

စိုင်းခွန်မိုက မြမိုးနွယ်ကို တစ်ချက်ကြည့်ပြီး မေးလိုက်တာကြောင့် နွယ့်ကိုများ စိတ်ဝင်စားသွားလေသလားဟု ချောစု ပြုံးလိုက်ကာ . . .

"သူက မြမိုးနွယ်တဲ့ ကိုစိုင်းခွန်မို။ ချောစုရဲ့ သူငယ်ချင်းလေ။ သူလည်း သူဌေးသမီးပဲပေါ့"

"အာ . . . ချောစုကလဲ"

"တွေ့ရတာ ဝမ်းသာပါတယ် . . . မမြမိုးနွယ်"

"ဟုတ်ကဲ့"

"ကို . . . မီတ်ဖြစ်ခွေဖြစ် လက်ဖက်ရည် လိုက်သောက်ပါလား"

"အို . . . အားနာစရာ"

"လာပါ . . . လိုက်ခဲ့နော်။ ကျွန်တော်က လူတိုင်းကို စေတနာရှိတာ မဟုတ်ဘူးဗျ"

"အဲဒါတော့ ချောစု တောက်ခံတယ် နွယ်။ ကိုစိုင်းခွန်မိုက ဘယ်မိန်းကလေးနဲ့မှ သိပ်အရောတဝင်နေတာ မဟုတ်ဘူး။ နွယ်နဲ့ကျမှ စိတ်ပြောင်းသွားတာထင်တယ်"

"ဟာ . . . ချာ"

www.burmeseclassic.com



နှယ် ရင်ထဲမှာ လှုပ်ခနဲ ဖြစ်သွားလေ၏။ ဘာဖြစ်တာလဲ။ စိုင်းခွန်မိုက ရှေ့မှ ဦးဆောင်၍ လက်ဖက်ရည်ဆိုင် တစ်ဆိုင်သို့ ဝင်ခဲ့ကြသည်။

"အလည်လာတဲ့ ဧည့်သည်တွေဆိုတော့၊ ဘယ်တွေလည်ပြီးကြပြီလဲ"

"မနေ့ကမှ ရောက်တာဆိုတော့ ဒီနေ့က ပထမဆုံးပဲလေ"

"ဪ . . . ဘယ်တွေသွားဖို့ အစီအစဉ်ရှိလဲ။ အကူအညီလိုရင် ပြောနော်"

"အင်းလေးကိုသွားဖို့ အစီအစဉ်ရှိတယ်လေ။ ညောင်ရွှေမှာ တစ်ညအိပ်ကြမယ်"

"အမျိုးတွေရှိလို့လား"

"မရှိဘူး။ Hotel မှာပဲ တည်းကြမှာ"

"ဪ . . ."

စိုင်းခွန်မို ဆွဲအနေသော ချာတိတ်ဆီသို့ လူ အလစ်မှာ အကြည့်သူခိုးလို လှစ်ခနဲ ပို့လိုက်မိ၏။ သူမမှာ စကားပြောခွင့် ပါမစ်မရှိဘူးလား၊ ကိုယ်လေး ကျုံ့ထိုင်ပြီး ကော်ဖီခွက်ကို စိုက်ကြည့်နေပုံက ကျားရှေ့မှာ ဝပ်နေတဲ့ ယုန်ကလေးလို။

"ကိုစိုင်းခွန်မို အားရင် လိုက်ခဲ့ပါလား။ ကျွန်မတို့ သွားရမှာ မိန်းကလေးတွေချည်းပဲ ဖြစ်နေလို့၊ ယောကျ်ား





လေး တစ်ယောက်လောက်ပါတော့ အရေးကြုံရင် အားကိုးလို့ ရတာပေါ့"

ချောဇုစ်က လမ်းကြောင်းပေးနေပြီ။

"ကျွန်တော် တစ်ယောက်တည်းတော့ မလိုက်ချင်ဘူးဗျာ။ ကျွန်တော်လည်း အဖော်ရအောင် ကျွန်တော့် သူငယ်ချင်း တစ်ယောက်ကိုပါ ခေါ်ခဲ့မယ်ဆိုရင် ဖြစ်မလား"

"ကောင်းသားပဲ . . . လူများတော့ ပိုပြီး ပျော်စရာ ကောင်းတာပေါ့"

"အိုကေ"

စကားဝိုင်းသာ အဆုံးသတ်သွားတယ် သူမလေး၏ စကားသံလေးကို မကြားရတော့။ မင်းဘဝက ဘာလဲ ချာတိတ်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂ )

စိုင်းခွန်မို မကြာခဏ အိပ်မက်ထဲမှာ ဆုံတွေ့ခွင့်ရနေသော သူ့အိပ်မက်ထဲက နတ်သမီးလေးကို အပြင်မှာ တကယ်တွေ့လိုက်ရပြီမို့ ရင်ထဲမှာ သိမ့်သိမ့်ခါလျက်။ ဒါ သူ့ရဲ့ ဖူးစာဖက်ပဲ ဖြစ်လိမ့်မည်ဟု တစ်ထစ်ချ ယုံကြည်ထားလေ၏။

နှာမည်လေးက ယွန်းပန်းအိမ်တဲ့။ အိပ်မက်ထဲက အတိုင်းပါပဲ။ သနပ်ခါး ပါးကွက်ကလေးနှင့် ချစ်စရာကောင်းနေသော မျက်နှာဖူးဖူးလေးက ငယ်မူငယ်သွေးပင် မပျောက်သေးသလိုပါပဲ။

. . . သူနဲ့ ဘယ်လိုတွေ့ခဲ့တာလဲ ခွန်မို"



"လေှကား အဆင်းနဲ့အတက် ဝင်တိုက်မိတာ။ သူ့ကို မြင်လိုက်ရတော့ ရုတ်တရက် ငါ အံ့ဩသွားတာ။ နောက် ငါ သူ့နောက်ကို နောက်ယောင်ခံလိုက်တော့ တောင်ပေါ်သား ကားဂိတ်နားမှာ ထိုင်ငိုနေတာကွာ တကယ့် ကလေးလေးအတိုင်းပဲ"

ရောဂါက မသေးပါလား။ အိပ်မက်ထဲက မိန်းကလေးအကြောင်းကို ခွန်မို ခဏခဏ ပြောဖူးလို့ ချစ်ဦးက သိပြီးသားပါ။ တကယ်အပြင်မှာ တွေ့ပြီဆိုတော့ အံ့ဩမိတာကတော့ အမှန်ပါပဲ။

"သူက ဘာလို့ ငိုတာလဲကွ"

"အဖော်တွေနဲ့ ကွဲသွားလို့တဲ့ကွာ။ ငါက ဘာကူညီရမလဲ သွားမေးတာကို ချာတိတ်က ဘုတောလွှတ်တာ။ လူလိမ်နဲ့ တွေ့မှာစိုးလို့ ငါ့ကို မယုံဘူးတဲ့ ဟား . . . ဟား"

"နောက်တော့ရော . . ."

ချစ်ဦးက စိတ်ဝင်စားစွာ ဆက်မေးလေ၏။

"နောက်တော့ သူ့အစ်မ မြတ်မိုးနွယ်နဲ့ ချောစုတို့ ရောက်လာကြတာလေ။ အဲဒီမှာတင် ငါလည်း ဝင်ရောလိုက်တာ"

"အင်း . . . မြားနတ်မောင် အိပ်ရာ[illegible] နိုးလာပြီထင်တယ်။ မြားချက်မလွဲအောင် ငါက အဆစ်ကူညီမယ်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကုသိုလ်ရပါတယ် သူငယ်ချင်းရာ"

"ကုသိုလ်က နောက်မှရမှာ။ လောလောဆယ် ငါနဲ့ သစ်သီးခြံလိုက်ခဲ့ဦး"

"ဘာလုပ်ရအောင်လဲ"

"မနက်ဖြန်အတွက် အလုပ်သမားတွေကို မှာစရာ ရှိတာ မှာခဲ့ရဦးမယ်လေ"

ခွန်မိုက ကျွတ်ခနဲလုပ်ကာ . . .

"ဒီမှာ စိတ်ကူးလေးယဉ်လို့ ကောင်းနေတာကို မင်းဘာသာ သွားလိုက်စမ်းပါကွာ"

"ငါ့ဆိုင်ကယ် ဆေးရုံတင်ထားရလို့ မင်းကို ခေါ်တာကွ။ လိုက်မပို့ချင်နေ မနက်ဖြန် ငါ မင်းနောက်ကို မလိုက်ရုံဘဲရှိမယ်"

"နည်းနည်းလေး အကူအညီတောင်းမိပါတယ် အခွင့်အရေးက တန်းယူတော့တာပဲ"

ပြောပြီး ခွန်မို ဆိုင်ကယ်သော့ကို ယူပြီး ချစ်ဦးကို သစ်သီးခြံထဲသို့ လိုက်ပို့ရ၏။

ငယ်သူငယ်ချင်းတွေမို့ သူတို့နှစ်ယောက်က တတွဲတွဲပါပဲ။ ဘွဲ့ရပြီး ချစ်ဦးက သူ့မိဘားစုရဲ့ သစ်သီးခြံတွေကို သူကိုယ်တိုင် ဦးစီးလုပ်ကိုင်နေ၏။

ခွန်မိုကလည်း မိဘတွေရဲ့ လုပ်ငန်းကို လက်လွှဲတာဝန်ယူထားသူ။ အဝေးပြေးကားတွေ ဘယ်နှစ်စီးတောင်





ရှိသည်မသိ။

တစ်ခါတစ်ခါ ကားဒရိုင်ဘာတွေကို စိတ်မချလို့ သူကိုယ်တိုင် လိုက်ရ၏။ သောက်တတ် စားတတ်သူတွေပါ တော့ သူတို့ လစ်ရင်လစ်သလို ထင်ရာစိုင်းချင်ကြသည်။

ဒါကြောင့် ဖေဖေနှင့်သူ တစ်ယောက်တစ်ပတ် လိုက်ရ၏။ ခွန်မိုက ဖေဖေ ပင်ပန်းမှာစိုးလို့ ဖေဖေ့အပတ် ထဲမှာ ငါးရက်လောက် ဝင်လိုက်ပေးပြီး နှစ်ရက်လောက်ပဲ နားတတ်သူပါ။

အခု နားရက်လေးမှာပဲ ဈေးထဲကို သွားရင်း သူ့ရဲ့ အိပ်မက်နတ်သမီးလေးနဲ့ ဆုံဖြတ်ခဲ့တာပါ။

"ခွန်မို"

"ဘာလဲကွ"

"မင်း ပြောပြပုံအရဆိုရင် ကောင်မလေးက ဟို တစ်ယောက်ရဲ့ အိမ်ဖော်များလားကွာ"

"မြို့နွယ်ရဲ့ စကားအသွားအလာအရ ဆိုရင် ညီ အစ်မဝမ်းကွဲ ဖြစ်လိမ့်မယ်ကွ"

"မင်းရှေ့မှာပဲ ခေါ်းခေါက်တာတွေ လိမ်ဆွဲတာ တွေ မြင်ရတယ်ဆို"

"အေးလေကွာ . . . အဲဒါ ဘာဖြစ်လဲ"

"ဒါဆိုရင် အိမ်ဖော်ဘဝနဲ့ သိပ်တူးမှာတော့ မဟုတ်ဘူး။ ဟိုကွာ ရုပ်ရှင်တွေထဲကလို အားကိုးမရှိလို့



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးအိမ်၊ ဒေါ်လေးအိမ်မှာ ကပ်နေရင်း အိမ်ဖော်လို နှိပ်စက်ဘဝမျိုး ဖြစ်နေမလား"

"ဖြစ်နိုင်တာပဲ"

"အဲဒါဆို မင်း ဘယ်လိုလုပ်မလဲ"

ချစ်ဦးက တွေးတွေးဆဆလေး ပြောနေသည်။ ဒါတွေကို ခွန်မို ဂရုစိုက်နေမှာမှ မဟုတ်တာ။ သူက နလုံးသား၏ အမိန့်ကို နာခံမည့်သူ။

"မင်း ဘာကိုဆိုလိုချင်တာလဲ ချစ်ဦး"

"ရှင်းရှင်းလေးပါ။ မင်းတို့ တကယ်လို့ အဆင်ပြေသွားရင် မင်းအိမ်က သဘောတူပါ့မလား"

ချစ်ဦး စကားကြောင့် ခွန်မိုက အကျယ်ကြီး ရယ်လေသည်။

"အဲဒီလောက်ကြီး ခေါင်းစားမနေစမ်းပါနဲ့ ချစ်ဦးရာ။ သဘောမတူလဲ ငါက မှုမယ့်ကောင်လား။ ငါ ယောကျ်ားကွ။ မိန်းမတစ်ယောက်ကိုတော့ ကောင်းကောင်းရှာကျွေးနိုင်ပါတယ်။ သူ မျက်နှာငယ်စေရအောင် ငါ့ဘဝထဲကို ဆွဲမခေါ်ဘူး။ ငါက သူ့ဘဝထဲကို တိုးဝင်လိုက်ရုံပဲ"

"ဟား . . . အချစ်ရဲ့ စွမ်းအားက တန်ခိုးထက်နေပါလားဟေ့"

"Love Conquers all. အချစ်သည် အရာရာကို အောင်နိုင်၏။ Love never fails. ချစ်ခြင်း မေတ္တာ





များ ဘယ်တော့မှ ကျရှုံးမှု မရှိပါတဲ့ ချစ်ဦးရေ"

"ခွန်မို . . . ခွန်မို ဒါ အစပဲရှိသေးတာနော်။ ဇာတ်ရှိန်တက်လာရင်တော့ မင်း ရူးမလား၊ မူးမလားပဲ"

ခွန်မို ပခုံးကို ကိုင်ထားသော ချစ်ဦး၏ လက်တွေက ခွန်မိုရင်ဘတ်ဆီသို့ ပြောင်းဖက်ရင်း ရယ်သည်။

"နှလုံးသားလေးက တဒိတ်ဒိတ်ခုန် ဖြစ်နေပြီလား"

ခွန်မိုက ဘာမှ ပြန်မဖြေတော့ဘဲ ဆိုင်ကယ်ကိုသာ ဂရုတစိုက်မောင်းနှင်နေ၏။ သစ်သီးခြံထဲကို ရောက်တော့ . . .

"ဆရာလာပြီ"

"မနက်ဖြန် ကျွန်တော် သွားစရာရှိလို့ ခြံထဲကို လာနိုင်မှာ မဟုတ်ဘူး ကိုစိုင်းလှ"

"ဘယ်သွားမှာလဲ . . . ဆရာ"

"အင်းလေးကို"

"ဆရာက အင်းလေးကို ဘာသွားလုပ်မှာလဲ"

ချစ်ဦးက ခွန်မို ပခုံးကို ဖက်လိုက်ရင်း . . .

"ဒီကောင့်ကိစ္စလေ . . . ရန်ကုန်နဲ့ တောင်ကြီး နှစ်ပြည်ထောင် လမ်းခင်းဖို့အရေး ကျွန်တော်က လိုက်ပြီး အကျိုးဆောင်လုပ်ရမှာ"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုစိုင်းလှက ချစ်ဦးစကား နားမလည်သလို ခေါင်းကို ကုတ်သည်။ အဲဒီလို ထွေနေလို့ လူပျိုကြီး ဖြစ်နေတာဟု ချစ်ဦး စိတ်ထဲမှ ရွတ်ချမ်းလိုက်၏။ သူများကိုသာ ပြောရတယ်။ သူတို့ကရော ဘာထူးလို့လဲ။ သူတို့လည်း လူပျိုကြီး။ အဲလေ ၂၃ ဆိုတော့ လူပျိုလတ်ပေါ့။

"အဲဒီလောက် ထူပိန်းမနေနဲ့ ကိုစိုင်းလှရေ။ ဒီကောင် ရန်ကုန်သူတစ်ယောက်ကို ကြွေနေလို့။ အဲဒါ ကျွန်တော်က ဖူးစာလိုက်ရေးပေးရမှာကို ပြောတာ သိပြီလား"

"ဪ"

ဒီတော့မှ ကိုစိုင်းလှ သဘောပေါက်သွားကာ ခွန်မိုကို ပြုံးပြုံးကြီးနှင့် ကြည့်လေတော့၏။





## အခန်း ( ၃ )

"ယွန်းပန်းအိမ်"
"ရှင် . . . မမ"
"ငါ ရေချိုးတော့မယ်"
"ဟုတ်ကဲ့ . . . မမ"

မြမိုးနွယ် ရေချိုးတာ ယွန်းပန်းအိမ်နဲ့ ဘာဆိုင်လို့လဲဟု ခွန်မို တွေးမိသည်။ ရေးလိုက်တွန်းပေးရမှာလား။ စိတ်ဝင်စားစွာ ကြည့်နေဆဲမှာပဲ ယွန်းပန်းအိမ်က သူတို့ရှေ့မှ ခါးလေးကိုင်း ခေါင်းလေးငုံ့၍ ဖြတ်လျှောက်သွားသည်။

ဒါ ရိုးဖသသမှ ပြုတဲ့သဘောပေါ့။ ယွန်းပန်းအိမ်လက်ထဲမှာ ကိုင်သွားတာက လုံချည်တစ်ထည်နှင့်တဘက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ထည်။ ဒါကို ကြည့်၍ စိုင်းချစ်ဦးက . . .

"ဟူး . . . ကိုယ်ဝတ်မယ့် လုံချည်နဲ့ တဘက်တစ်ထည်တောင် နောက်က လူတစ်ယောက် သယ်ပေးရတယ်။ လက်ကျိုးနေသလား မသိဘူး"

ဟု ခပ်တိုးတိုး ပြော၏။ မဆိုင်တဲ့ ချစ်ဦးတောင် စိတ်မကောင်းဖြစ်နေရင် ခွန်မို ရင်ထဲမှာ ဘယ်လိုရှိနေမလဲ။

"ခွန်မို"

"ဟင်"

"မင်း . . . ယွန်းပန်းအိမ်ကို မြန်မြန် လက်ထပ်နိုင်အောင် ကြိုးစား"

"ဘာဖြစ်လို့လဲ"

"မင်း . . . မကြိုးစားရင် ငါ ကြိုးစားရလိမ့်မယ်"

"ဘာကွ"

ခွန်မို ထိုင်ရာမှ ဝုန်းခနဲ ခုန်ထပြီး ရှူးရှူးရှားရှား ဖြစ်သွားလေတော့ ချစ်ဦးက မချိုမချဉ်ရယ်သည်။

"ဒေါသဖြစ် အရင်မလိုနဲ့လေ။ အကြောင်းအရင်းကို မေးဦး"

"ပြောပါဦး . . . မင်း အကြောင်းအရင်းက ဘာလဲ"

"ချာတိတ်ကို သနားလို့"

ဒီတော့မှ ခွန်မို ပြန်ထိုင်ချလိုက်၏။ စိတ်ထဲမှာ စနိုးစနောင့်တော့ ဖြစ်သွားမိသည်။ ချစ်ဦးကလည်း ကိုယ့်





လောက် အချောကြီး မဟုတ်ပေမယ့် ဘူပြီးရင် နံ့ပါတ်နှစ်မိန်းကလေးတွေ၏ စိတ်ဝင်စားခြင်းကို ခံစားရဲသူပါ။

ချာတိတ်က ကိုယ့်ကို မကြိုက်ဘဲ သူ့ကိုများ ကြိုက်သွားရင်ဆိုတဲ့ အတွေးဝင်လာတော့ ရင်ထဲမှာပူ သွားရသည်။

"အလကား နောက်တာပါ ခွန်မိုရာ။ ဒီလောက် မျက်နှာကြီး ပျက်မနေစမ်းပါနဲ့"

"မင်း . . . နောက်ရင် တခြားဟာ နောက်ကွာ။ ချာတိတ်နဲ့ ပတ်သက်ရင်တော့ ငါ သည်းမခံချင်ပါဘူး"

"အေးပါ . . . အေးပါ"

ချစ်ဦးက လေသံအေးနှင့်ဆိုပြီး ထသွားလေသည်။

"မင်း . . . ဘယ်သွားမလို့လဲ"

"ရေချိုးမယ်လေကွာ။ မင်းရော မချိုးဘူးလား"

"ချိုးမှာပေါ့"

"ဒါနဲ့များ"

နှစ်ယောက်သား ရေမိုးချိုးပြီး အဝတ်အစားလဲပြီးသည်အထိ ချာတိတ်မလေး ရေမချိုးရသေးပေ။

သူတို့တွေ ထမင်းစားကြတော့မှ ချာတိတ် ရေချိုးရသည် ထင်၏။

"ယွန်းပန်းအိမ်ကို စောင့်လိုက်ကြဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



"နေပစေ . . . သူက ပိုင်းနဲ့ ဝန်းနဲ့ မစားတတ်ဘူး။ ဘယ်နေရာမှာပဲဖြစ်ဖြစ် တစ်ယောက်တည်း ခွဲစားနေကျ"

"ဩော်"

"ဩော်" သံက ချစ်ဦးနှုတ်မှ ထွက်လာခြင်းပါ။ ခွန်မိုကတော့ ဘာသံထွက်နိုင်မှာလဲ။ ဒါ ရှာတိတ်ကို သဝ်သဝ် ဖယ်ထုတ်ထားမှန်း သိ၍ စိတ်မကောင်းနိုင်။

ကိုယ်နဲ့ ဘာမှ မဆိုင်သေးတော့ ဘာမှလဲ မပြောခွင့်မရှိ။ ချစ်ဦး ထမင်းကို စိတ်မပါဘဲ စားနေသော ခွန်မိုကို ကြည့်ပြီး သက်ပြင်းတစ်ချက် ခိုးရှိုက်မိ၏။ ထမင်းစားပြီး လမ်းလျှောက်ထွက်ကြမယ်ဆိုတော့ . . .

"ယွန်းပန်းအိမ် လာလေ . . . မလိုက်ဘူးလား"

"ဟို . . . ပန်းအိမ် ခေါင်းတွေကိုက်နေလို့ မလိုက်တော့ပါဘူး"

"ဟုတ်လား . . . ဆေးလုံးမသောက်ဘူးလား"

"ပြီးမှပဲ သောက်လိုက်တော့မယ်"

"ဆေးလုံးသောက်တာ အချိန်နာရီ ရွှေးမနေနဲ့လေ။ အခုသွားသောက်လိုက် . . . သွား"

ချစ်ဦးက ယွန်းပန်းအိမ်နှင့် တရင်းတနှီး စကားတွေ ပြောခွင့်ရနေသည်။

ခွန်မိုမှာသာ စိတ်ရှိတိုင်း ပြောခွင့်မရဖြစ်နေတာ။ မရဆို မြမိုးနွယ်က ခွန်မိုအပေါ် တိမ်းညွှတ်နေတာ သိသာ





လှသည်။ ခွန်မိုက ရှာတိတ်ကို ရင်းရင်းနှီးနှီးလေး စကားပြောလိုက်တာနှင့် . . .

မြမိုးနွယ်က ရှာတိတ်ကို ပိုဖိပိုဟောက်နေ၏။ အကောင်းလည်းမပြော၊ နှိမ်လိုက်တာက ဖက်ပင် မငဲ့သာအောင်ပါပဲ။

ဒီတော့ ရှာတိတ် အဆူအမာန်မခံရအောင် ကိုယ်ကပဲ ကိုယ်ရှိန်သတ်၍ အလိုက်အထိုက်နေရတော့သည်။

ယွန်းပန်းအိမ် တစ်ယောက်သာ ကျန်ခဲ့ပြီး ကျန်တဲ့လေးယောက်က လမ်းလျှောက်ထွက်ခဲ့ကြ၏။ လက်ဖက်ရည်ဆိုင်ရှေ့ကို ရောက်တော့ . . .

"ခွန်မို"

"ဟင် . . . ဘာလဲ . . . ချစ်ဦး"

"မင်းတို့ပဲ သွားကြတော့ကွာ။ ငါမလိုက်တော့ဘူး။ ဒီညောင်ရွှေမြို့ကို ငါက တစ်ပတ် တစ်ခါလောက် ရောက်နေတဲ့ကောင်။ ဒီတစ်မြို့လုံး ငါ့ခြေရာ လက်ညှိုးထိုးလို့ မလွဲဘူး။ လျှောက်လိုက်ရမှာ ပျင်းစရာကြီး။ ငါ ဟိုလက်ဖက်ရည်ဆိုင်က ထိုင်စောင့်နေမယ်ကွာ"

"မင်း သဘောပဲလေ"

"ခုမှ ထမင်းစားပြီးလာတယ် လက်ဖက်ရည်သောက်ဦးမလို့လား ကိုချစ်ဦးရဲ့"

"အရည်နဲ့ အဖတ် မတူဘူးလေ ချောစုရဲ့ လာ



www.burmeseclassic.com

www.burmeseclassic.com



ဖက်ရည်က တစ်ငုံချင်းသွင်းတာ ဝင်သေးတယ်"

ချစ်ဦးပြောပြီး ဆိုင်ထဲသို့ ဝင်သွားလေတော့ ခွန်မိုတို့လည်း ဆက်လျှောက်ခဲ့သည်။

"တော်တော်အေးတာပဲနော်"

မြမိုးနွယ်က အအေးဒဏ်ကို မခံနိုင်သလို ညည်းညူတော့ ခွန်မို ချာတိတ်ကို သတိရမိသွားလေ၏။ သူတို့မှာသာ အနွေးထည်အကောင်းစားတွေ ကိုယ်စီနှင့်။ ချာတိတ်ခမျာမှာ ဆွယ်တာအညံ့စား အပါးလေးနှင့် ဘယ်လောက်များ ချမ်းနေရှာလိမ့်မလဲ။

"ကိုစိုင်းခွန်မို"

"ဗျာ"

"အသံတိတ်လှချေလား။ စကားပြောဦးလေ"

"ဘာတွေပြောရမှန်း မသိလို့ပါ"

"ဟောတော့"

မြမိုးနွယ်က ခွန်မိုကို ကြည့်၍ ရယ်လေသည်။

"ကိုခွန်မိုအကြောင်းတွေ ပြောပြလေ"

"သိပ်ထွေထွေထူးထူးတော့ ပြောစရာမရှိဘူးဗျ"

ဟု ဆိုပြီး ဟိုပြောဒီပြော ဘာတွေပြောမိမှန်းမသိ။ လူနဲ့စိတ်က တခြားစီဖြစ်နေသည်ပဲလေ။

ချစ်ဦးမှာလည်း လက်ဖက်ရည်ဆိုင်မှာ ခဏသာဝင်ထိုင်ပြီး Hotel သို့သာ ပြန်လာခဲ့သည်။ သူက လမ်း





လျှောက်ရတာကို အင်မတန် ပျင်းတဲ့ကောင်။ မိန်းကလေးတွေနဲ့ဆိုတော့ တစ်လှမ်းချင်းလျှောက်ရမှာ ဘယ်လောက်ပျင်းစရာကောင်းလဲ။

သူက အမြဲတမ်း စိတ်မြန်လက်မြန်ရှိသူပီပီ ဘယ်တုန်းကမှ ရှိန်နဲ့စတိုင်နဲ့ လမ်းလျှောက်သူ မဟုတ်ပေ။ တုံးဆိုတိုက်၊ ကျားဆိုကိုက်မှ ကြိုက်တဲ့ကောင်မျိုးမို့ သူ့ ခြေလှမ်းတွေက ဘယ်တုန်းကမှ မညင်သာခဲ့။

"ဟင်"

ယွန်းပန်းအိမ် ခြေသံကြား၍ တစ်ဖက်က ထမင်းခွက်ကလေးကို ကိုင်လျက်၊ တစ်ဖက်က တံခါးကို အသာအတွန်းကြည့်လိုက်စဉ် စိုင်းချစ်ဦးကို မြင်လိုက်ရသဖြင့် တံခါးကို လျင်မြန်စွာ ပြန်ပိတ်လိုက်၏။

ဒါကို မြင်ဖြစ်အောင် မြင်လိုက်တဲ့ စိုင်းချစ်ဦး။ သူ့အခန်းရှေ့ကိုရောက်တော့ ခြေစုံရပ်လိုက်သည်။ ဒီကောင်မလေး ဘာလုပ်နေပါလိမ့်။

"ဒေါက် . . . ဒေါက်"

နောက်တစ်ခါ တံခါးခေါက်သံကြောင့် တံခါးကို ထဖွင့်ပေးလိုက်ရ၏။ စိုင်းချစ်ဦးက ယွန်းပန်းအိမ်ကို အကဲခတ်သလို ကြည့်ကာ . . .

"ဘာလုပ်နေတာလဲ"

"ဟို . . . ထမင်း . . . ထမင်းစားနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ပန်းကန်နဲ့ မစားဘဲ ဘာလို့ စတီးချိုင့်နဲ့ပဲ စားနေတာလဲ၊ ကျုဉ်းကျုဉ်းကျုတ်ကျုတ်နဲ့"

ယွန်းပန်းအိမ် ဘာမှ ပြန်မပြောတော့ဘဲ ခေါင်းလေးငုံ့သွားသည်။

"ထမင်းစားတာ ဘာဟင်းနဲ့ ကျွေးနိုင်မှာလည်း မရပါလား"

ဟူး . . . မလွယ်ပါလား။ ဒီလူကြီးတော့ ကြောင်သေလို့ ဝင်စားသလား မသိဘူး။

"ဘာဟင်းနဲ့ စားတာလဲ"

မေးလည်းမေး စတီးချိုင့်အံတွေကိုလည်း တစ်ဆင့်ချင်း ယူကြည့်လေသည်။

"ဟင် . . . မင်း ဒါနဲ့ စားတာလား"

"ဟို"

"ဆင်ခြေပေးဖို့ စဉ်းစားနေတာလား"

"မဟုတ်ပါဘူး"

"ဒါဆို . . . အကုန်လုံး သိမ်းလိုက်တော့"

"ရှင်"

ချစ်ဦး စိတ်မရှည်သလို ကိုယ်တိုင်ပဲ စတီးချိုင့်အံတွေကို ဆွဲယူပြီး ပြန်ဆင့်လိုက်သည်။ ဘဲဥပြုတ်ကလေး တစ်လုံးနှင့် ဆားပုံစားနေသော မြင်ကွင်းကို သူ ဘယ်လိုကြည့်ရက်ပါ့မလဲ။ သူတို့ကတော့ ဖွယ်ဖွယ်ရာရာတွေနဲ့





စားသောက်ခဲ့ကြပြီး ရာတိတ်အတွက်က ဘဲဥပြုတ်တစ်လုံးတဲ့လား။ ချစ်ဦး ဘယ်လိုမှ စိတ်မကောင်းနိုင်ပေ။ ဒါ အဆင့်အတန်း ခွဲခြားခြင်းပဲ။

"ဟို . . . အဲဒါ ဘာလုပ်မလို့လဲ၊ သူများစားနေတာကို"

"မစားနဲ့တော့"

"ရှင်"

"မင်း . . . လူမဟုတ်လား၊ လူလိုပဲစားရမယ်။ လာငါနဲ့ လိုက်ခဲ့"

ပြောလည်းပြော လက်ကလည်း ယွန်းပန်းအိမ်ကို ဆွဲခေါ်လေသည်။ ပထမဦးတည်ပြီး ဆွဲခေါ်သွားတာက သူတို့ အခန်းဆီသို့ပို့ ယွန်းပန်းအိမ် ကြောက်လန့်ကာ လက်ကို ရုန်းလေသည်။

"ဘယ်ကိုလဲ . . . အား . . . လွှတ်ပါ"

"ဘာလုပ်မယ် ထင်လို့လဲ"

"ဦးစိုင်းချစ်ဦး"

"ဒီမှာ . . . ခဏစောင့်"

ယွန်းပန်းအိမ်ကို ထားခဲ့ပြီး သူက အခန်းထဲ ဝင်သွားလေသည်။ ပန်းအိမ်မှာ ကြောက်တတ်ကလေးနှင့် ဆက်ရပ်နေရမလား။ တွေးနေဆဲ စိုင်းချစ်ဦး ဂျက်ကင်တစ်ထည်ကို ကိုင်၍ ပြန်ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရော့ . . . ဒါကို ဝတ်လိုက်"

"ဟင့်အင်း"

"မင်း . . . ချမ်းနေတာ မဟုတ်လား၊ ဝတ်ဆိုရင် ဝတ်လိုက်ပေါ့"

စိုင်းချစ်ဦးက ဂျာကင်ကို အမျိုးမျိုးဝတ်တတ်သူမို့ ဒီနေ့ဝတ်သော ဂျာကင်ကို မနက်ဖြန် ထပ်ဝတ်လေ့မရှိ။ ဒါကြောင့် ဂျာကင်အပိုပါလာခဲ့ခြင်းပါ။

"ယူလေ"

"ဟင့်အင်း"

"ကြာတယ်ဟာ လာဝတ်"

"ကျွန်မ မဝတ်ချင်ဘူး"

ပန်းအိမ် ဘယ်လိုပဲငြင်းငြင်း အပြောကြမ်း၊ အလုပ်ကြမ်းသမားကြီးက သူကိုယ်တိုင်ပဲ ပန်းအိမ်ကို ဂျာကင်ဝတ်ပေးတော့၏။

"လာ"

"ဘယ်ကိုလဲ"

"မင်းကို ထမင်းကျွေးမလို့ အောက်ထပ်ကိုလိုက်ခဲ့"

"ဟင့်အင်း . . . ကျွန်မ မစားတော့ဘူး"

"မစားလို့ ဖြစ်မလား။ ပြီးမှ ကျန်ခဲ့တဲ့ဟာတွေ ပြန်ခိုးစားမလို့လား။ မလုပ်နဲ့ လိုက်မှာသာ လိုက်ခဲ့"

ပန်းအိမ် အတော်လေး စိတ်ညစ်သွားရ၏။ မမ





ပြန်လာတာနဲ့ တိုးရင် အဆူခံရတော့မှာပဲ။ ပန်းအိမ် စိတ်ရှုပ်နေပေမယ့် သူကတော့ ဘာတွေမှာနေသည် မသိ။

"လာထိုင်"

ခုံတစ်လုံးကို ဆွဲပြီး ထိုင်ခိုင်းတော့ ပန်းအိမ် ထိုင်လိုက်ရသည်။

စားစရာတွေရောက်လာတော့ . . .

"ကဲ . . . ချာတိတ်စား။ မဝရင်ပြော ထပ်မှာပေးမယ်"

ပန်းအိမ် သူ့ကို မော့ကြည့်ပြီး တွန့်ဆုတ် တွန့်ဆုတ် ဖြစ်နေလေလျှင် သူက ကိုယ်တိုင်ပဲ ဟင်းတွေ ဆယ်ထည့်ပေးပြန်၏။

အစားအသောက်တွေ ကောင်းနေပေမယ့် စားရတာ ကြောက်စိတ်ကြောင့် အရသာတွေဘာမှန်းမသိလိုက်။

"စားလေ"

"ဝပါပြီ"

"တကယ်ရော ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်။ ပန်းအိမ် တကယ်ဝတာပါ"

ကျွန်မဟု ပြောရာမှ ပန်းအိမ်ဟု ပြောင်းပြောလိုက်တော့ ရင်းနှီးမှုလေး ရှိသွားသလိုပါ။

"ချာတိတ်"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း အခန်းထဲ ပြန်ဝင်နေ၊ ကိုယ် အပြင်သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့"

ဟိုလူတွေ ပြန်လာရင် သူတို့နှစ်ယောက်ကို တစ်မျိုးတစ်မည် ထင်မည်စိုး၍ စိုင်းချစ်ဦး ရှောင်ထွက်လိုက်ခြင်းပါလေ။





## အခန်း ( ၄ )

"ဟင်"

ပန်းအိမ်ကို မြင်သည်နှင့် မြမိုးနွယ် မျက်မှောင်ကြုတ်သွားလေသည်။ ရာရာစစ သူက ဂျာကင် အကောင်းစားကို ဝတ်လို့ပါလား။

"ယွန်းပန်းအိမ်"

"ရှင် . . . မမ"

"ဒီအကျႌ ဘယ်ကရတာလဲ"

"ဟို"

"မညာနဲ့နော်"

ပန်းအိမ် တံတွေး တစ်ချက်မျိုချလိုက်ပြီး မှုန့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ပွင့်အသံနှင့် . . .

"ပန်းအိမ် . . . မညာရဲပါဘူး"

"ဒါဆိုပြော . . . ဘယ်ကရတာလဲ"

"ဦးစိုင်း . . . ဦးစိုင်းချစ်ဦး ပေးတာပါ"

"ဘာ"

ဘာသံက ရှောစုထံမှ ထွက်လာခြင်းပါ။ မြမိုးနွယ်နှင့် ရှောစု အကြည့်ချင်းဆုံသွားကြသည်။

"ယွန်းပန်းအိမ်"

"ရှင်"

မြမိုးနွယ်၏ အသံက မာနေသည်။ အင်း . . . အမြဲမာနေတာပါပဲ။ ပန်းအိမ်နဲ့ ဆက်ဆံတဲ့အခါမှာလေ . . .

"နှင့်ကို ငါ ဘာပြောထားလဲ"

"ဟို . . . သူများပေးတိုင်း မယူဘူး။ ကျွေးတိုင်း မစားရဘူးလို့ ပြောထားပါတယ်"

"သိသိကြီးနဲ့ . . . ကဲ"

"ဒေါက်"

"အား"

ပန်းအိမ် မျက်နှာလေးမဲ့သွားသည်။ သူမ ဘဝမှာ ဒါတွေဟာ မဆန်းတော့ပါဘူး။ ကြာတော့လည်း အရေထူနေပါပြီ။

"ခု သွားပြန်ပေးလိုက် . . . သွား"



". . ."

"ဟဲ့ . . . သွားလေ"

"ဟုတ်"

ပန်းအိမ် မမတို့ ရှေ့မှ ခပ်ကုပ်ကုပ်ကလေး ထွက်လာခဲ့သည်။ ဥတစ်လုံး တစ်ကောင်ကြွက်ဘဝမို့ ပန်း အိမ်က မမရဲ့ ငယ်နိုင်ဖြစ်နေခဲ့သည်။ သားအမိနှစ်ယောက်စလုံး လေးလေးရှေ့မှာဆိုရင်တော့ နှုတ်ခမ်းကို ပျားရည် သုတ်လိမ်းထားကြပြီး လေးလေးကွယ်ပြီဆိုတာနှင့် . . .

ပန်းအိမ်က သူတို့ရဲ့ ကျွန်၊ သူတို့ရဲ့ အစေအပါးပါပဲ။ ဆယ်နှစ်သမီးကတည်းက ပန်းအိမ် မိဘမဲ့ဘဝကို ရောက်ပြီး လေးလေးက ခေါ်ယူစောင့်ရှောက်ထားခဲ့တာ။ လေးလေးက ဖေဖေရဲ့ အစ်ကိုဝမ်းကွဲပါ။ အားကိုးမဲ့နေသည့် ပန်းအိမ် ဘယ်လောက်ပဲ ပင်ပန်းဆင်းရဲပြီး အဆူခံ အရိုက် ခံနေရပါစေ၊ လေးလေးရဲ့ အရိပ်အာဝါသ အောက်ကနေ ဘယ်ကိုမှ ထွက်သွားဖို့ စိတ်မကူးခဲ့ပါဘူး။

"ဒေါက် . . . ဒေါက်"

"ဒေါက် . . . ဒေါက်"

ပန်းအိမ် တံခါးခေါက်လိုက်တော့ လာဖွင့်ပေးသူက ဦးစိုင်းခွန်မိုး။

"ဟင် . . . ချာတိတ်ပါလား"

"ဟုတ်ကဲ့"

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူး။ ဦးစိုင်းချစ်ဦးကို ဒီအင်္ကျီလေး ပြန်ပေးမလို့ပါ"

ခွန်မို အင်္ကျီကို ငုံ့ကြည့်လိုက်၏ ဒါ ချစ်ဦးရဲ့ ဂျာကင်ပဲ။ ချာတိတ်လက်ထဲကို ဘယ်လိုရောက်နေပါလိမ့်။ ခွန်မို အခန်းထဲသို့ ပြန်ငဲ့ကြည့်ကာ . . .

"ဟေ့ကောင် . . . ချစ်ဦး"

"ဘာလဲ . . . ခွန်မို"

"ခဏလာပါဦးကွ"

ခွန်မို လှမ်းခေါ်လေသဖြင့် ချစ်ဦး အိပ်ရာပေါ်မှ ထလာသည်။ တံခါးဝအလယ်တည့်တည့်မှာ ရပ်နေရာမှ ခွန်မိုက ချစ်ဦး ဝင်သာအောင် ဘေးရွှေ့ပေး၏။

"ဘာလဲကွ"

"ဒီမှာ ချာတိတ်လာတယ်"

ချစ်ဦးက အတွင်းဘက်မှ ခေါင်းလေးသာ ထွက်လာပြီး ကြည့်ကာ . . .

"ဟာ . . . ချာတိတ် . . . ဘာလာလုပ်တာလဲ"

"ဦးစိုင်းချစ်ဦးကို ဂျာကင် ပြန်ပေးမလို့ပါ"

"အဲဒါ မင်းကို ငါ အပြီးပေးတာလေ"

"ပန်းအိမ် မလိုချင်ဘူး ပြန်ယူပါ"

ချစ်ဦးလက်ထဲသို့ အင်္ကျီကို အတင်းပြန်ထိုးထည့်

●———ရွှေအေသာ———●



ပေးခဲ့ပြီး ချာတိတ်က ချာခနဲ လှည့်ထွက်သွားလေသည်။

ချစ်ဦး သက်ပြင်းချပြီး ခွန်မိုကို ကြည့်သည်။

"ခွန်မို"

"ဟင်"

"မင်း ငါ့ကို တစ်မျိုးမမြင်နဲ့ကွာ။ ချာတိတ်ကို သနားလို့ ငါ ရိုးရိုးသားသားနဲ့ ကူညီတာပါ"

"ငါက ဘာပြောနေလို့လဲ။ မင်းကို ငါ ယုံပြီးသားပဲ ဟာ"

ချာတိတ်ကိစ္စကို ခွန်မို သိထားသင့်သည်ဟု တွေးကာ . . .

"ငါ ပြန်လာတော့မှ ချာတိတ် အခန်းထဲမှာ ထမင်းစားနေတာကွ။ ငါ့ကို မြင်တော့ အခန်းတံခါးကို အတင်း ပြန်ပိတ်တာ။ ငါလည်း အစကတော့ ဘာရယ်လို့ မဟုတ်ပါဘူး။ အချိန်လွန်မှ ထမင်းစားတဲ့ ချာတိတ်ကို ဘာလို့ တစ်ယောက်တည်း ခွဲစားရသလဲ စပ်စုချင်တာနဲ့ တံခါးခေါက်ကြည့်လိုက်တာ ချာတိတ် ထမင်းစားနေတာကွာ။ ဟင်းက တျှတ်"

"ဘာဖြစ်လို့လဲ"

"ဘဲဥပြုတ်တစ်လုံးလေ"

"ဟင်"

ခွန်မို မျက်နှာ အကြီးအကျယ် ပျက်သွားလေ၏။

●———ရွှေအေသာ———●

www.burmeseclassic.com

www.burmeseclassic.com



ချာတိတ်အဖြစ်က ဒီလောက်တောင် ဆိုးဝါးရသလား။

"ငါ . . . ချာတိတ်ကို သနားတာနဲ့ အောက်ထပ်မှာ ခေါ်ကျွေးလိုက်တယ်။ ပြီးတော့ သူ့အနွေးထည်က ပါးပါးလေး။ အဲဒါကြောင့် ငါ့အင်္ကျီကို ပေးလိုက်တာ"

"မင်းကို ငါ ကျေးဇူးတင်ပါတယ်ကွာ"

ခွန်မိုက ကျေးဇူးတင်စကား ဆိုသဖြင့် ချစ်ဦးက ပြုံးလိုက်သည်။ သူငယ်ချင်း အချင်းချင်း ဒီစကားဟာ အကျွမ်းမဝင်ပေမယ့် ခွန်မိုအတွက်ကတော့ လိုအပ်သည် ထင်ပါ့။ ခွန်မို ချစ်ဦးရှေ့မှ ထွက်သွားလျှင် . . .

"မင်း . . . ဘယ်ကိုလဲ ခွန်မို"

"ဟိုဘက်အခန်း ခဏသွားမလို့"

"နေဦး"

ခွန်မိုရပ်စောင့်နေလိုက်ပြီး ချစ်ဦးနှင့်အတူ လျှောက်ခဲ့ရာဝယ် မြမိုးနွယ်တို့ အခန်းရှေ့သို့ ရောက်တော့ . . .

"ပြန်ပေးခဲ့ပြီလား"

"ဟုတ်ကဲ့"

"ဘယ်လိုပြောပြီး ပေးခဲ့တာလဲ"

"ပန်းအိမ် မလိုချင်ဘူးလို့ ပြောပြီး ပေးခဲ့တာပါ"

"အေး . . . နောက်ကို မှတ်ထား။ သူများပေးတိုင်း မယူနဲ့။ ငါ မကြိုက်ဘူး။ ပေးကမ်းခြင်းရဲ့ နောက်ကွယ်မှာ ဘာတွေ ကပ်ပါလာတတ်သလဲ နင် သိလား"





"ဟင့်အင်း . . . ပန်းအိမ် မသိပါဘူး"

"မသိရင် ပြောပြမယ်။ ယောကျ်ားတွေက တစ်ခု ပေးပြီးရင် တစ်ခုပြန်လိုချင်ကြတာ။ သူတို့ပေးတိုင်းယူ၊ သူတို့ကျွေးတိုင်းစားမိရင် နင် ဘဝပျက်သွားလိမ့်မယ်။ နားလည်လား"

"ကျွတ်"

ချစ်ဦး ခေါင်းခါပစ်လိုက်၏။ ဒါ ကိုယ့်စေတနာကို သက်သက်စော်ကားတာပဲ။ ကိုယ်က အဲဒီလို လူစားမျိုး မဟုတ်တာ ကိုယ်ပဲ သိသည်။ ကိုယ့်ရဲ့ ဖြူစင်သန့်ရှင်းတဲ့ စေတနာကို ခုလို စော်ကားခံလိုက်ရတော့ မခံချင်စိတ်က တစ်ကိုယ်လုံးရှိ သွေးကြောများထဲသို့ ဆိုးဝါးစွာ စီးဝင်သွားလေသည်။

ချာတိတ်ကို သနားသောအားဖြင့် ကိုယ့်စိတ်ကို ထိန်းချုပ်ပစ်လိုက်၏။ သူ့ ဝှန်းဒိုင်းကြဲရင် မြမိုးနွယ် ကြွက်မနိုင် ကျည်မီးနဲ့ ရှိမှာကို သိနေလို့ပေါ့။

"နင် အဲဒီလောက် အညာလွယ်နေရင် ဟိုနှစ်ယောက်ထဲက ဘယ်သူ့အစာဖြစ်မလဲ မသိဘူး။ ကြပ်ကြပ်သတိထား"

"မြမိုးနွယ်"

"ဟင်"

စိတ်မြန်လက်မြန် တံခါးကို တွန်းဖွင့်လိုက်သူက



www.burmeseclassic.com

www.burmeseclassic.com



စိုင်းခွန်မို၊ ချစ်ဦးဆွဲထားချိန် မရလိုက်၊ တံခါးက ပန်းအိမ် ပြန်ဝင်ပြီးစမို့ မပိတ်ထားဖြစ်သေးဘဲ ဖြစ်မည်။

ခွန်မိုကို မြင်တော့ မြမိုးနွယ် အစတော် အံ့ဩသွားပုံရသည်။ ထိုင်ရမလို ထရမလို ဖြစ်နေ၏။ ချောစုလည်း အတူတူပါပဲ။

"ကိုစိုင်းခွန်မို"

"ဟုတ်ပါတယ်။ ပြောတဲ့စကားတွေ လွန်သလားရှင့်"

"ရှင် . . . ဟို"

"ခင်ဗျားပြောသလိုသာ ယောကျ်ားတိုင်းမှာ အဲဒီစိတ်ရှိနေရင် လောကမှာ မိန်းမကောင်းရှိပါဦးမလား"

"ခွန်မို"

ချစ်ဦးက ခေါင်းခါပြသည်။ ဧရိုးအတူတူ လာကြတဲ့သူချင်း ဘာပြဿနာမှ မဖြစ်စေချင်။

"ကျွန်တော် ချာတိတ်ကို စေတနာသန့်သန့်နဲ့ ပေးတာပါ မြမိုးနွယ်၊ ဒါကိုတော့ တစ်လွဲမတွေးလိုက်ပါနဲ့။ ချာတိတ် ချမ်းနေလို့ လူလူချင်း ရိုးပင်းတဲ့စိတ်နဲ့ပါ။ ခင်ဗျား ပြောသလို တစ်ခုပေးပြီး တစ်ခုပြန်ယူတတ်တဲ့ လူမျိုးတွေ ရှိတာမှန်ပေမယ့် သမာဓိကို အသက်နဲ့ ချိန်ဆက်နေတဲ့ ယောကျ်ားတွေလည်း ရှိတယ်ဆိုတာ တွေးကြည့်ပေးပါ။ ကျားဆိုတာ အသား စားတာမှန်ပါတယ်။ ဒါပေမဲ့ စည်းတားထားရင် စည်းကို မကျော်လွန်တတ်ကြပါဘူး။ မပောလည်း





သုတ် ပောလည်းသုတ်ကြီးတော့ မပြောပါနဲ့ဗျာ။ ချာတိတ်ရဲ့ သိက္ခာကို တမင် ထိခလုတ် ပါးခလုတ်လုပ်ရာ ကျပါတယ်"

စိုင်းချစ်ဦးက အေးအေးဆေးဆေး ပြောလေသည်။ ဒီတော့ ချောစုကပဲ ကြားဝင်၍ . . .

"ဟုတ်သားပဲ နွယ်ရယ်၊ ဟို . . . ကိုချစ်ဦးတို့ကို ကျွန်မ ကြားထဲက တောင်းပန်ပါတယ်နော်။ ကိုချစ်ဦးတို့ ကိုခွန်မိုတို့ ဘယ်လို လူစားတွေလဲဆိုတာ ကျွန်မ ကောင်းကောင်း သိပါတယ်"

"ကျွန်မ မှားသွားပါတယ်။ အဲဒီအမှားဟာ ယွန်းပန်းအိမ်အတွက် စေတနာအမှားပါ"

ခွန်မို နှုတ်ခမ်းကို စေ့ထားလျက်မှ ပြုံးသည်။ စေတနာအမှားတဲ့၊ တမင်တကာ နှိပ်ကွက်နေတာ အသိအသာကြီးကို . . .

"နောက်ထပ်မှားချင်ရင် သတိလေးတော့ထားပါဗျာ"

ပြောပြီး ချစ်ဦးက ပြန်လှည့်ထွက်တော့ ခွန်မိုပါ ထွက်လာခဲ့တော့သည်။ ဘာတွေ ဆက်ဖြစ်ဦးမလဲ ချာတိတ်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၅ )

လှေအဆင်း မြင်းအတက်တဲ့။ ဒါက စကားပုံပါ။ လှေပဲဖြစ်ဖြစ် မြင်းပဲဖြစ်ဖြစ် အတက်ရော အဆင်းရော အန္တရာယ်ရှိတာပဲလေ။ ချောစုနှင့် မြမိုးနွယ်ကတော့ တစ်ယောက်လက်ကို တစ်ယောက်တွဲလျက် စက်လှေပေါ်သို့ တက်သွားပြီ။

"ချာတိတ်"

"ရှင်"

"ကိုယ့်ကို ဆွဲခြင်းပေး"

"ရပါတယ်"

"ပေးပါဆိုကွာ"





ခွန်မို ဆွဲခြင်းကို ဆွဲယူလေတော့ ချာတိတ်က ကြောက်လန့်ဟန်လေးနှင့် မော့ကြည့်သည်။ နောက်မှ ရောက်လာတဲ့ ချစ်ဦးက ခွန်မိုလက်ထဲမှ ဆွဲခြင်းကို တစ်ဆင့် လက်ဆင့်ကမ်း ဆွဲယူလျက် . . .

"ဆွဲခြင်း ငါ ယူခဲ့မယ်။ မင်း ချာတိတ်ကို ဆွဲခေါ်ပေးလိုက်ဦး။ ပြုတ်ကျနေမယ်"

ဆွဲခြင်းထဲမှာ စားစရာသောက်စရာတွေ ရှိကွာ အပြည့်နဲ့ ထည့်ယူလာသည်မို့ လေးနေသည်။ ဒါကို လမ်းတစ်လျှောက်လုံး ချာတိတ် သယ်နေရရင် လက်တောင် ပြုတ်ကျဦးမည်။ တော်တော်ကိုယ်ချင်းစာတတ်ရှာ ကင်းမဲ့တဲ့ မိန်းကလေးတွေ။

သူတို့ကတော့ လက်နဲ့တောင် တို့ထိမကြည့်ပဲ ရှေ့ကနေ ကြော့ကြော့မော့မော့လေး သွားလို့ . . .

"ကိုယ့်လက်ကို ကိုင်တက်လေ"

ပန်းအိမ် မမကို လှမ်းကြည့်ပြီး ခေါင်းခါလိုက်၏။ ပြီးတော့ ကိုယ့်ဘာသာကိုယ် စက်လှေပေါ်သို့ တက်ဖို့ ကြိုးစားလိုက်စဉ် ခွန်မိုက ရှေ့မှ နစ်ယောက် နေရာယူကြတုန်း အလစ်မှာ ပန်းအိမ်ကို ခွေ့ခနဲ ပွေ့ချီပြီး စက်လှေပေါ်သို့ တင်ပေးလိုက်၏။

ဒါကိုကြည့်ပြီး ချစ်ဦးက ပြုံးစိစိနှင့် နောက်မှတက်လိုက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုချစ်နဲ့ ကိုခွန်မို . . . လာလေ ရှေ့ကို"

"ဟဲ့ . . . ပန်းအိမ်၊ လာလေ ဒီကို"

"ဟုတ်ကဲ့ မမ"

ပန်းအိမ် ရှေ့တိုးရမလို နောက်ဆုတ်ရမလိုဖြစ်နေဆဲ . . .

"ဟဲ့ . . . ဆွဲခြင်းကို ယူလေ၊ ကိုချစ်ဆွဲထားရတာ အားနာစရာကြီးပဲဟာ ပြီးတော့"

"ခုပဲ စက်လှေပေါ်ရောက်တော့မယ်။ ခင်ဗျားတို့ ချာတိတ်သာ အင်အားချင်းမမျှလို့ လက်ပြုတ်ကျန်ခဲ့မှာ စိုးရတာ"

ခွန်မို ပြောလိုက်မှာပဲ မကြည်လင်သော မျက်နှာတွေနှင့် ငြိမ်သက်သွားကြသည်။ လောကမှာ ဒီလို ကိုယ်ချင်းမစာတတ်တဲ့ သူတွေရှိနေတာ အကျည်းတန် အရုပ်ဆိုးလှပါသည်။

လူလူချင်းညာ ကိုယ်ချင်းစာတဲ့၊ မြန်မာလူမျိုးတွေဖြစ်ပြီး လောကနီတိတရားတော်လေး ဘာလေးများ မနာကြားမိကြဘူးလား မသိပါဘူး။

"ခပ်လှစ်လှစ်ပဲ"

"တို့တော့ သူတို့နဲ့ရောမိတာ မှားပြီလား မသိဘူး"

"မေ့မျက်နှာ တစ်ကမ္ဘာထင်ပြီး ဒီခရီးကို မင်းလိုက်လာခဲ့တာလေ၊ ငါက ကျွန်ဝယ်ရာ အဆစ်ပါ"

နောက်မှ နှစ်ယောက်သား တီးတိုးသံစဉ်ကမ္ဘာ





စက်လှေ၏အသံက ဖုံးနေသဖြင့် ရှေ့ကလူတွေ မကြားနိုင်ပါ။

ပန်းအိမ်လေ ခမျာမှာတော့ သူတို့နောက်မှ ခပ်ကုပ်ကုပ်လေး ငြိမ်သက်နေရင်း ရေပြင်ကိုသာ ငေးမိုက်ကြည့်နေသည်။

ခွန်မို မနေနိုင်မထိုင်နိုင် ရေနဲ့လှမ်းပက်ပြီး စလေတော့ ကံဆိုးခြင်းမှတ်တိုင်မှာ မြားဦးက သွားစိုက်ချေ၏။ မြမိုးနွယ်၏ကျောကုန်းကိုပါ ရေက စင်သွားလေတော့ လှည့်ကြည့်ပြီး ပြုံးပြ မျက်စောင်းလှလှ ထိုးသွားလိုက်တာ ခွန်မိုရင်ထဲမှာ အောင့်သက်သက်။

"ကောင်းတယ်"

"ဘာကိုလဲ"

"ဟိုက . . . အမှတ်ထပ်တိုးပေးသွားပြီ"

"အဲဒါ . . . မင်းလိုက်ပြီး ကြက်ခြေခတ်ပေးရမယ်"

"ဟောကောင် . . . မဆီမဆိုင် လက်ပံပင် မားနဲ့ မချိုင်နဲ့။ ကိုယ့်ကိစ္စ ကိုယ်ရှင်း။ ကိုယ့်ဇာတ် ကိုယ်နိုင်အောင်ကလေ"

ချစ်ဦးက ပန်းတွန့်၍ ဆိုလေတော့ . . .

"ကတော့ကနေတာပဲ။ ဆိုင်းချက်နဲ့ ခြေထိုး လက်ချိုးလွဲနေတာကတော့ အခံရခက်ဆုံးပဲ"

"အခြေမလှရင်တော့ လက်ပြသာ နှုတ်ဆက်ရတော့မောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်မလားကွ . . . လူက လက်ပြချင်ပေမယ့် နလုံးသားကမှ ကန့်လန့်ကာ မချနိုင်တာ"

ရေပြင်ကျယ်သည့် နေရာသို့ ရောက်လာတော့ တောင်တန်းတွေ ကာရံထားသော ကမ်းတစ်ဖက်နှင့် စိမ်းစို နေသော ရေပေါ်စိုက်ခင်းတွေနှင့် ခြေတံရှည် အိမ်ကလေး တွေ တည်ရှိနေသော ကမ်းတစ်ဖက်၊ မတူညီကြသော သဘာဝ အလှတရားတို့သည် ဘယ်ညာ ကမ်းနှစ်ဖက်မှာ တုပြိုင်ကာ အလှချင်း လက်ခမောင်းခတ်နေကြ၏။ သူ့ အလှနှင့်သူတော့ အားလုံးက မျက်စိကို အေးစေ စိတ်နှလုံး ကိုလည်း ချမ်းမြေ့စေသည်။

ပူသီးအစရှိသော ဟင်းသီးဟင်းရွက်တွေ တင် ဆောင်လာတဲ့ စက်လှေတွေ ခြေထောက်နှင့် လှော်ခတ် နေကြသည့် ငါးဖမ်းလှေတွေက အင်းလေးကန်၏ အလှကို လှသည်ထက် ပိုလှအောင် ကူညီပံ့ပိုးနေပြန်သည်။

လေနအေးက တိုက်ခတ်လာတော့ ရာသီဥတုက ချမ်းလို့ရယ် ခိုက်ခိုက်တုန် စောင်ခြုံမနွေးသည်ပေါ့။ ခွန်မို ချာတိတ်ကို ရေနွေပက်ပြီးစတာ မှားသွားပြီ။ သူ့ခမျာ ချမ်းလို့ ထင်ပါရဲ့ ဒူးလေးနှစ်လုံးကို ဖက်ထားရှာသည်။ နေရောင် ခြည်ကလည်း နံနက်ခင်းမို့ အပူရှိန်မမြင့်သေး။ ဆွဲယူလို့ရ ရင် နေလုံးကြီးကို ခေါင်းပေါ်တည့်တည့်ရောက်အောင် ဆွဲ ယူပြီး ရော့ . . ဒီနေရာမှာ မြန်မြန်မွန်းတည့်ချေတော့





ဟဲ့လို့ အမိန့်ပေးလိုက်ချင်၏။

ခုတော့ ဘာပဲဖြစ်ဖြစ် ခွန်မို ဂျာကင်အင်္ကျီကို ဆွဲ ချွတ်လိုက်၏။ ပြီးတော့ လုံးထွေးကာပဲ . . .

"ဟော့ . . . ချာတိတ်"

ပန်းအိမ်သူနှင့်အတူ ဟိုနစ်ယောက်ပါ လှည့် ကြည့်၏။ ခွန်မို ဂရုစိုက်မနေနိုင်ပါဘူး။ အဓိကက ချာတိတ် အချမ်းသက်သာသွားဖို့ပဲ။ ဖြစ်နိုင်ရင် ရင်ခွင်ထဲမှာ ဆွဲပွေ့ ထားပြီး ချာတိတ်ကို နွေးအောင် လုပ်ပေးချင်တာ။

"ရော့ . . . အဲဒါ ဝတ်ထားလိုက်"

လှမ်းပစ်ပေးလိုက်တာကိုပဲ ချာတိတ်မှ ကောက် မယူရဲရှာ။

"ကိုခွန်မို ချမ်းနေမှာပေါ့"

"ကိုယ်က တောင်ကြီးသားပါ။ ဒီလောက်ချမ်း လောက်ကို မဖြုံသေးဘူး။ ပြီးတော့ ကိုယ်ပေါ်မှာ ဆွယ်တာ တစ်ထည်လုံး ရှိနေသေးတယ်။ အထပ်များတော့ လေး တောင်လေးတယ်။ ချာတိတ် ကောက်ယူလေ မြန်မြန်ဝတ် လိုက်"

ခွန်မို ပြောတာကိုပဲ မမြင်ဘူးတဲ့ လူကိုကြည့် သလို မျက်လုံးအဝိုင်းသားနှင့် ကြည့်နေရှာသည်။ အင်္ကျီကို ကောက်ယူပြီး ဝတ်ခိုင်းတာများ ကျားမြီးကို ပြေးဆွဲခိုင်းတာ ကျလို့ ကြောက်ကြောက်လန့်လန့်ဟန်လေးနှင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . ယူလေ"

မြမိုးနွယ် အမိန့်ပေးမှပဲ ပန်းအိမ် ကောက်ယူပြီး ဝတ်ရရှာသည်။

"ဒီမှာ မြင်းခွာရွက်တွေ အများကြီးပဲနော်။ အခင်းလိုက်ကြီးပဲ။ ရန်ကုန်မှာဆို ဈေးကြီးကြီးပေး ဝယ်စားရတာ"

"အဲဒါ ရေပေါ်စိုက်ခင်းတွေလေ နွယ်ရဲ့"

"ဟင် . . . ရေပေါ်စိုက်ခင်းဆိုတော့ အောက်မှာ ရေတွေပေါ့နော်"

"ဟုတ်တယ်။ ဒီအင်းလေးကန်ကို မှီခိုပြီး စားသောက်နေကြတဲ့ သူတွေဆို သီးနှံပင်တွေကို အဲဒီလိုပဲ ရေပေါ်မှာစိုက်ကြတာလေ။ အောက်မှာရှိတော့ ရှိတယ်။ ဘာတွေခံပြီး စိုက်တာလဲတော့ ငါလည်း သေချာမသိဘူး"

မစကားများတို့က ရှေ့မှာ စကားများနေကြသည်။ ခွန်မိုနှင့်ချစ်ဦး ရေထဲမှာ ငုပ်ချည်ပေါ်ချည်နှင့် ရေကူးနေသော ငှက်ကလေးတွေကိုကြည့်၍ ရင်ထဲမှာ ကြည်နူးနေသလို။

နေခြည်နုနုကြောင့် ရေပြင်မှ ခပ်ရေးရေး ရှိုင်းတွန့်လေးများသည် စိန်ပွင့်လေးများလို တလက်လက် တောက်ပလေ၏။

"ကိုခွန်မို"

"ဟာ် . . . ဗျာ"



"ဟိုငှက်ကလေးတွေက ဘာငှက်ကလေးတွေလဲ ဟင်.. ချစ်စရာလေးတွေ"

တောင်ပေါ်သူကို အနားထားပြီး တောင်ပေါ်သားကိုမှ လှမ်းမေးတာ ဘာသဘောလဲ။

"ချောစုကို မေးကြည့်လေ"

ဆိုတော့ မျက်နှာ ပြန်လှည့်သွားသည်။ သူမ မေးတာကို ခွန်မို မဖြေချင်ပါဘူး။ ပန်းအိမ်လေးမေးရင် "ဖင်ယော်လေးပေါ့ အချစ်ရယ်" လို့ ညင်သာပျော့ပျောင်းခြင်းနဲ့ ဖြေချင်တာ။

ခုတော့ ချာတိတ်က ရေငုံနှုတ်ပိတ်လို့ ဆွံ့အနေသူရလေးပမာ။

"တို့ . . . ဖောင်တော်ဦးဘုရားကို အရင် ဝင်ဖူးကြမယ်"

"ကောင်းသားပဲ"

စက်လှေသမားကို ဖောင်တော်ဦး ဘုရားဖူးဖို့ ကမ်းကပ်ခိုင်းလိုက်၏။

"ဆွဲခြင်းကြီး ထားခဲ့ကြလေ။ လေးကာလေးနဲ့ ခင်ဗျားတို့ပစ္စည်းတွေ မပျောက်စေရဘူး စိတ်ချ"

အင်းလေးသား စက်လှေသမား စကားမပီကလာ ပီကလာနှင့် ဆိုတော့ ပန်းအိမ် ကြောင်တက်တက်ကလေး ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာပြောလိုက်မှန်း နားမလည်သောကြောင့်ပါ။ ချစ်ဦးနဲ့ ခွန်မိုကတော့ နားလည်တာပေါ့။ သူတို့ကိုယ်တိုင်ကလည်း စကားပြောရင် သိပ်မပီသတာတွေ ရှိသည်လေ။ ငယ်ငယ်တုန်းကဆို တော်တော်လေး မပီတာ။

နောက်မှ မြန်မာတွေနဲ့ အနေများပြီး ပီသအောင် ကြိုးစားအတုခိုးခဲ့ရလို့ ခုလို မြန်မာသံလေး ပေါက်လာတာ။

"ဆွဲခြင်းထားခဲ့လို့ ပြောတာ ချာတိတ်ရဲ့"

"ဪ"

အဲဒီ အူကြောင်ကြောင် ပုံစံလေးကပဲ ချစ်စရာပါလား ကလေးရယ်။



အခန်း ( ၆ )

"အင်းလေးဝတ်စုံတွေ ဝယ်ရအောင်"

"ဝယ်လေ"

ချောစုနှင့် မြမိုးနွယ်တို့ အထည်ဆိုင်ထဲသို့ ဝင်သွားကြသည်။ ကျွန်တဲ့သုံးယောက်က ဆိုင်အပြင်ဘက်မှာ ရပ်စောင့်ရင်း ဟိုကြည့်ဒီကြည့်။

"ဟယ် . ... ရှမ်းဝတ်စုံနဲ့ အရုပ်ကလေးတွေ လှလိုက်တာ"

ဘယ်သူ့ကိုမှ လှည့်မကြည့်ဘဲ ပြောလိုက်တာကြောင့် ရုတ်တရက် လွှတ်ခနဲ ထွက်သွားသည့် အသံဆိုတာကို ခန့်မှန်းလို့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သွားတန်းညီလေးတွေ ပေါ်အောင် ရယ်လိုက်ပုံကို ဒီတစ်ခါပဲ ရှားရှားပါးပါး မြင်ဖူးသည်ဆိုရင် လွန်မလား။

"လိုချင်လို့လား"

လို့ မေးတော့ မဖြေ။

"ဝယ်လေ"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ။ မင်း လိုချင်နေတာ အသိအသာကြီးကို"

"မလိုချင်ပါဘူး"

မျက်နှာညှိုးညှိုးလေးနှင့်ဆိုတော့ ချစ်ဦး မနေသာတော့။ ဒီလောက်တောင် အလိုက်ကန်းဆိုး မသိရလားဟု ခွန်မိုကို နားရင်းသာ အုပ်လိုက်ချင်တော့သည်။ နောက်ကနေ ခွန်မို အင်္ကျီကုပ်ကို ဆွဲခေါ်ကာ . . .

"မင်း တော်တော်အလိုက်ကန်းဆိုး မသိတဲ့ကောင်ပဲ"

"ဘာလဲကွ"

နှစ်ယောက်သား နောက်မှတိုးတိုးကျိတ်ကျိတ် ...

"ချာတိတ်မှာ ပိုက်ဆံရှိပုံမရဘူးကွ"

"ဟုတ်သားပဲ"

"မင်းက ပြောမှသိ ထိမှနာမယ့်ကောင်ပဲ"

"ဆောရီး . . . ငါ မေ့သွားလို့"





ခွန်မို ရှမ်းမင်းသားလေး တစ်ရုပ်၊ ရှမ်းမင်းသမီးလေးတစ်ရုပ် နှစ်ရုပ်စုံတွဲလေး ဝယ်လိုက်သည်။ အဓိပ္ပာယ်တစ်ခုနဲ့ပေါ့။ သူက ရှမ်းမင်းသားလေးလေ။ ချာတိတ်က မြန်မာမလေးပေမယ့် ရှမ်းလေးနဲ့ ညားရင် ရှမ်းမလေးပဲပေါ့။ ဟုတ်ဖူးလား။ ကိုယ့်အတွေးနဲ့ကိုယ်တော့ ပီတိဖြစ်နေသည်။

တစ်ခဏမှာ ရလိုက်တဲ့ ပီတိနဲ့တင် တစ်ဘဝစာ အမှတ်ရစရာအဖြစ် နှလုံးသားမှာ ကမ္ပည်းတင်ထားပါဦးမည်။

"ချာတိတ် . . . ရော့"

"ရှင်"

"ယူလေ။ မင်းကို ကိုယ့် လက်ဆောင်ဝယ်ပေးတာ။ မင်းက ကောင်လေးကိုယူ၊ ကိုယ်က ကောင်မလေးကို ယူထားမယ်"

"ဟင့်အင်း . . . ပန်းအိမ် မယူပါရစေနဲ့"

"ဘာဖြစ်လို့လဲ ယူပါ"

ပန်းအိမ် အရုပ်ကလေးတွေကို စိုက်ကြည့်လျက်

"ဟို . . . ဦးခွန်မိုက စုံတွဲလေး ဝယ်လာပြီးမှ"

"အင်း . . . ဆက်ပါဦး"

"ပန်းအိမ် ယူလိုက်ရင် သူတို့စုံတွဲလေးကို ခွဲလိုက်သလို ဖြစ်သွားမှာပေါ့။ သနားပါတယ်။ သူတို့စုံတွဲလေး အတိုင်းရှိပါစေ။ ပန်းအိမ် မယူဘူး"



www.burmeseclassic.com

“ချာတိတ်ရာ”

ကလေးဆန်စွာ ပြောလိုက်တဲ့ ချာတိတ်စကားလေးကြောင့် ခွန်မို ရယ်မိသည်။ တော်တော် စိတ်ကူးယဉ်တတ်တဲ့ ကောင်မလေး။

“ကဲပါ . . . ချာတိတ်ရယ် သူတို့ကို မခွဲစေချင်ရင် ကိုယ်မခွဲတော့ဘူးနော်။ နှစ်ရုပ်လုံး မင်းပဲယူလိုက်”

အရုပ်ကလေးတွေကို လက်ထဲထည့်ပေးလိုက်တော့ ပြုံးကျသွားတဲ့ ပန်းအိမ်ရဲ့ မျက်နှာလေးဟာ ပျားရည်မြစ်ထဲမှာသာတဲ့ လမင်းလေး။

“လာ . . . ချာတိတ်။ ဟိုက်ဘက်ကို လျှောက်ကြည့်ရအောင်”

“ဟင့်အင်း”

“ဟာကွာ . . . ခေါင်းရှည်းပဲ ခါနေတာပဲ၊ ခေါင်းညိတ်တတ်အောင် သင်ပေးဦးမှ ထင်တယ်”

“ရှင်”

ချစ်ဦး ဒီအရေးကို ဖေးမပေးမှ ဖြစ်တော့မည်။

“လိုက်သွားလေ ချာတိတ်၊ မင်းအစ်မကို ကိုယ်ကြည့်ပြောပေးထားပါ့မယ်”

“လာပါ ချာတိတ်ရဲ့ လိုက်ခဲ့နော်”

ချာတိတ် ခေါင်းညိတ် ခေါင်းခါ မလုပ်ခင်ဘဲ ခွန်မိုလက်ကလေးကို ဆွဲခေါ်ခဲ့သည်။ ဒီလို ဖွတ်ခေါ်မှရမည်လေ။

မှူးဒေဝ



မဟုတ်ရင် ချာတိတ်မှာ သူ့ကို ကြောက်သလို ငါ့ကို လန့်သလိုနှင့် ကျောက်ရုပ်မလေး ဖြစ်လုလု။

“ချာတိတ်”

“ရှင်”

“ကိုယ် လက်ဆောက်ပေးတဲ့ အရုပ်ကလေးကို သိမ်းထားနော်”

“ဟုတ်ကဲ့ . . . ပန်းအိမ် သိမ်းထားပါ့မယ်”

“ရှမ်းအမျိုးသားလေးက ကိုယ်၊ ရှမ်းမလေးက မင်းလို့ သဘောထား”

“ပန်းအိမ်က မြန်မာမလေးပဲဟာ”

“ဟုတ်ပါတယ်။ ဒါပေမဲ့ ရှမ်းမလေးရဲ့ ရင်ဘတ်ထဲကို ပန်းအိမ်ရဲ့ နှလုံးသားလေး ထည့်ပေးလိုက်လေ။ ဒါဆိုအရုပ်မလေးက ရှမ်းမြန်မာစပ်ကလေး ဖြစ်သွားရော။ ကိုယ်က ရှမ်းလေးရဲ့ ရင်ဘတ်ထဲကို ကိုယ့်နှလုံးသားလေးတွေထည့်ပေးပြီးပြီ”

“ဟင်”

ဒီစကားတွေက ဘာအဓိပ္ပာယ်လဲ။ ပန်းအိမ် သူ့ကို မော့ကြည့်လိုက်တော့။ အိုး . . . ရွှန်းရွှန်းစားစားကြီးနဲ့ ပန်းအိမ်ကို ကြည့်နေလိုက်တာ။ ပန်းအိမ် မျက်လွှာပြန်ချပြီး ရင်ခုန်သံ အဆမတန် ခုန်လာသည်။

သူ ပန်းအိမ်ကို ရည်စားစကား ပြောတာလား။

မှူးဒေဝ

www.burmeseclassic.com



မဟုတ်သေးပါဘူး။ တစ်ဖက်သတ်ကြီး စိတ်ကူးယဉ်မနေနဲ့ ပန်းအိမ်။ ကိုယ့်ဘဝကိုကြည့် ကိုယ့်အခြေအနေကိုယ် သိစမ်းပါ။ မြေပေါ်မှာ အနေပျော်ရတဲ့ ပန်စံပယ်ကို ဘယ် ရွှေတံရှူနဲ့ ခူးကြမှာလဲ။

"ချာတိတ် . . . ဒီဝတ်စုံလေး မင်းကြိုက်လား"

သူကိုင်ပြတာ မီးနိုးရောင် အင်းလေးဝတ်စုံလေးပါ။

"ဟင့်အင်း . . . ပန်းအိမ်က မီးနိုးရောင် မကြိုက်ဘူး"

"ဘာဖြစ်လို့လဲ"

"မီးနိုးဆိုတာ လေထဲမှာ လွင့်ပြီး ပျောက်ကွယ်သွားရတဲ့ဘဝလေ။ တည်ငြိမ်မှုမရှိဘူး။ ပန်းအိမ်က မိုးသားလိုပဲ စိတ်ထားမြင့်မြတ်သူ ဖြစ်ချင်တယ်။ အဲဒါကြောင့် အရောင်ဆိုလည်း မိုးပြာရောင်ကိုပဲ ကြိုက်တာ"

ခွန်မို တစ်ဖက်သို့ လှည့်သွားပြီး အထည်ဆိုင်က ရှမ်းမလေးကို လှမ်းခေါ်လိုက်၏။

"အစ်ကို ဘယ်ဝတ်စုံယူမလဲ"

ရှမ်းမလေးက စကားဝဲဝဲနှင့် မေးလေတော့၊ ခွန်မို စောစောက မီးနိုးရောင် အင်းလေးဝတ်စုံကို လက်ညှိုးထိုးပြကာ . . .

"ဒီဝတ်စုံမျိုး . . . မိုးပြာရောင်ရှိလား"

"အထဲမှာရှိတယ် အစ်ကို။ ဝင်ကြည့်မလား"

"မကြည့်တော့ဘူး။ ဒီပုံစံ ဒီဒီဇိုင်းပဲဆိုရင် မိုးပြာ





ရောင် တစ်စုံပေးပါနော်"

"ဟုတ်ကဲ့ . . . ဒီပုံစံ ဒီဒီဇိုင်းပါပဲ။ ခဏစောင့်နော်"

ရှမ်းမလေး ဆိုင်ထဲသို့ ဝင်သွားလေလျှင် . . .

"ဦးခွန်မိုမှာ ညီမရှိလားဟင်"

"မရှိပါဘူး။ ကိုယ်က တစ်ဦးတည်းသော သား"

"ဒါဆို မမအတွက် ဝယ်ပေးတာလား။ မမက နည်းနည်းဝတယ်နော် ဒီဆိုဒ်နဲ့တော်မှာ မဟုတ်ဘူး"

ခွန်မို ဒီလောက်တောင် "အ" ရသလားဟု မေးကာ ချာတိတ်ကို ခေါင်းသာထုချလိုက်ချင်တော့၏။

"မင်းကို ဘာရောင်ကြိုက်လဲ မေးပြီးမှ ဝယ်တာ မင်းအတွက်ပေါ့ ချာတိတ်ရဲ့"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၇ )

ချစ်ဦး ဆိုင်အပြင်ကနေ ရပ်စောင့်ရတာ စိတ်မရှည်တော့သဖြင့် ဆိုင်ထဲက ချာတိတ်တစ်ယောက်ကို လှမ်းခေါ်လိုက်၏။

"ညီလေး"

"ဗျာ"

"ခုံတစ်လုံးလောက် ပေးပါလားကွ။ ဒီမှာ အစ်ကို ရပ်စောင့်ရတာ ညောင်းလာလို့"

"ဩော် . . . ဟုတ်ကဲ့ ရပါတယ်"

ချာတိတ်က ဆိုင်အတွင်းဘက်သို့ ပြန်သွားပြီး တက်လာတော့ လက်ထဲမှာ အစိမ်းရောင် ဖိုက်ဘာခုံတစ်လုံး ပါလာသည်။ မြမိုးနွယ်နှင့် ချောစုစံကတော့ အဝတ်ရွေး





လို့ မပြီးနိုင်ဘဲ ရှိနေတာ တစ်ထွေလုံးတစ်မျိုးလုံးအတွက်ပဲ ဝယ်နေသလား၊ တစ်ဆိုင်လုံးဝယ်ပြီးပဲ ဆိုင်ဖွင့်စားမလို့လား တော့မသိ။ စောင့်တဲ့သူကိုမှ အားမနာလျှာမကျိုးပါလား။

"ရော့ . . . အစ်ကို"

"ကျေးဇူးပဲ ညီလေးရာ"

"အစ်ကိုက အိမ်ပြန်လက်ဆောင် ဘာမှမဝယ်ဘူးလား"

"မဝယ်တော့ပါဘူး . . . အဲ"

မဝယ်တော့ပါဘူးဆိုပြီးမှ မျက်စိက ပိတောက်ခြောက်ရောင် ဝတ်စုံလေးကို မြင်သွားပြီး အသားဖြူတဲ့ သူနဲ့ဆိုရင် အရမ်းလိုက်ဖက်မှာပဲဟု မဆီမဆိုင်တွေးဖြစ်၏။ ကိုယ့်မှာဝယ်ရအောင် နမလည်းမရှိ၊ အဖေလည်းမရှိဖဲတော့။

"အင်း"

ချာတိတ်နဲ့ဆိုရင် သိမ်လိုက်မှာပဲဟု တွေးကာ ...

"ညီလေး"

"ဗျာ"

"ဟို . . . ပိတောက်ခြောက်ရောင်လေး ဘယ်လောက်လဲ"

"လေးထောင့်ငါးရာပါ အစ်ကို"

"မလျှော့တော့ဘူးလားကွ"

"ပိုမဆိုပါဘူး အစ်ကို၊ ကျွန်တော်တို့ဆိုင်က ဈေး



www.burmeseclassic.com

www.burmeseclassic.com



မှန်ပါ။ မြေပြန့်က ဖောက်သည်တွေလာရင် ကျွန်တော်တို့ ဆိုင်မှာပဲ ဝယ်ကြတာ။ အခြားဆိုင်တွေမှာ လိုက်မေးကြည့်။ ဈေးများတယ်ဆိုရင် ပြန်လာခဲ့ ကျွန်တော် ငွေပြန်အမ်းမယ်"

"ငွေပြန်အမ်းတာတော့ မင်း ပြောမှလားကွ။ အလကားပေးမှာမှ မဟုတ်တာ။ ချည်သာတွေက နိုင်ရဲ့လား ကြာနေလို့ ဆွေးနေတာတို့ တွေ့နေမှာစိုးလို့"

ချာတိတ်ကတော့ သူ့ကို ယောကျ်ားကြီးဖြစ်ပြီး မိန်းမစပ်ကာ မဓိ၊ ဆယ်လီကာပ်ပိုးကျလှချေလားဟု တွေးနေမလားပဲ။ ချစ်ဦးတ သစ်သီးခြံနှင့် စိုက်မျိုးစားသူမှ ရောင်းတဲ့နေရာမှာ အပြောအကောင်းသလို ဝယ်တဲ့နေရာမှာလည်း ဇီဇာကြောင်၍ ဈေးဆစ်တတ်သူပါ။

အခုလည်း ရောင်းသူနှင့် ဝယ်သူအသံတူနေ၏။ ချစ်ဦးက ပြောလိုက်တာနှင့် ချာတိတ်က ဝတ်စုံကို ချိတ်မှ ဖြုတ်ယူပြီး တွမ်းတွမ်းနှင့်မြည်အောင် ခါပြ လက်နှစ်ဖက်ကို ဆွဲပြလုပ်ပြီး . . .

"ဒီမှာကြည့် အစ်ကို။ ကျွန်တော်တို့ဆိုင်က အထည်တွေက အကောင်းစားတွေ။ မကောင်းတာဆို လုံးဝ မတင်ဘူး။ အဆွေးအပေါက်ပါရင် မီးပုံရှို့ပစ်မှာ"

"အေးပါကွာ . . . ယူမယ်"

"ကျေးဇူးပဲ အစ်ကို"





အလို . . . ဘာလို့ ကျေးဇူးတင်တာလဲ။ ချာတိတ်က ဝတ်စုံကို ခေါက်ပြီး အိတ်ထဲသို့ ထည့်ပေးလိုက်သည်။ ချစ်ဦး ငါးထောင်တန်ကို ထုတ်ပေးလေတော့ ကောင်လေးက အထဲသို့ ဝင်သွားပြန်၏။

"အစ်ကို"

"ဟေ"

"ဟို . . . အားတော့နာပါတယ် အစ်ကိုရယ်။ ငါးရာတန်မရှိဘူး ဖြစ်နေလို့ တစ်ခုခု ယူလိုက်ပါလား"

"ဘာယူရမှာလဲကွ။ ငါးရာတန် ဘာရှိလဲ"

"အရုပ်တစ်ရုပ်ယူလိုက်လေ"

ချစ်ဦး တွေခနဲ ဖြစ်သွားပြီး . . .

"ကဲ . . . ပေးကွာ"

"ကောင်းလေးလား . . . ကောင်မလေးလား အစ်ကို"

"ကျွတ်"

တစ်ခုအေးမြီးရော ရှင်းတော့ နောက်ပြသာနာ တစ်ခုကို သယ်ဆောင်လာပါလား။

"ပေးချင်တာသာ ပေးကွာ"

ဆိုတော့မှ ချာတိတ်က အိုးစည်ကို လွယ်ထားသော ရှမ်းမင်းသားရုပ်တလေးကို ဖြုတ်ပေး၏။ သူဝယ်ထား တွေကို ဆပ်စလူးမနှစ်ယောက် မသိအောင် ကြိုးသိုင်း



www.burmeseclassic.com

www.burmeseclassic.com



လွယ်အိတ်ထဲသို့ လျှင်မြန်စွာ ထည့်လိုက်သည်။ မြင်ရင် စစ်ဆေးမေးမြန်းမှုတွေ ထူဦးမှာ။

"ကိုချစ်ဦး"

"ဗျာ"

"စောင့်ရတာ စိတ်မရှည်ဖြစ်နေပြီလား"

"ရပါတယ်။ အားမနာနဲ့ စိတ်ကြိုက်သာ ရွေးဝယ်။ မဟုတ်ရင် . . . တော်ကြာ အပေါက်အဆွေးတွေနဲ့ တွေ့နေမယ်"

ငေါ့လိုက်တာကိုပဲ တကယ်စိတ်ရှည်တယ် ထင်ပြီး ရယ်သလားတော့ မသိပေ။ မယ်မင်းကြီးမ နှစ်ယောက်က ရယ်လို့မောလို့။ "သူ့မှာကတော့ ခြေသလုံးကြွက်တက်လုနေပြီ။

"ကိုခွန်မိုနဲ့ ယွန်းပန်းအိမ်ရော"

"ဟိုဘက် လျှောက်ကြည့်ကြတယ်လေ"

"ဪ . . . ဒီကောင်မလေးတော့"

"ဘာဖြစ်လို့လဲ သူလည်း မရောက်ဘူးတဲ့ နေရာတွေကို ရောက်တုန်းရောက်ခိုက် ကြည့်ချင်ရှာမှာပေါ့ဗျာ။ သွား ါစေ . . . မဆူပါနဲ့"

ချောစုက ခပ်မဲ့မဲ့လေး ပြုံးကာ . . .

"ကိုချစ်ဦးက ပန်းအိမ်ကို အရမ်းအလေးထားသလိုပဲနော်"





"ဪ . . . ဒါလား ကျွန်တော်ရော ခွန်မိုရောက သနားတတ်တယ်လေ။ ချာတိတ်ကို သနားလို့ပါ"

"ဘာသနားစရာရှိလို့လဲ"

မြမိုးနွယ်က ခပ်ဆောင့်ဆောင့် အသံနှင့်ဆိုသည်။ ပြောတော့လည်း ညီအစ်မဝမ်းကွဲတဲ့ ဆက်ဆံပုံက သခင်နဲ့ ကျွန်လို။

"ဪ . . . ခင်ဗျားတို့က ဆူလိုက်မာန်လိုက် လုပ်နေတာကိုးဗျ"

ချစ်ဦး တဲ့တိုးပဲ ပြောချပစ်လိုက်သည်၊ မဟုတ်ဘူးလား။ ခုမှ သူတို့က ချာတိတ်အပေါ် ကျွန်ပိုင်ရှင်စနစ်နဲ့ ဆက်ဆံနေကြတာကိုး။ အမြင်မတော်တိုင်း အကြားမတော်တိုင်းသာ ပြောရရင် မှန်တာပြောလို့ ရွာအပြင်ထွက်နေရတော့မည်။ ပေါ့တဲ့နွား ကြိမ်နဲ့တို့။

ဟိုက ကြောက်ကြောက်လန့်လန့်လေး ဖြစ်နေတိုင်း သူတို့က ဖိထောင်းနေကြတာ။

"ယွန်းပန်းအိမ်က တော်တယ်နော်"

"ဗျာ"

"ဪ . . . မှော်မင်းသမီးလေးနဲ့ တူကာကို ပြောတာပါ"

ဒါက ဘာစကားလဲ။ ချစ်ဦးက နယ်လှည့်နေသူမို့ အရိပ်ပြောတာနှင့် အကောင်ပါ မြင်တတ်သူပါ။ ရှေ့ဆက်



www.burmeseclassic.com

www.burmeseclassic.com



ပြောရင် ချာတိတ်ရဲ့ သိက္ခာတွေကို ထိပါးလာနိုင်သည်မို့ ရေငုံနှုတ်ပိတ်နေလိုက်တာပဲ ကောင်းပါလိမ့်မည်။

"ဝယ်လို့ပြီးကုန်ကြပြီလား"

"ပြီးပြီ"

"ဒါဆို သွားကြမယ်"

"သွားလေ"

ချစ်ဦး ရှေ့မှ ထွက်လာခဲ့တော့ မရွှေချောနှစ်ယောက်က အိတ်တွေကိုယ်စီ မနိုင်မနင်းဆွဲလို့ လိုက်ပါလာသည်။ ဆွဲကြပေ့။ ကူဆွဲမယ်ထင်ပြီး ပိုက်ဆံပေါတိုင်း ဝယ်လာတာ။ အထဲမှာ လုံချည်တွေပါတာပဲ ဘယ်သူက ဆွဲမှာလဲ။

သူတို့ဆွဲရတာ ဘယ်လောက်လေးလို့လဲ။ ချာတိတ်ကို အလာလမ်းခရီးမှာ သူတို့ ဆွဲခိုင်းတာကမှ သတ္တဝါနဲ့ လက်နက်မမျှဆိုတာမျိုးလေ။

"ကိုချစ်ဦး . . . စောင့်ပါဦး"

"လာလေဗျာ"

ချစ်ဦး တာဝန်အရတော့ စောင့်ခေါ်ရသည်ပဲလေ။ သူ့မှာ တာကယ့်ကို ကျွန်ပုယ်ရာ အဆစ်ပါ။



## အခန်း ( ၈ )

တောင်ကြီးကို ပြန်ရောက်ကြတော့ လေးငါးရက်သူတို့တွေ အဆက်အသွယ် ပြတ်သွားကြသည်။

ချစ်ဦးက သူ့သစ်သီးခြံထဲ သူသွား ခွန်မိုကလည်း တားနောက်ကိုလိုက်ရ၏။ မတွေ့ရတဲ့ ရက်ကလေးတွေမှာပဲ ခွန်မို ချာတိတ်ကို လွမ်းတတ်နေပါပြီ။

ပန်းအိမ်ရယ် မစီးသာ တာကယ်ပန်းကလေးဖြစ်ရင် ကိုယ့်နှလုံးသားရဲ့ သဲသောင်ပြင်ထက်မှာ မင်းဆိုတဲ့ ပန်းကလေးနဲ့ အိမ်ကလေးဆောက်ပြီး နှစ်ယောက်တစ်ကမ္ဘာ တည်ပစ်လိုက်ချင်တာ။

"ခွန်မို"

www.burmeseclassic.com



"…"

"ခွန်မို"

"အင်း . . . ဗျာ"

"တစ်ယောက်တည်း ဘာတွေ ကျိတ်ပြုံးနေတာလဲကွ"

"ဪ . . . ဦးဆင့်"

"မင်းကို ငါ ကြည့်နေတာကြာပြီ။ သက်ပြင်းချလိုက်၊ ပြုံးလိုက်နဲ့။ ငါ့ကောင်တော့ မရိုးတော့ဘူး ထင်တယ်"

"အာ . . . ဦးဆင့်ကလည်း မရိုးလို့ သူခိုးလား"

ခွန်မိုက ရစ်လေတော့ ဦးဆင့်ခမျာ ပျာပျာသလဲနှင့် . . .

"အဲဒါကို ပြောတာ မဟုတ်ဘူးလေကွာ။ ငါ ပြောတာက ဟိုကွာ . . . ဒီကိစ္စကို ပြောတာ"

ဟု ဆိုပြီး ဦးဆင့်က ဘယ်ဘက်ရင်အုံကို လက်နှင့် ပုတ်ပြသည်။

အချစ်ရေး ကိုယ့်အဖြစ်ကို ဦးဆင့်လို လူကြီးတစ်ယောက်ကတောင် ရိပ်မိနေပြီကွာ။

"ငါ မှန်းတာမှန်ရဲ့လား ခွန်မို"

"မှန်တယ် . . . မှန်တယ်"

"ဟေ"



မှန်တယ်ဆိုတော့ ဦးဆင့် မျက်မှန်ကို ပင့်တင်တာ ပြုံးတုံ့တုံ့ကြီး လုပ်နေသည်။

"အေး . . . လုပ်ကွာ။ မဟုတ်ရင် မင်းနောက်ထပ်တစ်ဝါ ဆိုနေဦးမယ်"

"စိတ်ချ။ ဒီနှစ် ကျွန်တော် ဝါမဆိုစေရဘူး"

"ဒါမှ လူပျိုသိုးကြီးမဖြစ်မှာ။ ဟား . . .ဟား"

"မသိုးပါဘူးဗျာ။ ပူပူနွေးနွေးကြီး"

သူ့အကြောင်းလေး ပြောပြီး ရယ်မောနေရချိန်မှာ ပန်းအိမ်ရေ ကိုယ့်ရင်ထဲမှာ လေပြေးသွေးလို့ ပန်းတွေ မွှေးနေသလိုပါပဲကွာ။ အင်း . . . အားမာန်တွေတော့ မွေးထားရမည်။ လူကြီးတွေကို ဖွင့်ပြောလို့ အဆင်ပြေရင်ပြေ၊ မပြေရင်တော့ ပန်းကလေးကို လက်ဆွဲပြီး ကမ္ဘာမြေပြင်ကို ရူးစမ်းလှေလှော်လာဖို့ လှေကလည်း လုံမှ တက်ကလည်း ခိုင်မှ ဖြစ်မည်။ အဆင်သင့်ဖြစ်အောင်တော့ ဂုက်ဖဲကလေးတွေရှိနေမှ။

"ခရီးသည်တွေ စုံပြီလားဟေ့"

"ခဏလောက်နေပါဦး ဦးသောင်းခင်တို့ မှာလိုက်တဲ့ပစ္စည်းတွေ မတင်ရသေးလို့"

ခွန်မို စပယ်ယာကို မျက်မှောင်ကြုတ်ကြည့်ကာ

"တင်ကြလေကွာ ဘာလုပ်နေတာလဲ"

"ဝိုးဦး မုန့်ဟင်းခါးသွားစားနေလို့ ဆေ . . . ကျွန်

www.burmeseclassic.com



တော်တစ်ယောက်တည်းဆို မနိုင်ဘူး"

"ဪ . . . မစားဘူးတဲ့ အစားအစာကိုး၊ ကဲလာ . . . ငါနဲ့ တင်မယ်။ စိုးဦးရောက်လာရင် အဆင့်သင့် ထွက်ရုံပဲ"

"ဟာ . . . မဟုတ်တာ ဆရာရယ်"

အောင်ဒွေးက သူတို့ ဆရာမင်းသားကို အားနာသလို မနိုင်းရက်သလို ခေါင်းကုတ်ပြီး စိုးဦးကို လှမ်းမျှော်ကြည့်သည်။ ခွန်မိုက မနေစိမ့်လို့ ကူညီမယ်လုပ်တိုင်း သူတို့မှာ ပျာပျာသလဲလုပ်ရ၏။ ဆရာက ဖြူဖြူချောချောမို့ သူတို့လုပ်တဲ့ အလုပ်ကြမ်းတွေနဲ့ ဘယ်လိုမှမအပ်စပ်ဘူးလေ။

ဆရာက သူဒွေးဆိုပြီး မာန်တွေတန်တွေ မရှိသည့်အပြင် လူမှုဆက်ဆံရေးကလည်း အလွန်ကောင်းသူပါ။

"ဟော . . . ဟိုမှာ စိုးဦးလာပြီ ဆရာ"

"မြန်မြန်လုပ်ကြကွာ၊ ငါ အိမ်ကို ရောက်ချင်လှပြီ"

"ဗျာ"

အောင်ဒွေး သူ့ကို မအူမလည်နှင့် ကြည့်လေတော့ သူ စိတ်မလုံစွာ ရယ်မိသည်။

"စိုးဦးရေ မြန်မြန်လာပါကွ"

"လာနေတာပဲ။ ခြေထောက်တွေ ဘီးတပ်ထားတာ မဟုတ်ဘူး"



စိုးဦးက ဆင်ခြေကာန်နေသေး၏။ ခွန်မိုကိုလည်း မြင်ရော ခြေလှမ်းက ပိုသွက်လာသည်။ စောစောက မမြင်လို့ ထင်ပါရဲ့။ သူတို့ပစ္စည်းတွေ တင်ပြီးကြတော့ . . .

"ဦးဆင့်ရေ . . . ထွက်မယ်ဗျို့"

ဦးဆင့်ကလည်း ခွန်မို အမိန့်ကို စောင့်နေသူမို့ အမိန့်သံဆုံးသည်နှင့် ကားကို စက်နှိုးလေတော့၏။

www.burmeseclassic.com



## အခန်း ( ၉ )

ခွန်မို အိမ်ပြန်ရောက်တာနှင့် ပန်းအိမ်လေးရှိရာ အရပ်ဆီသို့ စိုင်းပြင်ရန်ပဲ စိတ်ကလောနေသည်။ ညနေစောင်းတာနှင့် ရေချိုး ထမင်းစားပြီး ဆိုင်ကယ်ဆွဲထွက်တော့ . . .

"သား"

"ဗျာ . . . ဖေဖေ"

"ဘယ်သွားမလို့လဲ"

ခွန်မို အမှန်အတိုင်းပြောပြီး လူကြီးတွေကို အပူကပ်ရမလား၊ ကိုယ်ဘာသာ ကြိုးစားပြီး အဆင်ပြေအောင် လှုပ်ရှားရမလား စဉ်းစားနေမိသည်။ ပြောပြထားလိုက်ရင် လူကြီးတွေ သဘောထားကို သိရတာပေါ့။





ကိုယ်က ပုခက်ထဲက ကလေးမှ မဟုတ်တာ။ ဘွဲ့လည်းရပြီးပြီ။ အခုချိန်ထိ ဘယ်သူနဲ့ သဘောတူတယ်။ ဘယ်မိန်းကလေးကို ယူရမယ်ဆိုတာမျိုး တင်းကျပ်ထားတာ မရှိခြင်းဟာ သူ့ကို လွတ်လပ်ခွင့်ပေးထားတာပဲ။

"တစ်ခါခြင်ဖြုံ့အရေး ဒီလောက်စဉ်းစားနေမှုထောက်တော့ ငါ့သား လူပျိုလှည့်သွားမှာ ထင်တယ်"

"ဖေဖေကလည်း"

"ဟုတ်နေပါပြီ။ သားအဖချင်း ပွင့်ပွင့်လင်းလင်းပေါ့ကွာ။ ပြော . . . ဘယ်ကိုသွားမှာလဲ၊ ဘယ်သူ့သမီးလဲ၊ ဘယ်ရပ်ကွက်ကလဲ"

"ဖေဖေက လုပ်ပြီ"

"တာဝန်အရ မေးတာလေ"

ခွန်မို ရှက်ပြုံး ပြုံးလိုက်ရင်း . . .

"ချာတိတ်က ရန်ကုန်က ဖေဖေရဲ့"

"ဟေ"

ဦးစိုင်းကျော် အာမေဋိတ်သံ ထွက်သွားတာ ရန်ကုန်သူဆိုသောကြောင့် မဟုတ်ပါ။ ချာတိတ်ဆိုတဲ့ အသုံးအနှုန်းကြောင့်ဖြစ်သည်။ သိပ်ညလိုခေါ်တာ သူ့ထက် ငယ်လို့ပေါ့။ တော်ရုံ မိန်းကလေးကို မျက်လုံးဝေ့မကြည့်တတ်သော သား။ အခု ဘွဲ့ရပြီးတယ် ဘယ်မိန်းကလေးကို စိတ်ဝင်စားတယ်လည်း မကြား။ ဘယ်သူ့ကို ကြိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ် အရိပ်အယောင်လည်းမပြ။

အခု လှပ်လှပ်ရှားရှား ဖြစ်လာပြီဆိုတော့ ခြော်ငါသား လူပျိုကြီးဖာတာ မပါဘူးဟလို့သာ ထအော်လိုက်ချင်၏။ မိန်းမယူဖို့ စနောက်ပြောကြည့် အိပ်မက်အကြောင်း ပြောပြန်ရော။ မင်းကုသလို ရွှေစင်ရုပ်တုပြီး ကြင်ယာတော်ရှာနိုင်းသလို ဖြစ်နေခဲ့တာ။

“ဖေဖေ”

“ဟင်”

“သူက . . . သိပ်သနားဖို့ကောင်းတာ ဖေဖေရဲ့”

“ဘာဖြစ်လို့လဲ သားရဲ့”

ခွန်မို ဆိုင်ကာယ်ကို စက်နှိုးထားရာမှ စက်ကို ရပ်ပစ်လိုက်တာ ပန်းအိမ်လေး အနိမ်ခံဘဝဖြစ်နေတာကို ဖေဖေ့အား မကွယ်ဝှက်ပြောပြလိုက်၏။

ဒီတော့ ဦးစိုင်းကျော် သက်ပြင်းမှုုင်းမှုုင်းချမိသည်။ ရှေ့ဆက်မည့် စကားကို ထပ်မံနားစွင့်လိုက်လျှင် . . .

“ကျွန်တော့ အိပ်မက်ထဲက မိန်းကလေးဟာ သူပဲ ဖေဖေ။ အဲဒါကြောင့် တွေ့တွေ့ချင်းပဲ သူ့ကို ကျွန်တော် စွဲလမ်းမြတ်နိုးခဲ့တာ”

“ဒါ . . . တကယ်ပဲလား”

“သား ဘယ်တုန်းက ဖေဖေ့ကို ညာဖူးလို့လဲ”

ဦးစိုင်းကျော် သား၏စကားကို အကြွင်းမဲ့ယုံကြည်





ပါသည်။ ခက်တာက သားရဲ့အမေ နန်းခင်ခင်။ ကောင်မလေးက ဆင်းရဲလို့ သဘောတူပါ့မလား။ သူကတော့ ဘာပြောမလဲ၊ သားစိတ်ချမ်းသာရင် ပြီးရောပဲလေ။ မိန်းကလေးတစ်ယောက်က ပစ္စည်းချမ်းသာဖို့ထက် စိတ်ဓာတ်ဖြူစင်ရိုးသားပြီး အိမ်ရှင်မ ပီသဖို့ပဲလိုတာ။ စီးတဲ့ရေ ဆည်တဲ့ကန်သင်းတဲ့။

ကိုယ်က မိန်းကလေးရှင်ဖြစ်နေရင်သာ လင်ဆိုးမယားတဖားဖား အဖြစ် မကြုံရအောင် လူရိုးလူကောင်းဖြစ်ဖို့ အရေးပါသလို သမက်လောင်းဖြစ်မယ့် သူဟာ ချမ်းသာဖို့လိုတာလေ။ မိန်းကလေးဆိုတာ အဝယ်ခံပစ္စည်းဖြစ်ပြီး ယောကျာ်းလေးဆိုတာ အဖိုးပေးဝယ်နိုင်ရမည့်သူ။

“ဖေဖေ သဘောတူရဲ့လား”

ဦးစိုင်းကျော် သားကို တွေခနဲ စိုက်ကြည့်ပြီး . . .

“ဖေဖေကတော့ သားကို စိတ်ချမ်းသာစေချင်တယ်။ ခက်တာက မင်းရဲ့မေမေ”

“အာ . . . ဖေဖေကလည်း ဖေဖေမပြောရင် မေမေ မသိပါဘူး။ သားဘက်မှာ ဖေဖေရှိရင် ရပြီ။ အိုကေဘိုင်”

ခွန်မို စပ်ဖြဲဖြဲနှင့် လက်ပြပြီး ဆိုင်ကယ်ကို ဝူးခနဲ မောင်းထွက်ခဲ့သည်။ မြန်မာမလေးရေ မင်းနဲ့တွေ့မှ ကောင်ပေါ်သားမှာ စားလည်း ဒီစိတ်၊ သွားလည်းဒီစိတ်၊ အိပ်လည်း

www.burmeseclassic.com



ဒီစိတ်နဲ့ စိတ် . . . စိတ်တွေကြားမှာ ကြိတ်ကြိတ်ပြီး တံတွေးမျိုချရတာ ကြာရင်တော့ ဝမ်းဖော ဝမ်းရောင်ဖြစ်ပြီး လေမျိုးရှစ်ဆယ်တို့၊ ဦးရှိန်တီတို့၊ အဝေရာတို့ လျှက်ဆား ကုမှကိုတောင်ရတော့မယ် ထင်ပါရဲ့။

ခွန်မို ချောစုတို့ ခြံရှေ့ကို ရောက်တာနှင့် ဆိုင်ကယ်ပေါ်မှ ဆင်း၍ ခြံထဲသို့ ချောင်းကြည့်လိုက်၏။ အိမ်နဲ့ ခြံထဲသို့ ချောင်းကြည့်လိုက်၏။ အိမ်နဲ့ ခြံစည်းရိုးက သိပ်မဝေးလေတော့ အိမ်ထဲက လှုပ်ရှားမှုတွေကို ပြတင်းတံခါးတွေမှတစ်ဆင့် မသဲမကွဲတော့ မြင်နေရသည်။ ချောစုနဲ့ မြမိုးနွယ်တို့ DVD ရှေ့မှာ ကိုရီးယားကားကို ကြည့်နေတာ တွေ့၏။

ချာတိတ်က ဘယ်မှာလဲ၊ အိမ်ထဲကို ဝင်သွားလို့လည်း မဖြစ်ပေ။ ချာတိတ်နဲ့ စကားမပြောရဘဲ သူတို့နဲ့ပဲ ထိပ်တိုက် ရင်ဆိုင်နေရဦးမှာ။ အချိန်က နေဝင်ချိန်မို့ လူရှင်းနေလို့ တော်သေးရဲ့။ မဟုတ်ရင် သူယောင်လည်လည် လုပ်နေပုံက သူခိုးသူဝှက်ပုံ ပေါက်နေမည်လား။

“ဦးခွန်မို”

“. . .”

“ဦးခွန်မို”

“ဟင်”

နောက်တနေ ပခုံးကိုပုတ်၍ ခေါ်လိုက်တာကြောင့်





ခွန်မို လှည့်ကြည့်လိုက်သည်တွင် . . .

“ဟာ . . . ချာတိတ်”

“အဲဒါ ဘာလုပ်နေတာလဲ”

မင်းကို မတွေ့လို့ ချောင်းကြည့်နေတာ ဆိုတဲ့ စကားကို ရင်ထဲမှာပဲ တိတ်တဆိတ် ပြောဖြစ်၏။ ပန်းအိမ်က သူ့ကို မျက်မှောင်လေးကြုတ်၍ ကြည့်နေသည်။ ပြီးတော့မှ ထပ်ပြီး . . .

“မမနဲ့ တွေ့ချင်လို့လား။ အိမ်ထဲဝင်သွားလေ”

“ဟာ . . . မဟုတ်ပါဘူး”

“ဒါဆို”

ပန်းအိမ်က နားမလည်သလို သူ့ကို တွေတွေကလေး စိုက်ကြည့်နေပြန်သည်။

“ကိုယ် ပန်းအိမ်ကို တွေ့ချင်လို့ လာခဲ့တာ”

“ရှင်”

ထိတ်လန့်ဟန်လေးနှင့် ပွင့်ဟသွားတဲ့ နှုတ်ခမ်းအစုံသည် တောင်ပေါ်သားလေး၏ နလုံးသား၌ ချယ်ရီပွင့်လေး ဖူးခသွားသလို။

“ပန်းအိမ် အခု ဘယ်က ပြန်လာတာလဲ”

“ဟို . . . မမတို့ ဆီးထုပ်ဝယ်ခိုင်းလို့ သွားဝယ်ပေးတာပါ”

ငယ်ရွယ်ချောမောတဲ့ မိန်းမပျိုလေးကို နှုတ်ခင်မှ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း လမ်းထိပ်ကိုလှမ်းသတဲ့လား။ အောက် ကျလိုက်တာ ချာတိတ်ရယ်။ မင်းဘဝလေးကို ကိုယ် အနိမ့် ခံဘဝကနေ လွတ်မြောက်အောင် ဘယ်လို လုပ်ပေးရပါ့ မလဲ။

"ပန်းအိမ်"

"ရှင်"

"ကိုယ် ပန်းအိမ်ကို ပြောစရာရှိတယ်"

"အထဲဝင်လေ"

"မဝင်တော့ဘူး။ ကိုယ်မင်းနဲ့ နှစ်ယောက်တည်း တွေ့ချင်တယ်"

"အဲဒါ မဖြစ်ဘူး"

"ဘာလို့လဲ"

"မမကို ကြောက်လို့"

"ကျွတ်"

ခွန်မို အကြံအိုက်သွားသည်။ ဒီငှက်ကလေးကို လှောင်အိမ်ထဲကနေ ဘယ်လို ဆွဲထုတ်ရမလဲ။

ပန်းအိမ် ဦးခွန်မိုကို ကြည့်ပြီး တုန်လှုပ်သွား၏။ ခုလို သူနဲ့ ရပ်စကားပြောနေတာကိုသာ မမသိရင် ပန်းအိမ် ဗိုက်ကို အလိမ်ခံရဦးမှာ ကျိန်းသေပါ။ ပြီးတော့ နှစ်ယောက် တည်း တွေ့ချင်တယ်ဆိုတဲ့ စကားဟာ ဘာအဓိပ္ပာယ်လဲ။ ရည်းစားစကားပြောဖို့တော့ မဟုတ်တန်ကောင်းပါဘူး။





စိတ်ကူးယဉ်ကြည့်ဖို့တောင် စိတ်ကူးထဲမှာ ယှဉ် ကြည့်လို့မရတဲ့ အခြေအနေပါ။ ပန်းအိမ်သူနဲ့ ကင်းကင်းနေ တာ အကောင်းဆုံးပါပဲ။

"ဟို . . . ကြာရင် မမဆူမှာစိုးလို့ ပန်းအိမ် သွား တော့မယ်နော်"

"နေပါဦး"

"အို"

ပန်းအိမ် လှည့်ထွက်မည်ပြုတော့ ခွန်မိုက ပန်း အိမ် လက်ကောက်ဝတ်ကို ဖမ်းဆုပ်ထားသည်။

"ဦးခွန်မို"

"ခဏလေးပါ ကိုယ်ပန်းအိမ် မျက်နှာလေးကို မြင်ချင်လို့ လာခဲ့တာ"

ဒါ . . . ဒါ ဘာစကားကြီးလဲ။ ပန်းအိမ်လက်ကို လက်ညှိုးထိုးပြလျက် . . .

"ဟို . . . လက် . . . လက်"

"ဘာဖြစ်လို့လဲ"

"လွှတ် . . . လွှတ်ပေးပါ"

ကြောက်လန့်နေသော ချာတိတ်ပုံမှာ ဇီးကွက်မ လေးလို ခွန်မို ရင်လည်းခုန် အသည်းကလည်းယား။ နေနှင့် ဦးပေါ့။

"ဘာလို့ ကြောက်နေတာလဲ။ ကိုယ်က သူ့ရန်



www.burmeseclassic.com

www.burmeseclassic.com



တူလို့လား"

"မဟုတ် . . . မဟုတ်ပါဘူး"

ဒီလောက်ချောတဲ့သူကို ထင်စရာလား ဦးခွန်မို ရယ်။ ပန်းအိမ် ကြောက်တာက မမကိုပါ။

"ပန်းအိမ်"

"ရှင်"

"မနက်ဖြန် ကိုယ်တို့ တွေ့ရအောင်နော်"

"ဟင့်အင်း"

"ပန်းအိမ်ကလည်းကွာ ဘာလို့ ခေါင်းချည်းပဲ ခါ နေရတာလဲ"

"မလွယ်လို့ပါ"

ခွန်မို ပြုံးလိုက်မိ၏။ ဒီလောက်တောင် ကြောက်တတ်တဲ့ကောင်မလေးကို သားပိုက်ကောင်လို ရင်ခွင်ထဲမှာ ထည့်ပိုက်ထားလိုက်ချင်၏။ အဲဒီလို ပိုက်ခွင့်ရဖို့က ကြိုးစား ရဦးမည်။ အခုက ဘာမှ မဆိုင်ကြသေးတော့။

"လွယ်အောင် ကိုယ်ဖန်တီးမှာပေါ့ ချာတိတ်ရဲ့"

ခွန်မို သူမခေါင်းလေးကို ချစ်စနိုးပုတ်ပြီး ဆိုလိုက် ၏။ သူမလေးကတော့ အိမ်ထဲကိုပဲ တကြည့်ကြည့်။

"ပန်းအိမ် ကိုယ့်ကို မခင်ဘူးလား"

"ခင်ပါတယ်"

"ခင်ရင် ကိုယ့်စကားနားထောင်လေ"



"ဘာဆိုင်လို့လဲ"

"ကိုယ်ကတော့ ဆိုင်တယ်လို့ ထင်တာပဲ"

မျက်လွှာလေးချလျက် တောင့်တောင့်လေး ရပ် နေသော ပန်းအိမ်ရဲ့မျက်တောင်ဖျားလေးတွေကို ဆိုင်ကယ် မီးဖွင့်ပြီး မီးရောင်အောက်မှာ တစိမ့်စိမ့် ထိုင်ကြည့်နေရရင် တော့ . . .

"ဦးခွန်မိုက ပန်းအိမ်နဲ့ ဘာလို့ နှစ်ယောက်တည်း တွေ့ချင်ရတာလဲ"

"ပြောစရာရှိလို့ပေါ့"

"ခုလည်း ပြောလို့ ရသားပဲကို"

"အခုပြောရင် ဇီလင်မလာဘူးကွ။ လမ်းသွား မတ် တတ်ကြီးကို။ ကိုယ်ပြောမယ့်စကားကို ကိုယ်က ပန်းအိမ်နဲ့ အေးအေးဆေးဆေးတွေ့ပြီးမှ လေးလေးနက်နက် ပြောချင် တာ"

"ခြော်"

ခြော်ဆိုတာက ဘာမှမသိနားမလည်တဲ့ ကလေး တစ်ယောက်လို ရမ်းပြီး ခြော်လိုက်တာမျိုး။ ချာတိတ်ကို သွယ်ဝိုက်သောနည်းဖြင့် ရည်းစားစကားပြောလို့ မရမှန်း ခွန်မို နားလည်လိုက်ပြီ။ ကိုယ်ပြောတဲ့စကားတွေက အငြိ အစွန်းတွေနဲ့ပေမယ့် သူမလေးကတော့ အဖြူရောင်လေးနဲ့ ပဲ တွေးနေပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်လဲဆို ကိုယ့်စကားကြောင့် ရှက်ရိပ်သမ်းသွားတာမျိုး ပန်းအိမ် မျက်နှာပေါ်မှာ မရှိခြင်းတည်း။ နားမလည်လို့သာပေါ့။ ရိပ်ဖမ်းသံ ဖမ်းပြောလို့ နားလည်ရင် ရှက်သွေးရှက်သားလေးတွေကို မြင်ရနိုင်သည်။

ခုတော့ . . .

"ဦးခွန်မို"

"ပြောလေ"

"ပန်းအိမ်ကို ခင်လို့လားဟင်"

ခွန်မို သွားတန်းညီလေးတွေပေါ်အောင်ရယ်ရင်း

"ခင်တာထက် ပိုတယ်"

"ရှင်"

ဒီလိုပြောမှပဲ မြန်မာမလေးရဲ့ မျက်နှာလေး ချယ်ရီရောင်တွေ ခင်းကျင်းသွားလျက် . . .

"ပန်းအိမ် သွားတော့မယ်"

ခွန်မို တားဆီးခြင်းမပြုတော့ဘဲ ကျေနပ်စွာ ငေးကျန်ခဲ့တော့သည်။ မနက်ဖြန်ရယ် ကျွန်တော့်ကို သနားသောအားဖြင့် အမှောင်ကိုခွင်းလို့ အလင်းကို သယ်ဆောင်လာပေးပါ။





အခန်း ( ၁၀ )

**ခြံထဲသို့** ဆိုင်ကယ်နှစ်စီးဝင်လာပြီး ထိုးရပ်လိုက်သည်နှင့် **ချောစု**နှင့် မြမိုးနွယ်တို့ ပျာယာခတ်သွားကြလေသည်။

"**ဟယ်** . . . ကိုခွန်မိုနဲ့ ကိုချစ်ဦးပါလား။ လာကြလာကြ"

"ဘယ်ကလှည့်လာကြတာလဲ"

"ဒီကိုပဲ တမင်လာခဲ့တာ"

"ဟယ်"

ခွန်မို ထိုင်လိုက်ရပေမယ့် မျက်လုံးကတော့ ချစ်ဦးနှင့်ချောစုပဲ ထိမ်ိတိုက်ပြောနေကြပြီ။ ဒီဘက်မှာ ခွန်မိုက ချစ်သူ့ရှာပုံတော် ဖွင့်နေသလို ဟိုဘက်က မြမိုးနွယ်မှာလည်း ရှက်ပြုံးလေးနှင့် ခေါင်းငုံ့နေသည်။ ဒီလူတွေဘာတာ



www.burmeseclassic.com

www.burmeseclassic.com



သူမတို့ကို တွေ့ချင်လို့လို့ပဲ ယူဆထားပုံရ၏။

အပျိုတွေရှိရာ အရပ်ဆီသို့ လူပျိုတွေ တကူးတက လာတယ်ဆိုကတည်းက တွေးစရာ ရှည်ရှည်ဝေးဝေးမှ မရှိတာ။

"စဉ်းစားလို့ မရသေးရင် ကျွန်တော့် သစ်သီးခြံကို လိုက်လည်ကြပါလား။ အရမ်းသာယာတာဗျ။ ရောက်ပြီးရင် မပြန်တောင် ဖြစ်သွားဦးမယ်"

"သူ့ခြံကို တော်တော်ညွှန်းနေပါလား"

"အဲဒါ တကယ် ချောစုရဲ့။ ဒီကောင်ကြီးရဲ့ ခြံနောက်ဘက်မှာ ဖန်းခင်းလည်းရှိတော့ အရမ်းကို အေးချမ်းတာ။ ကျွန်တော်ဆိုရင် ပင်ပန်းတဲ့အခါ အဲဒီမှာ သွားပြီး အနားယူပစ်လိုက်တာ"

ချောစုက မြမိုးနွယ်ကို ငဲ့ကြည့်၍ မေးဆတ်ကာ အဖော်ညှိသည်။ သူတို့ကပဲ အင်တင်တင်နဲ့ ဒီက ခေါ်ချင်လုလို့မဟုတ်တာသာ သိရင် ပျားရည်သောက်ပြီး သေကြမလားပဲ။ ခေါ်သာခေါ်ရတယ် မျှော်ရာသူလေးက ပေါ်မလာ။ ဘယ်ကိုသွားပြီး ဘာလုပ်နေရသလဲ ချာတိတ်ရယ်။

"ဘယ်လိုလဲ . . . လိုက်ကြမလား"

"အင်း . . . လိုက်မယ်လေ"

"ဒါနဲ့ . . . ဟိုချာတိတ်ရော"

ပန်းအိမ်ကို မေးလေသဖြင့် ချောစုနှင့်နွယ် အကြည့်





ချင်း ဆုံသွားကြသည်။ ဒီနစ်ယောက်ထဲက ပန်းအိမ်ကို ဘယ်သူများ စိတ်ဝင်စားနေသလဲ။ သဘောရိုးနဲ့ ခင်လို့ မေးတာလည်း ဖြစ်နိုင်သည်ပဲလေ။ စိတ်တွေက တင်းသွားလိုက် ပြန်ဖြေလိုက်။

"ပန်းအိမ်က အဝတ်တွေ လျှော်နေတယ်"

"ဪ"

ချစ်ဦးက တည်ငြိမ်နိုင်ပေမယ့် ခွန်မိုခမျာ ငုံးဆုလူမသိ ပူမှုဖြာဝေ ဆင်ဖြူတော်မှီပြီး ကြံစုတ်ရမယ့်ကိန်းမှာ ဆင်ဖြူတော်ကြီးတွေကတော့ ပါမည်ပေါ့၊ ကြံမလေးက ဘယ်မှာလဲ။

"သွားကြမယ်လေ ချာတိတ်ကိုခေါ်"

"နေပါစေ . . . သူ့ကို ခေါ်မနေတော့ပါဘူး"

"ဖြစ်ပါ့မလား"

"ရှင်"

ချစ်ဦးက ပြုံးလိုက်ရင်း . . .

"အဲ့ပြန်မှာ ကျွန်တော်က သစ်သီးတွေ လက်ဆောင်ပေးလိုက်မှာလေ။ ချောစုတို့က သယ်နိုင်လို့လား"

အလျှောက်ကောင်းလျှင် အထောင်းသက်သာမည်ပေါ့။ မြမိုးနွယ်က အားနာသလိုလို ဘာလိုလိုနှင့်

"နေပါစေ မပေးပါနဲ့။ အားနာစရာကြီး"

"ဘာအားနာစရာရှိလို့လဲဗျာ။ တကူးတကကြီး



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ပေးရတာမှ မဟုတ်တာ။ ကိုယ့်ခြံထွက်ပစ္စည်းကို ပေးတာပဲဟာ။ စေတနာကိုတော့ မငြင်းပယ်ပါနဲ့"

"ကဲပါ . . . ဒါဆိုလည်း ခေါ်ခဲ့မယ်။ ခဏစောင့်ဦးနော်။ ကျွန်မတို့ အဝတ်သွားလဲလိုက်ဦးမယ်"

"ကောင်းပါပြီဗျာ"

ချောစုနှင့် မြမိုးနွယ်တို့ အဝတ်လဲသွားကြသည်နှင့် လစ်ရင်လစ်သလို နှိပ်ကွပ်ဖို့ ချစ်ဦးမျက်နှာ မကျေမနပ်ကြီးနှင့် ခွန်မိုဘက်သို့ လှည့်လာသည်။

"ဟွန်း . . . ငါက ဆံထုံးထုံးရ၊ ဆီစိုက်ရပဲ"

"ဘာကိုလဲ"

ခွန်မိုက နားမလည်သလိုနှင့် ပြန်ကြောင်သည်။

"မင်းတောင်မလေးပါဖို့ အရေး ငါက ငါ့ခြံထွက်ပစ္စည်းလေးတွေ စိုက်ရဦးမယ်လေ။ လူလည်း ခြေထောက်စိုက်ရ"

"ဒီလို တွက်တာပကြကြေးလား"

"သိအောင်ပြောပြတာ"

ခွန်မို ပခုံးချင်းတိုက်၍ ရယ်လိုက်၏။ ချစ်ဦးဆိုတဲ့ကောင်က အဲဒီလို၊ အူပါပါ မပါပါ ပြောချင်တာကို ပြောလိုက်ရမှ။ သူ့ အခက်အခဲရှိရင်လည်း ခွန်မို့ ကူညီရတာမရှိတာကျလို့။

"မင်းကို ကြည့်ပြီး ငါတော့ စိတ်ပျက်တယ်"





"ဘာစိတ်ပျက်တာလဲ"

"ရည်းစားထားဖို့ မိန်းမယူဖို့လေ"

"အဲဒါဆို မင်းခြံထဲမှာ ငှက်ပျောပင်ထည့်စိုက်ဦး။ သူ့ဘဝဆိုတာ အချစ်ရှိမှ ပြည့်စုံတာကွ။ မင်းက မချစ်တတ်သေးတော့ ဘယ်သိမလဲ၊ အချစ်မရှိတဲ့ဘဝက ကန္တာရဟင်းလင်းပြင်ကြီးနဲ့ တူတယ်တဲ့။ ပညာရှိစကားကို မှတ်ထား"

"ဟွန့်"

ချစ်ဦးက မဲ့လျက် ပခုံးတွန့်သည်၊ နေမြင့်မလအရှုးရင့်လေပါပဲ။

"ရည်းစားတစ်ယောက်ရဖို့အရေး နေမြင့်လေအရှုးရင့်လေပါပဲ၊ ကြိုးစားနေရတာကို ရည်းစားထည်လဲတွဲတဲ့ကောင်တွေများ အံ့သြပါရဲ့"

"ဟာကောင်ရ . . . လွယ်လွယ်ရတဲ့အရာက လွယ်လွယ်ပဲ ခက်ခက်ခဲခဲရတာကမှ တည်မြဲတာ"

"ဒီနေရာမှာတော့ မင်းက ငါ့ထက် တစ်မူးပိုသာတာပေါ့"

သူ့ကို အရှုးလို့ ပြောလိုက်တာမို့ ခွန်မို ဆဲသံကခပ်ကျိတ်ကျိတ်ထွက်လာသည်။ တကယ်ပါ အချစ်ဆိုတာ စိန်စီပြီး ရွှေချသိမ်းထားလို့ မရပေမယ့် နှလုံးသားထဲမှာတော့ လှပခြင်းတင့်တယ်ခြင်းတို့ရဲ့ ဂုဏ်ဆောင်၊ ဗေဒင်ဟောသလို အချစ်ကိုသာ မဟာဘုတ်တိုင်ထူပြီး တွက်ချက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လို့ရရင် တစ်နေ့တစ်နေ့ ပန်းအိမ်ရဲ့ မျက်နှာလေးကို မဟာဘုတ်တိုင်ထူပြီး ရှာကြည့်မိမယ် ထင်ပါရဲ့။

"ဟော . . . ဟိုမှာ ထွက်လာကုန်ပြီ"

"မင်းရဲ့ မဒီက ပိုလန်းနေပါလား"

"မင်းနော်"

ချောစုကို မေးဆတ်ပြပြီးဆိုတော့ ချစ်ဦး မျက်စောင်းနီနှင့် ပြန်ကြည့်သည်။ ချစ်ဦးရဲ့ နှလုံးသားကို ဘယ်လို မိန်းကလေးမျိုးက ကိုင်လှုပ်နိုင်မှာလဲ။ အခုထိ ရည်းစားထားဖို့ မပြော၊ ခြံထဲက သစ်သီးတွေ ဘယ်နေ့ရှုးပြီး ဘယ်ဈေးနဲ့ ရောင်းမည်၊ ဘယ်လိမ္မော်သီးက အလုံးလှပြီး ဘယ်အသီးက ညှက်နေသည်။

ဘယ်အသီးက အရောင်းသွက်ပြီး ဘယ်အသီးက အရောင်းထိုင်းသည်။ တစ်နေ့တစ်နေ့ ဒါတွေပဲ ဦးနှောက်ထဲထည့်နေတဲ့ကောင်မို့ လမုသီးထဲကထွက်လာတဲ့ မယ်လမုလို လိမ္မော်သီးထဲက ထွက်လာမည့် မယ်လိမ္မော်လေးကိုပဲ စောင့်နေသည် ထင်ပါရဲ့။

"မင်းကတော့ မယ်လိမ္မော်နဲ့ ညားမယ့်ကောင်"

"ညား . . . ညား . . . အဲဒါကမှ လှူဖျားမှာ ချိုသည် ချဉ်သည် အရသာလေး ခံစားရဦးမယ်"

"ကိုခွန်မိုတို့ စောင့်ရတာ အားနာလိုက်တာ"

"ရပါတယ် ကိစ္စမရှိပါဘူး"





မြမိုးနွယ်က အပြုံးချိုချိုလေးနှင့် အားနာသလို ပြောလိုက်မှ သူတို့နှစ်ယောက် စကားက ပြတ်သွားသည်။ သူဌေးသမီးတွေကတော့ ကြော့လို့မော့လို့ ပန်းအိမ်ခမျာမှာတော့ နောက်ဆုံးမှာ ကုပ်ကုပ်နွမ်းနွမ်းလေးနှင့်။ ရှင်ဘုရင်နဲ့ညားတော့ မိဖုရားပေါ့ ပန်းအိမ်ရယ်။ မင်း တစ်နေ့တော့ မိဖုရားလေး ဖြစ်လာရမှာပါ။

"လူက ငါးယောက်၊ ဆိုင်ကယ်က နှစ်စီး ဘယ်လိုစီးကြမလဲ"

ချောစုမေးမှ ဟင်းခနဲ ဖြစ်သွားကြ၏။ ခွန်မိုဆိုင်ကယ်ကို တီထွင်လိုက်တဲ့ ပညာရှင်တွေကိုသာ မေတ္တာပို့လိုက်ချင်၏။ စက်ဘီးလို ဘားတန်းရှိရင် ချစ်သူလေးကို ရှေ့ကတင် ကျန်တဲ့လူ နောက်ကစီးပေါ့။

အခုက ဆိုင်ကယ်တစ်စီး သုံးယောက်မစီးရလို့ စည်းကမ်းချက်တွေ သတ်မှတ်ထားသည်ကိုး။

"ချောစုတို့မှာ ဆိုင်ကယ်မရှိဘူးလား"

ချစ်ဦးက မေးလိုက်တော့ . . .

"ရှိတော့ ရှိပါတယ်"

"ဒါဆို ဘာလိုလို့လဲ"

"မလိုပါဘူး"

ချောစုအသံက တိုးညက်ညက်။ မြမိုးနွယ်နဲ့ ယှဉ်၍ ပန်းအိမ်က ဆိုင်ကယ်မစီးတတ်ဘူးဆိုတော့ ကိုယ်ကပဲ



www.burmeseclassic.com

www.burmeseclassic.com



အလျှော့ပေးရတော့မည်။

"ကျွန်မ ကိုယ့်ဆိုင်ကယ်နဲ့ ကိုယ်လိုက်ပါ့မယ်"

အဝေမသင့်တဲ့အထဲမှာ မြမိုးနွယ်က ခွန်မိုဆိုင်ကယ်နောက်သို့ ပြေးကပ်ခဲ့လေသည်။ ခွန်မို နည်းနည်း စိတ်အနောင့်အယှက် ဖြစ်သွားပေမယ့် ဟိုရောက်ရင်တော့ အတူတူပဲသွားကြလာကြ ချာတိတ်မျက်နှာလေးကို ငေးမောခွင့်ရမှာပါဟု စိတ်ကို ဖြေသိမ့်လိုက်၏။

ခွန်မို ဆိုင်ကယ်နှင့် ချောစုဆိုင်ကယ် ရှေ့မှ ထွက်သွားလေတော့ ချစ်ဦးမှာ ဆိုင်ကယ်ဦးထုပ်ကို မေးသိုင်းကြိုးတောင် မတပ်တတ်ရှာသော ချာတိတ်ကို ကိုယ်တိုင်ဆိုင်ကယ်ဦးထုပ်မေးသိုင်းကြိုး တပ်ပေးရ၏။

ခွန်မို ဒုက္ခတွေကြားမှ သူက သပ်တစ်ချောင်းသုခတွေကိုသာ မျှဝေပေးမည်ဆိုလျှင် . . .

"ဦးချစ်ဦးကို အားနာလိုက်တာ"

"ညည်းက ဘာကိုအားနာတာလဲ"

"ပန်းအိမ်က တုံးတော့ ဦးထုပ်ကအစ ဆောင်းပေးနေရလို့လေ"

"ခေါ်ပုံကလည်း ငါက အဘိုးကြီးကျလို့"

ချစ်ဦး သူ့ကို ဦးတပ်ခေါ်တာကို ခုမှ သတိထားမိဟန်။ ပန်းအိမ်က ရယ်လျက် ဆိုင်ကယ်ပေါ်တက်ရင်း . . .

"အဲဒီလို ခေါ်တာကို ဦးချစ်ဦးက မကြိုက်ဘူးလား"

•———ဣ၀ဣ———•



"မကြိုက်ဘူးရယ်လို့တော့ မဟုတ်ဘူးပေါ့။ ဒါပေမဲ့ ညည်း အဲဒီလိုခေါ်တော့ သချိုင်းက သေမင်း ငါ့ကို မျက်စပစ်နေရှာမယ်။ မင်းနဲ့ငါ အလွန်ဆုံးကွာမှာ လေးငါးနှစ်ပေါ့"

"ပန်းအိမ်အသက်က ဆယ့်ကိုး"

"ဒါဆို လေးနှစ်ကွာတယ်"

ချာတိတ် အသက်က ဆယ့်ကိုးတဲ့။ နေတော့ အသက်လေးဆယ်ကျော် အဘွားအိုပေါက်စလေး စတိုင်။ အင်း . . . ဒီလိုမနေလို့လည်း ရမှ မရတာ။ မြမိုးနွယ်က နှိမ်ထားတာ သူ့ခမျာ လူညွန့်မကျိုးရုံတာမယ်ပဲ။

ပါးစပ်ကပြောတော့ ညီမဝမ်းကွဲ။ ထားတော့ ကျွန်လို့ အစေခံလို့။ ဒီကြားထဲ ခေါင်းခေါက်ခံရ၊ ဗိုက်ကြောကို အလိမ်ခံရ။ ဒီဝဋ်က ကျွတ်အောင် ခွန်မိုကိုပဲ မြှောက်ပေးမှမြန်မြန်ကြီးစား မြန်မြန်ယူလို့။

"ချာတိတ်"

"ရှင်"

"ကိုယ့်ကို ခင်လား"

မေးပြန်ပြီ တစ်ယောက်။

"ဟုတ် . . . ခင်ပါတယ်"

"ခင်ရင် . . . ကိုယ့်ကို မင်းရဲ့ အစ်ကိုတစ်ယောက်လို သဘောထားလေ။ ကိုယ်က တစ်ကောင်ကြွက်ဆိုတော့ မင်းကို တို့ညီမလေးလို သဘောထားမိတယ်"

•———ဣ၀ဣ———•

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့။ ပန်းအိမ်အလည်း အတူတူပါပဲ"

"ဘာတူတာလဲကွ"

"တစ်ကောင်ကြွက်ဆိုတာရော ခင်တာရော"

"အင်း . . . ဒါဆို အဆင်ပြေမယ့် နာမ်စား တစ်ခုခု ပြောင်းခေါ်ကြည့်"

ပန်းအိမ် ငြိမ်သက်သွားလေသည်။ စဉ်းစားကြည့်လျှင် ဦးချစ်ဦးနှင့် ဦးခွန်မိုတို့ ပန်းအိမ်အပေါ်မှာ ဂရုစိုက်ကြသလိုရှိကြတာချင်း တူပေမယ့် ပုံစံက တစ်ယောက် တစ်မျိုးစီပါ။ ဦးခွန်မိုက ပန်းအိမ်ကို ရည်းစားစကားမကျ ဘာမကျနှင့် သောင်မတင် ကမ်းမကျ စကားပြောတာ မနေ့က မှောင်စမှုလေ။ ပူပူလောလောကြီးပဲရှိသေးတာမို့ ထိုစကားတွေကို ကြားယောင်နေဆဲ။

ဦးချစ်ဦးကတော့ အဲဒီလို မဟုတ်ဘဲ တကယ့်ညီမလေးလို ပန်းအိမ်ကို ဆက်ဆံတာ။ ဒါကြောင့် ပန်းအိမ်

"ကိုကြီးလို့ ခေါ်မယ်လေ။ ဘယ်နှယ့်လဲ"

"ကောင်းတယ်"

ချစ်ဦးရှေ့မှ လူတွေကို မီအောင် ဆိုင်ကယ်ကို အရှိန်မြှင့်လိုက်သည်။ မီမှ အရှိန်ပြန်လျှော့ချလိုက်၏။ အရှိန်မြှင့်နေတုန်းအချိန်မှာ စကားပြောလို့ အဆင်မပြေပေမယ့် အရှိန်လျှော့လိုက်ချိန်မှာတော့ စကားပြောလို့ အဆင်ပြေပါသည်။





"ချာတိတ်"

"ရှင်"

"မင်းမှာရော မိဘတွေ မရှိတော့ဘူးလား"

"ဟင့်အင်း . . . မရှိတော့ဘူး။ ဒါကြောင့် မမတို့ကို အားကိုးပြီးနေရတာပေါ့"

"မြမိုးနွယ်က မင်းကို နိုင်တယ်နော်"

"နိုင်တယ်လို့တော့ မဟုတ်ပါဘူး။ သူက အကြီးဆိုတော့ ပန်းအိမ်ကို ဆုံးမတဲ့သဘောပါ"

"ဪ"

ချစ်ဦး ထွေသလိုပဲ ဪပစ်လိုက်သည်။ မြင်နေကြားနေရတာတောင် သည်းခံဖုံးကွယ်နိုင်သတဲ့လား ချာတိတ်ရယ်။ ဝိသာခါ လက်သစ်မလေး။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၁ )

"ဟယ် . . . လိမ္မော်သီးတွေ သီးနေပုံက လှပလှ သေးတော့တယ်နော်"

မြမိုးနွယ်က လိမ္မော်သီးတွေကိုကြည့်ပြီး သဘော အကျကြီး ကျနေ၏။ ချောစုကတော့ တောင်ပေါ်သူမို့ ဒါလောက်တော့ မဆန်းပေ။

"ဟိုဘက်မှာ ပျစ်သီးပင်တွေရှိတယ်"

"ဟုတ်လား . . . သွားရအောင်"

"လာ . . . ကျွန်တော် လိုက်ပြမယ်"

မြမိုးနွယ်က မမြင်ဘူးတာတွေ မြင်ရလို့ ပျော်ရွှင် နေတာ။ ချောစုက ချစ်ဦးနှင့်အတူ ကပ်လိုက်ခွင့်ရလို့ မတူ



ညီကြသော ပျော်ရွှင်မှုများနှင့် ရင်ခုန်ပေါက်၍ ရေမှ ထွက်သွားကြစဉ် . . .

"ပန်းအိမ်"

"ရှင်"

ခွန်မို ပန်းအိမ် လက်ဖျားလေးကို လှမ်းဆွဲလိုက် တော့ ကြောက်လန့်လန့်လေးနှင့် သူ့ကိုမော့ကြည့်ရှာသည်။

"ဒီခြံရဲ့ နောက်ဘက်မှာ စမ်းချောင်းလေးရှိတယ်။ အဲဒီကို သွားရအောင်။ မင်းနဲ့ကိုယ် အေးအေးဆေးဆေး စကားပြောရအောင်လေ"

"ဟို . . . မမ သိရင်"

"ထားလိုက်စမ်းပါ။ အဲဒီကိစ္စအတွက် ချစ်ဦးနဲ့ ကိုယ် တိုင်ပင်ထားပြီးသား။ သူလည်းလိမ့် ကိုယ်လည်း လိမ့်ကြဖို့"

"ရှင်"

"ဪ . . . မြမိုးနွယ်နဲ့ ချောစုကို မလိမ့်တပတ် လုပ်ဖို့ ပြောတာ"

ဘာမှ မသိနားမလည်တဲ့ ကလေးပေါက်စလို ပန်းအိမ်ပုံစံက ပါးစပ်ကလေး အဟောင်းသား၊ မျက်လုံး ကလေး အဝိုင်းသားနှင့်ရယ်။ သူမလေး ခေါင်းညိတ်ညိတ် ညိတ်ညိတ် ကိုယ့်သဘောနှင့်ကိုယ်ပဲ စိတ်နဲ့ညိတ်ပြီး ခွန်မို ဆွဲခေါ်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



စမ်းချောင်းလေးဆီသို့ ရောက်တော့ တသွင်သွင် စီးဆင်းနေသော ရေကြည်လေးများကို ငုံ့ကြည့်ပြီး ပန်းအိမ် မျက်နှာလေး ပြုံးလာသည်။ စမ်းချောင်းကလေး ကျဉ်းလှတယ်။ မြစ်လောက်သူမကျယ်ပေမယ့် လူတစ်ယောက်၏ စိတ်ကို ချမ်းမြေ့ပျော်ရွှင်စေနိုင်အောင် ညို့ယူဖမ်းစားနိုင်မှု စွမ်းပကားကတော့ မြပဲထက်ကျယ်ပြောလိမ့်မည်။

စမ်းရေက ကြည်လင်လွန်းပြီး ရေကနည်းတော့ အောက်ခြေမြေပြင်မှ ကျောက်ခဲလေးများကိုပင် မြင်နေရသည်။

"ဒီနေရာလေးက အေးချမ်းလိုက်တာနော်။ ရင်ထဲမှာ ပူပန်သောကတွေ ရှိနေရင်တောင် ဒီနေရာလေးက ဖယ်ရှားပေးနိုင်လိမ့်မယ် ထင်တယ်။ ပန်းရနံ့လေးတွေကလည်း မွှေးနေတာပဲ စမ်းရေကလည်းအေး၊ ပန်းတွေကလည်း မွှေးဆိုတော့ ဒီနေရာမျိုးကို တင်စားထားကြတာပဲ ဖြစ်မယ်။ ဒီအနီးအနားမှာ ပန်းပင်တွေ ရှိတယ်ထင်တယ်"

"လေသင့်တော့ မွှေးတာပေါ့ ပန်းအိမ်ရဲ့၊ ပန်းပင်တွေက ဟိုဘက်မှာ"

"ဩော်"

ခွန်မို ရေကဲသို့ ဆင်းသွားပြီး ရေလယ်က ကျောက်တုံးလေးပေါ် ထိုင်လိုက်သည်။ ပန်းအိမ်က ရေစပ်မှာ ရပ်လျက် သဘာဝရှုခင်းတွေကို ငေးမောနေ၏။ ဒီ





အချိန်လေးမှာ မမဆူမှာ မာန်မှာတွေကို ပန်းအိမ် မေ့နေခဲ့ပါပြီ။

"အေးမြပြီး တသွင်သွင်စီးဆင်းနေတဲ့ စမ်းချောင်းလေးရယ်၊ စိမ်းလန်းစိုပြည်နေတဲ့ ရှုခင်းတွေရယ်၊ ပန်းရနံ့တွေကို အလိုက်တသိ သယ်ဆောင်လာပေးတဲ့ လေပြည်လေညင်းရယ် ပြီးတော့ . . ."

ခွန်မို စကားစကိုဖြတ်၍ ပန်းအိမ် မျက်နှာလေးကို ငေးကြည့်ကာ ပြုံးလိုက်ပြီး . . .

"ချစ်စရာကောင်းတဲ့ ချစ်သူလေးတစ်ယောက်ရယ် ရှိနေတာ အရှင်လတ်လတ် နတ်ပြည်ကို ရောက်နေသလိုပဲ"

"ဟင်"

ပန်းအိမ် ခွန်မို မျက်မှောင်ကလေး ကုတ်ကြည့်လျက် . . .

"ကျန်တာတွေကတော့ ဟုတ်ပါပြီ ဦးခွန်မိုရဲ့၊ ချစ်သူက အနားမှာ ဘယ်မှာရှိလို့လဲ"

ခွန်မိုက ရယ်လိုက်ကာ . . .

"ပန်းအိမ်-ဒီကိုဆင်းလာခဲ့လေ"

"ဟင့်အင်း . . . ရေစိုကုန်မှာပေါ့"

"ရေစိုတာ ဘာဖြစ်လဲ။ ရေထိရင် သေတာမှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"မသေပေမယ့် စိုကုန်ရင် အနေခက်တာပေါ့"

"ဒီလောက်တောင် ရေကြောက်တဲ့ ကောင်မလေး ကဲကွာ . . . ကဲ"

ခွန်မို ပန်းအိမ်ကို ရေနှင့် လှမ်းပတ်လေတော့ ပန်းအိမ်မှာ လက်ကလေးတကာကာနှင့်ကာနေတဲ့ လက်ဝါးလေးက သူတစ်ကိုယ်လုံးကို ကာကွယ်နိုင်တဲ့ စွမ်းအား ရှိမတဲ့လား။ တစ်ကိုယ်လုံး ရေတွေ စိုကုန်တော့မှ ရေထဲသို့ ဆင်းပြေးလာပြီး ပန်းအိမ်က ခွန်မိုကို ရေနှင့် ပြန်ပက်၏။

"ဟာ . . . ချာတိတ် . . . တော်တော့လေကွာ ကိုယ် မင်းကို ပက်တာ အဲဒီလောက်မရှဲဘူး။ ဒီမှာ အကြာ ကြီးနေဦးမှာနော်"

"မသိဘူး။ သူများ တစ်ကိုယ်လုံး ရွဲကုန်ပြီ။ ဦးခွန်မို မကောင်းဘူး"

ရေထဲမှ ခြေဆောင့်ပြီး နှုတ်ခမ်းဖလေးစူသွားတဲ့ ပန်းအိမ်ပုံစံလေးဟာ ပန်းချီရှုံးလောက်ပါပေရဲ့။ ရေစို ကိုယ်လုံးလေးက ခွန်မို ရင်ခုန်သံတွေကို မိုး၍ မြန်ဆန် ကျယ်လောင်စေပြီး လှုပ်ရှားနေတဲ့ စိတ်တို့ကို ခွန်မို သတိနှင့် ထိန်းချုပ်နေရ၏။

သူမလေးကို ငေးမောနေမိတဲ့ အချိန်မှာ အရာအားလုံးကို မေ့လျော့သွားပြီထင် မျက်ဝန်းနက်နက်ကလေးတွေက ရ ၃်လျား ာ့ညွှတ်နေတဲ့ မျက်တောင်လေးတွေ





ကြားမှာ ရွှန်းရွှန်းစိုစို၊ နှာတံလုံးစင်းစင်းလေးက ဖြောင့်စင်းသွယ်တန်းလျက်၊ နှုတ်ခမ်းလေးစေ့ထားပုံက ပန်းသီးလေး တစ်လုံးလို။ ထူသလိုရှိသော လခြမ်းပုံ မျက်ခုံးတန်းလေး နှစ်သွယ်နှင့် မေးစေ့လုံးလုံးလေးကို ပိုင်ဆိုင်ခွင့်ရထားသော ပန်းအိမ်ရဲ့ မျက်နှာကလေးမှာ ဖက်ခြံ၊ မှဲ့ခြောက် ဘာအစက် အပြောက်မှ မရှိ။ ပြည့်တင်းနေသော ခန္ဓာကိုယ်နှင့် သူမ အရပ်က လိုက်ဖက်စွာပဲ အမြင့်ကြီးလည်းမဟုတ်။ ပုတာ လည်းမဟုတ် ချစ်စရာကောင်းလိုက်တာ အချစ်ရယ်။

"ပန်းအိမ်"

ခွန်မို ကျောက်တုံးလေးပေါ်မှ ထရပ်ပြီး ပန်းအိမ် ဆီသို့ တိုးသွားကာ နီးနီးကပ်ကပ် မျက်နှာချင်းဆိုင်မှာ ရပ်၏။

"ပန်းအိမ်"

တိုးဖွဖွလေး ခေါ်ပြီး လက်ကလေးကို ဆွဲယူဆုပ် ကိုင်လိုက် . . .

"ခုနက ကိုယ်ပြောတဲ့ ကိုယ့်ရဲ့ ချစ်သူဆိုတာ ဘယ်သူလဲ ပန်းအိမ် သိလားဟင်"

"ဟင့်အင်း . . . မသိပါဘူး"

"ဘယ်သူရှိရဦးမှာလဲ ပန်းအိမ်ရယ် ကိုယ့်ရှေ့မှာ ရပ်နေတဲ့ ပန်းအိမ်လေးပေါ့"

"အို . . . မဟုတ်တာ"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ပန်းအိမ်က သူ့မ လက်ကလေးကို ရှန်းသည်။ လွှတ်ပေးလိုက်ဖို့ ဘယ်လိုဆန္ဒရှိမှာလဲ။

"ဘာလို့မဟုတ်ရမှာလဲ။ ကိုယ် ပန်းအိမ်နဲ့ မတွေ့ခင်ကတည်းက ပန်းအိမ်ကို အိပ်မက်မက်နေခဲ့တာ။ ပန်းအိမ်နဲ့ စပြီး ဝင်တိုက်ခဲ့တုန်းက မျက်နှာလေးကို မြင်လိုက်ပြီး ငါ့အိပ်မက်ထဲက မင်းသမီးလေးပါလားဆိုပြီး ပန်းအိမ်နောက်ကို နောက်ယောင်ခံပြီး လိုက်ခဲ့တာ။ တောင်ပေါ်သားကားဂိတ်နားရောက်တော့ မင်း ထိုင်ငိုနေတာလေ"

"ဟင် . . . ပန်းအိမ်နဲ့ ဝင်တိုက်မိတာ ဦးခွန်မိုလား"

ခွန်မို ခေါင်းညိတ်ပြပြီး စကားဆက်သည်။

"ဟုတ်တယ်။ မင်းကို ကူညီချင်လို့ မေးတော့ ဘုတောလွှတ်တာ ခံရတယ်လေ။ နောက်တော့ ချောစုနဲ့ ကိုယ် သိပ်မရင်းနှီးဘဲ ရင်းနှီးအောင် ဝင်ရောပစ်လိုက်တာ မင်းကြောင့်။ အလုပ်တွေ မအားတဲ့ကြားက ချစ်ဦးနဲ့ တိုင်ပင်ပြီး အင်းလေးကို ပို့ခဲ့တာလည်း မင်းရဲ့ မျက်နှာလေးကြောင့်ပါ ပန်းအိမ်ရယ်။ တကယ်ပါ။ ကိုယ်ပြောတာ အမှန်ချည်းပဲ၊ အပိုတစ်ခုမှ မပါဘူးဆိုတာ ယုံပါနော်"

လက်ကို ရှန်းမရတဲ့အဆုံး ပန်းအိမ် မျက်နှာလေး ပန်းရောင်ပြေးလျက် မျက်လွှာလေးချသွားသည်။ အချစ်ဆိုတဲ့အရာကို စိတ်ကူးထဲမှာတောင် တွေးမကြည့်ဘူးတဲ့ ပန်း





အိမ်ရဲ့ နှလုံးသားလေး ယခုပင် တဆစ်ဆစ်ခုန်လို့ လာချေပြီ။ အချစ်ဆိုတာ ဘယ်လိုနတ်ဆိုးရဲ့ ဝင်ရောက်ပူးကပ်ခြင်းကို ခံရတာပါသလဲ။ အရင်က မမျှော်လင့်ရဲလို့ တွေးမကြည့်ဘူးတာပဲ ဖြစ်လိမ့်မည်။

"ပန်းအိမ်"

". . ."

"မင်းကို ကိုယ်အရမ်းချစ်တယ်"

ပန်းအိမ် သူ့ကို ငေးကြောင်ကြောင်လေး မော့ကြည့်နေဆဲ . . .

"ပန်းအိမ်ရော ကိုယ့်ကို ချစ်တယ် မဟုတ်လားဟင်"

"ဟင့်အင်း"

ပန်းအိမ် ခေါင်းခါလေလျှင် ခွန်မို ရင်ထဲမှာ မချင့်မရဲဖြစ်သွားရ၏။

ဘာလို့ ခေါင်းခါရတာလဲ ကလေးရယ်။ ခေါင်းညိတ်လိုက်စမ်းပါ။ ကိုယ် ဘယ်မိန်းကလေးကိုမှ မချစ်ခဲ့ဖူးဘူး။ ပန်းအိမ်ကိုတွေ့မှ မြတ်မြတ်နိုးနိုးနဲ့ ချစ်တတ်ခဲ့တာပါ။ ကိုယ်ပန်းအိမ်ကို မရလို့ မဖြစ်ဘူး။ ကိုယ်အချစ်ကို လက်ခံပေးပါနော်။

"ပန်းအိမ် . . . ပန်းအိမ် ကြောက်တယ်"

"ပန်းအိမ်က ဘာကို ကြောက်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မမသိရင် ပန်းအိမ်ကို သတ်မှာ"

"ပန်းအိမ်ရယ်"

ခွန်မို ချစ်သူလေးကို ကရုဏာသက်စွာ ထွေးပွေ့ပစ်လိုက်သည်။ သူမလေးရဲ့ နှုတ်ဖျားကသာ ချစ်တယ်လို့ပြောရင် ခွန်မို အားလုံးကို ရင်ဆိုင်ဖို့ အဆင်သင့် သူ့ဘက်ပဲဖြစ်ဖြစ် ကိုယ့်ဘက်ပဲ ဖြစ်ဖြစ်ပေါ့။

"ကိုယ် ပန်းအိမ်ကို အရမ်းချစ်တယ်။ လက်ထပ်ချင်တယ်။ ပန်းအိမ်သာ ကိုယ့်ကို ချစ်တယ်လို့ပြော၊ ခွား တောင်ပဲဖြစ်ဖြစ်၊ မီးပင်လယ်ပဲဖြစ်ဖြစ် ကိုယ် ဖြတ်ကျော်ရဲတယ်။ အရာရာကို ရင်ဆိုင်ဖြေရှင်းနိုင်တယ်။ အဲဒါကို ပန်းအိမ် အကြွင်းမဲ့ ယုံပေးပါကွာ"

"ပန်းအိမ်ကို လွှတ်ပါနော်"

"ဟင့်အင်း . . . ချစ်တယ်လို့ပြော၊ မပြောရင် တစ်သက်လုံး ဖက်ထားမှာ"

"အို"

ပန်းအိမ် ရှက်တာတွေရော၊ ကြောက်တာတွေရော နှစ်ဖြာပေါင်းဖက် အကြောင်းဆက်နေသည့်ကြားမှာ ကြောက်ဒူးတွေ တုန်နေလျက် နှလုံးသား၏ အလိုဆန္ဒအရ သူ့မျက်နှာကို မော့ကြည့်နေမိတာ ဘာကြောင့်ပါလဲ။

မျက်ခုံးထူထူ နှာတံပေါ်ပြီး ရီဝေဝေဆန်နေသည့် သူ့မျက်လုံးတွေဟာ ပန်းအိမ်ကို မရှုန်းနိုင် ချုပ်နှောင်ထား





သည့် ကြိုးတွေလို။ ထူပြည့်ပြည့် နှုတ်ခမ်းအစုံက စိုရဲနေလျက် မေးရိုးကားမြီး ယောကျ်ားပီသစွာ ချောမောနေသည်။ ဖြူဝင်းနေတဲ့အသားအရေပိုင်ရှင်နဲ့ အစက်အပြောက်တင်းမဲ့သော သူ့မျက်နှာပေါ်မှာ ပါးမွှေးလေးတွေက ပန်းရောင်ပြေးနေသလို။

ပါးမြို့င်းရာ၊ နှုတ်ခမ်းမွှေးရာ စိမ်းစိမ်းလေးတွေကလည်း လက်နှင့်တို့ထိပြီး ရင်ခုန်နေချင်စရာအတိနှဖ့်။ ဒီလို ချောမောပြီး ရိုးသားဖြူစင်တဲ့ လူတစ်ယောက်ရဲ့ အချစ်ကိုမှ လက်မခံရင် ဘယ်လိုလူမျိုးကို လက်ခံရမလဲ။

ဒါပေမဲ့ ပန်းအိမ် လက်ခံရဲတဲ့ သတ္တိလည်းမရှိ။ မတူညီကြတဲ့ ဘဝတွေဆိုတာထက် ပတ္တမြားမှသာ ရွှေနားကွပ်လို့လှမည်။ ခရုခွံကို ရွှေနားကွပ်ချင်လို့ ဘယ်တင့်တယ်ပါ့မလဲနော်။

"ဖြေပါဦး . . . ပန်းအိမ်ရယ်။ မင်းရဲ့ နှုတ်ဖျားက ချစ်တယ်ဆိုတဲ့ စကားသံလေးကို ကိုယ် ကြားချင်လှပါပြီ"

"လွှတ်ပါ . . . ဦးခွန်မို။ ပန်းအိမ် ဦးခွန်မိုကို မချစ်ရဲပါဘူး"

အသံလေး နွမ်းနွမ်းလျလျ။

"ဟာ . . . ဘာဖြစ်လို့လဲ ကလေးရယ်"

"ပန်းအိမ်နဲ့ ဦးခွန်မိုက အဆင့်အတန်းချင်းမှ မတူတာ။ ကိုယ်နဲ့တန်ရာ တန်ရာကိုပဲ မှန်းပါ ဦးခွန်မို"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်လိုပြောလိုက်တာလဲ ပန်းအိမ်။ အချစ်ဆိုတာ ဈေးထဲမှာ သစ်သီးဝယ်သလို ဒီအလုံးကြိုက်လို့ နောက်တစ်လုံးကိုင်ကြည့်ပြီး ရွေးဘာမျိုး ရွေးချယ်နေလို့ မရဘူးကွ။ နှလုံးသားက လက်ခံမှ ချစ်လို့ရတာ၊ အဝတ်တစ်ထည်ကို ချုပ်တဲ့ အပ်ပေါက်ရာလို အချစ်ဆိုတာလည်း နှလုံးသားကို ဖောက်ထွင်းပြီးမှ ပြန်နုတ်ရဖို့ ခက်တယ်။ ပန်းအိမ် အဆင့်အတန်းဆိုတာ စိန်တွေ၊ ရွှေတွေ၊ ငွေတွေက ခွဲခြားနေတာ မဟုတ်ဘူး။ အဲဒီအရာတွေကို ပိုင်ဆိုင်ထားတဲ့ လူတွေက ခွဲခြားနေကြတာပါကွာ။ ဘာမှ မတူတာတွေ မတန်တာတွေ မရှိဘူး။ ကိုယ် ပန်းအိမ်ကို ချစ်မိပြီဆိုကတည်းက နောက်ဆုတ်ဖို့ စိတ်ကူးမရှိဘူး"

"ဦးခွန်မိုရယ်"

ဆုံစည်းမိကြတဲ့ မျက်ဝန်းနှစ်စုံမှာ အချစ်နတ်ဘုရားလေးက ဘာတွေကို သယ်ဆောင်လာပေးလို့လဲ။ နှလုံးခုန်သံတွေက တထိတ်ထိတ် ခုန်နေကြသည်။ အချစ်ဆိုတာ စီးဆင်းနေတဲ့ ရေအလျင်ကို တားဆီးမရသလို၊ ရောင်ခြည်ဖြာလာတဲ့ နေမင်းရဲ့ စွမ်းအားကို လက်ဝါးနဲ့ ဖြန့်ထားသလိုလည်း တားဆီးမရလေတော့ . . .

"ကိုယ့်ကို မငြင်းပါနဲ့ ကလေးရယ်။ မင်းရဲ့မျက်လုံးလေးတွေထဲမှာ အချစ်ကြိုးမျှင်လေးတွေ တန်းနေတာ ကိုယ်မြင်ရတယ်။ အချစ်ကို ထိန်းချုပ်ထားရင် ပေါက်ကွဲလာတဲ့





အခါ ခံစားလိုက်ရရင် မချိမဆံ့ပဲကွ။ ဟန်မဆောင်ပါနဲ့ကွာ။ ကိုယ့်ကို ချစ်တယ်မဟုတ်လား"

"ပန်းအိမ်"

"ချစ်တယ်လို့ပဲ သတ်မှတ်တယ်ကွာ။ ကျေနပ်လား"

ပန်းအိမ် နှလုံးသားကို ထိန်းချုပ်နိုင်စွမ်း မရှိတော့ပြီမို့ လွှတ်ပေးလိုက်သလို ရှိသည့်အချိန်မှာ ခေါင်းတစ်ချက်အညိတ် . . .

"ဟား . . . ဝမ်းသာလိုက်တာ အချစ်ရယ်"

အဖြေမခိုင်သော အသည်းနှလုံးပိုင်ရှင် မြန်မာမလေးသည် တောင်ဝေါ်သားလေးရဲ့ ရင်ခွင်ထဲမှာ မီးကိုရေနဲ့ ငြှိမ်းလိုက်သလိုပါပဲ။

"ကိုကို . . . ပန်းအိမ်ကို သိပ်ချစ်တယ်"

ပါးစပ်က ချစ်တယ်ဆိုတဲ့ စကားကို တဖွဖွရွတ်ရင်း သူ့နှာခေါင်း ချွန်ချွန်က အချစ်ဘယ်အရပ်မှာ အဖြေချသလဲဆိုတာ ပန်းအိမ်ရဲ့ မျက်နှာလေးအနှံ့ ခြေဆန့်၍ ရှာဖွေနေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၂ )

ပြန်ခါနီး ပန်းအိမ်နှင့် ခွန်မို ပျောက်နေသဖြင့် မြမိုးနွယ် ဘဝင်မကျ။ ဘယ်ကနေ ဘယ်လို ပျောက်သွားတယ်မသိဘူး။ လာပလေ့စေဦး။ အိမ်ရောက်မှ ဗိုက်ကြော ပြတ်အောင် လိမ်ဆွဲပစ်မယ်။

"ချာတိတ်က အူတူတူ အတာတန်နဲ့မို့ ခွန်မို လိုက်ပြတာ ဖြစ်လိမ့်မယ်။ ဒီဘက်မှာက ချယ်ရီပင်တွေ ရှိတယ်လေ"

"ဟုတ်လား။ ကိုချစ်ဦးလည်း ကျွန်မတို့ကို လိုက်ပြဦးလေ"

"ပြရမှာပေါ့ဗျာ . . . လာ"





ချစ်ဦးမှာတော့ ဘယ်တစ်ယောက်၊ ညာတစ်ယောက်နှင့် အချစ်နှစ်ခုကြားက ကိုယ်လား။ လက်ခုပ် နှစ်ဖက်ညှပ်အရိုက်ခံရတဲ့ ခြင်ဖိုကြီးလားတော့ မသိပေ။ ခွန်မို အခြေအနေကတော့ ဘယ်လိုမသိ ကိုယ့်မှာတော့ သေချင်စော်နံနေပြီ။

ကိုယ်က မြတ်နိုးလို့ အလှကြည့်ထားတဲ့ ပန်းကလေးတွေ မရွှေ့ချာနစ်ယောက်က ခူးလိုက်တာမှ ဗိုးခနဲဖတ်ခနဲ။ တားရင်လည်း ကြီးကျယ်တယ် ဖြစ်ဦးမယ်။ မတားပြန်တော့ ခူးလိုက်တဲ့ပန်းတွေ မနည်းမနော။ ပန်းတာလည်း မဟုတ်။ ဘုရားလည်းမတင်။ ပွင့်ဖတ်ကလေးတွေ ခြွေပြီး တစ်ယောက်နှင့်တစ်ယောက် ပန်းနဲ့ပေါက်တမ်း ကစားနေကြတာ။

ချစ်ဦး ကြည့်ရင်းက ဒေါသတွေ တလိပ်လိပ်တက်ရသေးတော့။ နွေးကောင်း ခွန်မို သူကြီးဘုရား ရှာသားကောင်းစားရေးအတွက် ဆုံးရှုံးလိုက်သမျှ ကိုယ့်ပစ္စည်းတွေချည်းပဲ။

"လှလိုက်တာ"

"ဒီဘက်က အပင်က အုပ်အုပ်ဝဲဝဲလေး ပိုလှတာ ဒီဘက်ကို သွားမယ် ကိုချစ်ဦး"

"ဟာ . . . ဟိုဘက်က အပင်က လှတာကို အကိုင်းလေးတွေ ဟိုချွန်ထွက်၊ ဒီချွန်ထွက်နဲ့ သဘာဝဲ



www.burmeseclassic.com

www.burmeseclassic.com



တာကို ဟိုဘက်ပဲ သွားမယ် ကိုချစ်ဦး"

"ဒီဘက်သွားမယ်"

"ဟိုဘက်သွားပါမယ်ဆို"

"မရဘူး . . . ဒီဘက်"

"ဟော့အေး . . . ဟိုဘက်ပဲ"

"ဟာ . . . ဗျာ"

တစ်ယောက်က ဒီဘက်ဆွဲ၊ တစ်ယောက်က ဟိုဘက်ဆွဲနှင့် ကြားထဲမှာ ချစ်ဦး ဖဆပလ ဖြစ်တော့မလို့။ ကျော်မကြောင်း ကြားမကောင်းတွေတော့ ဖြစ်ဘော့မှာပဲ။

"ခင်ဗျားတို့လုပ်ပုံနဲ့ ကျွန်တော် လက်မောင်းနှစ်ဖက် ပြုတ်ထွက်လို့ ဆေးရုံတက်ရရင် ကျော်မကောင်း ကြားမကောင်းတွေတော့ ဖြစ်တော့မှာပဲ"

ချစ်ဦး ညည်းညည်းညူညူ ဆိုမှပဲ လက်မောင်းနှစ်ဖက်မှာ လွတ်ငြိမ်းချမ်းသာခွင့် ရတော့၏။

"သူက ဒီ သူက ဟိုနဲ့ ကျွန်တော် ဘယ်ကို လိုက်ရမလဲ"

"အိမ်ကိုသာလိုက်ခဲ့တော့"

"ဗျာ"

"ဟုတ်တယ်။ လိုက်သွားလိုက် ကိုချစ်ဦး။ အဲဒါမှ ရှင် ထမင်းစရိတ်သက်သာမှာ"

"ဗျာ"





တဗျာဗျာဖြစ်နေတဲ့ ချစ်ဦးပုံက မအူမလည် ရှောစုနှင့် နွယ်မှာ တခွီးခွီးရယ်လေသည်။ ချစ်ဦးက လူနံ့ လူအမဟုတ်ပေမယ့် ဒီနေရာမှာတော့ ပုဆိုးခြုံပြီး လင်းတမှိုင် မှိုင်ချင်လှပြီ။

"ကိုချစ်ဦး"

"ဗျာ"

"သီချင်းဆိုတတ်လား"

"မတောက်တစ်ခေါက်လောက်ပဲ"

"ဆိုပြပါလား"

"မလုပ်ပါနဲ့ဗျာ။ ကျွန်တော် ငှက်ကလေးတွေကို သနားလို့ပါ"

"ရှင် . . . ဘာပြောတာလဲ"

"သြော် . . . ကျွန်တော် အသံကြားပြီး အနားယူနေကြတဲ့ ငှက်ကလေးတွေ လန့်ပေးကုန်မှာစိုးလို့ပါ"

ချစ်ဦး ခေါင်းရှောင်ပစ်လိုက်၏။ တကယ်ဆိုရင် မဆိုတတ်ဘဲနေမလား။ အိမ်မှာဆို တစ်ယာက်တည်း ပျှင်းပျင်းရှိတိုင် ဂစ်တာတီးပြီး သီချင်းပဲ ဆိုနေတာ။ ဒီနေရာမှာတော့ ခွန်မိုက သူ့လောက် အဖြစ်မရှိပေ။ ဒီကောင်က တီးချင်ရာတီး အော်ချင်ရာရာ စွပ်အော်ဖို့လောက်ပဲ တတ်တာ။

"ချစ်ဦးရေ . . . တို့ ဒီမှာဟေ့"

ခွန်မို အသံကြားလို့ရှာကြည့်တော့ တွေ့ပါပြီ၊ ခွန်မို



www.burmeseclassic.com

www.burmeseclassic.com



က ချယ်ရီပင်ပေါ်မှာ။ ချာတိတ်က အပင်အောက်မှာ ချယ်ရီပန်းတွေကို ပွေ့ပိုက်လို့ ချယ်ရီမင်းသမီးလေး လုပ်နေသည်။

"ခွန်မို ပြန်ကြမယ် . . . ဆင်းတော့"

ချစ်ဦး လှမ်းအော်လိုက်ချိန်မှာ . . .

"ပန်းတွေအများကြီးပဲ လှလိုက်တာ ကျွန်မတို့ကိုလည်း ပေးဦး"

"ဟာ"

ပန်းအိမ်လက်ထဲက ချယ်ရီပန်းတွေကို ရှောစုနှင့်နွယ် ယူလိုက်ကြတော့ ခွန်မို ဟာခနဲ ဖြစ်သွားသည်။ ကိုယ်ခူးလိုက်တာက ချစ်သူလေးအတွက် . . .





## အခန်း ( ၁၃ )

"သား"

"ဗျာ"

အင်္ကျီလက်ကို ခေါက်တင်ရင်း တစ်လှမ်းချင်း လျှောက်လာတဲ့ ခွန်မို မေမေ့ခေါ်သံကြောင့်တုံ့ခနဲအရပ်...

"ဒီကို . . . ခဏလာဦး"

"ဟုတ်ကဲ့"

ခွန်မို မေမေနှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်သည်။ ဖေဖေကတော့ ကော်ဖီကိုသာ အေးအေးဆေးဆေးငုံသောက်နေတာ သူ့ကို တစ်ချက်ကလေးမှ မကြည့်။

"သားကို မေမေ ပြောစရာရှိလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့။ ပြောပါ မေမေ"

"သားအသက် အခု ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ့်သုံးပါ"

"အင်း . . . ဘွဲ့လည်းရပြီးပြီ။ လုပ်ငန်းသဘောတွေကိုလည်း နားလည်ပြီဆိုတော့ စိတ်ချရပြီ"

"ဘာကိုလ မေမေ"

"သားကို အိမ်ထောင်ချပေးမလို့"

"ဗျာ"

ခွန်မို အလန့်တကြားနှင့် ဖေဖေကို လှမ်းကြည့်တော့ ငါလည်း ဘာမှမသိဘူးဆိုတဲ့ အဖြေလွှာမျက်ဝန်းနှင့် မေမေ့စကားက သူ့နားထဲမှာ မိုးကြိုးသွား။

"မေမေတို့ လူကြီးင်း ပြောဆိုထားကြတာကြာပြီ"

"ဟာ . . . မေမေရယ်"

"သားကို မေမေ ယုံလို့ ကြိုမပြောဘဲ ထားတာ။ အခု အချိန်တန်ပြီလေ"

"ဘယ်သူနဲ့လဲ ခင်ခင်"

ဦးစိုင်းကျော်က ဖြတ်ပေး၏။

"မန္တလေးက ခင်ခင့်မိတ်ဆွေ ညိုညိုမာရဲ့ သမီးလေးနဲ့လေ။ ဟိုကလည်း တစ်ဦးတည်းသော သမီး၊ ဥပဒေနဲ့ ဘွဲ့ရထားတာ မိဘတွေက ပိုးထည်ကိတ်တွေ ဖွင့်ထား





တာလေ။ သားနဲ့ဆိုရင် နေနဲ့လ ရွှေနဲ့မြပဲ"

အဲဒါက မေမေ့စကား ခွန်မို ရင်ထဲမှာတော့ ပန်းအိမ်သည်သာလျှင် သူ့ဘဝထဲမှာ အထွန်းလင်းဆုံး ကြယ်တစ်ပွင့်။

"သား အိမ်ထောင်မပြုချင်သေးဘူး မေမေ"

"သားရယ် အိမ်ထောင်ပြုတာ ဒီအရွယ်မှာ မပြုလို့ ဘယ်အရွယ်မှာပြုမှာလဲ။ မေမေက သင့်တော်မယ်ထင်လို့ စီစဉ်တာကို သားက လိမ္မာလေးပဲဟာ မေမေ့စကားကို နားထောင်မယ်ဆိုတာ သိပြီးသား"

"သားကို အချိန်တော့နည်းနည်းပေးပါ မေမေ"

"စဉ်းစားနေလို့ရော ဘာထူးမှာလဲ သားရဲ့။ သားမှာ ငြင်းခွင့်မရှိဘူး"

"ဗျာ"

"ကြိုပြီးပြောထားတာ မေမေ စကားလွန်ပြီးနေပြီ။ မျက်နှာတော့ အပျက်မခံနိုင်ဘူးနော်။ သားမှာ မရှုပ် မရှင်းတွေရှိရင် စောစောစီးစီး ကြိုရှင်းထား"

မေမေ့စကားက ချုပ်ပြီး တုတ်ပြီးပါလား။ ခွန်မို အကြံအိုက်စွာ ဖေဖေ့ကို အကူအညီလှမ်းပြီး မျက်လုံးနှင့် တောင်းကြည့်တော့ . . .

"အလောသုံးဆယ်ကြီးတော့ မစီစဉ်ပါနဲ့လား ခင်ခင်။ ကလေးတွေကို ရင်းနှီးအောင်ပဲ အရင်ပေးတွေ့



www.burmeseclassic.com

www.burmeseclassic.com



ဦး။ ဘယ်သူပဲဖြစ်ဖြစ် ကိုယ်မမြင်ဘူးတဲ့လူကို ကိုယ့်အိမ်ထောင်ဖက်အဖြစ် ဘယ်လို လက်ခံမလဲ။ တော်ကြာမှ မဖြစ်သင့်တာတွေ ဖြစ်ကုန်ဦးမယ်။ စဉ်းစဉ်းစားစားလေး လုပ်ပါကွာ။ အိမ်ထောင်ရေးဆိုတာ မင်း ဟင်းတစ်အိုးချက်သလို ဆီဘယ်လောက်၊ ဆားဘယ်လောက်ထည့်ရင် အိုကေပြီလို့ မတွက်နဲ့"

"ရှင်ကလည်း ကပ်ကပ်သပ်သပ် ပြောတော့မယ်"

"စကားမရှိလို့ ယောက်မခါးထိုးရာနေတာ မဟုတ်ဘူးလေ။ ဖြစ်သင့်တာကို ပြောတာ။ သားကို မင်းတစ်ယောက်တည်း ပိုင်တာ မဟုတ်ဘူး"

"ဘာရှင့်"

ဒေါ်နန်းခင်ခင် မျက်မှောင်ကြုတ်သွားသည်။ ကိုကျော် ပြောချင်တာက သားကို နှစ်ဦးပိုင်မို့ သူမ တစ်ယောက်တည်း ဆုံးဖြတ်ပိုင်ခွင့် မရှိဘူးဆိုတဲ့ သဘောလား။ ဒီလို ပြောကြေးဆိုရင် သူမကမှ သားကို ကိုးလလွယ်ပြီး ဆယ်လမှာ မွေးထားရတဲ့ မိခင်။ အဝေမသင့်လို့ တစ်ခြမ်းခွဲကြမယ်ဆိုရင်တောင် အမေဘက် အခြမ်းက နည်းနည်းလေး အလေးသာနေမှ။

"ရှင် . . . ဘာပြောချင်တာလဲ ကိုကျော်"

"အရှင်းကြီးပါ။ ဒီကိစ္စကို မင်းတစ်ယောက်တည်း ထင်သလို မဆုံးဖြတ်စေချင်တာ"



"အို . . . ကျွန်မက သားကို မွေးထုတ်ထားရတဲ့ မိခင်ရှင့် ဘယ်မိခင်က သားကို ချောက်ထဲ တွန်းချမှာလဲ"

"အဲဒါ မှန်ပါတယ်။ မိဘဆိုတာ သားသမီးကို ခေါင်စီးပြီး မြင်းရဲ့တာပဲ ကြည့်ချင်တာပေါ့။ မြင်းချင်သလို ဖြစ်ဖို့က သုံးနာညီတြိဂံ ဖြစ်မှလေ။ ကာယကံရှင်က မြင့်တယ် ထင်ပြီး ခုန်ချ၊ ဆင်နဲ့ မြင်းကလည်း အရိုင်းအပျဖြစ်နေရင် ဆင်နင်းလို့ မြင်းကန်ခံရတဲ့ စကားပုံကို ပြောင်းသွားမှာ ထည့်စဉ်းစားဦး"

"ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ ခုန်မဆင်းနိုင်အောင် ကြိုးနဲ့တုတ်ထားမှာပဲ"

"တုတ်လေ . . . သခါရတရားဆိုတဲ့အထဲမှာ လူတောင်သေ သေးတာပဲ။ ကြိုးကရော မပြတ်ဘူးတဲ့လား"

"ကိုကျော်"

စူးစူးရဲရဲ အကြည့်ဒဏ်ကို မခံနိုင်သလို ဖေဖေက မျက်နှာလွှဲထား၏။ သဘောထားတွေ ကွဲလွဲကြပြီဆိုတာနှင့် ပဋိပက္ခက ရှိလာမှာပဲ။ သူ့ရင်ဘတ်ကို တစ်ခြမ်းခွဲပြီး ဆုံးဖြတ်ကြမည်ဆိုလျှင် နှလုံးသားပါသည့် ဘယ်ဘက်ခြမ်းကို ဖေဖေပိုင်စေပေါ့။ မချစ်မနှစ်သက်သူကို လက်ထပ်ဖို့ ခွန်မို ဘယ်လို အားမွေးရမလဲ။

"သားဘက်က လိုလိုချင်ချင်လက်ခံမှ မင်းစီစဉ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့အသံက မာဆတ်ဆတ်။

"သား"

"ဗျာ"

မေမေ့ အသံကလည်း မညင်သာ။

"မင်း . . . သဘောကို ပြောစမ်း"

"သား . . . အိမ်ထောင်မပြုချင်သေးဘူး"

ဆယ်ခါ အခါတစ်ရာမေးလည်း ဒီအဖြေပဲ ဖြေနေမှာ။ ခွန်မို ဆုံးဖြတ်ချက်က ကိုယ်ချစ်သူနဲ့ လက်ထပ်ရမည့်သူ တစ်ယောက်တည်းပဲ ဖြစ်စေရမည်။

"မင်း လက်ထပ်ချင်မယ့်အချိန်က ဘယ်အချိန်လဲ။ မေမေ ဘယ်အချန်ထိ စောင့်ရမလဲပြော"

"စောင့်စရာမလိုဘူး မေမေ၊ သားလက်ထပ်မယ့် မိန်းကလေးက သားနှလုံးသားက တကယ်မြတ်နိုးတဲ့ မိန်းကလေးပဲ ဖြစ်ရမယ်၊ အချစ်မပါတဲ့ အိမ်ထောင်ရေးကို သား မတည်ဆောက်ချင်ဘူး။ သားအိပ်မက်ထဲက မိန်းကလေးကိုပဲ လက်ထပ်မှာ"

"ဘာ"

ဝုန်းခနဲ ထလိုက်တဲ့ ဒေါ်နန်းခင်ခင်ရဲ့ အကြည့်တွေက ဇရဲမီးကိုရေနဲ့ ပက်လိုက်သလိုပါပဲ။ ခွန်မို ခေါင်းငုံ့ချလိုက်တာ နာခံဖို့မဟုတ် သူ့ရှေ့တိုးမယ့် ဖြေလုပ်မ်းအတွက် ကြိုတင်တောင်းပန် ဦးညွတ်လိုက်ခြင်းပါပဲ။



"အိပ်မက်ထဲကမရှိတဲ့မိန်းကလေးကို အကြောင်းပြပြီး မင်းငါ့ကို ဆန့်ကျင်ဖို့ ကြိုးစားနေတာလား ခွန်မို"

ခွန်မိုလို့ ခေါ်လိုက်ခြင်းသည် ဒေါသမျက်မာန်ပို လက်ညှိုးညွှန်းလိုက်ခြင်းပါ။

"အပြင်မှာ အဲဒီမိန်းကလေး တကယ်ရှိနေရင် မေမေက သဘောတူပေးမှာလား"

"ဟေ့ . . . ရှိရှိ၊ မရှိရှိ မလိုချင်ဘူး။ မင်း ငါပေးစားတဲ့ မိန်းမကိုပဲ ယူရမယ်"

"အဲဒါတော့ မင်း အတ္တဆန်တာပဲ ခင်ခင်"

"ဟုတ်တယ်၊ ကျွန်မ အတ္တဆန်တယ်။ အဲဒီ အတ္တက သားအတွက်ထားတဲ့ မိခင်တစ်ယောက်ရဲ့ မေတ္တာအတ္တပဲ"

"လူကြားကောင်းအောင် မေတ္တာကို ခုတုံးလုပ်မနေစမ်းပါနဲ့ကွာ။ ငါ့သဘောကတော့ သားကို စိတ်ချမ်းသာစေချင်တယ်၊ စိတ်ချမ်းသာမှုဆိုတာ လူတစ်ယောက်ဘဝမှာ မရှိမဖြစ် လိုအပ်တဲ့ အစိတ်အပိုင်းတစ်ခုပဲ၊ ရွှေဘုံပေါ်မှာ စံပြီး စိတ်ညစ်နေရရင် အဲဒီလူဟာ အသက်ရှင်လျက်သေနေသူတစ်ဦးပဲ"

ပွဲကတော့ သည်းထတ်ရင်ဖိုပါပဲ။ ခွန်မိုက ကြားခံနယ်မြေဆိုရင် ဖေဖေဘက်မှာတော့ လမ်းပြေး လမ်းကြောင်လေးပေါ့။ မေမေ့ဘက်မှာတော့ ခလုတ် ကန်သင်းတွေ။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက အသေခံလာပ်သားအဖြစ်နဲ့တော့ ခွန်မို့ဘက်က နေ တိုက်ပွဲဝင်နေပြီ။

ခွန်မို အသက်ရှူပေါက်ကလေး ရှိသေးလို့ ကျေးဇူးတင်ပါတယ်။ ဖေဖေ့ကို ပန်းအိမ်လေးရယ် ကိုယ် ဟာ မင်းဘဝထဲကို တိုးဝင်ဖို့အတွက် ပထမတံခါးကို တိုက် ဖျက်နေပါပြီကွယ်။

"သား"

"ဗျာ . . . ဖေဖေ"

"မင်း ဘယ်သွားမလို့လဲ။ သွားစရာရှိတာကိုသွား"

"အို . . . မသွားရဘူး"

"ဘာဖြစ်လို့လဲ"

"ကျွန်မ သူ့ကို ပြောလို့မပြီးသေးဘူး"

"ပြောစရာ ကျန်သေးရင် ငါနဲ့ဆက်ဆွေးနွေးလေ"

"ရှင်နဲ့ မပြောချင်ဘူး"

"ဘာလဲ . . . မင်းက သားကို ချောင်ပိတ်ရိုက် မလို့လား"

ဖေဖေက ခွန်မိုကို မေးဆတ်၍ သွားဟု မျက်ရိပ် ပြသည်။ ခွန်မိုက ထွက်လာတော့ . . .

"စိုင်းခွန်မို မင်းသွားလို့ မရသေးဘူး"

"ဖေဖေ ခွင့်ပြုလို့သွားမှာ။ သားဆန္ဒနဲ့ ဖေဖေဆန္ဒ တစ်ထပ်တည်းပဲ။ မေမေ . . . ဖေဖေနဲ့ပဲ ဆက်ဆွေးနွေး





လိုက်ပါနော်"

"ဘာ . . . စိုင်းခွန်မို"

အသံကို ထားခဲ့ပြီး ပြေးထွက်လာခဲ့တာတောင် နားထဲမှာ နောက်ထပ်အသံက ကပ်ပါဖြစ်အောင် ပါလာ သေးသည်။

"ရှင်က . . . ဘာစိတ်ကူးနဲ့ ကျွန်မကို အတိုက် အခံလုပ်နေတာလဲ ကိုကျော်"

"ပြောပြီးပြီလေ။ သားကို စိတ်မဆင်းရဲစေချင်လို့"

"ကျွန်မကတော့ ရအောင်စီစဉ်မှာပဲ"

"ငါကလည်း ရအောင်ဖျက်မှာ"

"ဘာ"

"မြန်မာ့အသံ နှစ်ခါ မပြန်ဘူး"

"ရှင် . . . ထောက်"

အသံနှင့်လှူက ဝေးသည်ထက် ဝေးလာပြီမို့ နောက်ထပ် ဘာတွေထပ်ပြောသလဲ ခွန်မို မသိတော့။

ဆိုင်ကယ်လေးရေ မင်းသခင်ကို လိုရာအရပ်ဆီ သို့ ပို့ဆောင်ပေးပါဦးကွာ။ ဒီအတိုင်းနေလို့ မဖြစ်တော့ပြီမို့ နှင်းအိမ်လေးကိုနော်ကွယ် မောင်က နိုးမယ်လို့ ချစ်ဦးကို သို့ မောင်တိုင်ပင်ရဦးမည်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၄ )

"ကွိုင်ကတော့ အကြီးအကျယ်တက်ကုန်ပြီ"

"ဘာလဲကွ . . . အဆုံးမရှိအစမရှိနဲ့"

ခွန်မို စိတ်ပျက်လက်ပျက် ထိုင်ချလိုက်ရင်း . . .

"မေမေက ငါ့ကို မိန်းမပေးစားမလို့တဲ့"

"ဟမ်"

"အဲဒါ . . . ငါ ဘာလုပ်ရမလဲ"

"ယူလိုက်"

"ဘာ"

ချစ်ဦး ရယ်တော့ ခွန်မို ဒေါပွသွားသည်။ ချစ်ဦး လက်ထဲက ဘောလုံးရာနယ်ကို ဆွဲယူပြီး အခန်းထောင့်ကို လွှင့်ပစ်လိုက်တော့ . . .



"ဘာလုပ်တာလဲ"

"လွှင့်ပစ်တာ"

"ဘာကောင်လဲ။ သူများဖီလင်ကို လာဖျက်နေတယ်"

"ဒီမှာ တိုင်ပင်မလို့ဟာကို"

"ငါက လူဆိုးလား"

"ဘာကိုလဲ"

"မမလေးကိုနော်ဗျာ မောင်က ခိုးမယ်လို့ လူဆိုးတွေနဲ့ မောင်တိုင်ပင်မယ်ဆိုတော့ ငါက လူဆိုးပေါ့"

ချစ်ဦးပြောတော့ ခွန်မို လုစ်ခနဲ ပြုံးမိသည်။ ဒီကောင့် ဗိုက်ထဲမှာ ပုဏ္ဏားလေးရှိနေတယ် ထင်ပါရဲ့။

"မင်းက ကြံ့သိနေပါလား"

"အိမ်က မိန်းမပေးစားတော့မယ်ဆိုမှတော့ တွေးကြည့်ရင် ဒီဘူတာပဲ ဆိုက်မှာလေ။ မင်းက ပန်းအိမ်မှ ပန်းအိမ်ဖြစ်နေတဲ့ ကိစ္စကို"

"ဟဲ . . . ဟဲ . . . အဲဒါကြောင့် မင်းကို အားကိုးတာ"

"အေး . . . မင်းက အားကိုး ဒီကောင်က စီးပွားပျက်တော့မယ်"

"ဟော"

"ဟုတ်တယ်လေ။ မင်းတို့ အဆင်ပြေဖို့အရေး

www.burmeseclassic.com

www.burmeseclassic.com



လက်ဆောင်တွေ ဖားပေးရတာ ငါ့ခြံထဲက သစ်သီးတွေရော၊ ပန်းတွေရော နလန်မထနိုင်တော့ဘူး"

"ဟော့ကောင် . . . မကျေနပ်ရင် အဖိုးဖြတ်"

ချစ်ဦးက မျက်ထောင့်နီကြီး ကြည့်လျက် . . .

"အဲဒါတွေကို အဖိုးမဖြတ်ဘူး။ စေတနာတွေကို အဖိုးဖြတ်ရမလား"

"ကဲ . . . ဖြတ်ကွာ"

ချစ်ဦး ခပ်ချဥ်ချဥ်ရှိသွားတာကြောင့် . . .

"အရာရာ ငါချည်းပဲ ပုံပိုးနေရတာ။ ငါ့ကိုပဲ ပေးတော့"

"ဘာပေးရမှာလဲ"

"ပန်းအိမ်"

"ဘာ . . . ခွေးကောင်"

"ဟား . . . ဟား . . . ဟား"

ခွန်မို လက်သီးဆုပ်၍ လိုက်လေသဖြင့် ချစ်ဦး တဟားဟား ရယ်ကာ ပြေးတော့သည်။

ချစ်ဦး တဲ့တိုးပြောလို့ ခွန်မို စိတ်မဆိုးပါဘူး။ ငယ်ငယ်ကတည်းက သူတို့နှစ်ယောက်ဟာ ပြောမနာဆိုမနာတွေ။ ကိုယ်က တကယ်ပေးခဲ့ရင်တောင် ဒီကောင်က မယူရေးချမယူ။ အကြောင်းရင်းက အချစ်ဆုံး သူငယ်ချင်းတွေမို့ တစ်ယောက်အပေါ် တစ်ယောက်နားလည်ကာ သစ္စာ

●———ရွှေအသာ———●



စောင့်သိကြခြင်းပင်။

"တော်ပြီကွာ . . . မင်းနဲ့ငါ စကားအကောင်းပြောရအောင်"

"ကဲ . . . ပြော"

နှစ်ယောက်သား ချယ်ရီပင်အောက် ခုံတန်းလေးပေါ်မှာ ထိုင်လိုက်ကြသည်။ ချစ်ဦး ချယ်ရီပန်းတွေကို မြတ်နိုးတတ်သည့်ကောင် အိမ်ခြံထဲမှာရော သစ်သီးခြံထဲမှာပါ ချယ်ရီတွေရှိသည်။ ချယ်ရီဆိုတာတို့ တောင်ငူမြို့လေးရဲ့ ကျက်သရေဆောင်တဲ့။

ပြီးတော့ ပြောသေးသည်။ ချယ်ရီဆိုတာ လှပရုံပဲ လှပြီး သူများတွေလို အရမ်းမမွှေး၊ အရမ်းတန်ဖိုးမကြီးတော့ ပန်ဆင်မယ့်သူ နည်းတယ်။ တော်မဝင် နန်းမထိုက်လို့ အားစိုက်ပြီး အစွမ်းကုန် ပွင့်ပြနေရတာ သနားစရာ ကောင်းပါတယ်ကွာ။

အရောင်ပျော့ပြီး အားငယ်နေရတဲ့ ချယ်ရီပွင့်လေးတွေကို ငါ အားပေးနှစ်သိမ့်ပေးချင်တယ်ဆိုခဲ့သူ . . .

"မေမေက အတင်းအကျပ် စီစဥ်မယ့်ပုံကွ"

"မင်းအဖေကရော"

"ဖေဖေက ငါ့ရဲ့ဘက်တော်သားလေ"

"အဲဒါနဲ့များကွာ မင်းက ဘာကိုစိတ်ပူနေရတာလဲ"

"ပူရမယ်လေ။ တို့သားအဖ မသိအောင် ကြိတ်

●———ရွှေအသာ———●

www.burmeseclassic.com

www.burmeseclassic.com



စီစဉ်လိုက်ရင် သွားရောပဲ"

ချစ်ဦး တွေခနဲဖြစ်သွားပြီးမှ . . .

"အဲဒီတော့ မင်းက ဘာလုပ်ချင်လဲ"

"ငါ . . . ပန်းအိမ်နဲ့ တွေ့ချင်တယ်ကွာ"

"သွားတွေ့လေ။ မနက်ဖြန် သူတို့ ရန်ကုန်ပြန်တော့မှာ"

"ဘာ"

ခွန်မို မျက်နှာက တိမ်ညိုတိမ်မည်းတွေ အုံ့ဆိုင်းသွားသည့်နှယ်။ ရင်တစ်ခုလုံး ပြောင်းဆန်ကုန်၏။ တကယ်ခွဲရမည်ဆိုတော့မှ တကယ် ပူဆွေးသောကဗျာပါကြွယ်။

"သူတို့ မနက်ဖြန် ပြန်တော့မယ် . . . ဟုတ်လား"

"အေးလေ . . . မင်းကို ပန်းအိမ် ဘာမှမပြောဘူးလား"

"မပြောဘူးကွ။ မင်းက ဘယ်သူပြောလို့ သိတာလဲ"

"မြမိုးနွယ် ပြောတာ"

"ဟာ . . . သွားပါပြီကွာ"

ခွန်မို ဆောက်တည်ရာမရဖြစ်လျက် ထိုင်ရမလို၊ မျက်နှာကို လက်နှင့်သတ်လိုက် ဆံပင်တွေကို ထိုးဖွလိုက်

"ပန်းအိမ် ငါ့ကို ဘာလို့ မပြောရတာလဲ"

"မင်း . . . စိတ်မကောင်းဖြစ်မှာစိုးလို့ ထင်တယ်"

"ကျွတ်"



ချစ်ဦး ခွန်မိုကြည့်ပြီး စိတ်မကောင်းဖြစ်ရ၏။ မချစ်ဘူးတော့ အချစ်ရှုံးပေ့ါ။ ချစ်ဦး ကိုယ်ချင်းစာတတ်ပါသည်။ ကိန္နရီ ကိန္နရာမောင်နှံများ တစ်ညတာဝေးရတာဝေးရတာနှင့် နှစ်ပေါင်း ခုနစ်ရာတောင် ဆွေးကြသတဲ့လေ။

အခု ခွန်မိုနှင့် ပန်းအိမ်က တစ်ညတာမက ဝေးကွာကြရဦးမှာ . . .

"ချစ်ဦး"

"ဟာင်"

"ပန်းအိမ်နဲ့ သွားတွေ့ရအောင်ကွာ"

"အခု သွားတွေ့လို့ မဖြစ်ဘူးလေကွာ။ သူကညည့်သည်လေ ညကျမှအခြေအနေကြည့်ပြီး လှုပ်ရှားမှပေါ့"

ချစ်ဦး ပြောတာလည်း ဟုတ်နေသဖြင့် ခွန်မိုခေါင်းငိုက်စိုက်ကျသွားသည်။ ပန်းအိမ်ခမျာ ဟိုလူကြောက်ရနဲ့ သူသွားတွေ့လို့ ဘယ်ဖြစ်မှာလဲ။ ညရောက်မှသာမလွှတ်သာရင် နိုးပဲ ပြေးရပြေးရ။

"နေဝင်သည်အထိလေးတော့ သည်းခံစောင့်လိုက်ပါကွာ"

တစ်နေကုန် ခွေနေလိုက်သည်။ ချစ်ဦး ထမင်းကျွေးတော့လည်း မစား။ မနက်စာ မစားဘဲ တစ်နေ့လုံး အိပ်ရာထဲမှာ ခွေနေသဖြင့် ညနေစောင်းတော့ . . .

"မင်း အဲဒီလိုကြီး လုပ်မနေနဲ့ ခွန်မို။ မြင်ရတဲ့ သူ့ပါ

www.burmeseclassic.com

www.burmeseclassic.com



စိတ်မချမ်းသာဘူး။ လန်းသွားအောင် . . . ထ ရေချိုး"

အိပ်ရာထဲကနေ ဆွဲထူပြီး အတင်းရေချိုးခိုင်း၊ ပြီး တော့ ထမင်းပိုင်းသို့ ဆွဲခေါ်ပြီး . . .

"မင်း မနက်စာလည်း မစားဘူး။ ထမင်းစားဦး ခွန်မိုး။ တော်ကြာ . . . မိန်းမ မရခင် ဂျောင်းနေဦးမယ်။ စား"

သူကိုယ်တိုင် ခွံ့ကျွေးတော့မတတ် ဖြစ်နေသဖြင့် ချစ်ဦး စိတ်ချမ်းသာအောင် ခွန်မို မစားချင်ဘဲ ဖျစ်ညှစ်မျိုချ လိုက်၏။ ထမင်းစားပြီးတော့မှ . . .

"ကဲ . . . နေဝင်ပြီ . . . လစ်ကြစို့"

နှစ်ယောက်သား ဆိုင်ကယ်တစ်စီးနှင့် လစ်ခဲ့ကြ သည်။ ခွန်မို အိမ်မပြန်လို့ လူကြီးတွေကတော့ စိတ်ပူနေ မလားပဲ။ မတတ်နိုင်ဘူးလေ။ ကိုယ်ဝမ်းနာတာ ကိုယ်ပဲသိ တာ။

ဆိုင်ကယ်ကို လမ်းထိပ်က အသိအိမ်မှာ ထားခဲ့ ပြီး ချောစုတို့အိမ်ရှေ့မှာ နှစ်ယောက်သား ယောင်လည် ယောင်လည်။ ရှုတ်တရက်ကြည့်ကြမည်ဆိုလျှင် ငပွေချေ့ တွေလိုလို လမ်းသရဲတွေလိုလို ပုံစံတွေနှင့်။

ခွန်မိုက ဦးထုပ်ကို ခပ်အုပ်အုပ်ဆောင်းထားပြီး ချစ်ဦးက ပုဆိုးတစ်ထည်ကို ခြုံထားလေသဖြင့် ကြက် သမား၊ ဖဲသမားလိုလို၊ အရက်သမားလိုလို ပုံစံတွေ ပေါက် နေကြ၏။





"ဟော . . . ဟိုမှာ"

"ဘယ်သွားကြမလို့လဲ မသိဘူး။ အိမ်ပေါ်က ဆင်း လာကြပြီ"

အိမ်ပေါ်ကနေ ဆင်းလာသော သုံးယောက်ကို သူ တို့ အခြေအနေ စောင့်ကြည့်ပြီး နောက်မှ ကပ်လိုက်ခဲ့ သည်။ မြမိုးနွယ်နှင့် ချောစုတို့ စကားတပြောပြောနှင့် ရှေ့မှ သွားနေကြတာ။ နောက်က ကုလားကျားဆွဲလို့ ဆွဲမှန်း မသိ။ အဲလေ ကုလားမဟုတ်ဘူး မြန်မာမလေး။

ခွန်မို ပန်းအိမ်လက်ကို အမှောင်ရိပ်နှားအရောက် ဖျတ်ခနဲ လှမ်းဆွဲလိုက်ပြီး . . .

"ပန်းအိမ်"

"အမလေး"

"ရှူး . . . တိုးတိုး"

"ဟင် . . . ရှင်"

"ကိုကိုပါကွ"

"ဟင် . . . ဦးခွန်မို"

"ကိုကို ပြောတာကို နားထောင်"

တွေ့လိုက်တိုင်း အမြဲတမ်း ကျီးလန့်စာ စားနေရ သလို အထိတ်ထိတ်အလန့်လန့် ရှိနေသော ပန်းအိမ်ကို စိတ်ပေါက်ပေါက်နှင့် လက်ဆွဲသာပြေးချင်တော့၏။ ညောင် သီးကို ခွန်မိုက စားဖို့ ကြံရွယ် ချစ်ဦးက အသံကို နား



www.burmeseclassic.com

www.burmeseclassic.com



ထောင်တာ ရှေ့သို့ မျှော်ကြည့်၏။

"ပြောစရာရှိတာ မြန်မြန်ပြောကွ။ ဟိုနစ်ယောက် တွမ်းယားဆိုင်မှာ ဆီးထုတ်ဝင်ဝယ်တာဖြစ်မယ်။ တော်ကြာ နောက်ပြန်လှည့်ကြည့်လို့ ပြေးပေါက်မှားကုန်မှ"

"အဲဒီတော့လည်း တစ်ခါတည်း နိုးပြေးရုံပေါ့ကွာ"

"အို . . . မဟုတ်တာ"

ခွန်မို ပန်းအိမ်လက်ကလေးကို ဖိဆုပ်လျက် . . .

"ပန်းအိမ်"

"ရှင်"

"ပန်းအိမ် မြမိုးနွယ်တို့နဲ့ အတူတူ အိပ်တာလား"

"ဟင့်အင်း . . . ပန်းအိမ်ကို သူတို့နဲ့ ဘယ်အတူတူ အိပ်နိုင်းမှာလဲ"

"ဒါဆို သူတို့က ဘယ်မှာအိပ်တာလဲ"

သွယ်ဝိုက်သော နည်းဖြင့် မေးရခြင်းပါ။ ပန်းအိမ် ဘယ်အခန်းမှာ အိပ်တာလဲလို့ မေးရင် ချစ်သူလေးက သူ့ကို တစ်မျိုးထင်ပြီး ဖြေမှာ မဟုတ်တာ ခွန်မို သိတာပေါ့။

"မမတို့က အပေါ်ထပ်မှာ အိပ်ကြတာ"

"ဒါဆို ပန်းအိမ်က အောက်ထပ်မှာပေါ့"

"အင်း"

"ဘယ်နားက အခန်းမှာလဲ"

"ဟင်"





ဖြေပြီးမှ ပန်းအိမ်ပါးစပ်ကို လက်ဝါးလေးနှင့် အုပ်လေသည်။

"မြန်မြန်ဖြေပါ ပန်းအိမ်ရဲ့ အချိန်မရှိဘူး"

"အို . . . ဘာလုပ်မလို့လဲ"

"ကိုကို ပန်းအိမ်ကို အရေးကြီးတဲ့ စကားပြောစရာရှိလို့ ဒီည ပန်းအိမ်နဲ့ ကိုကို တွေ့ချင်တယ်။ အဲဒါ လာခဲ့မလို့"

"ဘယ်လိုဖြစ်မှာလဲ"

"ဖြစ်အောင်ပဲ တွေ့မှာ။ ပန်းအိမ် မပြောချင်နေ ကိုကိုကတော့ ရောက်အောင် လာမှာပဲ။ အိမ်သားတွေနဲ့ မိတော့လည်း ကံပေါ့"

"ဟာ . . . အဲဒီလိုကြီးတော့ မလုပ်ပါနဲ့"

"ဒါဆို မြန်မြန်ပြောကွာ။ စိတ်ချ။ ကိုကို ပန်းအိမ်နဲ့ စကားပြောရုံသက်သက်ပဲ။ အခြား ဘာစိတ်မှ မွေးမထားဘူး။ အဲဒါကို မယုံရင် ပန်းအိမ် ဓားဆောင်ထားလေ။ ကိုယ့်ဘက်က မရိုးသားခဲ့ရင် တစ်ခါတည်းထိုးသတ်လိုက်"

ပန်းအိမ် သူ့ကို ယုံပါသည်။ ခက်တာက ပန်းအိမ် ကြောက်တတ်တာ။ မနက်ဖြန်ဆို ပန်းအိမ် ပြန်ရတော့မှာမို့ သူနဲ့တွေ့ချင်သေးတာကလည်း အမှန်။ နှုတ်ဆက်ချင်သေးတာပေါ့နော်။

အချိန်တိုတိုလေးအတွင်းမှာ ချစ်သူတွေဖြစ်ခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် သံယောဇဉ်ကြိုးတွေက ခိုင်မာသည်။

"ပန်းအိမ်"

ခွန်မိုက ပန်းအိမ်အဖြေကို မျှော်လင့်စောင့်စားနေလျက် . . .

"နောက်ဖေးဘက် အစွန်းဆုံးအခန်းမှာ"

"ပြတင်းပေါက်ရှိလား"

"ဟုတ်"

"ကိုကို တံခါးခေါက်ရင် ပန်းအိမ် ဖွင့်ပေးကွာနော်"

ပန်းအိမ် ခေါင်းညိတ်ခေါင်းခါ လုပ်ဖို့ အခက်တွေ့နေဆဲ။

"ကိုကို သွားမယ်။ ပန်းအိမ်လည်း သွားတော့"

ပန်းအိမ် ခေါင်းညိတ်ပြီး လှစ်ခနဲ ပြေးထွက်ခဲ့တော့သည်။

"ဟဲ့ . . . ပန်းအိမ်။ အဲဒါ ဘယ်ကျန်ခဲ့တာလဲ"

"ဟို . . ."

ပန်းအိမ် မညာစဖူးညာရမည်မို့ တံတွေးတစ်ချက်မျိုချကာ အားတင်းလိုက်ရသည်။

"ပန်းအိမ် ခလုတ်တိုက်လဲတာ ချက်ချင်း ပြန်မထနိုင်ဖြစ်သွားလို့ပါ"

"ဖြစ်ရမယ်"

ချောစုတ ခပ်မဲ့မဲ့ ဆိုလေ၏။ မြမိုးနွယ်က သူမကို





ဝယ်ထားသော မုန့်တွေကို ပန်းအိမ် လက်ထဲသို့ ထိုးထည့်ပေးသည်။

"ရော့ . . . ဒါတွေ ယူထား"

ဝယ်ထားလိုက်တာ ဆီးထုပ်တွေရော၊ ချောကလက်တွေရော စုံလို့ပါလား။ တစ်ညလုံး မုန့်တွေပဲ ထိုင်စားနေတော့မလားမသိ။

"ပန်းအိမ်"

"ရှင် . . . မမ"

"နင် . . . ဒီမှာ ခဏစောင့်နေ။ တို့ အရေးပေါ် cotton သွားဝယ်မလို့"

"ဟုတ်"

သူတို့ ထွက်သွားကြတော့ ကွမ်းယာဆိုင်ရှေ့မှာ ပန်းအိမ်တစ်ယောက်တည်း ကြောင်တက်တက်ကလေး ရပ်ကျန်ခဲ့သည်။

လူတွေမှာ မသင်ဘဲနဲ့ တတ်ကြတာ ချစ်တတ်တဲ့ပညာတဲ့ ပန်းအိမ် ချစ်တတ်သွားလို့ ညာလည်း ညာတတ်သွားခဲ့ပါပြီ။ နှစ်ယောက်သား တွေ့ကြဖို့အရေး မျှော်တွေးရင်း ရင်ခုန်သံတွေက မြန်လာ၏။

ပန်းအိမ်ကို ခွင့်လွှင့်ပါ မမရယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၅ )

မနက်ဖြန် ပြန်ကြတော့မှာမို့ ဒီည အားလုံးပဲ အိပ်ရာစောစော ဝင်ကြတော့။ တောင်ပေါ်မြေနဲ့ ချယ်ရီပန်းကလေးတွေကို ပန်းအိမ် လွမ်းနေရဦးမှာပါ။ အိပ်ရာထဲမှာ ပန်းအိမ် နားလေးတစွင့်စွင့်။

"ဒေါက်"

"အင်"

"ဒေါက်"

"ဟော"

ညင်သာသာ တံခါးခေါက်သံကြောင့် ပန်းအိမ် ခြေဖွ၍ ပြတင်းတံခါးရှိရာသို့ လျှောက်ခဲ့သည်။



"ဒေါက်"

"ဖျောက်"

ပန်းအိမ် ပြတင်းတံခါးကို ဖွင့်လိုက်၏။

"ပန်းအိမ်"

ခွန်မို ပြတင်းပေါက်ကို ကျော်တက်ဖို့ ကြိုးစားတော့ ပန်းအိမ်က တွန်းချကာ . . .

"အို . . . မတက်နဲ့လေ၊ အခန်းထဲကို ဝင်လို့ ဘယ်ဖြစ်မလဲ"

"ဟာ . . . ပန်းအိမ်ကလည်း ဘာဖြစ်လို့လဲ"

"မသင့်တော်ဘူးလေ"

"ဒါဆို ပန်းအိမ် ဆင်းခဲ့ကွာ"

"ဘယ်လိုလုပ် ဆင်းရမှာလဲ"

"လာ . . . ကိုကို ချီမယ်"

ပန်းအိမ် ချီတုံချတုံလေး ဖြစ်နေဆဲမှာပဲ ခွန်မို ပွေ့ချီချလိုက်၏။ ပြီးတော့ မြံထောင့်ရှိ ပန်းပင်အောက်သို့ ခေါ်လာခဲ့သည်။

"အတင့်ရဲလိုက်တာ ဦးခွန်မိုရယ်၊ အိမ်သားတွေ သိကုန်ရင် ပြဿနာပဲ"

"အပွန်း . . . အိမ်ရှင်တွေလား ဖင်ခေါင်းကို တြွက်ဝင်တိုးတောင် သိမှာ မဟုတ်ဘူး"

"ဟင်"

www.burmeseclassic.com



"စုမှ ချစ်ဦးပြောလို့ ကိုယ်သိတာ ညနေက ချစ်ဦး အကြံအဖန် လာလုပ်ပေးထားတယ်တဲ့။ ထမင်းချက်ကို လာဘ်ထိုးပြီး ဟင်းအိုးကို အိပ်ဆေးခတ်ထားမှာတော့ ခေါ် လို့ ကောင်းကုန်ပြီပေါ့"

"ဟွန်း . . . လူလည်ကြီး"

"ကိုယ့်ချစ်သူလေးကို တွေ့ချင်လို့ ဒီလို မကောင်း တဲ့ အကြံဉာဏ် ထုတ်သုံးရတာပါ။ စိတ်ချ . . . ဒီအိမ်က လူတွေ ကျန်းမာရေးကောင်းကြပါတယ်။ ကိုယ်တို့ အိပ် ဆေးကြောင့် သေနိုင်တဲ့သူ တစ်ယောက်မှ မပါဘူး"

ပြောရင်းက ပန်းအိမ် ကိုယ်လုံးလေးကို ရင်ခွင်ထဲ အထိ ဆွဲဖက်သိမ်းပိုက်ထားလိုက်၏။ ပန်းအိမ် မရုန်းမိတော့ပါ။ ခွဲခွာရခါနီးမှ ချစ်သူရဲ့ ရင်ခွင်နွေးကို ခိုလှုံချင်ပါသည်လေ။

"ဦးခွန်မို"

"ဟာကွာ . . . ကိုယ့်ချစ်သူကို ဘယ်လိုခေါ်တာလဲ ကိုကိုလို့ပဲခေါ်ကွာ။ ခေါ်ကြည့်"

အတင်းအကျပ် တောင်းဆိုလာသဖြင့် ပန်းအိမ် အလျှော့ပေးကာ ခေါ်လိုက်ရ၏။

"ကိုကို"

"အဟဲ . . . လိမ္မာတယ်"

ခွန်မို ချစ်သူ၏ပါးပြင်လေးကို ဖျတ်ခနဲ ငုံ့နမ်း ပစ်လိုက်သည်။





"ပန်းအိမ်"

"ရှင်"

"မနက်ဖြန် ပြန်ကြတော့မှာဆို"

"ဟုတ်တယ်"

ပန်းအိမ် အသံက အဖျားလေးတုန်သွားသည်။ ခွဲခွာကြရမယ်ဆိုတော့ အသည်းနာမိတာက အမှန်။ ငိုချင် လာသည့် စိတ်က ထိန်းချုပ်လို့ မရ။

"ဒါနဲ့များ ပန်းအိမ်ရယ် ကိုကို့ကို ဘာလို့ မပြော တာလဲ"

"ကိုကို စိတ်မကောင်းဖြစ်မှာစိုးလို့ပါ"

"ခုရော ဘာထူးလဲ။ အနားနီးမှာ ကပ်ပြီး မောင်း ထုတ်ချတာ ပိုပြီး အထိနာတာပေါ့။ ကိုကို ပန်းအိမ်နဲ့ မခွဲနိုင် ဘူး"

"အို . . . ဘယ်ဖြစ်မှာလဲ။ ပန်းအိမ် ကိုကို့နောက် ကို လိုက်ရင် အိမ်ရှင်တွေနဲ့ မမ အပြစ်မကင်း ဖြစ်သွားမှာပေါ့။ နောက်မှ ကိုကိုရယ် . . . နော်"

"ပန်းအိမ်ရယ်"

ခွန်မို ပန်းအိမ် မျက်နှာလေးအနှံ့လျှောက်နမ်းမိ သည်။ အနမ်းတစ်ပွင့်ကြွေတိုင်း ရင်ထဲမှာ လှိုင်းခတ်သံတွေ ညံညံညံ။ အနမ်းရဲ့နောက်ကွယ်က အလွမ်းတစ်စုသည် ဆံဝကို စုန်ကန်ပြီး မျက်ရည်ကို ဆွဲထုတ်လာတာ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ဝန်းအထိ ခေါ်ဆောင်သွားမည်လဲ။

"ဒါဆို တစ်ပတ်အတွင်းမှာ ကိုကို ပန်းအိမ်ကို လာခိုးမယ်ကွာ။ ပန်းအိမ် ကိုကို့နောက် လိုက်မယ် မဟုတ်လားဟင်"

"အဲဒါ"

"ဘာမှမပြောနဲ့တော့ ကိုကို ပန်းအိမ်နဲ့ တစ်စက္ကန့်လေးတောင် မခွဲချင်တော့ဘူး။ ကြာတယ်ကွာ . . . ခုပဲ တစ်ခါတည်း လိုက်ခဲ့တော့နော်"

"မဖြစ်ပါဘူး ကိုကိုရယ်။ ပန်းအိမ် တောင်းပန်ပါတယ်နော်။ ဒီကနေလိုက်လို့ ဘယ်လိုမှ မဖြစ်လို့ပါ။ ရန်ကုန်ကို ပြန်ရောက်မှ လာခိုးပေါ့"

ပန်းအိမ် တောင်းတောင်းပန်ပန်လေးဆိုတော့ ခွန်မို့ အခက်တွေ့ပြီ။ မနက်ဖြန်ဆိုတာက မရေရာ။ သေချာတာ တစ်ခုက သူ ပန်းအိမ်ကို ချစ်သည်။ စိတ်မချနိုင်ပါဘူး ရန်ကုန်ရောက်မှ စိတ်ပြောင်းသွားရင် ရင်ကွဲရမှာက ကိုယ်။

နာရီ ဒိုင်ခွက်ထဲက လက်တံတွေ တချပ်ချပ် မြည်သံပေးနေသမျှ ခွဲခွာကြဖို့ အချိန်က တစ်စတစ်စ နီးလာပြီ။ မနက်ဖြန်ရယ် ထွက်သွားလိုက်စမ်းပါ။ ကမ္ဘာ အပြင်ဘက်ကို ဖြစ်နိုင်ရင်ပေါ့လေ။

"ကိုကို ပန်းအိမ်ကို စိတ်မချဘူးကွာ"

"ဘာကို စိတ်မချတာလဲ ကိုကိုရဲ့"



"ရန်ကုန်ရောက်မှ ပန်းအိမ် စိတ်ပြောင်းသွားရင် ကိုကို ရှုံးကျန်ခဲ့မှာ"

"ကိုကိုရယ်"

"နောက်မှဆိုတာတွေကိုလည်း မယုံဘူး။ ကိုကို့ကို ရှုံးအောင်လုပ်နေတာလား ကလေးရယ်"

"ပန်းအိမ်ကို ယုံပါ ကိုကို။ ကိုကိုကလွဲရင် ပန်းအိမ် ဘယ်သူ့ကိုမှ ချစ်လို့ရမှာ မဟုတ်ဘူး။ ကိုကို့ကို ပန်းအိမ် အရမ်းချစ်တယ်။ တကယ်တမ်းမှာ မယုံဘူးဆိုတဲ့စကားကို ပြောရမှာက ပန်းအိမ်ပါ ကိုကိုရယ်"

ပန်းအိမ်ကို ဖက်ထားသော ခွန်မို့ လက်တွေ ပို၍ တင်းကျပ်လာသည် ပန်းအိမ်လည်း ကိုကို့ကို ပြန်လည်ဖက်တွယ်လိုက်မိ၏။ အချစ်သည် သတိတရား အသိတရားတွေကို တဒင်္ဂအဖို့ ဖမ့်ပျောက်သွားစေ၏။

"ကိုကို့ကို ယုံပါ ပန်းအိမ်။ တစ်ပတ်ဆိုတာ ကြာပါတယ်ကွာ။ ကိုကို သန်ဘက်ခါပဲ ပန်းအိမ်ကို လာခိုးမယ်။ မနက်ဖြန်တော့ ကိုကိုနဲ့ ပန်းအိမ်တို့ရဲ့ ရှေ့ရေးအတွက် စီစဉ်စရာတာ ကိုကို စီစဉ်လိုက်ဦးမယ်"

"မမြန်လွန်းဘူးလား ကိုကိုရယ်"

"မမြန်ပါဘူးကွာ။ အခုတောင် ကိုကိုက မြန်လွှတ်ချင်တာ မဟုတ်ဘူး"

"ပိုလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ရင်ထဲမှာက အဲဒါထက် ပိုတယ်။ မယုံရင် သက်သေပြမယ်လေ"

"အာ . . . ကိုကိုနော်"

အမှောင်ထဲမှာပေမယ့် ရှက်မျက်နှာလေးနှင့် ချစ်စရာ မျက်စောင်းလေးထိုးနေမည် ဆိုတာကို ခန့်မှန်းမိ၍ နှလုံးသားလေးက တဒိတ်ဒိတ်ခုန်၊ အသည်းကယားကျိကျိ ဖြစ်ကာ . . .

"ပန်းအိမ်မှာ ဓားဆောင်လာရင်လည်း ကိုကို့ ရင်ဝကို ထိုးချလိုက်တော့ကွာ"

"အို . . . ကိုကို"

စကားလေးက အဆုံးသတ်ခွင့်မရ။ နှုတ်ခမ်းတွေပေါ်မှာ အချစ်၏ ရိုးမြှိန်မှုတွေကို ရှာဖွေရင်း စကားသံလေးလည်းတိတ်၊ အဲသီတာရားတွေ မီးမှိတ်ပြီး ညကလေး တိတ်ဆိတ်စွာ . . .





## အခန်း ( ၁၆ )

ရန်ကုန်ကို ပြန်ရောက်လာပြီး ပန်းအိမ်မှာ စိတ်နှင့် ကိုယ် မကာပ်လေသဖြင့် အလုပ်လုပ်တဲ့ နေ့တွေမှာ အလွဲလွဲ အချော်ချော်တွေ ဖြစ်လွန်းလို့ မနည်း သတိထားနေရသည်။

"ပန်းအိမ်"

"ရှင်"

"အဝတ်တွေ မီးပူမတိုက်ရသေးဘူးမို့လား"

"ဟုတ် . . . ပာင်းအိုး မကျသေးလို့ပါ ဒဲန်တီ"

"ပာင်းအိုးကျရင် တိုက်လိုက်ဦး"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်ထားနွယ် အမိန့်ပေးပြီး ထွက်သွားလေသည်။ ဒါက ပဏာမပဲ ရှိသေးသည်။ တော်ကြာ ကြမ်းတိုက်တာတို့ တစ်အိမ်လုံးရှိသမျှ လူတွေရဲ့ အဝတ်တွေကို ဖွတ်ရတာတို့၊ သူတို့ ရေချိုးပြီး လိမ်းဖို့ သနပ်ခါးသွေးပေးရတာတို့ ရှိသေးတယ်။

ပုံမကျရင် လိမ်ဆွဲ၊ ခေါင်းခေါက်။ ဒါတွေဟာ နေသားတကျမို့ ပန်းအိမ် အရေထူနေပါပြီ။ ဒီအိမ်မှာ ပန်းအိမ်အပေါ် ကောင်းတာဆိုလို့ ဦးလေးပဲရှိသည်။ သူက ပန်းအိမ်ရဲ့ ဦးလေး အရင်းကြီးကိုး။ ဦးလေး အလုပ်နားသည့်ရက်ဆိုလျှင် ဦးလေးရှေ့မှာ ပန်းအိမ်ကို အရမ်းကာရော မနိုင်းရဲကြသည်မို့ ပန်းအိမ် သက်သာပါသည်။

ဦးလေးမျက်နှာနဲ့ ပန်းအိမ်မှာ နေခွင့်ရသူ။ ဘာပဲဖြစ်ဖြစ် ကိုယ်ဘဝ ပရမ်းပတာ ဖြစ်မသွားတဲ့အတွက်ပဲ သူတို့ကို ကျေးဇူးတင်ရဦးမည်လေ။

"ပန်းအိမ်"

"ရှင်"

လှည့်ကြည့်လိုက်တော့ ဦးလေး။ ပြုံးနေသော ဦးလေးရဲ့မျက်နှာသည် ပန်းအိမ်အတွက် အားဆေးတစ်ခွက်ပါပဲ။

"တောင်ကြီးမှာ ပျော်ခဲ့ရဲ့လား သမီး"

"ဟုတ် . . . ပျော်ပါတယ် ဦးလေး။ အင်းလေးကို





သွားရတာ ပိုပြီး ပျော်တယ်"

အင်းလေးဆိုလို့ ကိုကိုဝယ်ပေးသည့် အရုပ်ကလေးနစ်ရုပ်ကို သတိရသွား၏။ ညကျမှ ထုတ်ကြည့်ဦးမည်။

"ဟိုတစ်ခါ ပေးထားတဲ့ မုန့်ဖိုးကုန်ပြီလား"

"ရှိပါတယ် ဦးလေး။ ပန်းအိမ် ဘာမှသုံးစရာမရှိလို့ မဖြစ်သေးပါဘူး"

"ဟ . . . အလည်ခရီးထွက်သွားတာ ဘာမှ မဝယ်ဘူးလား"

"ဘာမှ ဝယ်စရာမလိုအောင် ပြည့်စုံနေတာပဲ ဦးလေးရယ်"

"ဒါဆိုလည်းစုထား လိုတဲ့အခါ သုံးရတာပေါ့။ ရော့ ဒီမှာ ငါးထောင် ထပ်ယူ"

"နေပါစေ ဦးလေး။ ပန်းအိမ် မယူပါဘူး"

"ပန်းအိမ်"

"ရှင်"

ဦးလေး အသံမာသွားလေသဖြင့် ပန်းအိမ် ဇက်ကလေး ပုသွားသည်။

"ဦးလေးက မေးရင်ယူမှ ကြိုက်တာနော်။ အခု သမီးနေရတာက အိမ်ဖော်ဘဝနဲ့ ဘာထူးလဲ။ ဦးလေး အားလုံးကိုသိတယ်။ မပြောသာလို့ မပြောသေးတာ။ အိမ်ဆော်ငှားရင်တောင် လစာပေးရသေးတာပဲ။ သမီးကို ဦးလေး



www.burmeseclassic.com

www.burmeseclassic.com



မုန့်ဖိုးပေးတာ ဘာမှမဟုတ်ဘူး။ ရော . . . ယူထား"

မလွန်ဆန်နိုင်ခြင်းနှင့် ပန်းအိမ် ယူလိုက်ရ၏။ ဦးလေး ပြန်ထွက်သွားတော့ ပိုက်ဆံငါးထောင်ကို ကြည့်ပြီး မျက်ရည်လည်မိသည်။ မလှပတဲ့ သူမ ဘဝထဲမှာ ဦးလေးက အလင်းရောင် မှတ်တိုင်လေးပါပဲ။

မီးဖိုချောင်ထဲမှာ တစ်ယောက်တည်း ကျန်တော့မှ ပန်းအိမ် တွေးမိရာတွေး ငေးမိငေးရာငေး။ ဖြတ်သန်းလာရတဲ့ ဘဝ အကောက်အကွေ့ အနိမ့်အမြင့်တွေကြားမှာ ပန်းအိမ် အချစ်ကို ခလုတ်တိုက်မိခဲ့ပြီ။ ကုန်းထခွင့်ရဖို့ တောင်ဝှေးက ကူမလား၊ သွေးစိမ်းရှင်ရှင် ထွက်မလား။ မရေရာ မသေချာခြင်းတွေကြားမှာ . . .

ကိုကို့ကို ဘဝတစ်ခုလုံး ပုံအပ်ပြီး ပန်းအိမ် ချစ်ခဲ့မိ၏။ မှားသွားပြီလို့ ဆင်ခြင်လိုက်ချိန်မှာ အဖြစ်အပျက်သည် ခြေကျွံသလို ဆွဲနုတ်လို့ မရတော့။ ခုမှတော့ ဖြစ်သမျှ အကြောင်း အကောင်းချည်းပဲပေါ့။

"ကိုယ် ပန်းအိမ်ကို အရမ်းချစ်တယ်။ ဘယ်မိန်းကလေးကိုမှ မချစ်ခဲ့ဖူးဘူး။ ရင်လည်း မခုန်ခဲ့ဘူး။ ပန်းအိမ်ကိုတွေ့မှ မြတ်မြတ်နိုးနိုးနဲ့ ချစ်တတ်ခဲ့တာပါ။ ကိုယ် ပန်းအိမ်ဆီက အချစ်ကို မရလို့ မဖြစ်ဘူး။ ကိုယ့် အချစ်ကို လက်ခံပါနော်"

ကဲ့ ကိုကိုရဲ့ စကားသံလေးက နားထဲမှာ စွဲနေ





သည်။ ပန်းအိမ်ကို ကိုကို့ကို ယုံခဲ့တယ်။ သိပ်ချစ်ခဲ့မိတယ် ကိုကို။

"တစ်ပတ်ဆိုတာ ကြာပါတယ်ကွာ။ ကိုကို သန်ဘက်ခါပဲ ပန်းအိမ်ကို လာခိုးမယ်။ မနက်ဖြန်တော့ ကိုကိုနဲ့ ပန်းအိမ်ရဲ့ ဘဝရှေ့ရေးအတွက် စီစဉ်စရာရှိတာ ကိုကို စီစဉ်လိုက်ဦးမယ်"

ကိုကို့ စကားတွေက နားထဲမှာ ပွဲတင်ထပ်နေသည်။ ဒီနေ့ဟာ ကိုကိုပြောတဲ့ သန်ဘက်ခါပေါ့။ ကိုကို တကယ်လာခဲ့မှာလား။

ရင်မောလိုက်တာ ကိုကိုရယ်။



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၇ )

"မင်းဟာကလည်း အခု ရေတွင်းတူး အခု ရေကြည် ထသောက်ချင်တာမျိုးကြီးပါလား ခွန်မိုရာ"

"ငါ . . . ပန်းအိမ်ကို သန်ဘက်ခါ လာခိုးမယ်လို့ ပြောလိုက်တာကွ။ အဲဒါ ဒီနေ့ပဲ ပန်းအိမ် ပျော်နေရှာမှာ။ အိမ်မှာ မေမေကလည်း မန္တလေးက မိန်းမနဲ့ အတင်းပေးစားတော့မယ်။ ငါ ဘယ်လိုမှ နေလို့မရတော့ဘူးကွာ။ ငါ ပန်းအိမ်ကို မခွဲနိုင်ဘူး။ ဆုံးရှုံးလိုက်ရရင် သေမှာ"

"ဟူး . . . အသည်းအသန်ပါလား"

"လိုက်ခဲ့ပါ သူငယ်ချင်းရာနော်။ ငါမှာ တိုင်ပင်စရာ၊ အားကိုးစရာဆိုလို့ မင်းပဲရှိတာ။ ကူညီလက်စနဲ့





ပို့မယ့်ပို့ ကူးတို့ရောက်အောင် ပို့စမ်းပါ။ ဒီမှာ မင်းအလှည့် ကျရင်လည်း ငါ ကူညီမှာပါကွ"

ချစ်ဦး ပခုံးလှုပ်အောင် ရယ်လိုက်မိသည်။ ထို ရယ်မောခြင်းထဲမှာ လျှို့ဝှက်မှုတစ်ခုပါနေတာ ခွန်မို သိမှာ မဟုတ်။ ကိုယ့်အလှည့်ဆိုတာ ရှိလာနိုင်မှာ မဟုတ်တော့ တာ ကိုယ်ပဲ သိသည်။ ချစ်ဦးကို မချစ်တတ်သော ယောကျ်ားလို့ အများက ထင်မြင်ချက်ပေးကြပေမယ့် တကယ်တမ်းမှာ သူ ချစ်တတ်ခဲ့ပါသည်။

သူ့အချစ်က သိုသိပ်ဝှက်ကွယ်ခြင်းများနှင့် ဝိရိ သေသသပ်နေတော့ ဘယ်သူရိပ်မိခဲ့သလဲ။ ချစ်တတ်စ အရွယ်မဟုတ်ဘဲ အချစ်ကို နိဒါန်းစပျိုးမိတာနှင့် အသည်း ကွဲခြင်းမှတ်တိုင်မှာ လေချွန်တမြမြနှင့် ကျန်ရစ်ခဲ့သူက ကိုယ်။

ချစ်သလားလို့ မေးရင် ဟင့်အင်းလို့ပဲ ခေါင်းခါနေမှာ။ အချစ်ဆိုတာ ရယူပိုင်ဆိုင်ခြင်း တစ်ခုတည်းလို့မှ ကင်ပွန်းတပ်လို့ မရတာ။ ရေပြင်ထဲက ကြာကို တပ်မက်စွာ မရမက ခူးတာလည်း အချစ်၊ လမင်းကို ထိုင်ကြည့်ပြီး ပီတိ ဖြစ်ရတာလဲ အချစ်ပဲလေ။

ချစ်ဦး ရင်ထဲက အချစ်ဆိုတာ တပ်မက်မှုကင်းမဲ့ သော လရောင်ငွေး အဝေးပီတိဖြာဆိုတဲ့ အချစ်မျိုးလေ။ ချစ်သူက ဘယ်သူလဲလို့ မေးရင် တစ်ယောက်ယောက်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာလဲဆိုရင် နလုံးသားရပ်ဝန်း တစ်နေရာက။ အခု ဘယ်သွားလဲ မေးလာရင်တော့ ကိုယ်နဲ့ မဆုံစည်းနိုင်သည့် အရပ်ဒေသမှာ။

"ချစ်ဦး"

"အောင်လ"

"ဘာ"

"အောင်လလေ"

"ဟာကွာ . . . ဒီမှာ မိန်းမခိုးဖို့ အကြောင်းပြော နေတာ ဘယ်က အောင်လတော် ပါလာတာလဲ ပြဿနာ ပဲကွာ"

ခွန်မို ခိုးညည်း ညည်းလေ၏။ ချစ်ဦးက ရယ် လျက် . . .

"အောင်လရဲ့ "ပြော" ဆိုတဲ့ သီချင်း မင်း မကြား ဖူးဘူးလား"

"ကြားဖူးတယ်လေ"

"အဲဒါလေ အောင်လဆိုတာ။ ပြောလို့ ပြောတာ"

"ကျွတ်"

အရေးထဲ နောက်နေနိုင်သေးတဲ့ ချစ်ဦးကို ခွန်မို နားရင်းသာ ထတီးလို . . ချင်တော့၏။

"လိုက်ခဲ့ပါကွာ . . နော်"

"နေပါဦး မင်း အဲဒီ . . လာက် . . ပနေရအောင် ငါ





ပါးစပ်က မလိုက်ဘူးလို့ ငြင်းမိသေးလို့လား"

"ဟာ . . . ကွာ"

မျက်နှာငယ်လေးနှင့် တောင်းပန်နေသော ခွန်မို ချက်ချင်း ပြုံးဖြီးဖြီး ထဖြစ်သွား၏။

"ဘာနဲ့သွားမှာလဲ"

"Express နဲ့ လိုက်မယ်လေ"

"မင်းတို့အိမ်က ကားနဲ့လား"

"မင်းက ဘယ်သူ့ကား စီးချင်လို့လဲ"

"မဟုတ်ဘူးလေ ဂိတ်မှူးကို ကြိုဖုန်းဆက်ဖို့ ပြော မလို့။ တော်ကြာ . . . မမီမှ ဟုတ်ပေ့ဖြစ်မယ်"

ခွန်မို ထိုင်ခုံနောက်ကို မှီချပြီးမှ ပြန်ငှဲကြည့်က-

"အဲဒီလိုလုပ်ရင် အိမ်ကို သတင်းပေါက်မှာ အခု ငါကို ကားနောက်မလိုက်ခိုင်းတော့ဘူး။ ပန်းအိမ်နဲ့ ကိစ္စကို မေမေ ဘယ်လိုသိသွားလဲ မသိဘူး။ ဒေါကန်နေတာ"

"မင်းအဖေ သံတော်ဦးတင်သလားမှ မသိတာ"

"မဟုတ်ဘူး ချောစု ရိပ်မိသွားလို့ ချွန်တာပဲ ဖြစ် မယ်။ ပန်းအိမ်ပြန်တော့ သူနဲ့ ငါ ကားဂိတ်မှာ ဆုံတယ်။ ပန်းအိမ်ကို လာနှုတ်ဆက်တာလား လွမ်းကျန်ခဲ့ဦးတော့ မင်းသားရေတဲ့ ငေါ့သွားတာလေ"

အဲဒါ ဖြစ်နိုင်တာပဲ။ မြို့ထဲမှာ လိုက်လည်တဲ့နေ့က ချောစု၊ ခွန်မိုနဲ့ ပန်းအိမ် ပျောက်နေတာကို မသင်္ကာဖြစ်နေ

www.burmeseclassic.com



တာ ချစ်ဦး သိတာပေါ့။

ချစ်ဦးနဲ့လည်း စိတ်မချဖြစ်နေလို့သာ ကိုယ့်နောက်ကပ်လိုက်နေတာ။ ဘာမှ သိပုံမပေါ်တာက မြမိုးနွယ်။ ပန်းအိမ်နဲ့ ခွန်မို ငြိမှ ကိုယ့်ကို စိတ်ချနိုင်မှာမို့ ဖုံးကွယ်ထားတာဖြစ်နိုင်သည်။

"ဒါဆို ဖြုတ်စချင်းတောင်း ထလိုက်မယ်ပေါ့"

"မင်းသာ အဆင့်သင့်စောင့်နေ ငါ လာခေါ်မယ်"

ပြောပြီး ခွန်မို ပြန်လာခဲ့သည်။ အိမ်ရောက်တော့ အသာလေး ကုပ်နေပြလိုက်တာ။ မိဘစကားကို နားထောင်တော့မယ့် သားလိမ္မာလေးလို။ ရင်ထဲမှာ ဖောင်းပွနေတာကိုတော့ မေမေ မရိပ်မိ။ မိဘပေးစားတဲ့ မိန်းမကို ကောက်ယူတဲ့ခေတ်က ကုန်သွားပြီလေ။

နှလုံးသား မပါဘဲ ရင်ဘတ်ဗလာနဲ့ ဘယ်လိုပေါင်းသင်းရမလဲ။ ပြီးတော့ ကိုယ့်နှလုံးသားက ပန်းအိမ်မှ ပန်းအိမ်။ ဒီတစ်ည အိပ်ပျက်ခံပြီး နောက်နေ့မှာတော့ မေမေ မသိရအောင် . . .

"ဦးဆင့်လား"

". . ."

"ကားထွက်တော့မလား"

". . ."

"ကျွန်တော် အရေးကြီးတဲ့ ကိစ္စရှိလို့။ တစ်နာရီ



အတွင်း ရောက်အောင်လာခဲ့မယ်။ ကျေးဇူးပြုပြီး ကားမထွက်ပါနဲ့ဦးနော်"

". . ."

"ကျွတ် . . . လျှာရှည်လိုက်တာဗျာ။ စောင့်ဆိုစောင့်နေပေါ့"

". . ."

"စောင့်နေနော် . . . ဒါပဲ"

ခွန်မို ဖုန်းကို အိပ်ရာပေါ်သို့ ပစ်ချပြီး အဝတ်လဲလိုက်သည်။ မိုးထွက်ရတာဆိုတော့ ဆိုင်ကယ်နားရောက်မှ ဖုန်းကျန်ခဲ့တာကို သတိရသွား၏။ နေပါစေတော့။

ချစ်ဦးကို ဝင်ခေါ် ကားဂိတ်သို့ ဒုန်းစိုင်းရပြန်သည်။

"ဆိုင်ကယ် အရှိန်လျှော့ဦးကွ။ တော်ကြာ နှစ်လောင်းပြိုင်"

"ဟေ့ကောင် . . . ပါးစပ်ပုပ်ကြီးနဲ့ မပြောနဲ့ ကိုယ့်ဘေးကိုယ် သိတယ်"

"ပြီးရောကွာ"

ကားဂိတ်ရောက်တာနှင့် . . .

"ဦးမြင့်သန်း"

"ဟေ"

ဂိတ်မှူး ဦးမြင့်သန်းရှေ့သို့ ဆိုင်ကယ်သော့ကို ပစ်တင်ပေးလိုက်ပြီး . . .

www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကို ဆိုင်ကယ် ပြန်ပို့ပေးလိုက်ပါ"

"ဟော့ . . . မင်းက ဘယ်ကိုလဲ"

ခွန်မို နောက်ပြန်လက်ပြကာ ကားပေါ်ကို ဝရုန်းသုန်းကား တက်ခဲ့၏။ ချစ်ဦးက ကားပေါ် ရောက်နှင့်နေပြီ။

"ဦးဆင့်ရေ . . . ထွက်တော့"

ကားထွက်သွားတာကို ဂိတ်မှူး ဦးမြင့်သန်း ကြောင်ကြည့်နေရာမှ . . .

"ဟာ . . . ဒီကောင်လေးတော့"

ဦးမြင့်သန်း စုတ်သပ်ပြီး မျက်နှာကြီးက ရှုံ့မွှမွှ။ ဆရာက ပထမကားနဲ့ ပါသွားပြီ။ သူ့သား ရန်ကုန်ဆင်း လိုက်မှာကိုသိမှာ မဟုတ်။ ဆရာကတော်က ခွန်မိုကို လက်ထပ်မပြီးခင် ဘယ်မှ မသွားရဘူးလို့ အမိန့်ထုတ်ထားတာ သူတို့အသိ။ ခက်တာပဲ။ ပြဿနာက မီးနိုးတန်းလျှောက် ဖြစ်ကုန်တော့မည်။





အခန်း ( ၁၈ )

သန်ဘက်ခါဆိုတဲ့ နေ့ရက်ကုန်သွားပြီ။ ဒီနေ့များ ရောက်လာမလား။ ကိုကို ပန်းအိမ်ကို ညာခဲ့တာလားလို့ တွေးပြီး စိတ်ပူမိပေမယ့် တစ်ဖက်မှာလည်း ယုံကြည်မှုတွေနှင့် ဘဝကို ပုံအပ်ချစ်ခဲ့ပြီးမှ စိုးထိတ်မှုတွေက တစ်စိတ်တစ်ဒေသ ဝင်လာတာ။ ဘာမှ မဖြစ်ခဲ့ကြရင်တော့ အကောင်းသားပေါ့။ ကိုကိုရယ် ပန်းအိမ်ရဲ့ဘဝကို ရေနစ်သူ ဝါးကူထိုးတာတော့ မဟုတ်ပါဘူးနော်။ ကိုကို ပန်းအိမ် ယုံတယ်။ ကိုကို ရောက်လာမှာပါ။

"ပန်းအိမ်"

". . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . ပန်းအိမ်"

"အင် . . . ရှင်"

"ဘာဖြစ်နေတာလဲ စိတ်နဲ့ကိုယ်မကပ်ဘူး"

မြမိုးနွယ် လက်ကို ဆောင့်ဆွဲမှ ပန်းအိမ် လွင့်မျောနေတဲ့ စိတ်တို့ ခန္ဓာကိုယ်ထဲသို့ ပြန်ရောက်ပူးကပ်သည့်အဖြစ်။

"ဒီမှာ ဝယ်ထားတဲ့ ပန်းသီးတွေ ခြင်းထဲယူထည့်လေ"

"ဟုတ် . . . ဟုတ်ကဲ့"

"မြင်ရတာ ရည်းစားပူမိနေတဲ့ ရုပ်နဲ့"

ဟုတ်တာပြောလို့ စိတ်မလုံစွာ မျက်လွှာချပြီး ပန်းသီးတွေကို ခြင်းထဲသို့ ထည့်၏။

"ပြီးရင် . . . လာ"

ပန်းအိမ် မမနောက်မှ လိုက်ခဲ့ရပြန်၏။

"ဟာ . . . ဟိုမှာ ပန်းအိမ်"

တိုက်ဆိုင်ချင်တော့ အဲဒီလို။ လိုအပ်တာလေးတွေ အရင်ဝယ်ပြီးမှ သွားမလို့။ ခုတော့ တွေ့တုန်း တစ်ခါတည်း ပွဲသိမ်းပစ်မှ။

"မြမိုးနွယ်ပါနေတယ်ကွ"

"ဘာဖြစ်လဲကွာ။ သူလစ်တာနဲ့ ဆွဲပြေးရုံပဲ။ မျက်ခြည်မပြတ်ဖို့က အရေးကြီးတာ"



"ဟာ"

ရှေ့ဆက်မည့် ခြေလှမ်းတွေကို ချစ်ဦး တားဆီးပစ်လိုက်၏။

ခွန်မိုက "ဘာလဲ" ဟု မေးဆတ်လေလျှင် . . .

"ဟိုမှာ . . . မင်းမေမေရဲ့ လူယုံတော်တွေ မဟုတ်လား"

"အဲ . . . "

လှစ်ခနဲ မြင်လိုက်တာနဲ့ ဖျတ်ခနဲ ကျောခိုင်းလိုက်တဲ့ ခွန်မို တစ်ဆက်တည်း ရင်ဘတ်မှာ နွေကမ္ဘာ၊ နေကမ္ဘာဖြစ်တည်လို့ မေမေအားကိုးတဲ့ မေမေ့ရဲ့ လက်ကိုင်တုတ်တွေ။ ဒါ မေမေသိသွားလို့ လွှတ်လိုက်တာဖြစ်မှာပေါ့။

"ချစ်ဦး"

"တို့ ဘယ်လိုလုပ်ကြမလဲ ခွန်မို"

"ငါ ပြောတာကို နားထောင်"

"အင်း . . . ပြော"

"မင်းနဲ့ ငါ လူခွဲကြမယ်။ သူတို့ ငါ့ကို တွေ့သွားလို့ မဖြစ်ဘူး။ ပန်းအိမ်ကို မင်းရအောင် ခေါ်လာခဲ့ပေးကွာ။ ငါ ဂိတ်ကနေ ဟန်မပျက်ပြန်စောင့်နေမယ်။ မင်း ရောက်လာမှ ပန်းအိမ်ကို ခေါ်ပြီး **လစ်မယ်**"

"အေးပါ"

ခွန်မိုနှင့် ချစ်ဦး လူခွဲလိုက်ကြသည်။ ချစ်ဦး ပန်း

www.burmeseclassic.com



အိမ်နောက်သို့ မျက်ခြည်မပြတ် လိုက်ရခြင်းမှာ ကိုယ့်ကိုယ်ကိုယ် ဘယ်ဇာတ်ရုပ်မှာ ဝင်ပြီး သရုပ်ဆောင်နေမှန်းမသိ။ စိုးရိမ်ပူပန်ခြင်းတွေက ဘယ်သူ့အကွက်လဲ မဝေခွဲတတ်။

အချစ်ဆိုတာကို သူက အရှေ့၊ အနောက်၊ တောင်၊ မြောက် ဘယ်မှာ မသိပါဘူး။ နင်သာ လူမိုက် ဒူးဆစ်အရိုက်ခံရမည့်သူ မဟုတ်တော့။ ချစ်တတ်သူတွေကို ကိုယ်ချင်းစာစိတ် ဖာဖွားဖွားနှင့် ခြေလှမ်းတွေက သွက်မှ သွက်။ ချစ်တဲ့သူတွေ ဆုံစည်းကြပါစေ။

ဆွဲခြင်းကို မနိုင်မနင်းမလျက် မြမိုးနွယ် နောက်ကို တကောက်ကောက် လိုက်နေရသော ပန်းအိမ် မြင်နိုင်တာကို လှည့်ကြည့်ပါဦးလား။ သူမမြင်တော့ ကိုယ်ကပဲ ဖွင့်ရှာဖမ်းရမည်ပေါ့။

"ပန်းအိမ်"

"ဟင် . . . ရှင် . . . ကိုကြီး"

"လာ . . . ကိုယ်နဲ့လိုက်ခဲ့။ ခွန်မို စောင့်နေတယ်"

"သူက ဘာလို့လိုက်မလာတာလဲ"

ကြောက်ကြောက်လန့်လန့်ကြားမှ မေးဖြစ်အောင် မေးလိုက်သေး။

"သူ့အိမ်က သိသွားပြီး လိုက်လာကြလို့ ခဏ ရှောင်နေတာ"

"သြော်"

ရွှေပေလော



"လာ"

ပန်းအိမ်က နောက်ကို တစ်ချက်ပြန်ကြည့်၏။ မြမိုးနွယ်ရှေ့မှာ မဲပြီး ဈေးဝယ်နေတုန်း . . .

"ဆွဲခြင်းကြီးက ထားခဲ့လေကွာ"

"ဖြစ်ပါ့မလား . . . အထဲမှာ"

"ပေး"

ပန်းအိမ် စကားမဆုံးခင် ဆွဲခြင်းကို ဆွဲယူပြီး ချစ်ဦး မြမိုးနွယ်ရှိရာသို့ လျှောက်သွားလိုက်သည်။ ပြီးတော့

"မြမိုးနွယ်"

မြမိုးနွယ် လှည့်ကြည့်လာတော့မှ . . .

"ဟင် . . . ကိုချစ်ဦး"

"ဒီမှာ ဆွဲခြင်းထားခဲ့မယ်"

"ကိုချစ်ဦး"

ချစ်ဦး ဆွဲခြင်းကို မြမိုးနွယ်ရှေ့မှာ ချပေးခဲ့ပြီး လှည့်ထွက်လာကာ . . .

"လာ . . . ပန်းအိမ်"

"အို . . . ကိုချစ်ဦး အဲဒါ ဘာလုပ်တာလဲ၊ ပန်းအိမ်နင်က ဘယ်ကိုလဲ"

မြမိုးနွယ်ခေါ်ပေမယ့် ချစ်ဦးက ပန်းအိမ်လက်ကို ဆွဲပြေးပြီ။ မြမိုးနွယ် ထင်လိုက်တာက ချစ်ဦး ပန်းအိမ်ကို ခိုးပြေးပြီပေါ့။ ခွန်မိုနဲ့ ချစ်ဦး ပန်းအိမ်ကို ဝိုင်းပြီး ဂရုစိုက်နေ

ရွှေပေလော

www.burmeseclassic.com

www.burmeseclassic.com



တဲ့ကြားမှာ ဘယ်သူက ပန်းအိမ်ကို ချစ်နေမှန်း ပြမိုးနွယ် မသိခဲ့ပေ။ ပန်းအိမ်ကလည်း ကြည့်တော့ မရုတ်တတ်တဲ့ ကြောင် မပေါင်တတ်တဲ့ခွေး။

ခုတော့ ပါသွားပြီ။ အေးတာပဲ။ အဲဒါမှ သူတို့ကို အကြောင်းပြပြီး သူနဲ့ ခွန်မို ဆက်လက် ခင်မင်ရင်းနှီးခွင့် ရမှာ။ ရွှေလမ်းငွေလမ်း ဖောက်သင့်ရင် ဖောက်ပေါ့။

ကျေးဇူးတောင်တင်သေး။

"မြန်မြန်လာပါ ပန်းအိမ်ရဲ့"

"လာနေတာပဲ ကိုကြီးရဲ့။ ဒီမှာ ဖိနပ်က မပြုတ်အောင် မနည်းထိန်းစီးနေရတာ"

"ဒုက္ခပဲ"

ချစ်ဦး ငုံ့ကြည့်တော့ ပန်းအိမ် ဖိနပ်ကလေးက ပါးနေပြီကိုး။

"ကဲလာ"

ပန်းအိမ်ကို လက်ဆွဲပြီး နီးစပ်ရာမှာ ဖိနပ်တစ်ရံ ဝယ်ပေးရ၏။ တကယ့်ကို ဆံထုံးထုံးရ ဆီစိုက်ရပါလား။ ခွန်မိုတော့ နောက်က လိုက်တဲ့သူတွေနဲ့ လွတ်အောင် ရှောင်နိုင်ပါ့မလား။ တစ်ဖက်ကိုလည်း စိတ်ပူရသေး။

သူများအကျိုးဆောင် ကိုယ့်အကျိုးအောင်တဲ့။ ကိုယ့်အကျိုးအောင်ဖို့က နှလုံးသားရပ်ဝန်းဒေသမှာ မိုးခေါင်နေပြီ။ တိမ်ငိုမှ ပိတောက်တွေ ပြုံးခွင့်ရမယ့်ဒေသနမှာ



ကိုယ်က တိမ်ညိုမှိုင်းအုံ့ဆိုင်းပြီး ရင်ဘတ်တစ်ခုလုံးကို စုတ်ဖြဲပြီး ငိုချပေးမယ့် တိမ်ပေါ့။

"ကိုကြီး"

"ဟေ"

"ကိုကိုက ဘယ်မှာစောင့်နေမှာလဲ"

"သူ အဝေးပြေးကားဂိတ်မှာ စောင့်နေလိမ့်မယ်။ ဘာလဲ မင်းကို ကိုယ်က ညာခေါ်လာတယ် ထင်လို့လား"

"မထင်ပါဘူး"

"မထင်ရင်ပြီးတာပဲ"

သူတို့နှစ်ယောက်မှာ တလွှားလွှားပြေးနေရသလို ခွန်မိုမှာလည်း ပြေးရတာ ချွေးတွေထွက်လွန်းလို့ အင်္ကျီ ချွတ်ပြီး ရေညှစ်လို့ ရနေပြီ။ အချစ်ဇာနဲ့ မောနေရတဲ့လူ။ ခွန်မိုလမ်းကို ဖြတ်ကူးလိုက်တော့ . . .

"ဟာ"

ဘယ်လိုမှ ရှောင်ချိန်မရအောင် အနားရောက်လာသော ကားတစ်စီး ခွန်မို မျက်လုံးကို စုံမှိတ်ချပစ်လိုက်တော့၏။

"ဒုန်း"

"အား"

သွားပြီ။ ကံကြမ္မာရယ် ရက်စက်လွန်းပါ့။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၉ )

"ကျွတ် . . . သေသေချာချာ ပြောထားပြီး ဒီကောင် ဘယ်ကိုခြေရှည်နေတယ် မသိဘူး"

အဝေးပြေးကွင်းထဲမှာ ချစ်ဦး ခွန်မိုကို ပတ်ရှာည။ ဘယ်မှာမှ မတွေ့။ သေသေချာချာ မှာထားလျက်နဲ့ ဒီကောင် ဘာများဖြစ်နေပါလိမ့်။ ပြန်လိုက်ရှာဖို့ကလည်း ပန်းအိမ်ကို ထားခဲ့လို့မဖြစ်။ ခွန်မို့နောက်ကိုလိုက်တဲ့ အဖွဲ့သာ အဝေးပြေးကွင်းထဲကို ပြန်ရောက်လာတယ်။ ခွန်မိုတို့ အစအနောက်တောင် မမြင်ရ။

ဦးဆင့်ကို မေးကြည့်တော့လည်း ပြန်မလာဘူး





တဲ့။ စိုးရိမ်စိတ်က ငယ်ထိပ်တက်ဆောင့်ပြီ။ ခွန်မိုက ဒါဆို ဒါသမားမို့ ပြန်ရောက်လာမှာကတော့ ကျိန်းသေ၊ စောင့် ရင်း စောင့်ရင်းနဲ့ အချိန်က တစ်စတစ်စ ကုန်လွန်လာခဲ့ပြီ။ ပန်းအိမ်ကို ငဲ့ကြည့်တော့ ငိုမဲ့မဲ့လေး ဒုက္ခပါပဲ။

"ခွန်မို တစ်ခုခုများ ဖြစ်နေသလား"

"ပန်းအိမ်တို့ ဘယ်လိုလုပ်ကြမလဲဟင် ကိုကြီး"

"ဘာဖြစ်လို့လဲ"

"တစ်ခုခုကို စိုးရိမ်နေသလိုပဲ စိတ်တွေ လေးနေတယ်"

"အယူသည်းမနေစမ်းပါနဲ့ ပန်းအိမ်ရယ်။ ခွန်မို ပြန်လာမှာပါ"

ပန်းအိမ် တရှုပ်ရှုပ်နှင့် ငိုလေတော့ ချစ်ဦး ဘယ်လိုမှနေလို့မရ။ အခုမှ တိုင်းပဲ ထမ်းရမလို အီးပဲ နမ်းရတော့မလို၊ ရင်ခွင်ထဲမှာ ထွေးပိုက်နှစ်သိမ့်ပေးဖို့ကလည်း မသင့်တော်။ သနားတာ ဘယ်လိုဖြန့်ခင်းပြရမလဲ။

ခွန်မို . . . မင်း မြန်မြန်လာပါတော့၊ ဘယ်သူ့ကို တိုင်ပင်၊ ဘယ်သူ့ကို အကူအညီတောင်းရမှန်း မသိဖြစ်ချိန်မှာ . . .

"ချစ်ဦး"

"ဗျာ . . . ဦးဆင့်"

"ခွန်မိုရော"



www.burmeseclassic.com

www.burmeseclassic.com



"အခုထိ ရောက်မလာသေးလို့ ကျွန်တော်လည်း စိတ်ပူနေတာ"

ဦးဆင့်က မျက်ရည်တစ်ဖက် နပ်တစ်ဖက်ဖြစ်နေသော ပန်းအိမ်ကို တစ်ချက်ငေ့ကြည့်လျက် . . .

"သူက ဘယ်သူလေးလဲ ချစ်ဦး"

မပြောမဖြစ် မတီးမဖြစ် အခြေအနေမို့ . . .

"ဦးဆင့်"

"ဟေ"

"ကျွန်တော် ပြောပြမယ် ဦးဆင့် ဘယ်သူ့ကိုမှ လျှောက်မပြောရဘူးနော်။ နှုတ်လုံမှဖြစ်မှာ"

"အေးပါကွ။ စိတ်ချ . . . ငါက အရက်သမားကြိုက်တာ စကားရောင်း စကားဝယ်လုပ်တာတော့ ဝါသနာမပါဘူး"

ချစ်ဦး ဦးဆင့်ကိုယုံပါသည်။ ဒီလူက စကားနည်းတော့ ပြဿနာမရှိ။

"ကျွန်တော်တို့ ဒီရန်ကုန်ကို မိန်းမလာခိုးတာဗျ"

"ဟေ"

ဦးဆင့် မျက်နှာကြီးပြုံးသွားပြီး . . .

"ဩော် . . . မင်းတောင် ဖိုးစွံကြီးဖြစ်ပြီကိုး။ ဒါမှ ပေါ့ကွာ တီတွန်တယ်ဆိုတာလေ"

"ဟာ . . . ဦးဆင့် ဘာတွေလျှောက်နေပြောနေ





တာလဲ။ ကျွန်တော် စွံတာမဟုတ်ဘူးဗျ။ ခွန်မို စွံတာ။ ပန်းအိမ်ကို ခွန်မို ခိုးတာ။ ကျွန်တော်က အဖော်လိုက်လာတာဗျ"

"အဲဒါမှ ပြဿနာ"

"ဘာလဲဗျ"

ပန်းအိမ်ကို ဦးဆင့်က အကဲခတ်သလိုကြည့်ကာ ချစ်ဦးကို တိုးတိုးကပ်ပြောလိုက်သည်။

"ခွန်မိုအမေက မလွယ်ဘူးကွ။ မင်းအပေါ် အဖတ်တင်နေဦးမယ်"

"ဟောဗျာ . . . ခဗျားကလည်း"

"ခင်ဗျားကလည်း လုပ်မနေနဲ့။ ကားက ထွက်တော့မှာ။ ခွန်မိုကို စောင့်နေလို့ မဖြစ်ဘူး။ မင်းတို့ ပြန်လိုက်မှာလား။ ခွန်မို သူ့ဘာသာ လိုက်လာလိမ့်မယ်လေ"

ချစ်ဦး သက်ပြင်းမောကြီး မှုတ်ထုတ်လိုက်၏။ ဟိုစိတ်ပူ ဒီစိတ်မချနဲ့ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့။ ခွန်မို ဘာဖြစ်နေတာလဲ ပြန်ရှာချင်ပေမယ့် ပန်းအိမ်ကို ပြန်ခေါ်သွားလို့လည်းမဖြစ်။ ထားလို့လည်း မရ။

"ကဲ . . . ပန်းအိမ်"

"ရှင်"

"သွားရအောင်"

နောက်ဆံတင်းတင်းနှင့် ပြန်ရသည့် လမ်းခရီး



www.burmeseclassic.com

www.burmeseclassic.com



မှာ နှစ်ယောက်စလုံး မျက်နှာမကောင် စကားမဆိုဖြစ်ကြ၏။ အိမ်ကိုရောက်တော့ ချစ်ဦး ကိုစိုင်းလှူရဲ့အမေ ဒေါ်နန်းရှီလာကို သွားခေါ်ပြီး ပန်းအိမ်နှင့် အိပ်စေလျက် သူကတော့ မြို့ထဲမှာ ကိုစိုင်းလှူနဲ့သွားအိပ်၏။

တစ်ရက် . . . နှစ်ရက် . . . သုံးရက်မှ တစ်ပတ်ကြာလာသည့်တိုင် ခွန်မို သတင်းကို ဘာမှ စုံစမ်းလို့မရ။ သူ့အိမ်က လူတွေ လွှတ်ပြီး စုံစမ်းကြသလို ချစ်ဦးကိုယ်တိုင်လည်း ရာပုံတော်ဖွင့်ခဲ့၏။ ချစ်ဦးနဲ့ ခွန်မို အတူတူထွက်သွားကြပြီး ခွန်မိုပျောက်နေတော့ သူ့မိဘတွေက ချစ်ဦးကို အပြစ်တင်ကြသည်။

တင်ကြပါစေ။ မတော်တဆထဲမှာ ပြန်မရှာမိတာသည် ကိုယ့်အပြစ်။ မယုံသင်္ကာ မျက်ဝန်းတွေကြားမှာ ကိုယ်အနေခက်တာထက် ပန်းအိမ်ကို ပိုသနား၏။ ခွန်မို မရှိတော့ ကိုယ့်အိမ်မှာ ခေါင်တင်နေပြီ။

"ပန်းအိမ် အိမ်ကိုလည်း မပြန်ရဲဘူး။ ဘာလုပ်ရမလဲ။ ပန်းအိမ် ဘာလုပ်ရမလဲ ကိုကြီးရယ်"

"စိတ်အေးအေးထားပါ ပန်းအိမ်။ ကိုကြီးတို့ စိတ်ရှည်ရှည်ထားပြီး စောင့်ကြတာပေါ့။ ခွန်မို တစ်ခုခု ဖြစ်တာတော့ ကျိန်းသေတယ်။ မဟုတ်ရင် သူ ပြန်လာမှာ။ သူ ပန်းအိမ်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ကိုယ် အသိဆုံးပဲ"



"ပန်းအိမ်တော့ သေသာသေလိုက်ချင်တော့တာပဲ"

တသိမ့်သိမ့် ရှိုက်ငိုနေသော ပန်းအိမ်ကို သနားကရုဏာစိတ်နှင့် ချစ်ဦး မျက်ရည်တွေ သုတ်ပေးကာ . . .

"မငိုပါနဲ့ ညီမလေးရယ်။ ခွန်မို အသက်ရှင်လျက်ရှိနေသေးရင် တစ်နေ့ ပြန်လာမယ်လို့ ကိုကြီး ယုံကြည်တယ်"

"တကယ်လို့ သူ ပြန်မလာခဲ့ရင်ရော ဟင်"

ချစ်ဦး မျက်လုံးကို စုံမှိတ်၍ သက်ပြင်းချလိုက်မြန်၏။ သက်ပြင်းတွေသာ ပုတီးလုံးဆိုရင် တစ်နေ့ တစ်နေ့ သူချမိတဲ့ သက်ပြင်း ပုတီးလုံးတွေ တစ်ရာ့ရှစ်လုံးမကမှာ သေချာပါ၏။

"အဲဒီလို ဖြစ်လာခဲ့ရင်တော့ ခွန်မိုနဲ့ ပတ်သက်ပြီး တာဝန်အရှိဆုံးလူက ကိုယ်ပါ။ ကိုယ် ပန်းအိမ်ကို ညီမလေး တစ်ယောက်လို့ စောင့်ရှောက်ပါ့မယ်။ ပန်းအိမ် ဒီမှာပဲ နေပါ"

"မဖြစ်နိုင်ဘူး ကိုကြီးရယ်"

"ဘာလို့မဖြစ်နိုင်ရမှာလဲ"

"ပန်းအိမ်အတွက်နဲ့ ကိုကြီးကို တာဝန်မပိုစေချင်ဘူး။ ပြီးတော့ . . ."

စကားစကို ဖြတ်ပြီး ပန်းအိမ်က သူ့ကို မော့ကြည့်သည်။ မျက်ဝန်းလေးတွေက ရီဝေ ဆွေးမြည့်ခြင်းနှင့် မှေး

www.burmeseclassic.com

www.burmeseclassic.com



မှိန်နေသလို။

"ပြီးတော့ဘာဖြစ်လဲ . . . ပန်းအိမ်"

"ပတ်ဝန်းကျင်ဆိုတာရှိသေးတယ် ကိုကြီး။ ကိုကြီးနဲ့ပန်းအိမ် တစ်မိုးအောက်မှာ အတူရှိနေကြတာကို ပတ်ဝန်းကျင်က ဘယ်လို မျက်လုံးမျိုးနဲ့ ကြည့်ကြမလဲ။ ကိုကြီးရဲ့ သိက္ခာကို ထိပါးစော်ကားလာကြရင် ကိုကြီး သည်းခံနိုင်မှာ မဟုတ်သလို ပန်းအိမ်လည်း စိတ်ကောင်းနိုင်မှာ မဟုတ်ဘူးလေ"

"ဟား"

အသက်ကို ဝအောင်ရှူပြီး ခေါင်းငိုက်စိုက်ချမိတာ ကိုယ့်အတွက် ပူပန်တာမဟုတ်။ ကံကြမ္မာဆောင့်နှင်းထိုက်တဲ့ ခြေတစ်လှမ်းကြားမှာ ကျိုးနင်းထောက်ပဲ့ဖြစ်ရမှာက ပန်းအိမ်ရဲ့ ဘဝ၊ မိန်းမသားတို့ရဲ့ ဂုဏ်သိက္ခာပုဒ်ကြီးအောက်မှာ လူတကာ မေးငေါ့တံတွေးထွေးခံရမယ့် အဖြစ်မျိုး ပန်းအိမ်ကို အဖြစ်မခံနိုင်ပါ။

အားကိုးရာမဲ့တစ်ကောင်ကြွက် ဆိုပြီး ဖြစ်သလိုထိုးကြိတ်ထားရအောင် ပန်းအိမ်က အရုပ်ကလေးမှ မဟုတ်တာ။ အရုပ်ကလေးဆိုရင်တောင် သင့်တော်ရာ နေရာတစ်ခုမှာ ရှိနေသင့်သည့် စင်ဒရဲလားရုပ်ကလေး။ ကိုယ့်မှာလည်း ဥပေက္ခာ နှလုံးသားကို ပိုင်ဆိုင်ထားသူ မဟုတ်တော့ . . .



"ကိုကြီး အဆင်ပြေအောင် ကြည့်စီစဉ်ပေးပါ့မယ် ပန်းအိမ်။ ပန်းအိမ် ရှေ့ဆက်လျှောက်ရမယ့် လမ်းခရီးကို စိန်စီလမ်း၊ ပန်းခင်းလမ်း ခင်းမပေးနိုင်ရင်တောင် ကိုကြီး ကတ္တရာလမ်းတော့ ခင်းပေးနိုင်အောင် ကြိုးစားပါ့မယ်"

"ပန်းအိမ် ဘဝ အကျိုးပေးမကောင်းတာပါ"

"လူ့ဘဝဆိုတာ နိမ့်ချည်တစ်ခါ သာချည်တစ်လှည့်ပေါ့ ပန်းအိမ်ရယ်။ အမြဲတမ်း ကံဆိုးခြင်းတွေကိုပဲ တွေးပြီး အားငယ်မနေပါနဲ့။ လမိုက်ညတွေကို ကျော်လွန်သွားရင် လမင်းရဲ့ အလင်းရောင်ဆိုတာ ကမ္ဘာမြေပြင်ကို ဖြန့်ကျက်လာစမြဲပါ"

"အခုချိန်မှာတော့ ကိုကြီးက ပန်းအိမ်ဘဝမှာ ဇယောင်းတိုင် တစ်တိုင်ပါပဲ"

ချစ်ဦး လွန့်ခနဲ ပြုံးလိုက်မိသည်။ မင်းမသိလို့ပါ ပန်းအိမ်ရယ်။ ကိုယ်က မင်းဘဝထဲက ပူလောင်ခြင်းတွေကို ထာဝရ အရိပ်လိုက်မိုးပေးနေတဲ့ ထီးတစ်လက်ပါ။ သစ်ရိပ်ဝါးရိပ်လို နားပြီး ထားခဲ့တဲ့ အခါမှာ ဒီတိုင်း ကျန်ခဲ့မယ့် ကောင်မျိုးမဟုတ်ဘူး။ အလင်းရောင်ဆိုရင်လည်း မင်း အားကိုးတကြီး ကိုင်ထားသရွေ့ လိုက်ပါနေမယ့် မီးအိမ်တစ်လုံး၊ ဓာတ်မီးတစ်လက်ပေါ့။

ချစ်ဦး စိတ်တွေ ဆောက်တည်ရာမရ ဖြစ်လာကာ ဦးဆင့်ဆီကို ထွက်လာခဲ့သည်။ အခုချိန်မှာ သူ့ ဦးဆင့်မှ

www.burmeseclassic.com



လွှဲပြီး တိုင်ပင်စရာ လူမရှိ။

"အခု မင်း ဘယ်လိုလုပ်မလဲ ချစ်ဦး"

"ဘယ်လို လုပ်ရမှန်းမသိလို့ ခင်ဗျားကို လာတိုင်ပင်တာလေ"

"ခက်တာပဲကွာ"

ဦးဆင့် ခေါင်းကိုသာ စုံချကုတ်လေ၏။ ပြီးမှ . . .

"ငါ ပေးနိုင်တဲ့ အကြံတစ်ခုပဲ ရှိတယ်"

"ဘာလဲ . . . ဦးဆင့်"

ချစ်ဦး ဦးဆင့် အနားသို့ တိုးကပ်ထိုင်လိုက်သည်။

"ကောင်မလေးကို မင်းပဲ ယူလိုက်တော့"

"ဟာ . . . ဗျာ"

"ဟာဗျာ လုပ်မနေနဲ့။ အဲဒါကအဖြစ်နိုင်ဆုံးပဲ ချစ်ဦး။ ခွန်မိုဲ နောက်မှ ပြန်လာခဲ့ရင်တောင် ပြဿနာကဖြေရှင်းဖို့ အချိန်မမီဘူး။ မင်း စဉ်းစားကြည့်လေ။ ကောင်မလေး အိမ်ပြန်ဖို့ဆိုတာလည်း ဘယ်လိုမှ မဖြစ်နိုင်ဘူး။ မင်း စောင့်ရှောက်ထားရင်ရော ပတ်ဝန်းကျင်က မင်းတို့နှစ်ယောက်ရဲ့ ကိုယ်ကျင့်တရားကို မှတ်ကျောက်တင်ကြည့်မှာမှ မဟုတ်တာ။ မသင်္ကာတဲ့ မျက်လုံးတွေနဲ့ ကြည့်ပြီး ပြောင်မပြောတောင် တွယ်ရာမှာ အတင်းတုပ်ကြမှာ။ တိတ်တိတ်ပုန်းတို့ ဘင်္ဂလားမောင်နှမတို့လေ။ မင်းက ယောကျ်ားလေးမို့ မမှုဘူးထားတော့ တစ်ဖက်က မိန်းကလေး"



"ကျွတ် . . . စိတ်ညစ်ပါတယ်ဗျာ"

ချစ်ဦး စိတ်ညစ်တာမှ ဘာနဲ့မှ လျှော်ဖွတ်လို့ မရ။ ရေမရှိတဲ့ချောင်းမှာ နွားခေါင်းဖော်ပြီး သေလိုက်ချင်တော့၏။

"မင်း သေသေချာချာ စဉ်းစားဦး ချစ်ဦး။ ကောင်မလေးကို ငါ သမီးချင်း စာနာတဲ့စိတ်နဲ့ ပြောကြည့်တာ။ မင်းနမချင်းစာနာပြီး ကောင်မလေးကို လက်ထပ်လိုက်ပါကွာ။ ခွန်မိုနဲ့ကိစ္စကိုတော့ စိတ်ချ ငါ ဘယ်သူ့ကိုမှ မပြောဘူး"

"ဟင်း . . ."

ဦးဆင့် ပြောတာက မှန်နေသဖြင့် ချစ်ဦး အကျပ်ရိုက်နေသည်။ အိမ်ကို ပြန်လာတဲ့လမ်းမှာ ရင်းနှီးသော မိတ်ဆွေတစ်ဦးက တိုးတိုးကြိတ်ကြိတ်မေးသွားသေးသည်။

"အချို့က ပြောနေကြတယ်။ မောင်ချစ်ဦး မိန်းမနိုးလာတယ်ဆို။ ကောင်မလေးက တယ်ချောဆိုပဲ။ ဂုဏ်ယူတယ်။ မင်္ဂလာဆောင်ရင် အဒေါ်တို့ကို ဖိတ်ဦးနော်" တဲ့။

တဲ . . . ချစ်ဦး ဘာလုပ်ရမလဲ။ ခေါင်းမညိတ်ခေါင်းမခါလုပ်ခဲ့တာပဲ ဒီသတင်း သက်ရောက်သွားပြီလား။ နောက်ရက်တွေမှာတော့ တစ်ယောက်မှစလို့တစ်ရာ ချစ်ဦး မိန်းမခိုးလာတယ်ဆိုတဲ့ သတင်းက ပျံ့သွားသည်။ ဒါ ဘယ်လို လိုက်ဖြေရှင်းရမလဲ။

"မှ . . . ပန်းအိမ်တို့ ဘယ်လိုလုပ်ကြမလဲဟင် ကိုကြီး။ အခုဆိုရင် ကိုကြီးရဲ့ အသိအချို့က ချစ်ဦး မိန်းမ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာလဲဆိုပြီး လာကြည့်တာမျိုးတွေ ဖြစ်ကုန်ပြီ"

လွယ်မယောင်နဲ့ ခက် တိမ်မယောင်နဲ့ နက်တဲ့ ဒီအရေးမှာ ချစ်ဦး သင့်တော်ရာ ဆုံးဖြတ်ချက်ကိုသာ ချလိုက်မိ၏။

"ပန်းအိမ်"

"ရှင်"

"အခြေအနေက ပန်းအိမ်ကို ကိုယ်ပဲ လက်ထပ်မှ ဖြစ်တော့မယ်၊ အဲဒါ ပန်းအိမ်ရဲ့ အရှက်နဲ့ ဂုဏ်သိက္ခာ အတွက်"

"အို . . . မဟုတ်တာ ကိုကြီးရယ်"

ပန်းအိမ် မျက်ရည်က ဖြိုက်ခနဲ ကျလာ၏။ ကိုယ့်ရဲ့ အရှက်နဲ့ ဂုဏ်သိက္ခာအတွက် ကိုကြီး ဒီလောက်အနစ်နာခံဖို့ လိုသလား။ တံကြမ္မာရဲ့ မျက်လှည့်ပြကွက်ကြောင့် ဖူးစာလွဲခဲ့တာထား။ ကိုယ်က သန့်ရှင်းနေခဲ့ရင် အစ်ကိုတစ်ယောက်လို ခင်မင်အားကိုးခဲ့သည့် သံယောဇဉ်နှင့် ဘဝကိုကြဲ့သလို တည်ဆောက်လို့ ရသည်။

အခုက ပန်းအိမ်ရဲ့ ညစ်နွမ်းခဲ့သည့် ကိုယ်ခန္ဓာနှင့် ကိုကြီးကို လက်ထပ်လိုက်ရင် ကိုကြီး ဘာဖြစ်သွားမလဲ။

"မဟုတ်လို့ မရဘူး ပန်းအိမ်။ ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘူးဆိုတာ အတိုင်းအတာရှိတယ်။ လက်တွေ့ရင်ဆိုင်နေရတဲ့အဖြစ်က ကိုယ့်ပခုံး လာနားတဲ့လိပ်ပြာကို



လက်နဲ့ထိပြီး ပြန်နိုင်းသလို မလွယ်ဘူး။ ပန်းအိမ်ကို ပြန်နိုင်းရက်မှာလဲ"

"ကိုကြီး"

"ပြောလေ . . . ပန်းအိမ်"

ပန်းအိမ် ချစ်ဦး လက်မောင်းကို ဆုပ်ကိုင်ပြီး —

"ပန်းအိမ်က ကိုကြီးကို ဒုက္ခမပေးချင်တာပါ။ ကိုကြီး ပန်းအိမ်ကို လက်ထပ်ရင် နစ်နာမှာက ကိုကြီးပဲ။ ပန်းအိမ်က . . ."

"ကိုယ်သိတယ် ပန်းအိမ် ခွန်မိုနဲ့ ကိုယ့်ကြားမှာ လျှို့ဝှက်ထားတာ ဘာမှမရှိဘူး။ မင်းတို့နှစ်ယောက် ချစ်သူ အဆင့်ကိုကျော်လွန်ခဲ့ကြတာကိုပြောချင်တာ မဟုတ်လား"

"အဟင့်"

ခေါင်းအညိတ်မှာ ရှိုက်သံက လက်တွဲဖော်။

"ကိုယ်ခုပြောတာကလည်း လောလောဆယ် ရင်ဆိုင်နေရတဲ့ ပြဿနာအေးသွားအောင်ပါ။ မင်းနဲ့ ကိုယ် လက်ထပ်ကြမယ်ဆိုတာ စာချုပ်ပေါ်မှာပဲ မင်္ဂလာဆောင်ခဲ့သည်ထား။ ကိုယ်တို့က စိတ်ချင်းပဲ ပေါင်းကြမှာ။ ပန်းအိမ်ကို ကိုယ်က ဖြူစင်တဲ့ မေတ္တာတရားနဲ့ ညီမလေး တစ်ယောက်လို စောင့်ရှောက်သွားမှာပါ"

"အငိုလွယ်ပေမယ့် အရှိုက်ခက်တယ် ကိုကြီး။ ကိုကြီးချစ်တဲ့ မိန်းကလေးကိုတွေ့ရင် ကိုကြီးနောင်တရမှာ

www.burmeseclassic.com



ပန်းအိမ် မလိုလားဘူး"

ချစ်ဦး အပြုံးတွေ ရီဝေဝေ မျက်ဝန်းတွေထဲမှာ ဘာတွေ အစားထွပ်ထားသလဲ ဘယ်သူမှ မသိနိုင်၊ လျှို့ဝှက်တတ်တဲ့နေရာမှာ သူက ထိပ်တုံးကတဲ့ခွန်။

စိတ်ညစ်စရာရှိလျှင် သူများကို ခွဲဝေပေးတတ်သလို ပျော်စရာရှိလျှင်လည်း ကိုယ့်ဘာသာကိုယ်ပဲ တစ်မှိန့်မှိန့်တွေးပျော်နေတတ်သူ၊ ခုကိစ္စတွေ ဦးဆောင်ကို တိုင်ပင်မိတာတောင် မပြောမဖြစ်လို့၊ ကိုယ်တစ်ယောက်တည်းရဲ့ အရေးမဟုတ်လို့လေ၊

"ကိုယ့်ဘဝမှာ ကိုယ်ချစ်တဲ့ မိန်းကလေးဆိုတာ နောင်တစ်ယောက် ရှိမလာနိုင်တော့ဘူး ပန်းအိမ်၊ ကိုယ်က အစွဲအလမ်းကြီးတတ်တယ်၊ ကိုယ်တစ်ယောက်ယောက်ကို ချစ်ခဲ့ပြီးပြီ၊ နောက်ထပ်မျှဝေဖို့ ကိုယ့်ရင်ထဲမှာ အချစ်မရှိတော့ဘူး"

"ဟင်"

ပန်းအိမ် အံ့ဩသွားတာ ကိုယ့်ကို မချစ်တတ်သူလို့ ထင်ခဲ့လို့လား။

"သူ . . . သူက ဘယ်ရောက်သွားလို့လဲဟင်"

"ရှိပါတယ် အစကတည်းက ကိုယ်က သူ့ကို တိတ်တဆိတ်ကလေး ချစ်ခဲ့တာ သူ မသိဘူးလေ၊ သူက ကိုယ်မဟုတ်တဲ့ အခြားတစ်ယောက်နဲ့ ချစ်နေကြတော့



ကိုယ့်အချစ်ကို ဘယ်မြင်နိုင် သိနိုင်မှာလဲ"

"ဪ"

"ကဲ . . . အဲဒါတွေ ထားလိုက်ပါတော့၊ အခု ပန်းအိမ်နဲ့ ကိုယ်လက်ထက်ဖို့ကိုပဲ စဉ်းစား၊ အချိန်အတိုင်းအတာ တစ်ခုအထိပေါ့၊ ပန်းအိမ်ရဲ့ ဘဝမှာ ကိုယ်မလိုအပ်တော့ဘူးဆိုတဲ့နေ့ အဲဒီနေ့ရောက်ရင် ကိုယ်ကွာရှင်းပေးပါ့မယ်"

"ကိုကြီးရယ်"

ပန်းအိမ် စိတ်မကောင်းခြင်းတို့နှင့် ညည်းတွားမိ၏။ ကိုကြီးကို တည်ကြည်ခံ့ညား အများလေးစားခြင်း ခံရတဲ့ လူမျိုးနုနုထွတ်ထွတ် တစ်ယောက်က ပန်းအိမ်ကို ဘာမဟုတ်တဲ့ မိန်းကလေး တစ်ယောက်အတွက် အားလုံးရေစုန်မျှောပြီး လည်စင်းခံပေးဖို့က မတန်မရာကြီးပါလား။ ကိုကိုရယ် . . . ကိုကိုက ဘယ်မှာလဲကွယ်။

www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၂၀ )

ဘဝတစ်ခုသည် မာရသွန်ပြိုင်ပွဲ တစ်ခုဖြစ်ခဲ့လျှင် ခွန်မိုကတော့ ခလုတ်တိုက် လဲကျန်ခဲ့သူ။ မြန်ဆန်လွန်းလှတဲ့ အပြောင်းအလဲကြားမှာ ခုတော့ သူဟာ ဒုက္ခိတ ဝှီးလ်ချဲလ်ပေါ်မှာထိုင်ပြီး အသက်ရှင်လျက် ဘဝသေခဲ့ရသူ။

သူ့ ဘာတွေကိုမျှော်လင့်ရဦးမှာလဲ။ ရင်ထဲက အပူတို့သည် အငွေ့ပျံလျက် မျက်ဝန်းမှာ မိုးတိမ်ဖွဲ့ကြပြီ။ မရွာပါနဲ့ မိုးရယ်ဆိုပေမယ့် မိုးဖွဲ့တွေက ပေါက်ခနဲ။ ဒီမျက်ရည်တွေကို ဘယ်လို ဆုံးမရပါ့မလဲနော်။

ပန်းအိမ် မင်းတွေးနေမလား ကိုကို့ကို သစ္စာမရှိတဲ့လူ၊ ကတိမတည်တဲ့လူ၊ ခေါင်းရှောင်တတ်တဲ့ယောက်ျား





လို့ မင်းကိုကို့ကို နာကြည်းမုန်းတီး နေမလား။ မုန်းပါ၊ နာပါ ပန်းအိမ်။ ဒုက္ခိတဆိုတဲ့ ဘဝနဲ့ ကိုကို ဘယ်လို ဆက်လက်ရှင်သန်နေရဦးမှာလဲ။ လာခဲ့ပါတယ် မင်းဆီကို ကံကြမ္မာက အရောက်သွားဖို့ ခွင့်မပြုဘူး ပန်းအိမ်။

လူတော မဝင်ဆံ့တော့တဲ့ ကိုယ့်ဘဝကို ပန်းအိမ် ရင်ခွင်ထဲလည်း ထိုးမအပ်ဘူး။ မိဘတွေကိုလည်း ဒုက္ခမပေးချင်ဘူး။ ဒါကြောင့် ကိုကိုလေ အရှက်ကျရာမှာပဲ အပင်ပေါက်ပါရစေတော့ ပန်းအိမ်။ ချစ်ဦးရော ဘယ်လို အခက်အခဲတွေကို ရင်ဆိုင်နေရမလဲ။ မင်းကို ငါဒုက္ခပေးခဲ့တာမဟုတ်ပါဘူး ချစ်ဦးရာ။ ငါ့ကို မင်းနားလည်ပေးနိုင်မှာပါ။

"ဖမောင်ခွန်မို"

နွေးထွေးသော လက်တစ်စုံသည် ပခုံးကိုလာရောက် ဆုပ်ကိုင်လေသဖြင့် မျက်ရည်ကို လက်ဖဝါးနှင့် ဖိပွတ်သိမ်းဆည်းလိုက်၏။

"စိတ်မကောင်းစရာတွေ တွေးနေပြန်ပြီ ထင်တယ်"

"အတိတ်ဆိုတာကိုချန်ထားခဲ့လို့မှ မရဘဲ ဦးရယ်"

"ဒါကတော့ ဒါပေါ့ကွာ . . . ဒါပေမဲ့"

"ကျွန်တော် ဦးကို အားနာပါတယ်။ အဲဒီ အားနာမှုတွေက ကျွန်တော့်ဝေဒနာတွေကို မချေဖျက်နိုင်ဘူးလေ။ ကျွန်တော့်ကို လွတ်လွတ်လပ်လပ် ခံစားခွင့်ပြုပါ ဦးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မစားရဘူးလို့ ဦးက ပိတ်ပင်တာ မဟုတ်ပါဘူး ကွယ်။ မောင်ခွန်မို ကျန်းမာရေး ထိခိုက်မှာစိုးလို့ပါ"

ပြုံးလိုက်မိပေမယ့် အသက်မပါ။ မျက်လုံးအစုံက မုတ်သုန်မိုးလိုမဟုတ် နွေသာဆင့်ကဲ ရှိုးတံကျဲ။

"ကျွန်တော့်အတွက် ဦးဘာမှ မစိုးရိမ်ပါနဲ့။ ဦး တာဝန်မယူနိုင်တော့ဘူးဆိုတဲ့ နေ့ကျရင်သာ ကျွန်တော့်ကို ပြောပါ"

"ဟာ . . . ဦးက အဲဒီသဘောမျိုးနဲ့ ပြောတာ မဟုတ်ပါဘူးကွာ။ တကယ့် စိတ်ရင်း စေတနာနဲ့ ပြောတာပါ။ ဦးကြောင့် မောင်ခွန်မို ဒုက္ခတွေဖြစ်ရတယ်ဆိုတဲ့အသိနဲ့ ဦး မောင်ခွန်မိုကို ကြည့်ရှုစောင့်ရှောက်နေတာ မဟုတ်ပါဘူး။ တကယ့်ကို တူလိုသားလို သဘောထားတာပါ။ အဲဒါ တကယ်ပါ မောင်ခွန်မိုရယ်"

"ဒီအိမ်မှာ မောင်ခွန်မို တစ်သက်လုံးနေလို့ ရပါတယ်။ ဦးမှာက မိသားစုအားလုံး နိုင်ငံခြားမှာဆိုတော့ မင်းက ဦးရဲ့ အဖော်ပဲလေ"

ဦးသက်ခိုင် ပျာပျာသလဲ ရှင်းပြနေလေ၏။ ခံစားချက်ကို သူ နားလည်ပါသည်။ တောင်ပေါ်သား ရှမ်းကလေး၏ ငိုတာလဲ ခွန်မို မျက်နှာမှာ ပါးအိုလေးတွေ မျက်လုံးလေးတွေ ရဲရဲနီနေ၏။

ကိုယ့်ကားနှင့်တိုက်မိပြီး အောက်ပိုင်းသေသွား တဲ့



ခွန်မို။ တောင်ကြီးသား ရှမ်းကလေး စိုင်းခွန်မို ဆိုတာက လွဲလျှင် ဘာမှမေးလို့မရ။

"ကျွန်တော် ဒီဒုက္ခိတ ဘဝကြီးနဲ့ ဘယ်သူ့ကိုမှ မတွေ့ချင်ဘူးဗျာ။ ဘာမှလည်း မမေးပါနဲ့။ ကျွန်တော့်ကို ကြုံရာအရပ်မှာပဲ ပစ်ထားလိုက်ပါ။ တောင်းပဲစားရ စားရ"

လို့ ပြောတဲ့ စိုင်းခွန်မိုကို ဦးသက်ခိုင် သနားခဲ့၏။ ဒီလိုဖြစ်ခဲ့တာ ကိုယ့်ကြောင့် ကိုယ်သာ တာဝန်အရှိဆုံးလူမို့ ခွန်မိုကို အိမ်ခေါ်လာခဲ့တာ။

ဒါ အရက်ရဲ့ ဆိုးကျိုးတွေလေ။ လူတစ်ယောက်ရဲ့ ဘဝတစ်ခုကို ရင်းပြီးမှ ရလိုက်တဲ့ အရက်ရဲ့ဆိုးကျိုး ဂုဏ်သတ္တိက အံ့မခန်းပါပဲ။ အဲဒီနေ့က ဦးသက်ခိုင် မူးမူးနဲ့ ကားမောင်းလာခဲ့တာ။ မူးနေပြီဆိုမှတော့ သတိတရားတွေ၊ အသိတရားတွေ ပုံမှန်ရှိနေမှာမှ မဟုတ်တာ။ နောင်ဘယ်တော့မှ အရက်မသောက်တော့ဘူးဆိုတဲ့ ဆုံးဖြတ်ချက်ကို ချပြီးချိန်မှာ ဝိုးလ်ချဲပေါ်မှာက စိုင်းခွန်မို။

"မောင် . . . ခွန်မို"

"ဗျာ"

"ခြံထဲဆင်းချင်ရင် မောင်တူးကို လှမ်းခေါ်နော်။ အားမနာနဲ့"

"ဟုတ်ကဲ့"

"ဦး ကုမ္ပဏီကို သွားဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . စိတ်ချသွားပါ ဦး"

သူ့ ပခုံးကို သာသာလေးပုတ်လိုက်တဲ့ လက်ဟာ သူ့ခြေထောက်တွေကို ရိုက်ချိုးလိုက်တာ မှန်ပေမယ့် နွေးထွေးတဲ့ အငွေ့အသက်တွေနဲ့ ပြန်လည် မေးမထားတာမို့ နာကြည်းမုန်းတီးခြင်းဆိုတာ လေလွင့်ပြာတွေလို၊ ကံကြမ္မာလို့ပဲ မမြင်နိုင်သည့်အရာကို ရှိုးမယ်ဖွဲ့တော့မည်။





အခန်း ( ၂၁ )

ကိုယ့်ခြံလေးထဲမှာတင် အကျဉ်းချုံး ကျင်းပလိုက် ... မင်္ဂလာပွဲလေးမို့ လူကတော့ သိပ်မစည်ပေ။ မဖြစ်မနေ ...ရမည့် မိတ်ဆွေတွေလောက်သာ ရှိသည်။ ဟန်ဆောင် ...ရဲ့ နောက်ကွယ်မှာ ချိတ်ထားတဲ့ လက်နှစ်ဖက်ကြား ...တိုးကျိတ်ကျိတ်သံ ကြားနေရသည့်က ဟန်ဆောင် ...သာပွဲပါတဲ့။

"မောင်ချစ်ဦးကတော့ ရွှေးတာတတ်ပါပေါ့၊ သတို့ ...တာ လှလိုက်တာ မင်းသမီးလေးအတိုင်းပဲ"

"မောင်ချစ်ဦးကလည်း ချောပါတယ်ဗျာ၊ မှန် ...နဲ့ဖတ်နေတာမျိုး မဟုတ်ဘဲ ယောကျ်ားပီပီသသ ခွံ့ခွံ့



www.burmeseclassic.com

www.burmeseclassic.com



တည်တည်နဲ့ ချောတာ"

"ဒီလောက် မြှောက်မနေပါနဲ့ဗျာ။ လိုရင် ထပ်မှာ စားလို့ရပါတယ်"

"မြှောက်တာ မဟုတ်ဘူး ချစ်ဦးရေ။ တကယ် ပြောတာ။ မင်းတို့နှစ်ယောက်က နေနဲ့လ ရွှေနဲ့မြပဲ"

မိတ်ဆွေတွေက တစ်ယောက်တစ်ပေါက် ဝေဖန် နေကြတဲ့အထဲ ချစ်ဦးမှာ စိတ်က သိပ်မလုံချင်။

ဩော် . . . မင်္ဂလာယူတာတောင် နှောက်တော မလုံခဲ့ရပါလား။

"လင်ကချော . . . မယားကလှ မွေးမယ့်ကလေး ကျရင်တော့ တာဝတိံသာက ပြုတ်ကျလာမလားပဲ"

"အို"

ရှက်သွေးဖြန်းကာ ချယ်ရီရောင်သမ်းသွားတဲ့ မျက်နှာလေးကို ငုံကြည့်ပြီး ချစ်ဦး ပြုံးလိုက်သည်။ ရင်ထဲ မှာတော့ သူနေရာသာ ခွန်မိုဆိုရင် ပန်းအိမ်ရော ခွန်မိုပါ ဘယ်လောက် ပျော်ရွှင်ကြည်နူးနေလိုက်ကြမလဲ တွေးပြီး ခပ်နင့်နင့်ရယ်။ မလွှဲသာလို့ တွဲလိုက်ရတဲ့လက်တွေပါ ခွန်မိုး မင်း သိနိုင်ကြားနိုင်ရင်ကို ခွင့်လွှတ်နိုင်မှာပါ။

"ချီးမွမ်းတာလေးတွေ နည်းနည်းလျှော့ကြပါဗျာ ဒီမှာ ကျွန်တော့်သတို့သမီး ရှက်နေပြီ"

ကျွန်တော့်မိန်းမလို့ ပိုင်ပိုင်နိုင်နိုင် မပြောရဲသည့်





ဘဝ။

"ကိုချစ်ဦး"

"ဟင်"

မဖိတ်ဘဲနှင့် ရောက်လာသူက မချောစုစံ။

"မမချောစု"

"မဖိတ်ဘဲနဲ့ ရောက်လာလို့ အံ့ဩသွားလား။ ဂုဏ် ပြုထိုက်သူတွေမို့ လာပြီး ဂုဏ်ပြုတာပါ"

"ကျေးဇူးတင်ပါတယ် ချောစု"

"ကျွန်မ လုံးဝ ထင်မထားတာ"

"ဘာကိုလဲ"

"ခုလို ဖြစ်သွားတာကိုလေ"

ခနဲ့တာလား၊ ရွဲ့တာလား။ ကိုယ်က မင်္ဂလာယူ နေတဲ့ သတို့သားမို့ သည်းညည်းခံလိုက်သည်ဆိုလျှင် . . .

"ကိုခွန်မို ပျောက်နေတာ ရိုးရောရိုးရဲ့လားဟင်"

ချစ်ဦး မျက်မှောင်ကြုတ်သွားသည်။ ချောစု ဘာကိုဆိုလိုချင်တာလဲ။

"ခင်ဗျား ဘာကိုပြောချင်တာလဲ ချောစု"

ချောစုက မဲ့ပြုံးပြုံးလျက် . . .

"တွေးကြည့်ရင် မြေးကြည့်တာထက် ပိုမှန်တယ် တဲ့။ ကျွန်မ ပြောချင်တဲ့စကားက အရှင်းကြီးလေ။ ဒူး မယားလိုချင်ရင် သူ့လင်လုံနဲ့ထိုးဆိုတဲ့ စကားပုံရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ချောစု"

"ရှင့်ပယောဂမှကင်းရဲ့လားဟင်"

"မမချောစု"

"တောက်"

ချစ်ဦး တောက်ခေါက်သံကြောင့် ဘေးဝိုင်းက လူတွေ လှည့်ကြည့်ကြသည်။ ပန်းအိမ် အခြေအနေကို ဝင်ထိန်းပေးလိုက်၏။

"ဟို . . . မမချောစု ဟိုဘက်မှာ ခုံလွတ်တွေရှိတယ်။ သွားထိုင်လေ"

"ငါ့စကားမဆုံးလေးလို့ ဖင်ကျမှာ မဟုတ်ဘူး"

ချောစု ပန်းအိမ် တစ်ကိုယ်လုံးကို ကြည့်ကာ ...

"နင် သိပ်တော်တယ် ပန်းအိမ်။ ငါးရုံနှစ်ကောင်စလုံးကို အမိဖမ်းနိုင်တဲ့ စွမ်းအားက အံ့မခန်းပဲ"

"ချောစု"

ချစ်ဦးမျက်နှာ ဒေါသကြောင့် နီးမြန်းနေသည်။

"မင်း ဘာရည်ရွယ်ချက်နဲ့ ဒီစကားတွေ လာပြောနေတာလဲ။ ဒါ သူများတွေ မင်္ဂလာယူနေတဲ့ အချိန်ဆိုတာ မင်း နားမလည်ဘူး"

ဘေးလူတွေကြားမှာစိုးလို့ ပြောလိုက်သံက ဒေါသတို မျိုသိပ်ထားရသည့် တိုးတိုးတိတ်တိတ် အံကြိတ်ဆိုသံ။

"ဘာရည်ရွယ်ချက်နဲ့လဲ ဟုတ်လား။ ရှင့်နဲ့ ခွန်မိုပေါင်းပြီး နွယ်နီနဲ့ ကျွန်မကို လှည့်စားခဲ့တာတရော ဘာရည်ရွယ်ချက်နဲ့လဲ"

"နေပါဦး . . . အဲဒီလောက် စကားလုံးကြီးကြီးမားမားတွေ ပြောနေရအောင် ကိုယ်တို့ ဘယ်လိုပတ်သက်ခဲ့ကြတာလဲ အရင်ပြန်စဉ်းစား။ မိတ်ဆွေ သူငယ်ချင်းအဆင့်ထက် ပိုပြီး ကိုယ်တို့က မင်းတို့ကို မျှော်လင့်ချက်တွေ ပေးမိလို့လား။ ချစ်တယ်လို့ ပြောမိခဲ့လား။ လက်ကိုင်ဘူးလား၊ ပခုံးဘက်ဖူးလား ပြောပါဦး"

ဒေါသကြောင့်လား၊ ရှက်တာကြောင့်လားတော့ မသိ။ ချောစုစံ မျက်နှာ ရဲခနဲဖြစ်သွားသည်။

"မပြောမါနဲ့တော့ ကိုကြီးရယ်။ လူတွေ သိကုန်ပါ့မယ်။ လာ . . . သွားရအောင်နော်"

ချစ်ဦး ချောစုကို ခပ်စူးစူးစိုက်ကြည့်လိုက်ပြီး

"ငါ့မင်္ဂလာပွဲကို တက်ဖို့ မင်းကို ငါ ဖိတ်ခေါ်တာ မဟုတ်ဘူးနော်။ မင်းသဘောနှင့် မင်းရောက်လာတာ။ အဲဒီတော့ ထိုင်ဖို့ ထဖို့ကလည်း မင်းသဘောပဲ"

ပန်းအိမ်လက်ကို ဆွဲပြီး လှည့်ထွက်သွားတဲ့ ချစ်ဦး ကျောပြင်ကိုကြည့်ရင်း၊ ချောစု ကြောင်ငေးငေးရပ်ကျန်ခဲ့သည်။ ဒီယောက်ျားကိုမှ မြတ်နိုးစွဲလမ်းမိတဲ့ကိုယ်၊ တို့စွဲလမ်းမြတ်နိုးခြင်းတွေနှင့် မထိုက်တန်အောင် ပြောလိုက်တဲ့စကားတွေက ဥပေက္ခာနိုင်လွန်းလှသွား။





www.burmeseclassic.com

www.burmeseclassic.com



သတင်းကြားလိုက်ကတည်းက တဆစ်ဆစ် နာကျင်ခဲ့ပါသည်။ ရင်ဘတ်တစ်ခုလုံး ပေါက်ကွဲသွား မတတ်။

"ဘာဖြစ်ကြတာလဲ"

"ရည်စားလူလု အနုကျွဲခတ်တာ ဖြစ်မှာပေါ့"

"ချစ်ဦးက သူ့ရည်းစားလား"

"ပုံကြည့်ရတာတော့ မဟုတ်ဘူးထင်တယ်။ သူမသိ ငါပိုးလားမှ မသိတာ"

"ဘာပဲဖြစ်ဖြစ်ပေါ့။ ဒီက မင်္ဂလာဆောင်နေပြီပဲဟာ"

"အေးလေ . . . သူပဲ မျက်နှာချင်း လာဆိုင်သေးတယ်"

ခပ်တိုးတိုး ပြောနေကြပေမယ့် ချောစု သဲ့သဲ့မျှကြားနေရသည်။ ရှက်ဖို့ကောင်းလိုက်တာ။ သူမ ဒီကို ဘာလို့လာခဲ့မိပါလိမ့်။ စိတ်လိုက်မာန်ပါ လုပ်တာ ဘယ်နေရာမှာမှ မကောင်းဘူးဆိုတာ လက်တွေ့သိရပြီ။

နောင်တ ခြေလှမ်းများနှင့် ရှေ့ဆက်မတိုးရဲလို့ နောက်ပြန်ဆုတ်ခဲ့ရသည်။

"ကိုကြီး"

"ဟင်"

"သူ ပြန်သွားပြီ"

"သူ့လမ်း သူရွေးတာ လိုက်ကြည့်မနေနဲ့"





"သနားပါတယ်နော်"

"သနားရင် သူ့ကို မင်းယူလိုက်ပါလား"

"ကိုကြီးကလည်း"

ပန်းအိမ် လှစ်ခနဲ ပြုံးမိ၏။ ကိုယ့်အပူလားပြီး သူ့အပူက ကိုးရိုးကားရားနိုင်လွန်းလှသည့်မို့ ပြုံးမိခြင်းပါ။ ပန်းအိမ် တစ်နေရာကို အကြည့်ရောက်သွားနိုက် သူမကို စူးရူးစိုက်စိုက်ကြည့်နေတာ အမျိုးသမီးကြီး တစ်ယောက်ကို မြင်လိုက်ရသည့်အခွင် ပါးစပ်ကလေး ပွင့်ဟသွားလေ၏။

ထိုအမျိုးသမီး၏ အကြည့်တွေက မလိုမုန်းထားဟန်နှင့် တည်တင်းမာထန်နေတာ ဘာကြောင့်လဲ။

"ခင်ခင်"

ထရပ်မလို့ ပြင်လိုက်တဲ့ ဒေါ်နန်းခင်ခင့်ကို ဦးစိုင်းကျော် လက်ကို ဖိဆုပ်ထားပြီး ခေါ်လိုက်၏။

"ဒါက ဘယ်ကိုလဲ"

"မျက်နှာပြောင်တဲ့မိန်းမကို ကျွန်မ စိုင်းခွန်မိုရဲ့ အမေဆိုတာ သိအောင် သွားပြောမလို့"

"သွားပြောတော့ ဘာထူးမှာလဲ ထိုင်ဦး"

ဒေါ်နန်းခင်ခင် လက်ကို ဖိဆွဲချလိုက်တာကြောင့် မကျေမနပ်နှင့် ဆောင့်ခနဲ ပြန်ထိုင်ချသည်။

"ထူးတာ မထူးတာတွေ ကျွန်မ နားမလည်ဘူး ကျွန်မသား ပျောက်သွားတာ သူ့ကြောင့်"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကြောင့်ပါလို့ တစ်အစ်ပြောရအောင် သူက မင်းရဲ့သားကို အိမ်လာပြီး ဆွဲခေါ်သွားသလားပြော။ ဖြစ်ပြီး သားအတွက် အမုန်းပွားနေရင် အာဃာတတွေကို မင်း ဘာလို့ မစဉ်းစားတာလဲ"

"အို . . . ဘာကို စဉ်းစားနေစရာလိုသေးလဲ။ ပုပ်လို့ပေါ် ဟုတ်လို့ကျော်တာပေါ့၊ အတူတူသွားတဲ့ သူငယ်ချင်း ချစ်ဦးကတော့ မိန်းမရိုးလာတယ်၊ သားကတော့ ပျောက်ကျန်ခဲ့တယ်ဆိုတော့ မသင်္ကာစရာပဲလေ"

"ဒီလို ပြောကြကြေးဆို အမိက တရားခံက မင်းလေ"

"ဘာရှင့်"

ဒေါ်နန်းခင်ခင် အသံကျယ်သွားသဖြင့် ဦးစိုင်းကျော် ဘေးဘီကို ဝေ့ကြည့်လိုက်သည်။ တော်သေးတာပေါ့၊ **ဘေးကလူတွေ** သူတို့အာရုံနဲ့ သူတို့၊ ကိုယ့်ဝိုင်းကို သတိ**မထားမိကြလို့**။

"ရှင် . . . ဘာပြောလိုက်တယ်"

"မင်းသာ သားရဲ့ဆန္ဒကို လိုက်လျောပေးခဲ့ရင် သားလည်း အိမ်ကနေ ခိုးထွက်စရာအကြောင်း မရှိဘူး"

"အဲဒီအဖြေက ရှင်းနေတာလေ"

"ဘာကိုလဲ"

"**စောစောက** ပြောတဲ့ကိစ္စ"



ဦးစိုင်းကျော် သက်ပြင်းချလိုက်မိ၏။ တော်တော်အပြောရခက်တဲ့ မိန်းမပါလား။ အကျိုးနဲ့အကြောင်းကို ဘာမှ ဆက်စပ်မတွေးဘဲ သူများပြောတိုင်းယုံပြီး သူတစ်ပါးကို လက်ညှိုးထိုး အပြစ်ဖွဲ့ချင်သူ။ သူကတော့ အရာရာကို ဆက်စပ်တွေးကြည့်၏။

ကောင်မလေး ရန်ကုန်ကို ပြန်မယ့်နေ့က သားကားဂိတ်ကို ရောက်လာသည်။ ဖေဖေ့အစား ဒီနေ့ သားလိုက်ပါရစေတဲ့။ သူ့အမေ ရိပ်မိမှာစိုးလို့ တားတော့ ဖအေကို ရင်ဖွင့်ရှာသည်။

"သား ဘယ်လိုမှနေလို့မရဘူး ဖေဖေရယ်၊ မေမေက မန္တလေးကမိန်းမနဲ့ အတင်းပေးစားရင် သွားပြီ။ ပန်းအိမ်ကို သား အရမ်းချစ်တယ် မခွဲနိုင်ဘူး။ ပြီးတော့လေ"

"ပြီးတော့လေ . . . ဘာဖြစ်လဲ သား"

"သား . . . သား . . . သူ့ကို"

"အင်း . . . ဆက်ပြော"

ဆိုတော့ ခွန်မို ခေါင်းကို သွေးထွက်လုမတတ် ကုတ်ကာနှင့် . . .

"ပန်းအိမ်ရဲ့ ဖြူစင်သန့်ရှင်းတဲ့ ဘဝလေးကို သား သား ဖျက်ဆီးလိုက်မိပြီ ဖေဖေ"

"ဟေ"

"သား . . . ယောက်ျားပီသပါရစေ ဖေဖေ။ မေမေ့

www.burmeseclassic.com



ကို ဖေဖေ ကြည့်ပြောပေးပါ။ သား ပန်းအိမ်နဲ့ လက်ထပ်မှ ဖြစ်မယ်"

"ဒီလောက်ကြီး မလောပါနဲ့ သားရယ်။ ဖေဖေတို့ ခေါင်းအေးအေးထားပြီး စီစဉ်ကြတာပေါ့။ မင်းသာ ပိပိရိရိ နေစမ်းပါ။ မင်းအမေ ရိပ်မိနေမယ် သားရဲ့"

သားပြောခဲ့တဲ့ စကားတွေနဲ့ အခုလို မြန်ဆန်သည့်အဖြစ်အပျက်တွေကို ဦးစိုင်းကျော် ဆက်စပ်ကြည့်မိသည်။ သားပျောက်နေတာက အန္တရာယ်တစ်ခုကြောင့် သေလား ရှင်လား မသိရပေမယ့် ချစ်ဦးနဲ့ မပတ်သက်တာ တော့ ကျိန်းသေပါပဲ။

သူလည်း သားကိုရှာရတာ တော်အထပ်ထပ် တောင်အထပ်ထပ်ပဲ ကျန်တော့သည်။ သူတို့မှာ ဒီသား လေးတစ်ယောက်ပဲ ရှိတာ။ တွေးရင်းပဲ ရင်ထဲမှာ ဆို့တက် လာ၏။ ခင်ခင်ကို ကြည့်လိုက်တော့ မျက်ရည်အဝဲသားနှင့်။ ယုံလွယ်တတ်တာကို မကြိုက်လို့သာ ပြောရတယ်။ သူ့ လည်း မိခင်တစ်ယောက်မို့ ပေါက်ကွဲမည်ပေါ့လေ။

"ခင်ခင်"

"ဘာလဲ"

"မင်း ချစ်ဦးကို အထင်မလွဲပါနဲ့ကွာ"

ဒေါ်နန်းခင်ခင်က နှုတ်ခမ်းကို တင်းတင်းစေ့၍ မျက်နှာလွှဲထားသည်။



"ချစ်ဦးနဲ့ သားက ငယ်သူငယ်ချင်း တစ်ယောက် နဲ့တစ်ယောက်ကို တစ်ခုခုအတွက်နဲ့တော့ လည်ပင်းဖက် ကြီးလာတဲ့ သူငယ်ချင်းကို သတ်မပစ်ဘူး။ ချစ်ဦးကို ငါ ယုံ တယ်"

"အဲဒီမှာ ရှင်ပဲယုံ။ ကျွန်မကတော့ မယုံဘူး။ သူက တော့ မင်္ဂလာဆောင်လို့ ကျွန်မသားကတော့ သေသလား၊ ရှင်သလားမှ မသိရ"

ဒေါ်နန်းခင်ခင် ပြောလည်းပြော၊ မျက်ရည်တွေ လည်းကျကာ သုတ်ခနဲ ထသွားလေတော့ . . .

"ခင်ခင်"

ဦးစိုင်းကျော် ကမန်းကတမ်း ထလိုက်ရလေ တော့။

"ဦး"

"ဟေ"

"ပြန်တော့မလို့လား"

"အေး . . . ခွင့်ပြုပါဦး မောင်ချစ်ဦး"

ချစ်ဦး တွေတွေကလေး ငေးမောကျန်ခဲ့စဉ် ပန်း အိမ်က အနားရောက်လာပြီး . . .

"ကိုကြီး"

"ဟင်"

"သူတို့ ဘာဖြစ်သွားတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ချစ်ဦး သက်ပြင်းချပြီး ပန်းအိမ် မျက်နှာလေးကို ငုံ့ကြည့်ကာ . . .

"အဲဒါ ခွန်မို အဖေနဲ့အမေ"

"ရှင်"

နှုတ်က ဖွင့်ဟပြောမသွားပေမယ့် ဒေါ်နန်းခင်ခင်ရဲ့ နောက်ကျောက ဘာသာစကားတွေကို ချစ်ဦး ကြားနိုင်စွမ်းရှိပါသည်လေ။ လှမ်းလိုက်တဲ့ ခြေလှမ်းတွေကြားမှာ မကျေနပ်ခြင်းတရားတွေနှင့် ဆိုတာလည်း . . .



## အခန်း ( ၂၂ )

"သာဓုကွယ် . . . သာဓု . . . သာဓု . . . ခုလိုကန်တော့ရခြင်းရဲ့ အကျိုးကျေးဇူးကြောင့် ဒီလင်ဒီမယား အိုအောင်မင်းအောင် ပေါင်းရပါစေကွယ်။ လုပ်ကိုင်စီးပွားလည်း တိုးတက်ကြပါစေ"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

ပေးတဲ့ဆုနဲ့ ပြည့်ပါစေဆိုတဲ့ အသံမှာ ချစ်ဦးအသံမပါ။ ပန်းအိမ် တစ်ယောက်တည်း ဆိုလိုက်ခြင်းပါပဲ။ ဆုနှစ်ခုပေးသည့်အနက် တစ်ခုက ကိုယ်နှင့်မှ အကျုံးမဝင်ဘဲလေ။ သူနဲ့ ပန်းအိမ်က အိုအောင်မင်းအောင် ပေါင်းကြမယ့် လင်မယားအစစ်တွေမှ မဟုတ်တာ။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး"

"ဟင်"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေလို့ ပြောလိုက်လေ"

"ပြောပြီးပြီလေ"

"ဟင် . . . ဘယ်တုန်းက ပြောတာလဲ။ ပန်းအိမ် မကြားမိပါဘူး"

"စိတ်ထဲက ပြောတာလေ"

ပန်းအိမ် မျက်စောင်းထိုးလိုက်တာကို ကြည့်ပြီး ဦးလေးက ရယ်လေသည်။ ပြီးမှ ဘူးဝိုင်းလေးတစ်ဘူးကို ထုတ်ပြီး . . .

"သမီးတို့ကို လိုက်သိမ်းဖို့ကိစ္စ အိမ်မှာ ပဋိပက္ခ နေဖြစ်နေရတာနဲ့ပဲ ဦးလေး တာဝန်မဲ့သလို ဖြစ်သွားခဲ့တယ်။ အဲဒီအတွက် သမီးကို ဦးလေး လက်ဖွဲ့အဖြစ် ဒါလေး တော့ ခံ..ပါရစေ"

ဘူးလေးကို ဖွင့်ပြီး ဦးလေး ထုတ်ယူလိုက်တာ ရွှေဆွဲကြိုးလေး တစ်ကုံးပါ။ ပန်းအိမ် ရန်ကုန်ကို လာခဲ့တာ ဒါတွေ လိုချင်လို့မှ မဟုတ်ဘဲ။ ဦးလေးက ပန်းအိမ် မိဘမို့ လာပြီး ကန်တော့တာပါ။ ကိုကြီးကလည်း ပြောပါသည်။ ကိုယ့်အပေါ်ကျေနပ်တဲ့ သူတွေကောင်းတာ မကောင်းတာ ခေါ်ဖယ်ထား၊ ကောင်းခဲ့သူကိုတော့ မိဘအနေနဲ့ ကန်တော့ သင့်သည်ဟု ဆိုသောကြောင့် ပန်းအိမ်တို့ လာကန်တော့





ကြခြင်းပါ။

"ပန်းအိမ် လက်မခံပါရစေနဲ့ ဦးလေးရယ်"

"ဘာလို့ လက်မခံရမှာလဲ"

ဦးလေးက ပန်းအိမ်ကို ပြုံးပြုံးကြီး စိုက်ကြည့်လျက် . . .

"ညည်းယောက်ျား ချမ်းသာပုံနဲ့ကို ငါ သိပါတယ်။ ပန်းအိမ်ရယ် ဒါက ဦးလေးရဲ့ စေတနာမို့ လက်ခံပါ။ သမီး လက်မခံရင် ဦးလေး ဘယ်လိုမှစိတ်ကောင်းနိုင်မှာ မဟုတ်ဘူး"

ပန်းအိမ် ကိုကြီးကို မော့ကြည့်လိုက်၏။ ဦးလေး ပြောတာလည်းပါသည်။ ကိုကြီး အရမ်းထင်ပေါ်ပြီး ချမ်းသာတာမျိုး မဟုတ်ပေမယ့် အထိုက်အလျောက်တော့ လူချမ်းသာစာရင်းဝင်ပါ။ သစ်သီးခြံတွေနှင့် အတွင်းပစ္စည်းတွေလည်းရှိပါလျက် သူများတွေလို ထည်ထည်ဝါဝါ ကြွားကြွားဝင့်ဝင့် မနေ။

ပန်းအိမ်နဲ့ လက်ထပ်မယ့်နေ့မှာ ပန်းအိမ်ကို ထုတ်ဆင်ပေးတာ စိန်တစ်ဆင်စာ။ ရတနာသေတ္တာလေးထဲမှာ ရတနာတွေရှိနေသေးသည်။ သူ့အမေ လက်ထက်က ဝတ်ခဲ့သည့် ရတနာပစ္စည်းတွေပါသလို သူ့လက်ထက်မှာလည်း ရသမျှ ပိုက်ဆံတွေကို ရတနာတွေပဲ လုပ်ထားသည်တဲ့။ သူ လောဘမကြီးတတ်တာ သိသာလှသည်။



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းတွေ တိုးချဲ့လုပ်ကိုင်လို့ ရပါလျက် သစ်သီးခြံထဲမှာပဲ ပျော်မွေ့နေတတ်သူ။

"ယူလိုက်ပါ ပန်းအိမ်ရယ်။ ဦးလေး စိတ်မကောင်းဖြစ်နေပါ့မယ်"

"အေး . . . ပြောပါဦး မောင်ချစ်ဦးရယ်။ မင်း မိန်းမက မင်း သဘောမတူမှာစိုးလို့ ထင်တယ်"

"မဟုတ်ပါဘူး ဦးလေးရဲ့။ ဦးလေး တူမက နည်းလို့ အင်နေတာ ထင်တယ်"

"ဟေ . . . ဟုတ်လား"

"ဟာ . . . ကိုကြီးနော် မဟုတ်ဘဲနဲ့"

ချစ်ဦး အရှုန်းဖောက်လိုက်တော့ ရယ်သံလေးများ ပျံ့လွင့်သွားလေသည်။ ရွှေကြိုးလေးကို ဦးလေးကိုယ်တိုင်ပဲ ပန်းအိမ် လည်ပင်းမှာ ဆွဲပေးသည်။ ပန်းအိမ်အပေါ် ထားရှိတဲ့ ဦးလေးရဲ့ မေတ္တာတရားသည် ဒီရွှေကြိုးလေးလို တန်ဖိုးဖြတ်လို့မရဘူးဆိုတာ ပန်းအိမ် သိပါတယ်။

"ဒါနဲ့ မမနဲ့ အန်တီရော မမြင်ပါလား ဦးလေး။ ဘယ်သွားကြလဲဟင်"

"သူတို့ သားအမိအကြောင်းကို သမီးသိရဲ့သားနဲ့။ ခြေဖွေပေါက်နေကြတာလေ"

"ဪ"

ဪလိုက်တာက ချစ်ဦးပါ။ ပန်းအိမ်က ထရပ်



လိုက်ပြီး . . .

"ဦးလေး ပန်းအိမ်လေ ပန်းအိမ်နေခဲ့တဲ့ အခန်းကို ခဏသွားချင်လို့ . . . ရမလား"

"သွားလေ သမီးရဲ့။ ဒါများ ပြောနေရသေးတယ်"

ပန်းအိမ် သူမနေခဲ့သည့် အခန်းလေးထဲသို့ ခပ်သုတ်သုတ် ဝင်လာခဲ့သည်။ သေတ္တာလေးကို ဖွင့်ပြီး အရုပ်ကလေးတွေ။ အရုပ်ကလေးတွေကို မြင်လိုက်သည်နှင့် ပန်းအိမ် ရင်ထဲမှာ ဆို့နစ်သွားရလေ၏။ ပြီးတော့ ကိုကို ဝယ်ပေးသည့် မိုးပြာရောင် ဝတ်စုံလေး။ ဒါတွေကိုကြည့်ပြီး ပန်းအိမ် ကိုကို့စကားတွေကို ပြန်လည် ကြားယောင်မိ၏။

"ကိုယ် လက်ဆောင်ပေးတဲ့ အရုပ်ကလေးတွေကို သိမ်းထားနော်"

"ဟုတ်ကဲ့ . . . ပန်းအိမ် သိမ်းထားပါ့မယ်"

"ရှမ်းအမျိုးသားလေးက ကိုယ်၊ ရှမ်းမလေးက မင်းလို့ သဘောထား"

"ပန်းအိမ်က မြန်မာမလေးပဲဟာ"

"ဟုတ်ပါတယ်။ ဒါပေမဲ့ ရှမ်းမလေးရဲ့ ရင်ဘတ်ထဲကို ပန်းအိမ်ရဲ့ နှလုံးသားလေး ထည့်ပေးလိုက်လေ။ ဒါဆို အရုပ်မလေးက ရှမ်းမြန်မာစပ်ကလေး ဖြစ်သွားရော။ ကိုယ်က ရှမ်းလေးရဲ့ ရင်ဘတ်ထဲကို ကိုယ့်နှလုံးသားတွေ ထည့်ပေးပြီးပြီ"

www.burmeseclassic.com

www.burmeseclassic.com



"အို"

ဒီလို ပြောခဲ့တဲ့စကားအဓိပ္ပာယ်ကို အဲဒီတုန်းက ပန်အိမ် နားမလည်ခဲ့ပေမယ့် အခု နားလည်သွားခဲ့ပါပြီ ကိုကို။ ကိုကို ပန်းအိမ်အပေါ်မှာ သစ္စာဖောက်သွားတာ မဟုတ်ဘူးဆိုတာကိုလည်း သိနေတယ်။ ကိုကို သေသလား၊ ရှင်သလား မသိပေမယ့် ကိုကိုရဲ့ နှစ်လုံးသားလေးက ဟောဒီ ရှမ်းမင်းသားရုပ်ကလေးရဲ့ ရင်ဘတ်ထဲမှာ ရှိနေတယ်လို့ ပန်းအိမ် ယုံကြည်တယ် ကိုကို၊ ပန်းအိမ်အသက် ရှင်နေသရွေ့ ဟောဒီ အရုပ်ကလေးနဲ့ ဝတ်စုံလေးကို ထာဝရ မြတ်နိုးစွာနဲ့ သိမ်းဆည်းထားမှာပါ ကိုကို။

လိမ့်ဆင်းလာသော မျက်ရည်တွေက ပါးပြင်ပေါ်မှတစ်ဆင့် မိုးပြာရောင်ဝတ်စုံလေးပေါ်သို့ ပေါက်ခနဲ ပြုတ်ကျသွားလေသည်။ တစ်နေ့နေ့မှာ ကိုကိုနဲ့ ပြန်ဆုံတွေ့ခွင့်ရရင် ပန်းအိမ် ကိုကို့ကို ဘယ်လောက်ချစ်ခဲ့၊ ဘယ်လောက် မျှော်လင့်နေခဲ့တယ်ဆိုတဲ့ အကြောင်းကို၊ ဟောဒီ မိုးပြာရောင်ဝတ်စုံလေးပေါ်က မျက်ရည်စက်လက်တွေ သက်သေတည်ပြုပါလိမ့်မယ် ကိုကို။

"ဟင်"

ချစ်ဦး ခြေလှမ်းတွေ တုံ့ခနဲ ရပ်ကာ ပန်းအိမ်ကို မမှိတ်မသုန် ငေးကြည့်နေမိသည်။ အရုပ်ကလေး နှစ်ရုပ်နဲ့ မိုးပြာရောင် အင်းလေးဝတ်စုံလေးကို ကြည့်ရင်း တသိမ့်





သိမ့်ရှိုက်ငိုနေတဲ့ ပန်းအိမ်။ မင်း ငိုသင့်ပါတယ်။ ပန်းအိမ် ခွန်မို မင်း အပေါ် ဘယ်လောက်ချစ်တယ်ဆိုတာ ကိုယ်သိသလို မင်းလည်း သိနေမှာပါ။ သူ့ အချစ်တွေက လူမြင်ခွင့်ရအောင် ဖွင့်ဟလို့ ရခဲ့ပေမယ့် ကိုယ်ကတော့ မုဆိုးခြုံထဲကနေ လက်သီးတောင်ပြခဲ့တဲ့လူပါ။ လူသိမခံဝံ့တဲ့ အချစ်တွေနဲ့ ကိုယ့်ရင်ထဲမှာ နှလုံးသားကို ဖိနှိပ်ချုပ်ချယ် ထားခဲ့ပါတယ်။ ပန်းအိမ်အတွက် ကိုယ်လည်း ဝယ်ခဲ့မိပါတယ်၊ ပန်းအိမ်အတွက် ကိုယ်လည်း ဝယ်ခဲ့မိပါတယ်။ ဝိတောက်ခြောက်ရောင် အင်းလေးဝတ်စုံလေးပေါ့။ ဘယ်လိုပြောပြီး ပေးရမှန်းမသိလို့ မပေးဖြစ်ခဲ့သေးတာ။ အဖြူရောင်သက်သက်နဲ့ တစ်နေ့တော့ ပေးဖြစ်ကောင်း ပေးဖြစ်ပါလိမ့်မယ်လေ။

မင်း ဘယ်သိမှာလဲ ပန်းအိမ်ရယ်။ အရာရာရိုးတဲ့ အားငယ်နေရရှာတဲ့ မင်းကို စတွေ့လိုက်ကတည်းက ကိုယ် သနားမိခဲ့တာ။ ပြီးတော့ မြတ်မြတ်နိုးနိုးနဲ့ ချစ်ခဲ့မိတယ်။ ဒါပေမဲ့ ကိုယ်အချစ်ဆုံး သူငယ်ချင်း ခွန်မိုအပေါ် ဘယ်တော့မဆို သစ္စာစောင့်သိခဲ့သလို၊ ကိုယ်လည်း ခွန်မိုအပေါ် သစ္စာစောင့်သိနေမှာပါ၊ ခွန်မိုက ကိုယ့်အရင် အိပ်မက်ထဲမှာကတည်းက ပန်းအိမ်ကို ချစ်ခဲ့သူလေ။

ငိုရလွန်းရင် ပင်ပန်းမှာစိုးတာကြောင့် ချစ်ဦး ခြေဖွ၍ ပန်းအိမ်ဆီသို့ လျှောက်ခဲ့သည်။ ပြီး ပခုံးကို ဖွဖွဖတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင်း . . .

"ပန်းအိမ်"

"ဟင် . . . ကိုကြီး"

"တော်လောက်ပါပြီ ပန်းအိမ်ရယ်။ မင်း အရမ်းပင်ပန်းနေပြီ"

"အဟင့်"

ပန်းအိမ်က သူ့ရင်ခွင်ထဲသို့ တိုးဝင်ပြီး ငိုပြန်သည်။ ပန်းအိမ်က သူ့ကို အစ်ကိုတစ်ယောက်လို အားကိုတွယ်တာခြင်းနှင့် သူ့ရင်ခွင်ထဲကို တိုးဝင်သလို။ သူ့ဘက်ကလည်း ဖြူစင်သန့်ရှင်းသော မေတ္တာတရားနှင့် ညီမလေးလို ပြန်ဖက်ပြီး အားပေးနှစ်သိမ့်ပေးတာ ခွန်မိုအပေါ် သစ္စာဖောက်တာ မဟုတ်ပါဘူးလေ။

"မငိုနဲ့တော့နော် . . . တော်ကြာ ဦးလေး ရိပ်မိနေမယ် . . . တိတ်"

မျက်ရည်စက်တို့ကို သူ့လက်တွေက ကျန်စစ်သားမင်းလို ပြည်သူတွေအတွက် စားစရာနဲ့ အဝတ်တန်ဆာတွေ မပေးကမ်းနိုင်စွမ်းရှိပါ၏။

"ကိုယ်တို့ ပြန်ကြရအောင်နော်။ ကားမမီဘဲ နေဦးမယ်"

ပန်းအိမ် ခေါင်းလေးညိတ်ပြီ ထရပ်တော့ . . .

"ဦးလေးက မင်း လျှောက်ကြည့်ရင်း ပန်းအိမ်



နောက်ကို လိုက်သွားပါလားဆိုလို့ ကိုယ် လိုက်လာမိတာ"

"ပန်းအိမ်က ဘာပြောနေလို့လဲ"

"ကိုယ့်ကို တစ်မျိုးထင်မှာစိုးလို့ပါ"

"မထင်ပါဘူး ကိုကြီးရယ်"

ချစ်ဦး ပန်းအိမ်လက်ထဲက အရုပ်ကလေး နှစ်ရုပ်ကို ငုံ့ကြည့်ရင်း . . .

"အဲဒီအရုပ်တွေပေးလေ။ ပုဆိုးကပုံစထဲ ထည့်ယူခဲ့မယ်။ တော်ကြာ . . . ဦးလေးမြင်နေမှ"

"မြင်တော့ ဘာဖြစ်လဲ ကိုကြီးရဲ့"

"ဩော် . . . တော်ကြာ မင်းတို့လင်မယား အရုပ်တွေနဲ့ ကစားမလို့လားလို့ မေးနေဦးမယ်"

"ကြံဖန် ကြောက်နေတယ်"

ပန်းအိမ် ပေးလေတော့ ချစ်ဦး တကယ်ပဲ ပုဆိုးစထဲမှာ ထည့်ပြီးဝှက်လိုက်သည်။

"အဲဒီနေ့က ကိုယ်လည်း တစ်ရုပ်ဝယ်ခဲ့သေးတယ်"

"ဟုတ်လား . . . ရှမ်းမလား ရှမ်းထီးလား"

"ပြောတာ ရှိုင်းလိုက်တာကွာ။ ကိုယ်က တောင်ပေါ်က ရှမ်းလေးဆိုတာကို သတိရပါဦး"

"အာ . . . ဆောရီးနော် ကိုကြီး ဆောရီး။ ပြန်ပြင်မေးမယ် ရှမ်းမင်းသားလေးလား၊ ရှမ်းမင်းသမီးလေးလား"

www.burmeseclassic.com



"ရှမ်းမင်းသား"

"ဒါဆို ပန်းအိမ်ကို ပေးလေ"

"ဘာလုပ်ဖို့လဲ"

"အိမ်ရောက်ရင် သုံးရုပ်ပူးထားမယ်လေ။ ကိုကို ရယ်၊ ကိုကြီးရယ်၊ ပန်းအိမ်ရယ်ပေါ့"

ပြောပြီးမှ ပန်းအိမ် ကိုကြီးကို အားနာစွာ မော့ ကြည့်လိုက်တော့ ကိုကြီးက ဘာကို သတိမထားမိသလို အပြုံးနှင့် ပန်းအိမ် ခေါင်းလေးကို ပွတ်လျက် . . .

"အင်း . . . ပေးမယ်လေ" တဲ့။



## အခန်း ( ၂၃ )

ချစ်ဦး သစ်သီးခြံထဲမှာ သစ်သီးတွေ ဈေးဖို့ ညွှန်ကြားနေရ၏။ ကိုစိုင်းလူက သူ့ရဲ့လူယုံတော်။ ကိုစိုင်းလူက ခြံထဲမှာပဲနေပြီး ဒေါ်နန်းရှီလာကိုတော့ ချစ်ဦးအိမ်မှာပဲ ခေါ်ထားလိုက်သည်။ ကိုယ့်အပေါ် သစ္စာရှိသူတွေမို့ ပန်းနဲ့သူ့ တိစ္စကို ဘယ်သူ့မှ သတင်းမဖြန့်ကြပေ။

"မောင်ချစ်ဦးရေ . . . မောင်ချစ်ဦး"

"ဟော . . . အမေလိုက်လာတယ်"

ကိုစိုင်းလူပြောလို့ လှည့်ကြည့်တော့ ဒေါ်နန်းရှီလာ။

"မောင်ချစ်ဦး"

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ရှီလာ ဘာကိစ္စရှိလို့ ခြံကို လိုက်လာတာလဲ"

"ပန်းအိမ်လေ . . . ပန်းအိမ်"

"ပန်းအိမ် ဘာဖြစ်လို့လဲ"

"ပန်းအိမ် မူးလဲသွားလို့"

"ဗျာ"

ချစ်ဦး ပထမတော့ အံ့အားသင့်သလို ဖြစ်ပြီး နောက်မှ ပျာယာခတ်ကာ . . .

"အခု သူတစ်ယောက်တည်း ထားခဲ့တာလား။ သတိရောရရဲ့လား ဒေါ်ရှီလာ"

"သတိကတော့ ရပါတယ်။ မောင်ချစ်ဦးကို လာပြောသင့်တယ် ထင်လို့ ဒေါ်ရှီလာ လာပြောတာ။ ပန်းအိမ်ကတော့ မသွားနဲ့တဲ့"

"ဟာ . . . ဒါဆို ဆေးခန်းသွားပြမှ ဖြစ်မှာပေါ့။ လာ . . . လာ . . . ဒေါ်ရှီလာ။ ဆိုင်ကယ်နဲ့ ပြန်လိုက်ခဲ့"

ချစ်ဦး ဒေါ်ရှီလာကို ဆိုင်ကယ်နှင့်တင်၍ အိမ်သို့ ပြန်လာခဲ့သည်။ ဆိုင်ကယ်ပေါ်က ဆင်းတာနှင့် အိမ်ပေါ်သို့ ပြေးလွှားတက်ကာ . . .

"ပန်းအိမ်"

"ဟင်"

လျှင်လိုက်တာ။ ပန်းအိမ့် အနားသို့ ချစ်ဦး ရွေ့ရောက်သွားသည်။ နဖူးစမ်း၊ လက်စမ်းနှင့် ခေါင်းမူးတာ





များ ဘာဆိုင်လို့လဲနော်။

"ပန်းအိမ် မူးလဲလို့ဆို။ ခုဘယ်လို နေသေးလဲ"

"နည်းနည်းတော့ မူးနေသေးတယ်။ ဘာမှမဖြစ်ပါဘူး ကိုကြီးရယ်။ အဲဒီ ဒေါ်ရှီလာကလည်း သွားမခေါ်နဲ့လို့ ပြောတာကို သက်သက် ကိုကြီး စိတ်ပူအောင်လုပ်တာ"

"ဒေါ်ရှီလာကို အပြစ်မတင်နဲ့။ ပန်းအိမ် နေမကောင်းတာ ကိုယ်သိမှ ဖြစ်မှာပေါ့။ ဆေးခန်းသွားပြရအောင်ထ"

"ဟာ . . . ကိုကြီးကလည်း ကောင်းသွားပါပြီဆို"

"မလိုချင်ဘူးကွာ။ ထဆိုရင်ထ။ ရောဂါတစ်ခုခု ဖြစ်လာရင် နည်းနည်းများများ ဘာဖြစ်တယ်ဆိုတာ ဆရာဝန်ပြမှ သိမှ။ ပန်းအိမ်က လိမ္မာတယ်။ ကိုကြီးစကားကို နားထောင်နော်။ ဆေးခန်းသွားရအောင်"

ပန်းအိမ် မထချင်ထချင်ထလျက် နှုတ်ခမ်းစူကာ

"ကိုကြီးကလည်း ထစ်ခနဲဆို ဆေးခန်းပြဖို့ပဲ။ ခေါင်းမူးတာလောက်နဲ့တော့ ပန်းအိမ် မသေနိုင်ဘူး"

"ဆေးခန်းပြမှ ဘာရောဂါဆိုတာ သိမှာလေ။ မသေနိုင်ဘူးလို့ ဘယ်သူက အာမခံမှာမှတ်လို့။ ကိုကြီးကို စိတ်ပူအောင် မလုပ်နဲ့ကွာ ပြောစကားနားထောင်"

ချစ်ဦးက မရမက ဆွဲခေါ်လေသဖြင့် ပန်းအိမ် ထလိုက်လာခဲ့ရတော့သည်။ ပန်းအိမ်ကို အရိပ်လို ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေသော ကိုကြီးကို ပန်းအိမ် ကျေးဇူးတင်ပါ၏။ ပန်းအိမ်ရဲ့ အစ်ကိုရင်းဖြစ်လျှင် ဘယ်လောက် ကောင်းလိုက်မလဲလို့လည်း ခဏခဏတွေးဖြစ်၏။ လက်ရှိဘဝက လင်မယား အမည်ခံမို့ ပန်းအိမ် ကိုကြီးကို သနားလည်းသနား အားလည်းနာမိပါသည်။

"ပန်းအိမ်"

"ရှင်"

"မူးနေရင် ဆိုင်ကယ်စီးလို့ ဖြစ်ပါ့မလား။ ကိုယ် ကားသွားငှားပေးမယ်"

"ဒီလောက် အဖြစ်သည်းမနေပါနဲ့ ကိုကြီးရယ်။ ပန်းအိမ် ဘာမှမဖြစ်ဘူး။ မူးတာလည်း ပြေသွားပြီ"

"ပြေသွားပြီဆိုပြီး ဆေးခန်းတော့ မသွားလို့ မရဘူးနော်"

"အင်းပါ . . . ခုပဲ သွားမှာကို"

"ဂျီကျမှာစိုးလို့ ကြိုပြောရတာ"

ချစ်ဦး ဆိုင်ကယ်ပေါ်သို့ တက်လိုက်ရင်း နောက်သို့ ပြန်ငဲ့ကြည့်ကာ . . .

"ခိုင်ခိုင်ကိုင်ထားနော်။ မူးရင်ပြော ပေကပ်ပြီး မလိုက်နဲ့"

ပန်းအိမ် ကိုကြီးခါးကို ဖက်လိုက်ပြီး မျက်စောင်းကလည်း ထိုးသေးသည်။ ခေါင်းမူးတာလေးကိုပဲ တုံးလုံး





လူမမာကြီးလို ဂရုစိုက်နေတော့ ပန်းအိမ် စိတ်ကတိုချင်လာသည်။ ရန်ကုန်မှာတုန်းကဆိုရင် ပန်းအိမ် အဖျားတုန်တက် အောင်တက်တုန်း ခဏပဲ အိပ်ရာထဲမှာလှဲနေခွင့်ရ၏။ အဖျားကျတာနှင့် အိမ်အလုပ်တွေကို ထလုပ်ရသည်ချည်းပါ။

ခုများကျတော့ မီးဖိုချောင်ထဲ ဝင်တာတောင် ကူဖော်လောင်ဖက်နှင့်။ ဆေးခန်းကိုရောက်တော့ ပန်းအိမ် ကို ဆရာဝန်က စမ်းသပ်ပေးတော့လည်း ကိုကြီးက ဘေးနားမှာ။ ဆရာဝန်က ကိုကြီးဘက်သို့ လှည့်ပြီး . . .

"ညီလေးတို့က လင်မယားနော်"

"ဟုတ်ပါတယ် ဆရာ"

ဆရာက ပြုံးလိုက်ပြီး . . .

"ဝမ်းသာတော့ ငါ့ညီရေ မင်းလူဖြစ်ဒဲ့ကွ"

"ခင်ဗျာ"

"မင်း မိန်းမမှာ ကိုယ်ဝန်ရှိနေတာကွ။ မင်းကလေး အဖေဖြစ်ပြီကွ"

"ခင်ဗျာ"

"မင်း မိန်းမမှာ ကိုယ်ဝန်ရှိနေတာကွ။ မင်းကလေး အဖေဖြစ်ပြီ"

"ရှင်"

ပန်းအိမ် ပါးစပ်ကလေး ပွင့်ဟသွားလေသည်။ ချစ်ဦးကတော့ ပထမ အံ့သြမှင်တက်နေပြီး နောက်မှ ပြုံး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကာ . . .

"ဟာ . . . ဝမ်းသာလိုက်တာ ဆရာရယ်။ ဒါဆို လိုအပ်တာတွေ ဆရာပဲ ညွှန်ကြားပေးပါနော်။ ကျွန်တော်တို့က သိပ်နားမလည်ဘူး ဆရာရဲ့"

"ဩော် . . . သားဦးကလေးဆိုတော့ ဘယ်နားလည်ပါ့မလဲ ငါ့ညီရယ်"

ချစ်ဦးမှာ ဆရာညွှန်ကြားသမျှကို ခေါင်းတညိတ်ညိတ်နှင့်နားထောင်နေသည်။ ကိုယ့်ရင်သွေးအစစ် မဟုတ်ပေမယ့် အချစ်ဆုံး သူငယ်ချင်း ခွန်မိုရဲ့ ရင်သွေးလေး။ ခွန်မိုအနားမှာ မရှိတော့ပေမယ့် သူ့ရင်သွေးကို ခွန်မိုကိုယ်စားစောင့်ရှောက်ခွင့် ချစ်ခွင့်ရတာကိုပဲ . . .

ပန်းအိမ် ကိုကြီးကို ကြည့်ပြီး ဝမ်းနည်းသလိုဖြစ်မိ၏။ ဝမ်းသာတာကလည်း ဖြစ်မိ၏။ ဝမ်းသာတာက ကိုကို့အတွက်။ ဝမ်းနည်းတာက ကိုကြီးအတွက်ပေါ့နော်။ နာမည်ကြီး ထမင်းဝေတ်ဘဝကိုပဲ ကျေနပ်နေသူ။ ဟန်ဆောင်တာလည်း မဖြစ်နိုင်။ သူ တကယ်လိုက်လိုက်လှဲလှဲ ဝမ်းသာနေရှာတဲ့ ပုံပါပဲ။

"ကဲ . . . ငါ့ညီ အိမ်ရောက်ရင် မင်းမိန်းမကို ဂုဏ်ပြုလိုက်ပါဦး"

"ဟာ . . . စိတ်ချ ဆရာရေ။ ကျွန်တော်က ကျွန်တော့်မိန်းမကို အရမ်းချစ်တာဗျ။ အိမ်ရောက်ရင် သေ



သေချာချာကို ဆုချရ ဂုဏ်ပြုရမှာ။ ကျွန်တော့်အချစ်တွေကို စုထားပေးတဲ့အတွက်လေ"

"ကိုကြီးကလည်း ဘာတွေလျှောက်ပြောနေတာလဲ"

"ဟော . . . မင်း အချစ်တော်လေး ရှက်နေပြီ"

ဆရာနှင့် ချစ်ဦးတို့ ရယ်မောပြောဆိုကြပြီး ဆေးခန်းမှ ပြန်လာခဲ့ကြသည်။ လူ့လောကထဲမှာ ခြေချခွင့်ရတော့မည့် လူသားတစ်ယောက်ကို မင်္ဂလာရှိရှိအပြုံးနှင့် ဆီးကြိုနှုတ်ဆက်လိုက်ခြင်းပါ။ ဒါလောကရဲ့ သဘာဝမဟုတ်လား။

လူတစ်ယောက် လောကကြီးထဲကို ရောက်ရှိလာပြီဆိုရင် လူတိုင်း ဝမ်းသာအားရနှင့် ကြိုဆိုကြပြီး၊ လောကကို ကျောခိုင်းသွားတော့မည်ဆိုလျှင်တော့ ဝမ်းနည်းကြေကွဲတတ်ကြတာ မမှတ်ပါ။ အိမ်ကိုရောက်ရောက်ချင်းပဲ ချစ်ဦး သူသိမ်းထားခဲ့သော အင်းလေးဝတ်စုံ ပိတောက်ခြောက်ရောင်လေးကို ထုတ်ယူလာခဲ့သည်။ အခွင့်သာတုန်းပေးရမှာ မဟုတ်လား။

"ပန်းအိမ်"

"ရှင် . . . ကိုကြီး"

"ရော့ . . . ဒီမှာ ကိုကြီး ပန်းအိမ်ကို ဂုဏ်ပြုချီးမြှင့်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဟင်"

"အင်းလေးဝတ်စုံလေးပါ။ ပန်းအိမ်တို့နဲ့ သွားတဲ့နေ့က ပန်းအိမ်နဲ့လိုက်မှာပဲဆိုပြီး ဝယ်လာတာ မပေးဖြစ်လို့"

ပန်းအိမ် ဝတ်စုံလေးကို လှမ်းယူပြီး စိုက်ကြည့်လိုက်မိသည်။ အဲဒီတုန်းက ကိုကြီးနဲ့ ပန်းအိမ် သိပ်မှ မရင်းနှီးသေးတာ။ ကိုကြီး ဘာရည်ရွယ်ချက်နဲ့ ဝယ်ခဲ့တာလဲ။

"ကိုကြီး"

"ဟင်"

"အဲဒီတုန်းက ကိုကြီး ဘာလို့ပန်းအိမ်အတွက် ဝယ်ခဲ့တာလဲဟင်"

"သနားလို့လေ။ အစစအရာရာမှာ အနှိမ်ခံနေရပြီး အဝတ်အစားကောင်းကောင်းမှ မဝယ်နိုင်တဲ့ ကောင်မလေးကို သနားပြီး ငါ့ညီမလေးသာဆိုရင် ဆိုတဲ့ အတွေးနဲ့ ဝယ်လိုက်မိတာ။ အဲဒီကတည်းက ကိုယ် ပန်းအိမ်ကို ကိုယ့်ညီမလေးလို သဘောထားလိုက်တာ"

ပန်းအိမ် မျက်နှာလေး ပြုံးသွားသည်။ ပန်းအိမ်လည်း ကိုကြီးကို ကိုယ့်အစ်ကိုရင်းတစ်ယောက်လို ချစ်ခင်အားကိုးပါသည်လေ။

"အဲဒါနဲ့ ဈေးခန်းမှာ ဘာတွေလျှောက်ပြောတာလဲ"

•——ရွှေဒေါင်း——•



"ဩော် . . . ပန်းအိမ်ရယ် အဲဒါက သဏ္ဍာန်လုပ်သရုပ်တူလေကွာ။ လင်မယားလို့ ပြောပြီး ခပ်စိမ်းစိမ်းကြီးနေပြလို့ ဖြစ်မလား။ သူများတွေ သံသယမဖြစ်အောင် နည်းနည်းပါးပါးလည်း ဝိုပြရတာလေ။ ပြီးတော့ ကိုယ်တကယ် ဝမ်းသာနေတာ။ ကိုယ်က ခွန်မိုကို အရမ်းချစ်တာကွ။ ပန်းအိမ်ကိုလည်း ချစ်တယ်လေ။ ကိုယ်ချစ်တဲ့ လူနှစ်ယောက်ပေါင်းဖပ်လို့ ရတဲ့ ရင်သွေးလေးဆိုတော့ ကိုယ့်အချစ်ရသူလေးပေါ့ မဟုတ်ဘူးလား။ ခွန်မို မရှိလို့ သူ့ကိုယ်စား သူ့ရင်သွေးလေးကို စောင့်ရှောက်ခွင့်ရတာ ကိုယ်အရမ်းကျေနပ်တယ်"

"ကိုကြီးရယ်"

သူ့ရင်သွေး မဟုတ်တာတောင် ဒီလောက်ပျော်နေရင် သူ့ရင်သွေးအစစ်သာဆိုရင် ကိုကြီး ဘယ်လောက်ပျော်နေရှာမလဲ။ ကိုကိုရယ် ပန်းအိမ် ကိုကို့ ရင်သွေးလေးကို လွယ်ထားရပြီ ကိုကို။ သမီးလေးလား၊ သားလေးလား မသိရသေးပေမယ့် ရင်သွေးဆိုတာနဲ့တင် ပန်းအိမ်မှာ မီခင်စိတ်အပြည့် ရှိနေပါပြီ ကိုကို။

ကိုကို ဘယ်မှာလဲ။ ပြန်လာခဲ့ပါတော့ ကိုကိုရယ်။ ပန်းအိမ် ကိုကို့ကို အချိန်တိုင်း မျှော်နေမိပါတယ်။

"အင်း . . . သားလေးလား၊ သမီးလေးလား မသိဘူးနော်"

•——ရွှေဒေါင်း——•

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလုပ် သိဦးမှာလဲ ကိုကြီးရဲ့၊ နနလေးပဲ ရှိသေးတာကို လရင့်မှ အာထရာဆောင်း ရိုက်ကြည့်လို့ရတာ"

"အမယ် . . . ပန်းအိမ်က သိနေပါလား"

"သူများပြောတာ ကြားဖူးတာလေ"

"ကဲပါ . . . ဝတ်စုံကြိုက်ရဲ့လား ကြည့်ပါဦး"

"ကြိုက်ပါတယ် ကိုကြီးရဲ့"

ချစ်ဦး ဝတ်စုံလေးကို ငုံ့ကြည့်ပြီး ပြုံးလိုက်သည်။

"အပွန်း . . . ပေးသာပေးရတယ် ဝတ်လို့ မရတော့ဘူးနော်"

"ရပါတယ် ကိုကြီးရဲ့၊ ဘာမှမှမဖြစ်သေးတာ"

"ဟုတ်သားပဲ"

ချစ်ဦးက ပန်းအိမ် ဗိုက်ကလေးကို ငေ့ကြည့်လေတော့ ပန်းအိမ် ရှက်မျက်နှာလေးနှင့် ဝတ်စုံလေးကို ဗိုက်ပေါ်တင် ကာကွယ်ထားလိုက်၏။ ဪ . . . ဖခင်လို့ အမည်ခံရမည့်သူပဲ ဒီလောက်တော့ ကြည့်ခွင့်ရှိမှာပေါ့နော်။ ချစ်ဦး ပန်းအိမ်ဘက်သို့ လှည့်ထိုင်လိုက်ရင်း . . .

"ပန်းအိမ်"

"ရှင်"

"ကိုယ်တို့ ကလေးဘဝအတွက် နာမည်ရွေးရအောင်"





"ဟာ . . . ကိုကြီးကလည်း မုန့်ဆီကြော်က ဘယ်နားနေမှန်းမသိဘူး၊ နှုတ်ခမ်းနာနဲ့ တည့်ပွဲမလား ဖြစ်နေပြီ"

"မဦးမရှုတ် ပန်းအိမ်ရယ်။ မုန့်ဆီကြော် ဘယ်နားနေမှန်း ဘာလို့မသိရမှာလဲ။ ပန်းအိမ် ဗိုက်ထဲမှာရှိနေပြီလေ"

"အင်းပါ . . . ဟုတ်ပါပြီ။ ကိုကြီး နာမည် ဘယ်လိုပေးချင်လဲ။ ကြိုက်သလိုသာပေး။ ပန်းအိမ် လက်ခံမယ်"

သွားတန်းညီလေးတွေ ပေါ်အောင်ရယ်လိုက်တဲ့ ချစ်ဦးကို ပန်းအိမ် ငေးခနဲ ကြည့်ဖြစ်သွားသည်။ အသားဖြူတာချင်း ပါးမို့လေးတွေ ပန်းရောင်ပြေးနေချင်းတို့သာ ကိုကိုနှင့်တူလျက် ကျန်တာ ဘာမှမတူသည့် ဆိုက်နှင့်တစ်မျိုးချောနေသော ကိုကြီး ချစ်ဦးပါ။

မျက်ခုံးမွေးက ထူထဲမည်းနက်နေတာမျိုး မဟုတ်ဘဲ ဟိုဘက်ဒီဘက် ထိပ်စလေးတွေ ဆက်စပ်ခြင်းဝေးလျက် လခြမ်းပုံစံ ခပ်ကွေးကွေးလေးရှိနေသည်။ အပေါ်နှုတ်ခမ်းက ကကြီးပုံစံရှိလျက် အောက်နှုတ်ခမ်းက ခပ်တွဲတွဲလေး ရှိနေပုံမှာ ရယ်လိုက်ရင် "ဗ" လက်ချိုးကိုပုံစံ ဖြစ်သွား၏။ မျက်နှာက လေးထောင့်ဆန်ပြီးမှ မေးစေ့ကျမှ လုံးပြီးသွယ်သလို ဖြစ်သွားပြီး မျက်လုံးလေးတွေက မှေးသလိုရှိပေမယ့် ကြည့်လို့ကောင်းနေသည်။

ဒါကြောင့် မမချော့ အသည်းအသန်ဖြစ်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



နေမှာ။

"ယောက်ျားလေး မွေးရင် စိုင်းခွန်သာဦးလို့ နာမည်ပေးမယ်။ ပန်းအိမ် ကြိုက်လား"

"မိန်းကလေးမွေးရင်ရော"

"မိန်းကလေးမွေးရင် မိုပန်းအိမ်လို့ ပေးမယ်လေ"

ပန်းအိမ် တွေခနဲဖြစ်သွားပြီး . . .

"ပန်းအိမ်ကတော့ ယောက်ျားလေးမွေးပါစေလို့ပဲ ဆုတောင်းတယ်"

"ဘာဖြစ်လို့လဲ ပန်းအိမ်ရဲ့။ မိန်းကလေးမွေးမှ ပန်းအိမ်အတွက် အဖော်ရမှာလေ"

"ဟင့်အင်း . . . မိန်းကလေးမွေးရင် ကိုကြီးနာမည် မပါတော့ဘူး။ ယောက်ျားလေးမွေးမှ ကိုကြီးနာမည် ပါမှာလေ"

ချစ်ဦး ပန်းအိမ်ခေါင်းလေးကို လက်ဝါးနှင့် အုပ်ကိုင်ပြီး မျက်နှာလေးကို ချစ်စနိုးငုံ့ကြည့်ပြီး ရယ်သည်။ ခွန်မိုသာ သူ့ရင်သွေးကို ပန်းအိမ် လွယ်ထားပေးတာ သိရင် ဘယ်လောက် ဝမ်းသာရှာလိမ့်မလဲ။ ဝမ်းသာအားရ ပြေးပြောချင်ပေမယ့် ခွန်မိုက ဘယ်မှာလဲ။ ဘယ်လိုဒုက္ခမျိုးတွေနဲ့များ ကြုံတွေ့နေသလဲ ခွန်မို။

"ဘာလေးပဲမွေးမွေး ချစ်ရမှာပဲ မဟုတ်လား ပန်းအိမ်ရယ်"





"ဒါတော့ ဒါပေါ့ . . . ဒါပေမဲ့"

မော့ကြည့်ပြီးပြောလိုက်တဲ့ ပန်းအိမ် နှုတ်ခမ်းလေးကို လက်ဖျားနှင့် ဖွဖွပိတ်ပြီး ချစ်ဦး ခေါင်းခါလိုက်သည်။

"ကိုကြီး နာမည်ပါဖို့ မပါဖို့က အရေးကြီးတာမှ မဟုတ်ဘဲ ပန်းအိမ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၂၄ )

ကြည်စင်စိမ်းလဲ့နေသော မိုးကောင်းကင်ကို ကြည့်၍ အချစ်တွေကိုသာ ဆွတ်ခူး စားသုံးလို့ရရင် မျက်ရည်ဆိုတာ သူ့ဘဝမှာ လေသံတောင် ဟဖြစ်မှာ မဟုတ်။ ကောင်းကင်ပြာပြာအောက်မှာ ဗိုးလ်ချဲ့လ်ပေါ်ထိုင်ရင်း စိတ်တွေက ရှက်လွှင့်လော့။

မိုးပြာရောင်ကိုမှ နှစ်သက်ပါသည်ဆိုသောချစ်သူ မင်းနှစ်သက်တဲ့ မိုးပြာရောင်အောင်မှာ မင်းသိပ်ချစ်တဲ့ လူတစ်ယောက် ဘဝကို အရှုံးပေးခဲ့ရတာကိုသာ သိရင် မင်းရဲ့ နှလုံးသွေးတွေ ကျွတ်ကျွတ်ဆူမလားပဲ ပန်းအိမ်။

"ချာတိတ် ဒီဝတ်စုံလေး မင်းကြိုက်လား"

သူကိုင်ပြတာက မီးခိုးရောင် အင်းလေးဝတ်စုံလေးပါ။





"ဟင့်အင်း . . . ပန်းအိမ်က မီးခိုးရောင် မကြိုက်ဘူး"

"ဘာဖြစ်လို့လဲ"

"မီးခိုးဆိုတာ လေထဲမှာလွင့်ပြီး ပျောက်ကွယ်သွား ရတဲ့ ဘဝလေး။ တည်ငြိမ်မှု မရှိဘူး။ ပန်းအိမ်က မိုးသားလို ပဲ စိတ်ထားမြင့်မြတ်သူ ဖြစ်ချင်တယ်။ အဲဒါကြောင့် အရောင်ဆိုလည်း မိုးပြာရောင်ကိုပဲ ကြိုက်တာ"

ပန်းအိမ်က မိုးပြာရောင် ကြိုက်တယ်ဆိုရင် ခွန်မို မိုးပြာရောင်ကို လိုက်ကြိုက်ခဲ့သည်။ ထို့ကြောင့် . . .

"ဒီဝတ်စုံမျိုး မိုးပြာရောင်ရှိလား"

"အထဲမှာ ရှိတယ် အစ်ကို။ ဝင်ကြည့်မလား"

"မကြည့်တော့ဘူး ဒီပုံစံ၊ ဒီဒီဇိုင်းပဲဆိုရင် မိုးပြာရောင်တစ်စုံပေးပါနော်"

"ဟုတ်ကဲ့ ဒီပုံစံ၊ ဒီ ဒီဇိုင်းပါပဲ ခဏစောင့်နော်"

အဲဒီအချိန်မှာ သူ့ကို ကြည့်လိုက်တဲ့ ပန်းအိမ်ရဲ့ မျက်ဝန်းလေးတွေကို ခွန်မို ယခုထက်တိုင် မေ့လို့မရခဲ့။

"ဦးခွန်မိုမှာ ညီမရှိလားဟင်"

"မရှိပါဘူး။ ကိုယ်က တစ်ဦးတည်းသော သား"

"ဒါဆို မမအတွက် ဝယ်တာလား။ မမက နည်းနည်းဝတယ်နော်။ ဒီဆိုဒ်နဲ့ တော်မှာ မဟုတ်ဘူး"

ခွန်မို အဲဒီတုန်းက အူတူတူ အတတနိုင်လွန်းလှ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ပန်းအိမ်ကို ခေါင်းထုချင်စိတ် ပေါက်သွားခဲ့သေးသည်။ နောက်မှ ခွန်မို ပွင့်လင်းစွာ ပြောပစ်ခဲ့တာက . . .

"မင်းကို ဘာအရောင်ကြိုက်လဲ မေးပြီးမှ ဝယ်တာ မင်းအတွက်ပေါ့ ချာတိတ်ရဲ့"

လို့ဆိုတော့ အံ့သြစွာနှင့် ငြင်းလိုက်တဲ့ ပန်းအိမ် မယူရဲဘူး။ မယူပါရစေနဲ့တဲ့။ မင်း မမ မသိအောင် ယူထားလိုက်ပါဆိုတော့လည်း မယူသဖြင့် ခွန်မို ဟိုပြောဒီပြောနှင့် မနည်းထိုးကြိတ်ပေးခဲ့ရတာတွေ ခွန်မိုရင်ထဲ မနေ့တစ်နေ့ကလို အသစ်အသစ်တွေ ဖြစ်နေရသည်။

ပြီးတော့ အရုပ်ကလေးနှစ်ရုပ်။ ကိုယ့်နှလုံးသားကို အစာသွပ်ပေးခဲ့သော အရုပ်ကလေးတွေ ပန်းအိမ် ဒါကို ကြည့်ပြီးလွမ်းနေမလား။ ဒါမှမဟုတ် နာကြည်းမုန်းတီးနဲ့ ဖျက်ဆီးပစ်မှာလား။ ဘာမှ မရေရာပါလားနော်။

"ချာတိတ် . . . ရော့"

"ရှင်"

"ယူလေ။ မင်းကို ကိုယ် လက်ဆောင်ဝယ်ပေးတာ။ မင်းက ကောင်လေးကိုယူ ကိုယ်က ကောင်မလေးကို ယူထားမယ်"

"ဟင့်အင်း . . . ပန်းအိမ် မယူပါရစေနဲ့"

"ဘာဖြစ်လို့လဲ ယူပါ"

ပန်းအိမ် အရုပ်ကလေးတွေကို စိုက်ကြည့်လျက်





"ဟို . . . ဦးခွန်မိုက စုံတွဲလေး ဝယ်လာပြီးမှ"

"အင်း . . . ဆက်ပါဦး"

"ပန်းအိမ် ယူလိုက်ရင် သူတို့စုံတွဲလေးကို ခွဲသလို ဖြစ်သွားမှာပေါ့။ သနားပါတယ်။ သူတို့ စုံတွဲလေးအတိုင်း ရှိနေပါစေ။ ပန်းအိမ် မယူဘူး"

ကလေးဆန်စွာ ပြောလိုက်တဲ့ ပန်းအိမ်ရဲ့ စကားလေးကြောင့် ခွန်မို ရယ်ခဲ့မိသည်။ ဖော်တော်စိတ်ကူးယဉ်တတ်တဲ့ ကောင်မလေးလို့လည်း တွေးဖြစ်ခဲ့၏။

"ကဲပါ ချာတိတ်ရယ် သူတို့ကို မခွဲစေချင်ရင် ကိုယ် မခွဲတော့ဘူးနော်။ နှစ်ရုပ်လုံး မင်းပဲ ယူလိုက်"

လို့ ပြောပြီးမှ သူမလက်ထဲကို အရုပ်ကလေးတွေ အတင်းထိုးပေးလိုက်တော့ ပြုံးရွှင်သွားတဲ့ ပန်းအိမ်ရဲ့ မျက်နှာလေးမှာ ပျားရည်မြစ်ထဲမှာ သာတဲ့ လမင်းလေးလို့တောင် တစ်ကိုယ်တည်း တင်စားခဲ့ဖူးသည်။

ခုတော့ ပန်းအိမ်ရယ်၊ အရုပ်ကလေးတွေကို မခွဲရက်ခဲ့ပါပဲ ပန်းအိမ်နဲ့ကိုယ် ရှင်ကွဲကွဲနေရတဲ့ဘဝမှာ ကိုယ်တာ မီးပင်လယ်ထဲမှာ မျောနေတဲ့ တမာရွက်ကလေးပါပဲ ပန်းအိမ်။

ကံကြမ္မာရယ် ဒုက္ခတဘဝကို ပေးကမ်းမယ့်အစား ပီညာဉ်တွေကို တစ်ခါတည်း နှုတ်ယူသွားပါတော့လား။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၂၅ )

"အား . . . ကျွတ် . . . ကျွတ်"

"ဟင်"

ချစ်ဦး ဖိနပ်စင်လေး သံမြုတ်သွားလို့ ပြန်ရိုက်နေရာမှ ညည်းသံကြားသဖြင့် နောက်သို့ ပြန်ငဲ့ကြည့်တော့ ပန်းအိမ် မျက်နှာလေး ရှုံ့မဲ့မဲ့ဖြစ်နေသည်။ အချိန်နှင့် ဒီရေသည် လူကို မစောင့် ဆိုတဲ့ ဆိုရိုးစကားအရ ပန်းအိမ်ကိုယ်ဝန်က နေ့စေ့လစေ့ ဖြစ်နေပြီလေ။

ရင်ထဲမှ ဒိတ်ခနဲ ခုန်သွားပြီး ချက်ချင်း လက်ထဲက တူကို ပစ်ချကာ ပန်းအိမ် အနားသို့ရောက်သွား၏။

"ပန်းအိမ်"





"အား"

"ဘာ . . . ဘာဖြစ်လို့လဲဟင်"

"ဗိုက်နာလို့"

"ဟင်"

ဗိုက်နာလို့ဆိုတာနှင့် ချက်ချင်း ခြေမကိုင် လက်မတိုင်မိဖြစ်သွားရ၏။

"အား . . . ကျွတ် . . . ကျွတ်"

"ဟို . . . ပန်းအိမ် အရမ်းနာနေသလားဟင်။ ကိုယ် ဘာလုပ်ပေးရမလဲ။ ဒေါ်ရှီလာကို ခေါ်ပေးရမလား။ မွေးချင်လို့ နာတာလား၊ အီးပါချင်လို့ နာတာလား။ ဘယ်လိုနာတာမျိုးလဲဟင်။ ဆေးခန်းလိုက်ပို့ရမလား"

"ဟာ . . . ကိုကြီးကလည်း နေ့စေ့လစေ့ ဖြစ်နေတာ မွေးချင်လို့ ဖြစ်မှာပေါ့။ အား . . . အမယ်လေး"

"အဲဒါမှ ဒုက္ခပဲ"

ချစ်ဦး မျက်နှာပျက်ပျက်နှင့် ခေါင်းကို စုံချကုတ်သည်။ ကလေးတစ်ယောက် အဖေဖြစ်တော့မယ့် လူမိုက်ကြီး ဒုက္ခလှလှ တွေ့ပြီ။ မီးနေတော့ မိခွေး၊ နနွင်းပေးတော့ သာအေး ဆိုတာ ဒါမျိုးပေါ့။

"ဘယ်လိုလုပ်ရပါ့မလဲ"

"အား . . . နာလိုက်တာ"

"ပန်းအိမ် . . . ခဏတော့ မနာနဲ့ဦးကွာ။ ခဏ



www.burmeseclassic.com

www.burmeseclassic.com



အောင့်ထားနော်။ ဒေါ်ရှီလာကို ခေါ်ပေးမယ်"

"နာတာကို အောင့်ထားလို့ ရမလား။ အား . . . အဟင့် . . . အီး . . . ဟီး"

"ဟာ . . . ဒုက္ခပါပဲ။ ဒေါ်ရှီလာ . . . ဒေါ်ရှီလာ"

ပန်းအိမ် ပခုံးကိုလည်းဖက် ဒေါ်ရှီလာကိုလည်း အသံကုန် အော်ခေါ်လိုက်သည်။

"ဒေါ်ရှီလာ"

"အို . . . ဘယ်လိုဖြစ်တာလဲ မောင်ချစ်ဦးရယ်။ အသံပြဲကြီးနဲ့"

ဒေါ်ရှီလာ ပြေးထွက်လာတော့ . . .

"ဒီမှာ ပန်းအိမ် ဗိုက်နာလို့တဲ့။ လုပ်ပါဦး ဒေါ်ရှီလာ"

"ဟေ . . . ဟုတ်လား"

ဒေါ်ရှီလာ ပန်းအိမ်ဘေးသို့ ရွေ့ခနဲ ရောက်လာသည်။

"အတော်နာနေသလား ပန်းအိမ်"

"အား . . . နာတယ်။ ဒေါ်ရှီလာရဲ့ အမယ်လေး"

"ဟာ . . . လုပ် . . . လုပ်ပါဦး ဒေါ်ရှီလာရယ်"

"ဒီအတိုင်းကြည့်နေလို့ မဖြစ်ဘူးလေ။ ဆေးရုံကို သွားမှာပေါ့"

"အမယ်လေး"

ပန်းအိမ် တစ်ခါအော်တိုင်း ချစ်ဦး မျက်နှာ ရှုံ့မဲ့





သွားကာ ခြေဖျားလက်ဖျားတွေမှာ အေးသလို၊ ပူသလို၊ နားထင်ပရင်းတွေ ထူပူလာတာကလည်း ဘာဖြစ်မှန်းမသိ။

"ဒါဆို ကျွန်တော် ကားသွားငှားလိုက်ဦးမယ်"

"အေးအေး မြန်မြန်သွား"

ချစ်ဦး ခြေထောက်က ဘီးတပ်ထားသလား မှတ်ရသည်။ ဆိုင်ကယ်ပေါ်ကို ဘယ်လို ဘယ်လို ရောက်သွားမှန်း မသိတော့။ ဆိုင်ကယ်ကို ဝူးခနဲ မောင်းထွက်သွားပြီး သိပ်မကြာပါ။ ဝူးခနဲ မြန်ရောက်လာ၏။ ကားပါ တစ်ခါတည်း နောက်မှ ပါလာသည်မို့ . . .

"ဒေါ်ရှီလာ လိုအပ်တာတွေထည့် ကျွန်တော် ပန်းအိမ်ကို ကားပေါ်တင်လိုက်ဦးမယ်။ မြန်မြန်လုပ်နော်။ တော်ကြာ လမ်းမှာတင် မွေးနေဦးမယ်"

"အေးပါ မောင်ချစ်ဦးရဲ့"

ဒေါ်ရှီလာလည်း သုတ်သီးသုတ်ပျာနှင့် ထွက်သွားလေ၏။

"အမယ်လေး"

"အား"

"နာလိုက်တာ"

"အား"

ပန်းအိမ် အော်တိုင်း ချစ်ဦးပါ ယောင်၍ လိုက်ညည်းနေသည်။ ပန်းအိမ် နာကျင်မှု ဝေဒနာကြောင့် အကို



www.burmeseclassic.com

www.burmeseclassic.com



တင်းတင်းကြိတ်၍ ချစ်ဦး လက်မောင်းကိုလည်း ဆွဲဖက် ဆုပ်ကိုင်ထား၏။

"အား . . . နာလိုက်တာ"

"ကိုချစ်ဦး"

"ဗျာ"

"ဟောဗျာ . . . အဲဒါ ဘာလုပ်တာလဲ။ ခင်ဗျား မိန်းမကို ကားပေါ်ပွေ့တင်လေဗျာ"

"အဲ . . . ဟုတ်သားပဲ"

ချစ်ဦး ယောင်နနဖြစ်နေရာမှ ကားသမား သတိပေးမှပဲ သတိရပြီး ပန်းအိမ်ကို ပွေ့ချီလိုက်သည်။ ကားပေါ်ကို ရောက်တော့ ပန်းအိမ်ကို ပွေ့ထားလျက်မှ စိတ်တွေ ယောက်ယက်ခတ်နေ၏။

"ဒေါ်ရီလာ မြန်မြန်လာပါဗျ"

"လာပြီ . . . မောင်ချစ်ဦး . . . လာပြီ"

ဒေါ်ရီလာ ခမျာမှာလည်း မနိုင်မနင်းတွေနှင့် တရှုတ်တသီ ကားပေါ်သို့ ရောက်လာသည်။ ဆေးရုံကို ရောက်တော့ ပန်းအိမ်ကို မွေးခန်းထဲ သွင်းပြီး ချစ်ဦးမှာ ဗိုက်ကိုနှိပ်ပြီး ရှုံ့မဲ့မဲ့ဖြစ်နေ၏။

"မောင်ချစ်ဦး"

"ဗျာ"

"ကျွန်တော်လည်း ဗိုက်နာလို့"





"ဗိုက်နာတာ အိမ်သာကို သွားလေ"

"အာ . . . သွားပြီးပြီဗျ။ အဲဒီ သွားချင်လို့ နာတာ မဟုတ်ဘူး"

"ဗျာ"

"အဲ . . . မဟုတ်ပါဘူး။ ငါ့တောင် ယောင်ကုန်ပြီ"

ပန်းအိမ် ဗိုက်နာတာနှင့် အပြိုင်မှာ ချစ်ဦးနှင့် ဒေါ်နန်းရီလာ အယောင်ယောင် အမှားမှားတွေ ဖြစ်ကုန်၏။ ထိုင်ရမလို ထရမလိုနှင့် ပုတီးစိပ်သူကလည်း ပုတီးလုံးတွေ ကျော်ချ စိတ်လိုစိတ်၊ ချစ်ဦးကြားဖူးတာ ကိုယ်ဝန်ဆောင် မိခင် တစ်နေ့ သချိုင်းကို ခြေသုံးခါ လှမ်းဖြတ်တဲ့။ ပြီးတော့ ယောကျ်ားဖောင်စီး မိန်းမမီးနေဆိုတဲ့ အချိန်တွေမှာ အသက်အန္တရာယ်နဲ့ နီးသတဲ့။ ဘုရား . . . ဘုရား ပန်းအိမ် ဘာမှ မဖြစ်ပါစေနဲ့။ လွယ်လွယ်ကူကူ မွေးဖွားနိုင်ပါစေ။ လက်ဝါးနှစ်ဖက်ကိုပူးကာ နဖူးပေါ်တင်ပြီး ရွတ်လိုက်ရတဲ့ ဘုရားစာတွေ။

"အူဝဲ . . . အူဝဲ . . . အူဝဲ"

"ဟာ"

"ဟယ်"

နဖူးပေါ်က လက်တွေချက်ချင်းပဲ နဖူးပြင်ကို စိမ်းတားသက်သက် ရက်စက်လေသောအခါ . . .

"မွေးပြီ . . . မွေးပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မွေးပြီ"

ချစ်ဦး မျက်နှာကြီး ပြုံးဖြီးဖြစ်သွားလေသည်။ ဗိုက်နာတာတွေ ဘယ်ရောက်ကုန်မှန်းမသိ။ ဆေးရုံမှာ ဖြစ်နေလို့သာပေါ့။ အိမ်မှာသာဆိုရင် ထခုန်မိမှာ မလွဲမသွေ။ ခဏကြာတော့ မွေးခန်း တံခါးပွင့်လာပြီး သူနာပြု ဆရာမလေး တစ်ယောက် အနီးဖွေးဖွေးနှင့် ကလေးကို ပိုက်ထွေး၍ ထွက်လာသည်။

"ကလေးအဖေ"

"ဟာ . . . ကျွန်တော် . . . ကျွန်တော်ပါ ဆရာမ"

"အို . . . မင်းအပြင် ဒီအနားမှာ ယောကျ်ား ဘယ်နယောက်ရှိလို့လဲ မောင်ချစ်ဦးရဲ့"

"အဟဲ . . . ကျွန်တော် ဝမ်းသာသွားလို့ပါ"

ဒေါ်ရှီလာက မျက်စောင်းထိုးလေသည်။ သူနာပြု ဆရာမက ပြုံးလျက် ကလေးကို တစ်ချက်ငုံကြည့်ကာ . . .

"ကလေးက ရှမ်းသွေးပါလို့ ထင်တယ် ဖြူဖြူဖွေးဖွေးနဲ့ ချစ်စရာလေး"

"ဘာ . . . ဘာလေးလဲ ဆရာမ"

"မိန်းကလေးပါရှင့်"

"ဟာ"

ချစ်ဦး ဝမ်းသာလွန်းလို့ ဘာပြောရမှန်း မသိတော့။ လက်ဝါးချင်းစီ ပွတ်လိုက်၊ ပုဆိုးနှင့် ပွတ်တိုက်လိုက် လက်ဖဝါးတွေ ကြက်သွေးစော်များ နံနေမည်လား မသိတော့။



"ကျွန်တော် . . . ကျွန်တော် ချီကြည့်လို့ ရမလား ဆရာမ"

"ရပါတယ်ရှင်"

ချစ်ဦး ဆရာမလက်ထဲမှ ကလေးကို လက်ပြောင်း ပွေ့ချီလိုက်ကာ အစိုက်မတ်မတ်ကြည့်လျက် . . .

"သမီး . . . သမီးလေး . . . ဖေကြီး သမီးလေး"

ချစ်ဦး သမီးလေးကို နမ်းဖို့ ခေါင်းငုံ့လိုက်စဉ် . . .

"အို . . . ဟဲ့ . . . မောင်ချစ်ဦး"

ဒေါ်ရှီလာရဲ့ ထိတ်ထိတ်ပျာပျာအသံကြောင့် သမီးလေးကို မနမ်းဖြစ်ဘဲ ချစ်ဦး ခေါင်းမော့ ဒေါ်ရှီလာကို ကြည့်လိုက်သည်။

"နမ်းလို့မရသေးဘူးလေ၊ ကလေးကနုနုလေးကို"

"မရသေးဘူးလား"

"မရသေးဘူး"

"ဟာ . . . ဗျာ"

ချစ်ဦး မချင့်မရဲ ဖြစ်သွားသည့်ပုံစံနှင့် ရယ်လေသည်။ သမီးရဲ့မျက်နှာကို တစိမ့်စိမ့်ကြည့်ပြီး . . .

"သမီးလေးကို ကြည့်ပါဦး ဒေါ်ရှီလာရဲ့ ဘယ်သူနဲ့ တူလဲလို့"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရှီလာက ငုံ့ကြည့်လိုက်ပြီး . . .

"ဖအေတူ သမီးလေး"

"တကယ်"

ရယ်လိုက်ပြီး အောင့်သက်သက် ဖြစ်သွားရသည်။ ဖအေတူ သမီးလေးပဲ့ ဘယ်လိုအဓိပ္ပာယ်နဲ့ ဒေါ်ရှီလာ ပြောလိုက်တာလဲ မသိပေမယ့် ကိုယ်က မလုံတဲ့အိုးလေး။ သမီးလေးရဲ့ နှုတ်ခမ်းလေးတွေနဲ့ နှာတံစင်းပုံလေးက ခွန်မိုနှင့် တော်တော်တူနေတာ။

ဘာပဲဖြစ်ဖြစ် လက်ရှိ ကိုယ့်လက်ပေါ်မှာ ရှိနေတာ ကိုယ့်သမီးပေါ့။ ခွန်မို့ သမီးလေးဟာ ကိုယ့်သမီးလေးပဲ ခွန်မိုရယ်။ ချစ်စရာကောင်းတဲ့ သမီးလေးကို မြင်စေချင်လိုက်တာ။

"ပန်းအိမ်ရော နေကောင်းရဲ့လား ဆရာမ"

ဒေါ်ရှီလာ အသံကြားမှ ချစ်ဦး သမီးလေး မျက်နှာပေါ်မှ အကြည့်ကို ခွာလိုက်၏။

"ကောင်းပါတယ်ရှင်၊ ကလေးပြန်ပေးပါဦးနော်။ နို့သွားတိုက်ပေးရဦးမှာမို့ပါ"

"ဩော် . . . ဟုတ်ကဲ့"

ချစ်ဦး ကလေးကို ပြန်ပေးလိုက်ပြီး ဒေါ်ရှီလာဘက်သို့လှည့်ကာ . . .

"သားဦးမိန်းကလေး ဖအေကိုတူရင် ကောင်းစား





တယ်လို့ ဆိုတာ ဟုတ်လား ဒေါ်ရှီလာ"

"ပြောကြတာပဲ"

ချစ်ဦး ရင်ထဲမှာ ပီတိစမ်းချောင်းလေးက တသွင်သွင် စီးဆင်းနေသည်။ သမီးလေးအတွက် သူ့ ဖခင်စိတ်အပြည့်နဲ့ ဖခင်တစ်ယောက်ရဲ့ မေတ္တာတွေ ဆံချည်မျှင်မကွာ မြူမှုန်မလျှော့ ပေးစွမ်းနိုင်မှာလေ အသေအချာပါ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၂၆ )

သမီးလေး တစ်နှစ်သမီး အရွယ်ရောက်လို့ မတ်တတ်ရပ်စလေးမှာပဲ ချစ်ဦးမှာ သမီးလေးအတွက် ဂါဝန်၊ ဦးထုပ်၊ ဖိနပ် အစရှိသည်တို့ကို တစ်မျိုးပြီးတစ်မျိုး ဝယ်ပေးသည်။ သမီး . . . သမီးဆိုတာ ပါးစပ်ဖျားက မချသလို လက်ပေါ်ကလည်း မချ။

ဒီနေ့တော့ . . .

"ပန်းအိမ်ရေ အလုပြင်လို့ မပြီးသေးဘူးလားကွ။ မင်း အပျိုမဟုတ်တော့ဘူးနော်။ သိပ်ပြင်မနေနဲ့။ မင်းယောကျ်ား သဝန်တိုတတ်တယ် သိလား"

လူကြားကောင်းအောင်တော့ ဒီလိုပဲ အော်နေရတာပါပဲ။ လက်တွေ့မှာသာ ဖြူစင်သော မေတ္တာတရားနှင့်





လရောင်နဲ့ ပန်းကလေးကို အလင်းတွေသာ ပေးကမ်းနိုင်စွမ်းရှိပေမယ့် ထိမရ၊ တို့မရ . . .

"လာပြီ . . . ကိုကြီးရေ"

"ဈေးသွားမှာပဲကွာ။ အလှူမင်္ဂလာဆောင်သွားမှာမှတ်လို့"

"ပန်းအိမ် ဘာတွေများ ထွေထွေထူးထူး ပြင်နေလို့လဲ ကိုကြီးရဲ့၊ သမီးလေး ရှူးပေါက်တဲ့ အဝတ်အစားတွေ လျှော်ထားတာ တစ်ခါတည်း လှန်းနေလို့"

"ခွေးမလေး စလို့ စမှန်းမသိဘူး"

ချစ်ဦးက ထိပ်ထုမယ့်လုပ်သဖြင့် ပန်းအိမ် ဇက်ကလေးပုသွားသည်။ ဒီနေ့ မိသားစုတွေ ဈေးဝယ်ထွက်ကြမလို့ပါ။ ဒီလို မိသားစုလိုက်ကလေး ဘယ်လိုမှ မသွားဖူးသေးဘူးကိုး။

"ကာဖလေးပေးလေ"

"ရတယ် . . . ကိုယ်ချီလာခဲ့မယ်။ သမီးက ဝတုတ်နေတာ ပန်းအိမ် ချီနိုင်လို့လား"

"အမယ်လေး . . . နေ့တိုင်း ချီနေရတာကိုများ"

"ကဲ . . . လာပါ။ ဆိုင်ကယ်နားရောက်မှ ချီပါ"

ချစ်ဦးက သမီးကိုချီပြီး အိမ်ပေါ်မှ အရင်ဆင်းလာခဲ့သည်။ ကလေးက ဖအေကို မခင်လား ခင်လား ချစ်ဦးလက်ထဲမှာဆို အင်းအင်းအဲအဲနှင့် စကားတွေပြော၊ ရယ်



www.burmeseclassic.com

www.burmeseclassic.com



မောနေတတ်၏။ ပန်းအိမ် လက်ထဲမှာမှ ငိုချင်သေးသည်။ ဖေတာနာ မေတ္တာတွေ ရောင်ပြန်ဟပ်ထင်ပါရဲ့။

ပန်းအိမ် ကိုကြီးကို ကြည့်ပြီးပြုံးလိုက်မိသည်။ ရှပ်အင်္ကျီအဖြူ လက်ရှည်နှင့် နက်ပြာရင့်ရောင် ပုဆိုးကွင်စိပ်ကလေးကို တွဲဝတ်ထားပြီး ဆံပင်တွေကို နောက်လှန်ဖြီးထားပုံမှာ ရှင်းသန့်ချောမွေ့နေ၏။

"ကလေးကို ခိုင်ခိုင်ဖက်ထားနော်"

ပြောပြီး ကလေးကို ပန်းအိမ်ဆီ လွှဲပေးတော့ –

"အဲ . . . အဲ"

သမီးလေးက ငိုမလို အသံပေးလျက် ချစ်ဦး ပန်းကို ခေါင်းမှီကပ်၍ လက်ကလေးလည်း လည်ပင်းကို တင်းဖက်ထားသဖြင့် ချစ်ဦးရော ပန်းအိမ်ပါ ရယ်မိကြသည်။

"ကြည့်စမ်း . . . သမီးက မအေနောက်ကို မလိုက်ချင်ဘူးပေါ့လေ"

"ဟား . . . ဟား . . . သမီး ဖအေကို ပိုချစ်တာထင်တယ်"

"ဟုတ်လား သမီး။ မေမေ့ဆီကို သွားဦးနော်။ ဖေကြီးဆိုင်ကယ် မောင်းရဦးမယ် သမီးရဲ့"

ချစ်ဦး သမီးလေးရဲ့ ပါးပြင်ကို ရွှတ်ခနဲ နမ်းလိုက်ပြီး အတင်းခွာပေးလိုက်ရသည်။

"ကဲ . . . တက်"





တစ်ယောက်တည်းဆိုလျှင် ဆိုင်ကယ်မောင်း ကြမ်းသော ချစ်ဦး အခုတော့ အားပျော့ကာ စက်ဘီးအရှိန်လောက်နှင့်ပဲ မောင်းနှင်နေသည်။ ဈေးထဲကိုရောက်တော့ ပန်းအိမ်က ဈေးဝယ်။ ချစ်ဦးက သမီးကို ချီပြီး နောက်မှ လျှောက်လိုက်။

ရွှေဆိုင်တစ်ဆိုင်ရှေ့ အရောက်မှာတော့ . . .

"ဟာ . . . မောင်ချစ်ဦး"

"ဟုတ်တယ် ဦးရဲ့ ။အန်တီရော နေကောင်းလား"

"ကောင်းတယ်ပဲ ဆိုပါတော့ကွယ်။ စိတ်ကတော့ မကောင်းဘူးပေါ့"

"ခွန်မိုသတင်း ဘာထူးလဲ ဦး"

"ခုထိ ဘာမှမထူးပါဘူးကွယ်။ ဦးကတော့ သူမရှိတော့ဘူးလို့ပဲ ထင်တော့တယ်"

ချစ်ဦး ပင့်သက်ရှိုက်မိ၏။ ခွန်မို ပျောက်ချင်းမလှ ပျောက်သွားပြီး ဘာသတင်းအစအနမှ စုံစမ်းလို့ မရတာကို ဘယ်လိုသုံးသပ်ရမှန်း မသိတော့။ သေသလား ရှင်သလား ဘာမှ တိတိကျကျမသိရတော့ ခက်၏။

"မောင်ချစ်ဦး"

"ဗျာ"

"မင်း . . . ကလေး ရနေပြီလား"

သမီးလေးကို ကြည့်ပြီး မေးလိုက်တာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဦး တစ်ခုခုကို သတိရပြီး သမီးရဲ့ မျက်နှာလေးကို နောက်သို့ လှန်ပေးပြီး ပခုံးနှင့် မေးကပ်ထားလိုက်သည်။ သမီးလေးရဲ့ မျက်နှာကို ဦးစိုင်းကျော် သတိထားမိသွားလို့ မဖြစ်ပါဘူး။ ခွန်မိုနှင့် တူတဲ့အချက်ကလေးတွေကို မမြင်စေလိုသောကြောင့်ပါ။

"ဟုတ်တယ် ဦးရဲ့၊ ဒါ . . . ကျွန်တော့်သမီးလေ"

"ကိုကြီး . . . ဟင်"

ချစ်ဦး အနားကိုရောက်လာသော ပန်းအိမ်၊ ဦးစိုင်းကျော်ကို မြင်လိုက်ရသဖြင့် "ဟင်" ခနဲ ဖြစ်ပြီး ပျက်ချင်သည့်မျက်နှာကို မနည်းထိန်းလိုက်ရ၏။

"ဟော့ . . . မြေးလေး ဘိုးဘိုးကို ကြည့်ပါဦးကွဲ"

ဦးစိုင်းကျော်ကလည်း လူပါးတစ်ယောက်ပါ။ ချစ်ဦး သတိမထားမိဘဲ စကားရပ်ပြောနေချိန်မှာ ကလေး မျက်နှာကို မြင်ပြီး သူ့ရင်ထဲမှာ တစ်မျိုးဖြစ်သွား၏။ ကလေးရဲ့ နှုတ်ခမ်း၊ နှာခေါင်း၊ မျက်လုံးလေးတေါက ချစ်ဦးနဲ့မတူ၊ ပန်းအိမ်နဲ့လည်း မတူဘဲ ဘာကြောင့် သူ့သား ခွန်မိုနှင့် လာတူနေသလဲပေါ့။

ဦးစိုင်းကျော် ကလေးမျက်နှာလေးကို နောက်ထပ် မြင်ရဖို့အရေး ဟိုလိုလို ဒီလိုလိုနှင့် ညာကိုထုတ်လိုက်၏။

"ဦး . . . ခဏချီကြည့်လို့ရမလား မောင်ချစ်ဦး"

"ဩော် . . . ဟို . . . ရ . . . ရပါတယ်"





ကဲ . . . ချစ်ဦး ဘာတတ်နိုင်တော့မှာလဲ။ မချီပါနဲ့လို့ ဘယ်လိုပြောရမလဲ။ သူဟာ လူမှုရေး ခေါင်းပါးသူ မဟုတ်လေတော့ အမှန်တရားတွေကို ဘယ်လိုဖုံးကွယ်ရပါ့မလဲနော်။

"ဟာ . . . မြေးကျ ချစ်ဖို့ကောင်းလိုက်တာကွာ။ အားကျလိုက်တာ မောင်ချစ်ဦးရေ။ ငါလည်း ဒီလို မြေးလေး တစ်ယောက်လောက် လိုချင်လိုက်တာ။ ဟို . . . အိမ်ကို တစ်ပတ်တစ်ခါလောက် မြေးကိုခေါ်ပြီး အလည်လာခဲ့ပါ ကွား မောင်ချစ်ဦးရယ်။ ဦးတို့အိမ်မှာက အထီးကျန်ပြီး ခြောက်သွေ့နေတာ ကြာပြီကွာ။ သားမရှိကတည်းကပေါ့"

ချစ်ဦးနှင့် ပန်းအိမ် အကြည့်ချင်းဆုံသွားကြသည်။ ချစ်ဦး ကိုယ်ချင်းစာပါသည်လေ။ ခွန်မို မရှိတော့ အဘိုးကြီး အဘွားကြီး နှစ်ယောက်တည်း အထီးကျန်ခြောက်သွေ့နေမှာပါ။

ပြီးတော့ သမီးလေးက သူတို့ရဲ့ သွေးပဲလေ။ ကိုယ်က ဘဲဥကို ဝပ်ပေးရတဲ့ကြက်မကြီး မဟုတ်လား။ အမှန်တရားဆိုတာ ဘယ်လောက်ကြာကြာ ဖုံးကွယ်ထားလို့ ရနိုင်မှာလဲ။

"နော် . . . မောင်ချစ်ဦး။ မြေးလေးကို ဦးတို့ ချစ်ခွင့်ရှိတယ် မဟုတ်လားဟင်"

"ရှိပါတယ် ဦးရယ်၊ ဟိုတစ်ပတ်တစ်ခါတော့



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ပါနဲ့၊ ကျွန်တော်က လုပ်ငန်းတွေ တိုးချဲ့နေတော့ အလုပ်က မအားဘူးလေ။ အားတဲ့အခါတော့ ကျွန်တော် သမီးလေးကို ခေါ်လာခဲ့ပါ့မယ်"

"ဦး . . . အားတဲ့အခါ လာခေါ်မယ်ဆိုရင် အဆင်ပြေမလား မောင်ချစ်ဦး"

ချစ်ဦး သက်ပြင်းတစ်ချက် ခိုးချပြီး ခေါင်းလေး ညိတ်လိုက်၏။ ပန်းအိမ်ကတော့ မျက်လွှာလေးချလို့ . . .

"ဝမ်းသာလိုက်တာ မောင်ချစ်ဦးရယ်။ ဒါနဲ့ မြေးလေးနာမည်က ဘယ်လို ခေါ်တုန်းကွ"

"ချစ်ပန်းအိမ်"

"ဟင်"

လျင်မြန်စွာ ဖြေလိုက်တဲ့ ပန်းအိမ်ကြောင့် ချစ်ဦး အံ့ဩသင့်စွာ နှုတ်ခမ်းလေး ပွင့်ဟသွား၏။ ပန်းအိမ် ဘာဖြစ်လို့ ညာရတာလဲ။

"အေး . . . နာမည်လေးရော လူကလေးရော ချစ်စရာလေးပဲ"

ဟန်ဆောင်ပြုံးပြုံးရတာ မသက်သာမှန်း ဟိုအရင်ကတည်းက သိထားပေမယ့် ဒီတစ်ခါကတော့ တကယ့်ရင်ထဲမှာ နင့်နင့်သည်းသည်း ထိထိရှရှ။

"သမီး . . . လာ . . . မေမေ့ဆီကို"

ပန်းအိမ် ကလေးကို ခေါ်ပြီးရှေ့မှ ထွက်သွားသော





သည်။ ချစ်ဦးက အာလာပသလ္လာပ စကားစမြည်ပြောဖို့ ရပ်ကျန်နေဆဲ . . .

"မောင်ချစ်ဦးက ဘာလုပ်ငန်းတွေ တိုးချဲ့နေတာလဲ"

"အရင်တုန်းကတော့ သစ်သီးခြံတွေနဲ့ပဲ ရောင့်ရဲတင်းတိမ်နေခဲ့တာလေ။ ခုက သမီးလေးရှိနေပြီဆိုတော့ သမီးလေးရဲ့ ရှေ့ရေးအတွက် ပိုကြိုးစားရတော့မယ်။ အဲဒါကြောင့် ဖေဖေ့သူငယ်ချင်းတစ်ယောက်ရဲ့ ကုမ္ပဏီမှာ ကျွန်တော် ရှယ်ယာဝင်ထားပါတယ်"

"ရန်ကုန်မှာလား"

"ဟုတ်ပါတယ်။ ကျွန်တော်က ငွေစိုက်ရုံပဲ။ ဟိုကလည်း သားထောက် သမီးခံတွေက နိုင်ငံခြားမှာချည်းပဲဆိုတော့ သူကြိုးစားသမျှ သူ့မွေးစားသားနဲ့ ကျွန်တော့်အတွက်လို့ပြောနေတာ သူ့သားသမီးတွေက ဒိတ်ဒိတ်ကျဲတွေဆိုတော့ သူရှာတဲ့ စည်းစိမ်တွေကို လှည့်မကြည့်ကြတော့ဘူးလေ။ သူပဲ မြန်မာက မခွာနိုင်ဘဲ ဒီမှာ စီးပွားရှာနေတာ။ စီးပွားရှာတယ်ဆိုတာလည်း ဝါသနာကို မစွန့်လွှတ်နိုင်တာလေ။ သူက စီးပွားရှာနေရမှ နေသာထိုင်သာ ရှိတဲ့လူ။ အဲဒါကြောင့် ကျွန်တော် ကံကောင်းသွားတာ"

"ဩော် . . . ကောင်းပါတယ် မောင်ချစ်ဦးရာ"

ပခုံးကို ဆုပ်ကိုင်လိုက်သော လက်အစုံဟာ



www.burmeseclassic.com

www.burmeseclassic.com



သံစဉ်ကျဲတဲ့ ရင်ခွဲထားလား။ ကိုယ်ဘယ်တော့များ ရင်ကွဲကျန်ခဲ့ရမလဲ -တွေးမိတော့ ရင်တစ်ခုလုံးက ဆယ်နေကဲ။

"ကျွန်တော် သွားလိုက်ပါဦးမယ် ဦး၊ သမီးက ဖအေခင်တယ်လေ"

"ဪ . . . အေး . . . ကောင်းပါပြီကွယ်"

မလိုအပ်ပါပဲ သမီးလေးက ဖအေခင်တယ်ဆိုတဲ့ စကားကို ဘာကြောင့် ထည့်ပြောလိုက်မိပါလိမ့်၊ ချစ်ဦး ခြေလှမ်းကျဲများနှင့် ပန်းအိမ်ကို မီအောင် လိုက်ခဲ့၏။

"ပန်းအိမ်"

". . ."

"ပန်းအိမ် ဘာလို့ ကိုယ့်ကို မစောင့်ဘဲ ထွက်သွားတာလဲ"

"ကိုကြီး"

"ဟင်"

သူက အပြုံးနှင့်ငုံ့ကြည့်လိုက်ပေမယ့် မော့ကြည့်လာတဲ့ ပန်းအိမ် မျက်ဝန်းမှာက မျက်ရည်ဥလေးတွေ ခိုတွဲလို့ . . .

"ကိုကြီး ဟန်ဆောင်ကောင်းပေမယ့် ပန်းအိမ်က ဟန်မဆောင်နိုင်ဘူး"

"ဘာကိုလဲ ပန်းအိမ်"

"ပန်းအိမ် ကိုကြီးကို သနားတယ်"





ချစ်ဦး ရယ်လိုက်ပြီး . . .

"ဘာကို သနားရတာလဲ ပန်းအိမ်ရဲ့၊ ကိုကြီးက ခြေ၊ လက်၊ အင်္ဂါ မစုံ၊ စွံအနားမကြား ဒုက္ခိတမှ မဟုတ်တာ"

"စကားလမ်းကြောင်းမလွှဲနဲ့ ကိုကြီး။ သမီးလေးကို ကိုကြီး ဘယ်လောက်ချစ်တယ်ဆိုတာ ပန်းအိမ် အသိဆုံး"

"အေးလေ . . . သမီးလေးကို ကိုကြီး အရမ်းချစ်တာ ဘာဖြစ်လဲ။ သမီးလေးက ကိုကြီးရဲ့ ဘဝ၊ ကိုကြီးရဲ့ အနာဂတ်၊ အဲဒါနဲ့ သနားတာ ပြဒါးတစ်လမ်း သံတစ်လမ်းပဲ။ မျက်ရည်တွေ ကျမပြနဲ့ကွာ။ သူများတွေ မြင်ကုန်ရင် ရှက်စရာကြီး"

"အဲ . . . ပေ"

ပန်းအိမ် လက်ထဲမှ ကလေးက ဖေဖေလို့ ခေါ်လိုက်သလို ဝေ . . . ဆိုပြီး ချစ်ဦးဆီသို့ လက်ကမ်းလေလျှင် . . .

"ဟော . . . သမီးက ဖေကြီးဆီကို လာချင်လို့လား"

"အဟက် . . . ဟက်"

"ကဲ . . . လာ . . . လာ . . . ဖအေကို ခင်တဲ့ သမီးလေး နောက်ကျ ဖေကြီးသွားလေရာ သမီးကို ကျောပိုး သွားမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဦး သမီးကို ပွေ့ချီပြီး လျှောက်သွားလေလျှင် သမီးက တစ်နှစ်ဆိုပေမယ့် အရုပ်တွေကို မြင်တော့ လက်ညှိုးကလေး တထိုးထိုး။ ဒါကိုပဲ အလိုလိုက်၍ ဝယ်ပေးလေသဖြင့် . . .

"ကိုကြီးရယ် . . . အိမ်မှာလည်း အရုပ်တွေ အများကြီးကို ဘာလို့ ထပ်ဝယ်နေတာလဲ"

"အိမ်က အရုပ်တွေနဲ့ တူမှမတူတာ ပန်းအိမ်ရဲ့"

"မြင်တိုင်း ဝယ်ပေးနေတော့ ပိုက်ဆံအပိုကုန်တာပေါ့"

"ကုန်ပစေ၊ ကိုယ်ရှာသမျှ ပိုက်ဆံတွေက သမီးအတွက်"

ပန်းအိမ် မျက်စောင်းထိုးပြီး အသံတိုးတိုးနှင့် ပွစိပွစိပြောသည်မှာ . . .

"အခုကတည်းက အလိုလိုက်နေ ကြီးလာမှ ဆီးမရ ဆို့မရဖြစ်ပြီး ဆယ့်ခြောက်နှစ်နဲ့ သမက်ရနေမယ်"

"ဟာ . . . ပန်းအိမ်ရယ် မင်း ဘယ်လိုပြောလိုက်တာလဲ၊ ကိုယ်မွေးထားတာ သမီးလေးကွ။ အဲဒါ မင်းအမေတစ်ယောက်အနေနဲ့ ပြောရမယ့် စကားလား"

ချစ်ဦး မျက်စိမျက်နှာပျက်သွားပုံကို ကြည့်ပြီး ပန်းအိမ် ရင်နင့်ရပါပြီ။ သူ့သမီးအရင်း မဟုတ်တာတောင် ဒီလောက်ချစ်နေရင် သူ့သမီး အရင်းသာဆိုရင် ကိုကြီး





ဒီထက်ပိုပြီး အားခံတွင်းထဲမှာပဲ ငုံထားမလား။ ကိုကြီးရယ် ပန်းအိမ် ကိုကြီးရဲ့ ဇနီးဖြစ်ခွင့်ရတာ အရမ်းကံကောင်းခဲ့ပါတယ်။

သမီးလေးကရော ကိုကြီးရဲ့ မေတ္တာရိပ်အောက်မှာ ခိုလှုံခွင့်ရတာ ကံထူးရှင်လေးပါ။ ကိုကို့ကိုသာ ပန်းအိမ် မချစ်ခဲ့ဘူးဆိုရင် ကိုကြီးရဲ့ဇနီးအစစ်ဘဝကို ပန်းအိမ် မက်မောခုံမင်မိမှာပါ။

"နောက်တစ်ခါ ဒီစကားမျိုး ထပ်မပြောမိပါစေနဲ့ ပန်းအိမ်။ ကိုယ်မကြိုက်ဘူး"

ပန်းအိမ် မျက်လွှာလေးချ၍ နှုတ်ဆိတ်သွားလေသည်။ အတန်ကြာစကားမပြောဖြစ်ကြတော့ဘဲ နောက်မှ...

"ပန်းအိမ်ရော အဝတ်အစားလေး ဘာလေး ဝယ်လေ"

"ဟင့်အင်း"

"ဘာလဲ . . . ကိုယ့်ကို စိတ်ကောက်တာလား"

"မကောက်ပါဘူး။ ကိုကြီး ပင်ပင်ပန်းပန်း ရှာထားရတဲ့ ပိုက်ဆံကို မသုံးရက်လို့"

ချစ်ဦး ပြုံးလိုက်မိပါသည်။ ဒီကောင်မလေးက ဒီလိုပါပဲ။ သူ့မအတွက်ဆိုရင် ဘာမဆို ချစ်ဦး ကိုယ်တိုင် ဝယ်ပေးမှ။





www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၇)

နောက် လေးနှစ်ခန့်ကြာသော . . .

"ဖေကြီး"

"ဗျာ"

"ဖေကြီး . . . ဘယ်သွားမှာလဲ သမီးလေးလည်း လိုက်မယ်"

ချစ်ဦး ကားကို စစ်ဆေးကြည့်နေရာမှ နောက်သို့ ပြန်ငဲ့ကြည့်တော့ သမီးလေးက ဂါဝန်စလေးမပြီး အိမ်ပေါ်ကနေ ပြေးဆင်းလာသည်။ ဒီကားက သူ ရန်ကုန်ကို မကြာခဏသွားနေရလို့ ဝယ်လိုက်တဲ့ ကားလေးပါ။

သမီးလေးက ဒီကားကို သဘောကျ၏။ ဗွီဒီယိုထဲက မင်းသား မင်းသမီးတွေ စီးတဲ့ကားနဲ့ တူသတဲ့လေ။ ကား





က အနက်ရောင်ဖြစ်ပြီး ပြောင်လက်နေတာကို၊ ချစ်ဦး ဘာပဲဖြစ်ဖြစ် မဝယ်ချင်လုံးလုံး ဝယ်ပြီဆို ပစ္စည်းအကောင်းကိုမှ ကိုင်တတ်တာ အကျင့်ဖြစ်နေပြီ။

"ဖေကြီး"

"ဘာလဲ သမီးရဲ့"

ချစ်ဦးက bonnet ကို ပြန်ပိတ်လိုက်ပြီး သမီးဘက်သို့ လှည့်ရပ်လိုက်၏။

"သမီးလေးလည်း လိုက်မယ်"

"သမီး လိုက်လို့မဖြစ်ဘူး သမီးရဲ့၊ ဖေကြီးက အလုပ်ကိစ္စနဲ့သွားမှာ။ သမီးလေး ဖေကြီးသွားရာ လျှောက်လိုက်နေရင် ပင်ပန်းမှာပေါ့။ ပြီးတော့ သမီးက ကျောင်းတက်ရဦးမှာလေ"

"အာ . . . မရဘူး။ လိုက်မှာပဲ ကျောင်းနစ်ရက်ပိတ်တယ်လေ ဖေကြီးရဲ့၊ လိုက်မယ်နော်"

"မလိုက်ပါနဲ့ သမီးရယ်၊ သမီးလေးရဲ့ အဖေကြီးက အလုပ်ကိစ္စနဲ့သွားမှာ။ သမီးလေး ဖေကြီးသွားရာ လျှောက်လိုက်နေရင် ပင်ပန်းမှာပေါ့။ ပြီးတော့ သမီးက ကျောင်းတက်ရဦးမှာလေ"

"အာ . . . မရဘူး။ လိုက်မှာပဲ ကျောင်းနစ်ရက်ပိတ်တယ်လေ ဖေကြီးရဲ့၊ လိုက်မယ်နော်"

"မလိုက်ပါနဲ့ သမီးရယ်၊ သမီးလေး ဖေကြီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင် အိမ်မှာ မေမေ တစ်ယောက်တည်း ပျင်းနေမှာ ပေါ့ သမီးရဲ့"

"တစ်ယောက်တည်း မဟုတ်ဘူး ဘွားရီလာ ရှိနေ တာကို"

ကတ်သီးကတ်သတ်ပြောတတ်တဲ့သမီးကို ချစ်ဦး ပွေ့ချီပြီး ရယ်လိုက်သည်။ ဘယ်လိုရေစက်ကြောင့်လဲတော့ မသိပါဘူး။ သမီးလေးက သူမှသူ။ မအေ ဘယ်ကိုပဲ သွားသွား လိုက်ချင်တယ်လို့ မပြော။ ချစ်ဦးဆိုလို့ကတော့ လှုပ်ခနဲ ဆိုတာနှင့် "ဖေကြီး ဘယ်ကိုလဲ သမီးလေးပါ လိုက် မယ်" ဖြစ်ကရော။

သွေးက စကားပြောသည်ဆိုတဲ့ စကားဟာ သမီး လေးနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်။ ဦးစိုင်းကျော် လာခေါ် လျှင်လည်း မလိုက်။ ချစ်ဦးကိုယ်တိုင် လိုက်ပို့မှ အလည် သွားသည်။ ကစားစရာ၊ စားစရာ၊ အဝတ်အထည် အကောင်းစားတွေ ဝယ်ပေးပြီး မက်လုံးပေးလည်း သမီး လေးက မခင်တွယ်။ ဖအေမှ ဖအေ ဖြစ်နေတာ ခက်၏။

"သမီး ဘာတွေဂျီကျနေတာလဲ ကိုကြီး"

ပန်းအိမ်က သူ့ဆီကို လျှောက်လာရင်း မေးသည်။

"ဒီမှာကွာ . . . သမီးက ကိုယ်နဲ့ လိုက်ချင်လို့တဲ့"

"အို . . . မလိုက်ရပါဘူး။ လူကြီးက အလုပ်ကိစ္စ နဲ့ သွားတာကို ဘာလို့လိုက်အနှောင့်အယှက် ပေးမှာလဲ။





ထားခဲ့ကိုကြီး"

"ကလေးကို ချော့ချော့မော့မော့ ပြောပါ ပန်းအိမ် ရယ်။ သမီး လိမ္မာပါတယ်။ သမီး ဘာလိုချင်လဲ မှာလိုက် လေ။ သမီးလိုချင်တာကိုပြော ဖေကြီး ဝယ်လာခဲ့မယ်"

"ဘာမှမလိုချင်ဘူး"

"မိုပန်းအိမ်"

ပန်းအိမ် အသံက မာဆတ်ဆတ် . . .

"မလိုက်ရဘူး။ လာ . . . ကျန်ခဲ့"

"ဟင့်အင်း . . . ဟီး"

ပန်းအိမ် ခေါ်မှာစိုးလို့ သမီးက ချစ်ဦး လည်ပင်း ကို တင်းကျပ်စွာ ဖက်ပြီး အီးခနဲ ငိုလေတော့သည်။

"ဟာ . . . သမီး မငိုရဘူးလေ။ ဖေကြီး စိတ်မ ကောင်းအောင် မလုပ်ရဘူးလေကွာ။ မငိုနဲ့ တိတ် တိတ်"

"ငိုမှာပဲ။ သမီး ဖေကြီးနဲ့ လိုက်ချင်တယ်။ ဖေကြီး ကို မခွဲနိုင်ဘူး။ အင့် . . . အဟင့်။ ဖေကြီးမရှိရင် သမီးလေး မပျော်ဘူး။ ငိုချင်တယ် ဖေကြီးရဲ့၊ အဟင့် . . . အီး . . . ဟီး"

"သမီးလေးရယ်"

ရှိုက်သံတွေနှင့် ပလုံးပထွေး ပြောလိုက်သော သမီးလေးရဲ့ စကားကြောင့် ချစ်ဦး ရင်ထဲမှာ ဘာတွေဖြစ် သွားမှန်းမသိ။ သူပါ ငိုချင်သွားသလိုလို၊ သမီးလေးကို မထားခဲ့ရက်နိုင်တော့တာမို့ . . .



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . လိုက်ချင်လည်း လိုက်ခဲ့တော့ သမီးရယ်"

"အို . . . ကိုကြီး"

"ဘာမှပြောမနေနဲ့တော့ ပန်းအိမ်။ ကိုယ် အဝတ်သေတ္တာထဲကို သမီးလေး အဝတ်တွေပါ ထည့်လိုက်တော့"

"ကိုကြီးနဲ့တော့ ခက်တော့တာပဲ"

"ခက်မနေနဲ့ ကိုယ်လည်း သမီးလေးကို မထားခဲ့ရက်တော့ဘူး။ ခေါ်သွားလိုက်တော့မယ်"

"ဟာ . . . ဖေကြီး တကယ်ပြောတာနော်"

"တကယ်ပေါ့ သမီးလေးရယ်"

"ဟေး . . . ဒါမှ တို့ဖေကြီးကွ။ အဲဒါကြောင့် ဖေကြီးကိုချစ်တာ"

သမီးလေးက ပြောပြောဆိုဆိုနှင့် ချစ်ဦး ပါးပြင်ကို ဘယ်ပြန်ညာပြန် တရှုတ်ရှုတ် နမ်းလေတော့။ ချစ်ဦးရဲ့ ပါးပြင်ပေါ်မှာ သမီးလေး ငိုလိုက်တဲ့ မျက်ရည်စက်ကလေးတွေက ကူးလူးစိုစွတ်ကုန်၏။

"ကဲ . . . သမီးလေး"

"ဖေကြီး"

"ရေချိုးပြီးရင် ဖေကြီး သနပ်ခါးလိမ်းပေးမယ်နော်"

"ဟုတ်ကဲ့"

"အား . . . လိမ္မာလိုက်တာကွာ"

ချစ်ဦး သမီးလေးရဲ့ ပါးပြင်နုနုလေးကို မွှေးရှိုက်လ



လိုက်သည်။ ဒီသမီးလေးကို သူ့မှာ ချစ်လေ နမ်းမဝ။ ဒီ သံယောဇဉ်ကြိုးလေးတွေ တစ်သက်တာ ခိုင်မြဲခဲ့လေ သမီးလေးရယ်။

"ဒေါ်ရှီလာရေ"

"ဟေ . . . ဘာလဲ မောင်ချစ်ဦး"

"သမီးကို ရေချိုးပေးလိုက်ပါဗျာ"

"အေး . . . အေး"

"ဖေကြီးတဲ့ အရမ်းချစ်ဖို့ကောင်းတာပဲ"

"အချွဲမလေး"

ဖအေရဲ့ပါးပြင်ကို ဖျစ်ပြီးမှ ရေချိုးသွားတဲ့ သမီးလေးကိုကြည့်ရင်း ချစ်ဦးရင်ထဲမှာ ဖြစ်တည်လာတဲ့ ဝိတိကို လောကကြီးကို စိန်စီရွှေချပေးပြီး လဲမည်ဆိုလျှင်တောင် ချစ်ဦးတို့က "ဟင့်အင်း" ပါပဲ။

ဒါကိုကြည့်ပြီး ပန်းအိမ်က မျက်စောင်းတခဲခဲ။

"တော်တော် အဖြစ်သည်းနေကြတယ် ကြည့်လို့ကို မရဘူး"

"မနာလိုဖြစ်နေတာလား။ ကိုယ် ပန်းအိမ်ကိုလည်း ချစ်ပါတယ် ပန်းအိမ်ရယ်"

"ရှင်"

ပန်းအိမ် မျက်လုံးကလေး ဝိုင်းသွားစဉ် ချစ်ဦးက ပန်းအိမ် ပခုံးလေးကို ဆုပ်ကိုင်ကာ . . .

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို ပွဲလန့်တုန်း ဖျာခင်းတယ်လို့တော့ မထင်ပါနဲ့။ ပန်းအိမ် ခွန်မိုအပေါ် ငါးနှစ်ကျော်အောင် သစ္စာစောင့်ခဲ့ပြီးပါပြီ။ အဲဒီအချိန်အတောအတွင်းမှာ မရိုးသားတဲ့စိတ်နဲ့ ပန်းအိမ်ကို ကိုယ် ဘာတစ်ခုမှ မကျူးလွန်ခဲ့ပါဘူးဆိုတာ ပန်းအိမ် အသိပါ။ အခု သံယောဇဉ်တွေက ကြာလေလေခိုင်မြဲလာလေလေပဲ ကိုယ် ကတိပေးပါတယ် ခွန်မိုသတင်းကို အတိအကျရအောင် ကိုယ်စုံစမ်းမယ်။ တကယ်ခွန်မိုကို တွေ့ခဲ့ရင် ဘယ်လိုပဲဖြစ်နေဖြစ်နေ ပန်းအိမ်ဆီကို အရောက်ခေါ်လာပေးမယ်"

"ကိုကြီးရယ်"

"တကယ်လို့များ ခွန်မို လူ့လောကကြီးထဲမှာ မရှိတော့ဘူးဆိုရင်တော့ ကိုယ် ပန်းအိမ်ကို တကယ် အစစ်အမှန် ပိုင်ဆိုင်ခွင့် ရချင်တယ်။ ကိုယ့်ကို ခွင့်ပြုပါ ပန်းအိမ်ရယ်နော်"

ပန်းအိမ် ကိုကြီးရဲ့ မျက်နှာကို ခပ်ငေးငေး မော့ကြည့်လိုက်သည်။ ငါးနှစ်ကျော်ဆိုတဲ့ အချိန်ကာလအတွင်းမှာ ကိုယ့်ဘဝကို ဖြူစင်ရိုးသားစွာနဲ့ တောင်တန်းကြီးသဖွယ် ကာကွယ်ပေးခဲ့ပြီးပြီ။ အချိန်တွေကြာလာသည်နှင့်အမျှ တစ်မိုးအောက်မှာ အတူနေခဲ့ကြသည့် သံယောဇဉ်က ရှစ်စတစ်စ ပိုမိုခိုင်မြဲလာပြီ။

လင်ယောကျ်ားလို့ အမည်ခံပြီး ဇနီးမယားအပေါ်





မတို့ရက်၊ မထိရက်နဲ့ အလုကြည့်သက်သက် မေတ္တာဆုခက်တွေနဲ့ သူတို့သားအမိကို ကာကွယ်ပေးထားခဲ့တာ ကာလများစွာ ဒီအထဲမှာ သူသည် ယောကျ်ားဆိုတဲ့ ပုရိသ စာရင်းဝင်မို့ ဒီစကားကို ပြောသင့်ပြောထိုက်ပါပေသည်။

"ကိုယ် ပန်းအိမ်ကို ချစ်တယ်"

"..."

"အဲဒါ ခုမှမဟုတ်ဘူး။ ပန်းအိမ်ကို စတွေ့ကတည်းက သနားရာကနေ ချစ်ခဲ့မိတာ။ ခွန်မိုကိုလည်း ကိုယ် အရမ်းချစ်တယ်။ အဲဒါကြောင့် သူ့ကို ဦးစားပေးပြီး ကိုယ့်အချစ်တွေကို မြှုသိပ်ခဲ့တာ။ အဲဒါ တကယ်ပါ ပန်းအိမ်ရယ်"

ပန်းအိမ် သူ့ရင်ခွင်ထဲသို့ တိုးဝင်လိုက်မိသည်။ ဒါ အဖြစ်သင့်ဆုံးအချိန်ကို ရောက်နေပြီလေ။ သူကချည်းပဲ ပေးဆပ်နေရပြီး ရယူခွင့်ဘာမှ မရှိဘူးဆိုရင် ပန်းအိမ်ကို ဘက်က တရားပါဦးမလား။ ပန်းအိမ်ရော သူပါ ကိုကို့အပေါ် ကာလများစွာ သစ္စာတည်ခဲ့ပြီးပါပြီ။

ဒီလောက်နှစ်တွေ ကြာအောင်ပျောက်နေတာ သွေးရိုးသားရိုး ဘယ်ဟုတ်နိုင်ပါတော့မလဲ။

"ပန်းအိမ်ကို စဉ်းစားခွင့်လေးတော့ ပေးပါ ကိုကြီးရယ်"

"စဉ်းစားပါ ပန်းအိမ်၊ ကိုယ်ကိုယ်တိုင်လည်း စဉ်းစားရဦးမှာလေ။ သမီးလေး အပျိုကြီး မဖြစ်ခင်အသိပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ သမီးလေး သဘောမတူမှာစိုးလို့လား"

"ဘာစိုးရိမ်စရာရှိလဲ။ သမီးလေးက ကိုယ့်ဘက်တော်သား။ အသက်တွေကြီးမှဆိုရင် မကောင်းဘူးကွ။ အဲဒါကိုပြောတာ"

နှစ်ယောက်သား တိုးတိုးကျိတ်ကျိတ် ရယ်လိုက်ကြပြီး မနမ်းဘူးတဲ့ အနမ်းဦးလေးကို ခြွေချလိုက်စဉ် . . .

"ဖေကြီး"

"ဟင်"

"ဟော"

သမီးလေးအသံကြောင့် မျက်နှာနစ်ခုသည် သံလိုက်၏တွန်းအားလို သမီးလေးက ပြုံးစိစိနှင့် . . .

"ဖေကြီး မေမေ့ကို နမ်းနေတာလား"

"ဟာ . . . မဟုတ်ပါဘူး။ သမီးရဲ့"

"မညာပါနဲ့။ သမီးလေးမြင်ပါတယ်"

ချစ်ဦး မျက်နှာ ရှက်ရိပ်ကြောင့် ရဲကာသွားသည်။ သမီးလေးက ငါးနှစ်ဆိုပေမယ့် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်သလို သိလွယ်တတ်လွယ် ချက်ချက်ချာချာလေး စကားကလည်း တတ်လိုက်ပါသိ။

"သနပ်ခါးလိမ်းရအောင်၊ လာ . . . သမီး"

"ဟင် . . . အခုထိ သနပ်ခါး မသွေးရသေးဘူး"

"အခုသွေး အခုလိမ်းမှ သနပ်ခါးက ပိုမွှေးတာသမီးလေးရဲ့"





"ဟုတ်လား"

"အင်း"

ညာတဲ့လူနဲ့ အညာခံရတဲ့သူ နှစ်ဦးနှစ်ဖက် ကြည်ဖြူနှစ်သက်စွာ ရယ်မောနေကြတာကို ကြည့်ပြီး ပန်းအိမ်ရင်ထဲမှာလည်း ကုဋေ ကုဋော။

"ချစ်သမီးလေးရဲ့ ပါးပြင်နုနုလေးပေါ်မှာ"

ချစ်ဦးက သမီးလေးရဲ့ ပါးပြင်နုနုလေးပေါ်မှာ သနပ်ခါးလိမ်းပေးရင်း ထူးအိမ်သင်ရဲ့ တုန္နိုင်းမဲ့ရတနာဆိုတဲ့ သီချင်း တစ်ပိုင်းတစ်စကို ရှေ့မဆက် နောက်မဆက် အလယ်တွင် ဆိုလိုက်တော့ . . .

"ဖေကြီး အဲဒါသီချင်းလားဟင်"

"ဟုတ်တယ် . . . သမီးရဲ့၊ တုန္နိုင်းမဲ့ရတနာတဲ့"

"ဖေကြီး သမီးလေးကို ဆိုပြပါလား"

"အင်း . . . နောက်နေ့မှ ဆိုပြမယ်နော်"

သမီးလေးက ခေါင်းညိတ်ပြလေသဖြင့် ချစ်ဦး သမီးလေးကို ချစ်စနိုးငုံ့နမ်းလေတော့ . . .

"သနပ်ခါးတွေ ပျက်ကုန်ပြီ"

"သွားပွတ်တံ မဆွဲရသေးဘူးလေ သမီးလေးရဲ့"

ရယ်သံလေးများက ဝေဟင်ထက်မှာ ပျံသန်းနေတဲ့ ငှက်ကလေးများရဲ့ တွန်ကျူးသံလို။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၈ )

ခွန်မို ဝရန်တာကနေ ခြံထဲ ရှုခင်းလေးတွေကို ငေးကြည့်နေမိ၏။ တစ်ဖနေ့တစ်ဖနေ့ သူမှာ ဟိုငေး ဒီငေးနှင့်ပဲ အချိန်တွေ ကုန်လွန်နေခဲ့ပြီ။ ခြေထောက်တွေကူ အရင်လို ဝှီးလ်ချဲကို လုံးလုံး အားကိုးနေရတာမျိုး မဟုတ်တော့။

**ဖေးမကူ**တွဲသူရှိလျှင် မတ်တတ်တော့ ရပ်နိုင်နေပါပြီ။ ညနေဘက်ဆိုလျှင် မောင်ထူးက တွဲ၍ ချိုင်းထောက်ကို အားကိုးလျက် လမ်းလျှောက်သင်စ ကလေးလို လမ်းလျှောက်သင်နေ**ရ၏။ ဆရာ**ဝန်ကတော့ သူ့ခြေထောက် ကျောခိုင်းထားခဲ့**တဲ့ ပတ်ဝန်း**ကျင်ထဲကို သူ ခြေချခွင့်ရမယ် ဆိုရင် . . .

"ဟင်"





ခြံထဲသို့ ဝင်လာသော အနက်ရောင် ကားလေးကြောင့် အတွေးစတွေက ပြတ်တောက်သွားသည်။ ဦးသက်နိုင် မောင်းထွက်သွားသော ကားနှင့်လမ်းမှာ ထိပ်တိုက်ဆုံကြလေလျှင် . . .

"ဟာ . . . မောင်ချစ်ဦး"

နှစ်ဦးနှစ်ဖက် ကားပေါ်မှာ ဆင်းလိုက်ကြသည်တွင် . . .

"ကျွန်တော် နည်းနည်းနောက်ကျသွားတယ် ဦးရယ်။ ဒီမှာ သမီးလေး ဂျီကျနေတာနဲ့"

"ဟော . . . ဒါ မင်းရဲ့သမီးလား"

"ဟုတ်ပါတယ်"

"ချစ်စရာလေး။ မြေးလေးနာမည် ဘယ်လိုခေါ်လဲကွ"

"မိုပန်းအိမ်ပါ ဘိုးဘိုး"

"မြေးလေးက အသွက်မလေးပဲကွ"

"သွက်တာတော့ မပြောနဲ့ ဦးရေ။ သာလိကာနဲ့ ကြက်တူရွေး စပ်ကျထားသလားပဲ"

ဦးသက်နိုင်က ပြုံးပြုံးကြီးလုပ်ကာ **စ၏။**

"ဘယ်ကလာ ဦးရယ်။ **သူ့အမေက စကားနည်း**တယ်။ သူ့ကျမှ"

"ကိုယ့်မှာ ဒီလောက်စီးပွားရေး အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



တောင်းနေတာ ရန်ကုန်ကို ပြောင်းခဲ့ပါတော့လား မောင်ချစ်ဦး၊ တို့ကုမ္ပဏီမှာ မင်းသာ ဖင်မြဲမြဲထိုင်လိုက်ရင် ဒီထက်မက အောင်မြင်မယ်လို့ ဦး ယုံကြည်တယ်"

"ကျွန်တော် ခုတစ်ခေါက်လာတာ အဲဒီကိစ္စတွေလည်း ပါပါတယ်။ ကျွန်တော် စဉ်းစားထားတာကြာပြီ ဦးရဲ့"

"ဟုတ်လား . . . ကောင်းတာပေါ့ကွ"

ခွန်မို ဦးသက်နိုင်နှင့် ရပ်စကားပြောနေသူကို စူးစူးစိုက်စိုက်ကြည့်ပြီး အံ့သြသွားရသည်။ ချစ်ဦး . . . ချစ်ဦးပါလား။ ကလေးတစ်ယောက်ကို ပွေ့ချီထားလို့။ ဒါ သူ့ကလေးလား။ ချစ်ဦး မိန်းမရနေပြီလား။ မေးခွန်းပေါင်းများစွာနှင့် ကိုယ့်ဘာသာမေး ကိုယ်ဘာသာပဲ ပြန်ဖြေနေမိသည်။

ငါးနှစ်ကျော်ကြာခဲ့ပြီပဲ။ သူ့ မိန်းမရနေလောက်ရောပေါ့။ ကိုယ့်မှာသာ ဒုက္ခိတဘဝနှင့် လိပ်လိုခေါင်းလျှိုပြီး ပုန်းအောင်နေရတာ။ ကြည့်နေရင်းမှာပဲ ချစ်ဦးကားလေးက ခြံထဲမှ ပြန်ထွက်သွားလေသည်။ သူ့ ဘယ်လိုမှနေလို့မရတော့။ နှစ်တွေ အကြာကြီး ခွဲခွာနေခဲ့ရသော အချစ်ဆုံးသူငယ်ချင်း။ ပြီးတော့ ဝန်းအိမ် အကြောင်းတွေကို သိချင်နေတာကြောင့် . . .

"ချစ်ဦး"

ခြေထောက်ကို သတိမရဘဲ ရုတ်တရက် ထရပ်





လိုက်မိသည်။ ခြေထောက်ကို စတင်ရွေ့လျားလိုက်သည်နှင့် . . .

"ဝုန်း"

"အား"

"ချစ်ဦး"

ခွန်မို ကြိုးစား၍ ပြန်ကုန်းထလိုက်တော့ ပြန်လဲကျ။ ပြန်ကုန်းထနှင့် ဘယ်နှခါပြောက်မှန်း မသိဘူး။ ခြေထောက်တွေ ရစ်နိုင်သွားပြီး တရွတ်တသီနှင့် ပြေးဆင်းလာခဲ့ကာ ခြံထဲကို ဘယ်လိုကနေ ဘယ်လိုရောက်သွားမိမှန်း မသိ။

"ဟင် . . . မောင်ခွန်မို . . . မင်း"

သူ့ကိုမြင်တော့ ဦးသက်နိုင် အံ့သြသွားပြီး သူ့ခြေထောက်တွေကို လက်ညှိုးထိုးကာ စကားသံက ထစ်ထစ်အအ။

"မင်း . . . မှင်း . . . ခြေထောက်"

"ဟာ"

ခွန်မိုလည်း သူ့ခြေထောက်တွေကို ပြန်ငုံ့ကြည့်ပြီး . . .

"ဦး . . . ကျွန်တော့်ခြေထောက် . . . ကျွန်တော့်ခြေထောက်တွေ ပြန်ကောင်းသွားပြီဗျ"

"ဟာ . . . ဝမ်းသာလိုက်တာ မောင်ခွန်မိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးသက်နိုင် ဝမ်းသာအားရနှင့် ခွန်မိုကို ဖက်လေသည်။ ခွန်မိုက အတိုင်းမသိပေ။ အတန်ကြာမှ ခွန်မို သူ့ခြေထောက်ကောင်းရခြင်းရဲ့ အဓိက အကြောင်းအရင်းကို သတိရသွားပြီး . . .

"ဦး"

"ဘာလဲ . . . မောင်ခွန်မို"

"ဟိုစောစောက ပြန်ထွက်သွားတာ ချစ်ဦး . . . စိုင်းချစ်ဦး မဟုတ်လားဟင်"

"ဟုတ်တယ်လေ . . . မောင်ခွန်မိုနဲ့ သိလို့လား"

"သိရုံနဲ့ ဘယ်ကပ့ါမလဲ ဦးရယ်။ သူနဲ့ ကျွန်တော်က တောင်ကြီးမှာ အချစ်ဆုံး သူငယ်ချင်းတွေ ကဲဖော် ကဲဘက်တွေလေ"

"ဟော . . . ဟုတ်လား။ ဒါဆို မောင်ချစ်ဦး သိရင်လည်း ဝမ်းသာမှာကွ"

ခွန်မို ဝမ်းသာလွန်းလို့ ရင်တွေပင် တဒိတ်ဒိတ်ခုန်လာသည်။ သူငယ်ချင်းကိုလည်း တိုက်တိုက်ဆိုင်ဆိုင် ပြန်တွေ့ရ ခြေထောက်တွေလည်းပြန်ကောင်း စုတ်ရော လာဘ်ရော စုံလာတာပါပဲ။

"ဒါနဲ့ သူ မိန်းမရနေပြီလားဟင်"

"ကလေးတောင် ရနေပြီ။ စောစောက သူချီလာတာ သူ့သမီးလေးလေ ချစ်စရာလေးကွ။ သွက်လည်းသွက်





တယ် . . . အဲ . . ."

ဦးသက်နိုင် ဘာကို သတိရသွားသည် မသိ။ ခွန်မို မျက်နှာကို စူးစူးစိုက်စိုက် ကြည့်ပြီး လက်ညှိုးနှင့် ထိုးကြည့်တော့မလိုဖြစ်ကာ . . .

"ငါ သတိရပြီး ကလေးမျက်နှာလေးကို ဘယ်မှာ မြင်ဖူးပါလိမ့်လို့ တွေးနေတာ မင်းနဲ့ တော်တော်တူတာကိုး"

"ဗျာ"

"ပြီးတော့ နာမည်ကလည်း မိုပန်းအိမ်တဲ့"

"ဟင်"

ခွန်မို ရင်ဘတ်ကြီး ပြောင်းဆန်သွား၏။ ဘာတွေဖြစ်ကုန်ပြီလဲ ချစ်ဦးသမီးက ခွန်မိုနဲ့ တူသတဲ့။ ပြီးတော့ နာမည်က မိုပန်းအိမ်တဲ့။ ဒါ သူ့နာမည်တစ်လုံးကို ယူထားတာလား။ ဒါ . . . ဒါဆို ကလေးက . . . ကလေးက။ ဟားပန်းအိမ်ရယ်။ ဒီလောက်ဆို ခွန်မို သဘောပေါက်ပါပြီ။ ပန်းအိမ် ရန်ကုန်ပြန်ကာနီးမှာ ခွန်မိုနှင့် ချိန်းတွေ့ခဲ့သည့် ညကလေး။ ဒီညကလေးကို သူလွယ်လွယ်နဲ့ မေ့ပစ်ပါ့မလား။

ခွန်မို ခေါင်းပူအောင် စဉ်းစားဖို့လိုပြီ။ ဒါ ချစ်ဦး အနစ်နာခံလိုက်တာပဲ ဖြစ်မှာ။ သမီးလေးက ခွန်မို့သမီး။ ခွန်မို့ရင်သွေးလေးပဲဖြစ်မှာပါ။ ကျိန်းသေပါတယ် သမီးလေးက ခွန်မို့သမီးပဲ ဖြစ်မှာ။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ချစ်ဦးက သူ့သမီးကို တုန်နေအောင် ချစ်တာကွ။ သူသွားလေရာကို ခေါ်တာပဲကြည့်။ ကလေးကလည်း ဖေအေမှ ဖအေ။ မအေကို ဖအေလောက် မခင်ဘူးတဲ့လေ"

"သြော်"

"ကဲ . . . ဦးသွားဦးမယ်ကွာ။ မင်းအကြောင်းကို မောင်ချစ်ဦးသိအောင် ဦးပြောပြလိုက်မယ်။ ဟုတ်ပြီလား"

"ဟာ . . . ဦး"

ချစ်မို ဦးသက်ခိုင် လက်ကို ဆွဲထားလိုက်သဖြင့် ဦးသက်ခိုင် ခြေလှမ်းတုံ့သွားသည်။

"ကျွန်တော့်အကြောင်းတွေကို ချစ်ဦးကို သွားမပြောပါနဲ့တော့ ဦးရယ်။ ကျွန်တော် တောင်းပန်ပါတယ်"

ခွန်မို မျက်ရည်မဝဲမိအောင် ကောင်းကင်ကို အမိုးမှယ်မဲ့ မော့ကြည့်ပြီး စိတ်ကို တင်းပစ်လိုက်၏။ ပြီးမှ အသက်ကို ဝအောင်ရှူသွင်းကာ . . .

"ကျွန်တော်တို့ ကြားမှာ ဖြေရှင်းလို့မရတဲ့ လျှို့ဝှက်ချက်တွေရှိနေလို့ပါ ဦးရယ်။ ဦး ကျွန်တော့်ကို ကတိပေးနော်"

"ဘာကိုလဲ မောင်ခွန်မို"

"ချစ်ဦးကို ဘာမှမပြောပါဘူးလို့ ဦး ကတိပေး"

ဦးသက်ခိုင် စိတ်မသက်မသာနှင့် ကတိပေးပြီး





ထွက်သွားလေမှ . . .

"သမီး . . . ငါ့ရဲ့သမီးလေး မိုပန်းအိမ်တဲ့"

တစ်ယောက်တည်း ဖွဖွရေရွတ်ရင်း အပြုံးနှင့် ထပ်တူ မျက်ရည်ပူကပါ ပူးတွဲကာစ်ပါလာ၏။ ဝမ်းနည်းဝမ်းသာနှင့် နှစ်လွှန်းတင်ကြီးကာ . . .

× × ×

အခန်း ( ၂၉ )

ခွန်မို တောင်ပေါ်မြေသို့ ပြန်လည်ခြေချခွင့် ရခဲ့ပါပြီ။ ထင်ထင်ပေါ်ပေါ်ကြီး ပြန်လာခဲ့တာတော့ မဟုတ်ပေ။ တိတ်တဆိတ် ရောက်လာခဲ့ခြင်းပါ။ ပထမဆုံး ဦးဆင့်အိမ်ကို သွားတော့ ပထမတော့ ဦးဆင့် အရမ်း အံ့သြသွားပြီးနောက် ဝမ်းသာရှာလေသည်။

"ဘယ်လိုဖြစ်ရတာလဲ ခွန်မိုရာ"

"အဖြစ်ကတော့ ပြန်မပြောချင်လောက်အောင်ကိုပဲ ဆိုးတာ ဦးဆင့်ရေ"

"အေး . . . မင်းအဖြစ် ဘယ်လောက်ဆိုးလဲတော့ ငါ မသိဘူး။ ငါသိတဲ့ ချစ်ဦးအဖြစ်ကတော့ တော်တော်ကို ဆိုးတာ"

"ဗျာ"

"ပန်းအိမ်ကို သွားမိုးတာက မင်းဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ ဦးဆင့် ဘယ်လိုသိလဲ"

"သိတာပေါ့ကွ။ မင်းပြန်ရောက်မလာလို့ ချစ်ဦးနဲ့ ပန်းအိမ် ကားဂိတ်မှာ မျက်စိမျက်နှာပျက်နဲ့ ပျာယာခတ်နေတာ"

"ကျွန်တော်က ကားတိုက်ခံရတာ ဦးဆင့်ရဲ့"

"ဟေ"

ဦးဆင့် မျက်လုံးပြူးသွားလေ၏။ ထင်တော့ထင်သားပဲ။ တစ်ခုခုဖြစ်နေတယ်ဆိုတာ။ သူတို့က ခွန်မိုကို နှစ်နဲ့ချီပြီး ပျောက်သွားတော့ သေပြီလို့တောင် တွက်ထားကြတာ။

"ကျွန်တော် ကားတိုက်ခံရပြီး အောက်ပိုင်းသေသွားတာ အခု ပြန်ကောင်းတာ သိပ်မကြာသေးဘူး"

"ကြားရတာ စိတ်မကောင်းစရာပဲ။ ချစ်ဦး ခမျာလည်း မင်းမရှိတော့ ပန်းအိမ်ကို သူပဲ တာဝန်ယူလိုက်ရတော့တာပေါ့။ ချစ်ဦးကို မင်း အပြစ်တော့ မတင်နဲ့နော်။ နိုးလာပြီးမှ မင်းက ပြန်ရောက်မလာတော့ ပတ်ဝန်းကျင်က ပန်းအိမ်ကို ချစ်ဦး နိုးလာတယ်ပဲ ထင်ကြတာပေါ့။ အဲဒါကြောင့် ပန်းအိမ်ရဲ့ အရှက်နဲ့ ဂုဏ်သိက္ခာအတွက်"

"ကျွန်တော် နားလည်ပါတယ် ဦးဆင့်ရယ်။ အဲဒါကြောင့်ပဲ ကျွန်တော် ထင်ထင်ပေါ်ပေါ်မပြန်ဘဲ ဦးဆင့်အိမ်ကို လာခဲ့တာပေါ့။ ကျွန်တော် ပြန်ရောက်လာတာကို ဘယ်





သူမှ မသိစေချင်သေးဘူး"

"အင်း . . . ချစ်ဦးတုန်းကလည်း မင်းတို့ရဲ့ သုံးပွင့်ဆိုင် ဇာတ်ရှုပ်ကြီးကို ဘယ်သူ့မှ မပြောပါနဲ့ဆိုလို့ ငါ့မှာ ဖုံးကွယ်ထားရတာ အခုထိပဲ"

ခွန်မို သိပါသည်။ ချစ်ဦး သူ့အပေါ် ဘယ်လောက်ချစ်တယ်၊ ဘယ်လို အနစ်နာခံခဲ့တယ်ဆိုတာတွေ။ ချစ်ဦးရှိနေလို့သာပေါ့ မဟုတ်ရင် ပန်းအိမ်လေး သူ့ကြောင့် လူ့ဘောင်ထဲမှာ မျက်နှာမပြဝံ့အောင် အရှက်ရမှာ။ ကိုယ်မဟုတ်ဘဲနဲ့ ဘယ်ယောကျ်ားက တာဝန်ယူချင်မှာလဲ။

အခု ချစ်ဦးက ခွန်မိုကိုယ်စား ပန်းအိမ်ကို သတ္တိရှိရှိ တာဝန်ယူခဲ့ပြီးပြီ။ သူတို့ ဘဝလေး နေသားတကျပြီး သာယာချမ်းမြေ့နေကာမှ ငါ့ပစ္စည်းတွေ ပြန်ပေးလို့ ခွန်မို ဘယ်လိုတောင်းရမလဲ။ နေပါစေတော့။ ရင်ကွဲလက်စနဲ့ ကိုယ်ပဲ ရင်ကွဲခံလိုက်တော့မည်။

ပျော်ရွှင်ဖွယ်အတိ ဖြစ်နေတဲ့ သူတို့ မိသားစုလေးကို ခွန်မို တစ်နေ့ရာကနေ ချောင်းကြည့်ခွင့်ရရင်ပဲ ကျေနပ်ပါပြီ။

"စ . . . မင်း ဘာဆက်လုပ်မှာလဲ ခွန်မို"

"ကျွန်တော် လောလောဆယ် ဦးဆင့်အိမ်မှာပဲ တည်းပါရစေ"

"တည်းပါရစေဆိုတော့ မင်းက အိမ်မပြန်ဘူး



www.burmeseclassic.com

www.burmeseclassic.com



လား"

"ပြန်မှာပါ။ ဒါပေမဲ့ အခုတော့ မဟုတ်သေးဘူး။ မကြာခင် ချစ်ဦးတို့ ရန်ကုန်ကို ပြောင်းကြလိမ့်မယ်။ အဲဒီအခါကျမှ ကျွန်တော် အိမ်ပြန်တော့မယ် ဦးဆင့်ရယ်"

ဦးဆင့် ခေါင်းညိတ်ရင်း သက်ပြင်းချလိုက်၏။ ခွန်မိုတို့အဖြစ်က ရုပ်ရှင်တွေ ဝတ္ထုတွေထဲကလို ဖြစ်နေပြီ။ မင်းသားကနှစ်လက် ဘယ်အရှုံလက်ကို မင်းသမီးက ရွေးမှာလဲ။

"အေးပေါ့ကွာ။ မင်း ငါ့အိမ်မှာနေချင်သလောက်နေပါ"

"ကျေးဇူးတင်ပါတယ် ဦးဆင့်ရယ်"

ဦးဆင့်က ထသွားမလို့ လုပ်ပြီးမှ မထဖြစ်ဘဲနေရာမှ ပြန်ထိုင်ချကာ . . .

"ဒါနဲ့ ပြောရဦးမယ်"

"ဘာများလဲ ဦးဆင့်"

ဦးဆင့်က သူ့ကို ခပ်တွေတွေကြည့်လျက် . . .

"ကလေးကိုစွပြောမလို့"

"ကျွန်တော် သိပါတယ်"

"ဒါဆို"

စကားသံမထွက်လာတော့ပေမယ့် ဦးဆင့် ဘာမေးချင်တယ်ဆိုတာကို ခွန်မို သိပါတယ်။ ထို့ကြောင့် . . .





"ဦးဆင့်တို့ ထင်သလိုပါပဲ၊ သမီးလေးက ကျွန်တော့်ရင်သွေးပါ"

"မင်းတို့ဇာတ်လမ်းက ရှင်းလေ ရှုပ်လေ ဖြစ်ကုန်တော့မှာပဲ"

"ရှုပ်စရာမရှိပါဘူး ဦးဆင့်ရယ်။ ကျွန်တော် ဘေးထွက်နေလိုက်ရင် ဘာမှ ဖြစ်လာစရာ အကြောင်းမရှိပါဘူး"

"မင်းက တစ်သက်လုံး ပုန်းနေနိုင်မှာမို့လား ခွန်မိုရာ။ ပြဿနာကို ရင်ဆိုင်ဖြေရှင်းလိုက်ကြရင် ပြီးရောပဲ။ ငါသိရသလောက်တော့ ချစ်ဦးက ခုထိ မင်းအပေါ် သစ္စာစောင့်သိနေတုန်းပဲ။ ပန်းအိခ်နဲ့ ချစ်ဦး မညားကြသေးတာကျိန်းသေတယ်"

"ဗျာ"

ဒါ တကယ်ပဲလား။ ဖြစ်နိုင်တာပဲလေ။ ချစ်ဦးက အင်မတန်မှ စိတ်ထားဖြူစင်ပြီး ရိုးသားတဲ့ကောင်။ သူ့ရဲ့ ဂုဏ်သိက္ခာသမာဓိကိုလည်း အင်မတန်မှ ထိန်းသိမ်းစောင့်ရှောက်သူ . . .

"ကျွန်တော် ချစ်ဦးရဲ့ ကိုယ့်ကျင့်တရားကို ယုံတယ်။ ဒါပေမဲ့ ဦးဆင့်ရယ်"

"ဘာဖြစ်လဲ"

"သမီးလေးက ချစ်ဦးကို မျက်စိအောက်တဲ အပျောက်ခံတာ မဟုတ်ဘူးတဲ့။ အေးချမ်းတဲ့ သူတို့ကမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com



လေးကို ကျွန်တော့်ကြောင့် မပျက်စီးစေချင်ဘူးဗျာ။ ပိုနေမြဲ ကျားနေမြဲပဲ ကောင်းပါတယ်"

"အေး . . . တို့ကတော့ ပွဲကြည့်ပရိသတ်ပဲ ခွန်မို။ ပျက်လုံးထုတ်ရင် လက်ခုပ်တီးပြီးရယ်မယ်၊ သနားစရာကောင်းရင် လိုက်ငိုမယ်။ ဒါပဲ တတ်နိုင်တယ်"

ခွန်မို သက်ပြင်းချပြီး ထရပ်လိုက်စဉ် . . .

"အခု ဘယ်သွားဦးမလို့လဲ"

"ချောင်းကြည့် ပြုံးပြန် တာဝန်ကတော့ ထမ်းဆောင်ရဦးမှာပဲလေ"

ပြောပြီး ထသွားသော ခွန်မို ပခုံးကို လျော့ချပြီး လမ်းလျှောက်ပုံက ဘယ်အချိန်ပဲကြည့်ကြည့် ကြည့်လို့ကောင်းနေသည်ပါပဲ။

သူ့ကို လူတွေမမှတ်မိအောင် ခွန်မို ရုပ်ဖျက်လာခဲ့တဲ့အတိုင်းလည်း ခုလည်း နေကာမျက်မှန်ကြီးကို တပ်လျက် ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းပြီး ထွက်လာခဲ့သည်။

သူလာခဲ့တာ ချစ်ဦးရဲ့ သစ်သီးခြံနောက်က စမ်းချောင်းလေးဆီသို့ပါ။ ဒီစမ်းချောင်းလေးထဲမှာ ခွန်မိုနဲ့ပန်းအိမ်တို့ ချစ်သူတွေ ဖြစ်ခဲ့ကြတာ။ အတိတ်က ပုံရိပ်များသည် မျက်ဝန်းထဲမှာ ထင်ရှားပီပြင်စွာ ထင်ဟပ်လာ၏။

"ဒီနေရာလေး အေးချမ်းလိုက်တာနော်။ ရင်ထဲမှာ ပူပန်သောကတွေ ရှိနေရင်တောင် ဒီနေရာလေးက ဖယ်ရှား





ပေးနိုင်လိမ့်မယ်ထင်တယ်။ ပန်းရန့်လေးတွေကလည်း မွှေးနေတာပဲ။ စမ်းရေကလည်းအေး ပန်းတွေကလည်းမွှေးဆိုတာ ဒီနေရာမျိုးကို တင်စားထားကြတာပဲ ဖြစ်မယ်။ ဒီအနီးအနားမှာ ပန်းပင်တွေရှိတယ် ထင်တယ်"

"လေသင့်တော့ မွှေးတာပေါ့ ပန်းအိမ်ရဲ့။ ပန်းပင်တွေက ဟိုဘက်မှာ"

"ဪ"

ထိုအချိန်တုန်းက ခွန်မို ထိုင်ခဲ့သည့် ကျောက်တုံးလေးက အခုမရှိတော့ပေ။ လူ့ဘဝတွေ ပြောင်းလဲသွားခဲ့သလို စမ်းချောင်းကလေးဆဲက ကျောင်းတုံးလေးသည်လည်း နေရာရွှေ့သွားပြီ ထင်ပါရဲ့။

အရင်ကျောက်တုံးကလေး မရှိတော့ပေမယ့် နောက်ထပ် ကျောက်တုံးလေး တစ်တုံးကတော့ ချင် နေရာနှင့် ဝါးနှစ်ရိုက်စာလောက်မှာ ရှိနေသည်။ အမေ မရှိတော့ အဘနဲ့ ပျော်ဆိုတာမျိုးရှိတဲ့ ကျောက်တုံးလေးပေါ်မှာပဲထိုင်ရင်း ခွန်မို စိတ်တွေကို ရှက်လွှင့်နေမိ၏။

"အေးမြပြီး တသွင်သွင်စီးဆင်းနေတဲ့ စမ်းချောင်းလေးရယ်၊ စိမ်းလမ်းစိုပြည်နေတဲ့ ရှုခင်းတွေရယ်၊ ပန်းရန့်လေးတွေကို အလိုက်တသိ သယ်ဆောင်လာပေးတဲ့ လေပြည် လေညင်းလေးရယ် ပြီးတော့ . . ."

ခွန်မို စကားဖြတ်လိုက်တော့ ပန်းအိမ်က သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ကြောင်ငေးငေးလေး ကြည့်နေခဲ့သည်။

"ချစ်စရာကောင်းတဲ့ ချစ်သူလေးတစ်ယောက် ရယ် ရှိနေတာ အရှင်လတ်လတ် နတ်ပြည်ကို ရောက်နေ သလိုပဲ"

"ဟင်"

ခွန်မို့စကားကြောင့် ပန်းအိမ်က မျက်မှောင် ကလေးကြုတ်ကာ မေးလိုက်သည်က . . .

"ကျန်တာတွေကတော့ ဟုတ်ပါပြီ ဦးခွန်မိုရဲ့။ ချစ်သူက အနားမှာဆိုတာ"

ခွန်မို ရယ်လိုက်ကာ . . .

"ပန်းအိမ် ဒီကို ဆင်းလာခဲ့လေ"

"ဟင့်အင်း . . . ရေစိုကုန်မှာပေါ့"

"ရေစိုတာ ဘာဖြစ်လဲ။ ရေထဲရင် သေတတ်တာ မှ မဟုတ်တာ"

"မသေပေမယ့် စိုကုန်ရင် အနေခက်တာပေါ့"

"ဒီလေယူက်တောင် ရေကြောက်တဲ့ကောင်မလေး ကဲကွာ . . . ကဲကွာ"

ခွန်မို ရေနှင့်လှမ်းပတ်လေတော့ လက်ကလေး တာ၍ ရယ်မောခဲ့သော ချစ်သူရဲ့ အသံလေးက ဒီစမ်းရေ တွေထက် သူ့ရင်ကို အေးမြစေခဲ့သည်။ ပြီးတော့ ရေထဲကို ပြေးဆင်းလာပြီး သူ့ကို ရေနှင့်ပတ်ခဲ့တာတွေ"





အဲဒီအချိန်လေးကို ပြန်ပြီးသာ ဝယ်ယူလို့ရရင် ရှိသမျှ စည်းစိမ်တွေ ပုံအောပေးပြီး ဝယ်လိုက်ချင်ပါသည်။

"ဖေကြီးရေ"

"ဘာလဲ . . . သမီးရဲ့"

"သမီးလေး စမ်းချောင်းထဲကို သွားချင်တယ်"

"ဘာလုပ်ရအောင်လဲ သမီးရယ်"

"ဖေကြီး ခူးပေးတဲ့ ချယ်ရီပန်းကလေးတွေကို စမ်းချောင်းထဲမှာ သွားမျှောမယ်လေ။ အဲဒါ အရမ်းပျော်ဖို့ ကောင်းတာ ဖေကြီးရဲ့"

"မလုပ်ပါနဲ့ သမီးရယ်။ ပန်းကလေးတွေ သနားပါ တယ်"

"ဟာ . . . မရဘူး . . . မရဘူးသွားမှာပဲ"

ခပ်သဲ့သဲ့ ကြားလိုက်ရတဲ့အသံတွေကြောင့် ခွန်မို ဟင်ခနဲ ဖြစ်သွားသည်။ သူတို့ စမ်းချောင်းလေးထဲကို လာ ကြမှာလား။

"ကဲဗျာ . . . သမီးလေး သဘော။ စိတ်တော့ မကောက်ပါနဲ့ဗျာနော်။ သမီးစိတ်ကောက်ရင် ဖေကြီး မနေ တတ်လို့ပါဗျာ"

"ဖဟား . . . ဒါမှ တို့ဖေကြီးကွ။ အဲဒါကြောင့် ဖေကြီးကို ချစ်တာ"

အသံကြားရာဘက်ကို တစ်ချက်မျှော်ကြည့်မိ



www.burmeseclassic.com

www.burmeseclassic.com



တော့ ချယ်ရီပန်းတွေ တပွေ့တပိုက်နှင့် ရှေ့မှ ပြေးလာတာ သမီးလေး။ ခွန်မိုကို သူတို့တွေ့သွားလို့ မဖြစ်သေးပါဘူး။ ခွန်မို လှစ်ခနဲ ပိန်းပင်တွေအောက်သို့ ပြေးကပ်ပုန်းကွယ်လိုက်သည်။

စမ်းရေနှင့် ထိတွေ့နေသော ပိန်းပင်တွေက အဖွဲ့ကောင်းကောင်းနှင့် အေးချမ်းစွာဘဝကို အုတ်မြစ်ချနေကြသည့်ဟန်။ အရွက်တွေကလည်း ဖားဖားကြီးတွေမို့ ပိန်းပင်တွေကြားမှာ ခွန်မို ကိုယ်လုံးနစ်မြုပ်သွားလေ၏။

"ကဲ . . . သမီးလေး ပန်းတွေကို တစ်ပွင့်စီ ခြွေပြီးမှ မျှောမှာလား၊ အခိုင်လိုက်မျှောမှာလား"

"အခိုင်လိုက်မျှောရင် ခဏလေးနဲ့ ကုန်သွားမှာပေါ့ ဖေကြီးရေ၊ တစ်ပွင့်စီ ခြွေပြီးမျှောမှ အကြာကြီး ကစားရမှာ"

"တစ်ပွင့်စီ ခြွေပြီးမျှောမှ အကြာကြီးကစားမှာ"

သမီးလေးက ချယ်ရီပန်းတွေကို ပွေ့ပိုက်ထားသလို ချစ်ဦးမှာလည်း ချယ်ရီပန်းတွေ တစ်ပွေ့တစ်ပိုက်နှင့် သမီးလေးက ရေထဲသို့ ပြေးဆင်းလာလျှင် . . .

"ဟာ . . . သမီး အဲဒါ ဘယ်ကိုလဲ။ ချောလဲမယ်လေ"

"ဟို . . . ကျောက်တုံးလေးပေါ်ကို သွားမလို့ ဖေကြီးရဲ့"

မျှဝေသော



"နေဦး . . . ဖေကြီး ချီပို့မယ်"

သမီးက ရပ်စောင့်နေပြီး ချစ်ဦးက ချယ်ရီပန်းတွေကို အောက်ချကာ သမီးကို ရေလယ်က ကျောက်တုံးဆီသို့ ချီပို့ပေးသည်။ ပြီးတော့ ချယ်ရီပန်းတွေကို ပြန်ယူကာ သမီးရဲ့ဘေးမှာ ပုံပေးလိုက်တော့ ချယ်ရီပန်းတွေကြားမှာ သမီးလေးက ချယ်ရီမင်းသမီးလေး ဖြစ်လို့နေ၏။

"သမီးလေး . . . ချယ်ရီပန်းတွေ ပန်မလား"

"အင်း . . . ဖေကြီး ပန်ပေးလေ"

"သမီးလေးတော့ကွာ . . . အရာရာ ဖေကြီး လုပ်ပေးမှ။ ဘာလဲ ဖေကြီးကို ညှဉ်းတာလား"

ချစ်ဦးက သမီးလေးခေါင်းမှာ ချယ်ရီပန်းတွေ ပန်ပေးရင်ဆိုတော့ သမီးကခေါင်းလေးငုံ့ပေးနေရင်းမှပြုံးကာ...

"ညှဉ်းတာ မဟုတ်ပါဘူး ဖေကြီးရဲ့။ အဲဒါ သမီးလေးက ဖေကြီးကို ချစ်လို့"

"ဘယ်လောက်ချစ်လဲ"

"အဲဒါတော့ သမီးလေး မပြောတတ်ဘူး။ ဖေကြီးမရှိရင် သမီးလေး မပျော်ဘူး။ ပိုချင်တယ်။ အဲဒါပဲ သိတယ်"

"သမီးလေးရယ်"

ချစ်ဦး သမီးလေးကို ရင်ခွင်ထဲမှာ ဆွဲထွေးထားပြီး သမီးလေးရဲ့ခေါင်းပေါ်မှာ သူ့မေးစေ့ကို တင်ထားလိုက်၏။

"ဖေကြီး"

မျှဝေသော

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"ဖေကြီးရော သမီးလေးကို ချစ်လားဟင်"

သမီးလေး ချစ်ဦး မျက်နှာကို မော့ကြည့်ပြီး မေးနေပြီ။

"ချစ်တာပေါ့ သမီးလေးရဲ့ ဟောဒီ ကမ္ဘာလောကကြီးထဲမှာ ဖေကြီးက သမီးလေးကို အချစ်ဆုံး၊ သမီးလေးက ဖေကြီးရဲ့ဘဝ၊ ဖေကြီးရဲ့အနာဂတ်၊ ဖေကြီးရဲ့အသက်"

"တကယ်"

"တကယ် . . . တကယ်"

ခွန်မို ရင်ထဲမှာ မီးတောက်တွေ ပေါက်ကွဲကုန်ပြီလားမသိ။ တကယ်ဆိုရင် ချစ်ဦးနေရာမှာ သူဖြစ်ရမှာ။ ဒီလောက်ချစ် ဒီလောက် သံယောဇဉ်ကြီးကြတာကို သူ ဘယ်လိုခွဲရက်မှာလဲ။

သမီးလေးရယ် တကယ်တော့ ဖေဖေကမှ သမီးရဲ့ အဖေရင်းပါလို့ သမီးရှေ့မှာ မားမားရပ်ပြီး ပြောချင်ပေမယ့် အခွင့်အရေးက ဖေဖေဘက်မှာ မရှိဘူးလေ။ ကံကြမ္မာက ဖေဖေ့ရှေ့မှာ ရပ်တည်မပေးခဲ့ဘူး။ ကံကြမ္မာစေစားသမှု ဝေဝါးနေခဲ့ရတဲ့ ဘဝထဲမှာ ဖေဖေက ကိုယ့်ဥကို အဝေးတနေ မေတ္တာပို့ပြီး ပေါက်စေခဲ့တဲ့ လိပ်ကြီးပါ သမီးရယ်။

ဖေဖေလည်းလေ သမီးရဲ့ ဖေကြီးထက် ပိုရင်သာ ပိုမယ် သူ့ထက် မလျော့တဲ့ အချစ်တွေနဲ့ သမီးကို ချစ်ပါ





တယ် သမီးရယ်။ ဖေဖေ့ရင်ထဲ အရမ်းပူလောင်နာကျင်ခံစားနေရတာကို သမီး သိရဲ့လား။ သင်္ချာဒေဝ နတ်ကောင်းနတ်မြတ်များ ကျွန်တော်မျိုးရဲ့ခံစားနေရတဲ့ ဒုက္ခဝေဒနာတွေကို ဒီအတိုင်း ကြည့်မနေပါနဲ့။ ကျွန်တော့်ကို သနားညှာတာသောအားဖြင့် ခန္ဓာကိုယ်ထဲမှာ ဝိညာဉ်ကို ဆွဲနုတ်ပေးပါ။

အသက်ရှင်လျက်နဲ့ လူသေလို ဘာမှပိုင်ဆိုင်ပျော်ရွှင်ခွင့်မရတဲ့အတူတူ လူ့လောကကြီးထဲကနေ ဆွဲထုတ်သွားပေးကြပါ။ သမီး . . . သမီးလေးရယ်။ ဖေဖေ့ရင်ဘတ်ကွဲကြေကုန်ပါပြီ။ သမီးရဲ့ကံကြမ္မာရယ် ကျွန်တော်အပေါ် ဘာကြောင့်များ ဒီလောက် ရက်စက်ရတာလဲဗျာ။

ဖြိုက်ခနဲ ကျလာတဲ့ မျက်ရည်တွေက တစ်ပေါက်တစ်ပေါက်ကျဆင်းပြီး စမ်းချောင်းလေးထဲမှာ စမ်းရေတွေနှင့်အတူ မျောပါသွားမည် ထင်ပါရဲ့။ ရင်ထဲမှာ ရှိုက်သံတွေက ရင်ဝကိုစုန်ကန်ပြီး နှုတ်ဖျားအထိ ကျူးကျော်လာတော့မည်မို့ အသံမထွက်အောင် ပါးစပ်ကို လက်ဝါးနှင့် ဖိပိတ်ထားပြီး ငိုနေရတဲ့ ခွန်မို ဘယ်လောက်များ ပင်ပန်းဆင်းရဲလိုက်ပါမည်လဲ။

သမီးရယ် . . .

"အင့်"

ထိန်းချုပ်ထားသည့်ကြားမှ ရှိုက်သံတစ်ချက်လေ အင့်ခနဲ ထွက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီး ခုလို ချယ်ရီပန်းတွေပန် ချယ်ရီပန်းတွေ အများကြီး ကြားမှာ ထိုင်ပြီး ချယ်ရီပွင့်လေးတွေကို ရေထဲ မျှောနေတာ ချယ်ရီမင်းသမီးလေးနဲ့ တူတယ် သိလား"

"ဒါဆို ဖေကြီးက ချယ်ရီတိုင်းပြည်ကို အုပ်ချုပ်တဲ့ ချယ်ရီဘုရင်မင်းမြတ်ကြီးပေါ့"

"သမီးကကွာ သာလိကာမလေးကျနေတာပဲ။ အသက်နဲ့ ပြောတဲ့စကားတွေက မလိုက်ဘက်ဘူး။ ဘုရင် မင်းမြတ်အကြောင်း သမီးက ဘယ်လိုသိလဲ ပြောပါဦး"

"ဘွားဘွားရှိလာ ပြောပြတဲ့ ပုံပြင်တွေထဲမှာ ကြား ဖူးတာ ဖေကြီးရဲ့ သားသမီးတွေမှာ မင်းသားလေးတွေ မင်းသမီးလေးတွေဖြစ်တာဆို"

"ဟုတ်တယ် . . . ဟုတ်တယ်"

သမီးလေးက စကားတတ်စွာ တွတ်တီးတွတ်တာ ပြောလေလေ ခွန်မို့ရင်ထဲမှာ မချိလေပါပဲ။ ရင်ကိုခွဲပြီး အသည်းကိုနှုတ်ယူခံရတာမှ သက်သာပေလိမ့်ဦးမည်။

ကိုယ့်ရင်သွေး ကိုယ့်သမီးလေး မျက်နှာကို တောင် ဖြောင့်မကြည့်ရဲလို့ နိုးကြည့်ရတဲ့ ဘဝ။ သမီးကို သမီးလို့ ခေါ်ခွင့်မရ၊ ဆိုးလိုက်တဲ့ ဘဝရယ်။

"အင့် . . . အီး"

တသိမ့်သိမ့် ရှိုက်ငိုရင်း အသံက ဘယ်လိုမှ ထိန်း ချုပ်လို့မရ . . .





"ဖေကြီး"

"ဟင်"

"သမီးလေး နားထဲမှာ ငိုသံကြားသလိုပဲ"

"ဖေကြီးလည်း ကြားတယ် သမီးရဲ့"

သားအဖနှစ်ယောက် ဟိုကြည့် ဒီကြည့် ကြည့် နေစဉ် ခွန်မို မတတ်သာတော့၍ ပိန်းပင်တွေကြားမှ လှစ် ခနဲ ပြေးထွက်ခဲ့တော့၏။

"ဟင်"

ချစ်ဦး ကျောက်တုံးလေးပေါ်မှ ထရပ်ပြီးသားဖြစ် သွားသည်။ လှစ်ခနဲ မြင်လိုက်ရပေမယ့် ပြေးထွက်သွားသူ ဟာ ခွန်မိုမှ ခွန်မို အစစ်ပါပဲ။

"ခွန်မို"

"ဖေကြီး"

ခွန်မို နောက်ကို လိုက်ဖို့ ဟန်ပြင်လိုက်ပေမယ့် သမီးလေးက သူ့လက်ကို ဆွဲထားသဖြင့် ဘယ်လိုမှ မလိုက် သာတော့ . . .

"သမီးလေး"

ချစ်ဦး သမီးလေးကို ဆွဲဖက်ပြီး ရင်ထဲမှာ စိုးထိတ် မှုတွေကြောင့်ထင်ပါရဲ့ အသက်ရှူမှားလုမတတ် မောဟိုက် လာသလို။

"သမီးလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃၀ )

"ဟုတ်ရဲ့လား ကိုကြီးရယ်"

"မမှားနိုင်ပါဘူး ပန်းအိမ်ရယ်။ ကိုယ်နဲ့တွေ့ခဲ့တာ ခွန်မိုမှ ခွန်မို အစစ်ပဲ"

"ကိုကြီး စိတ်စွဲနေလို့များလား . . . ဟင်"

"မဟုတ်ဘူး။ စမ်းချောင်းထဲမှာ သမီးလေးနဲ့ကိုယ် စကားပြောရင်း ပန်းတွေ ရေမျှောနေတာကို သူ ချောင်းကြည့်ပြီး ငိုနေတာ သေချာတယ်။ သူ ထွက်မပြေးခင် ငိုသံကြားရတာ ကိုယ်တစ်ယောက်တည်း မဟုတ်ဘူး။ သမီးလေးလည်း ကြားတယ်"

ပန်းအိမ်အကြည့်က မိုပန်းအိမ်လေးဆီသို့ ရောက်





သွားသည်။ မိုပန်းအိမ်လေးက ဖအေကို မော့ကြည့်လိုက် မအေကို မော့ကြည့်လိုက်။

"ဟုတ်လား . . . ဟင် . . . သမီး"

သမီးက ခေါင်းလည်း ညိတ်လျက် . . .

"ဟုတ်တယ် မေမေ။ ငိုသံကြားလို့ ဖေကြီးနဲ့သမီး နားထောင်နေတုန်းမှာပဲ အဲဒီဦးဦးက ပိန်းရွက်တွေကြားက နေ ထွက်ပြေးသွားတာ"

ပန်းအိမ် သိသိသာသာ မျက်နှာပျက်သွားၿပီ။ ဘယ်လိုလုပ်ရမလဲ။ ပျောက်သွားပြီးမှ ပြန်ပေါ်လာပြန်တော့လည်း ပြုန်းခနဲ။

ကိုကို့ကို ပန်းအိမ် ချစ်သလို ကိုကြီးကိုလည်း သံယောဇဉ်ရှိပြီး သနားသည်။ အခုမှ ပန်းအိမ် အဖြစ်က မိထားခင် လင်နှစ်ယောက်ဆိုတာမျိုး ဖြစ်နေပြီ။

"ကိုယ့်သူ့ကို တွေ့အောင်ရှာမယ်၊ မိအောင်ဖမ်းမယ် ပန်းအိမ်၊ ပန်းအိမ်တို့ မိသားစုလေး ပြန်လည်ဆုံစည်းကြရင် ကိုယ်ကျေနပ် ဝမ်းသာနေမှာပါ"

"ကိုကြီးရယ်"

ပန်းအိမ် ချစ်ဦး ပခုံးကို မှီ၍ ငိုလေ၏။ ငိုပါစေလေ ဒီပခုံးက ခွန်မို့အစား ခကာငှားပေးခဲ့တာ၊ ပိုင်ရှင်ပြန်လာပြီဆိုတော့ ကိုယ်က နေရာဖယ်ပေးလိုက်ရုံသာ၊ နှလုံးသားကတော့ အကောင်းပကတိအတိုင်း ကျန်ခဲ့မှာ မဟုတ်တော့



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။

"မေမေ"

"သမီး"

ချစ်ဦး သမီးလေးကို တင်းကျပ်စွာ ပွေ့ဖက်ထား လိုက်သည်။ ရင်ကို⸺ာ ခွဲလို့ရရင် သူ့ရင်ဘတ်ကိုခွဲပြီး သမီး လေးကို ထည့်ပေးကာ ဟိုးအဝေးသို့ ပြေးထွက်သွားလိုက် ချင်သည်။ သမီးလေးရယ် ဖေကြီးနဲ့ သမီးလေး ခွဲကြရဖို့ အချိန်ကျပြီလားကွာ။

"ဖေကြီး"

"ဟင်"

"ဖေကြီးပါ ငိုမလို့လား"

"မငိုပါဘူး သမီးရယ်"

ချစ်ဦး မျက်လုံးကို ပွတ်လိုက်ပြီး ပြုံးကာ . . .

"ဖေကြီး မျက်လုံးတွေ ကျိန်းနေလို့ သမီးရဲ့ အဲဒါ အိပ်ရေးမဝလို့လေ"

"ဟုတ်လား . . . ဒါဆို သွားအိပ်လေ"

"မအိပ်တော့ပါဘူး သမီးရယ်။ ဖေကြီး သွားစရာ ရှိတယ်း သမီးပါ လိုက်ခဲ့နော်"

"ဟုတ်"

"ဒါဆို ဘွားရှိလာကို ခေါ်ပြီး အဝတ်လဲခိုင်း ဟုတ် ပြီလား"





"ဟုတ်"

သမီးလေး အိမ်ထဲသို့ ပြေးဝင်လေသည်။ မိဘ တွေ မျက်နှာမကောင်းကြတော့ သူ့ခမျာလည်း အနေခက် ရှာမည်ပေါ့။

"ကိုကြီး"

"ဟင်"

"ကိုကြီး ပန်းအိမ်တို့ သားအမိကို တကယ်ခွဲနိုင် လို့လားဟင်"

"သေရင်တောင် ခွဲကြရသေးတာပဲ ပန်းအိမ်ရယ်။ အစကတည်းက ကိုယ်က ပိုင်ရှင်မှ မဟုတ်တာ။ ပိုင်ရှင် မရှိတုန်း ခဏထိန်းသိမ်း စောင့်ရှောက်ထားပေးတာ။ ပိုင်ရှင် ပြန်လာတော့ ပြန်ပေးရမှာပေါ့"

အသည်းကြီးလှချေလား ကိုကြီးရယ်။ ကိုကြီးကို ဖြူစင်မြင့်မြတ်တဲ့ စိတ်ထားပိုင်ရှင် ယောကျ်ားကို ပန်းအိမ် လေးစားမိပါတယ်။ သူ့ဝန်ချင်းအပေါ် သစ္စာရှိပြီး ပန်းအိမ် အပေါ်မှာလည်း အဖြူရောင် သံယောဇဉ်နှင့်သာ စောင့် ရှောက်ခဲ့သူ။

"ဖေကြီး"

"ဪ . . . သမီးလား"

ချစ်ဦး သမီးလေးကို မွေ့ချီလိုက်လေလျှင် . . .

"ကိုကြီး ဘယ်သွားမလို့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေးရဲ့ အဘိုးအဘွားတွေဆီကိုပါ"

"ဘာသွားလုပ်မှာလဲ"

"ခွန်မိုကို ဖမ်းမိဖို့အတွက် သမီးလေးက ငါးစာပဲလေ"

ပြောပြီး ခြေလှမ်းကျဲများနှင့် ထွက်သွားသော ချစ်ဦးကို ပန်းအိမ် ငေးမောရင်း တွေဝေကျန်ရစ်ခဲ့၏။

ချစ်ဦး ဦးစိုင်းကျော်တို့ အိမ်ကို ရောက်သည်နှင့် သမီးလေးကို ဖေကြီးအရေးကြီးတဲ့ကိစ္စနဲ့ သွားစရာရှိလို့ သမီးမှာ ခဏကျန်ခဲ့ဦးဆိုပြီး ညာထားခဲ့သည်။

ဖေကြီးကို ခွင့်လွှတ်ပါ သမီးရယ်။ ဖေကြီး ဒီလို လုပ်တာ သမီးလေးကို မချစ်လို့ မဟုတ်ဘူးဆိုတာ . . .

× × ×





အခန်း ( ၃၁ )

ကိုယ့်အိမ်ကိုယ့်ရာ ဆိုပေမယ့် နှစ်နဲ့ချီပြီး ခွဲခွာခဲ့ရသည့် အိမ်ဝကို ခြံဝကတည်းက ခွန်မို ငေးမောကြည့်မိလိုက်သည်။ ဖေဖေနဲ့မေမေ အိမ်မှာပဲရှိနေကြမှာပါ။ ခြံထဲသို့ ခြေလှမ်းကျဲများနှင့် ဝင်ခဲ့ပြီး အိမ်ပေါ်ကို တက်ခဲ့တော့ ...

"ဟင်"

"မေမေ"

"အို"

ရုတ်တရက် ခေါ်လိုက်သံကြောင့် သူ့ကို မော့ကြည့်လာသော ဖေဖေနှင့်မေမေ အံ့သြမှင်တက်နေကြ အတန်ကြာမှ . . .



www.burmeseclassic.com

www.burmeseclassic.com



"သား"

"မေမေ"

"သား . . . သား ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ် မေမေ၊ သားပါ"

မေမေက အရင် ခွန်မိုကို ပြေးဖက်ပြီး ငိုလေသည်။

"ဘယ်လိုဖြစ်ရတာလဲ သားရယ်၊ ပျောက်သွားလိုက်တာ သေမှန်းမသိရှင်မှန်းမသိ"

"အဖြစ်က ဒီလိုပါ မေမေ"

ခွန်မို ဖြစ်ပျက်ခဲ့သမျှ အားလုံးကို ဖေဖေနဲ့မေမေအား ပြောပြလိုက်တော့ မေမေက ရင်ဘတ်စည်တီးပါလေတော့၏။

"မသေကောင်း မပျောက်ကောင်း သားရယ်"

"ကံကောင်းလို့ ခုလို ပြန်လာခွင့်ရတာကိုပဲ ကျေးဇူးတင်ရဦးမယ်"

"သား"

"ဗျာ"

ဖေဖေ့အကြည့်က သမီးလေးဆီသို့ ရောက်သွားလေသဖြင့် ဖေဖေက ဘာမေးချင်သည် ဆိုတာကို ခွန်မို သိပါသည်။ ထို့ကြောင့် . . .

"ဟုတ်ပါတယ် ဖေဖေ၊ သမီးလေးက ကျွန်တော့်



သမီးပါ"

"သေချာတယ်ဆိုတာ ဖေဖေတို့ သိပြီးသားပါ။ ခုတော့ ပိုပြီး သေချာတရားဝင်သွားတာပေါ့"

သမီးလေးက ကစားနေရာမှ သူတို့ကို လုံးဝ မော့မကြည့်ပေ။ သူ့ခဏခဏ လှမ်းကြည့်နေတာက အိမ်တံခါးဝဆီသို့သာ။

"ဘိုးဘိုး"

"ဟေ . . . ဘာလဲ မြေးလေးရဲ့"

"ဖေကြီး ခုထိ ပြန်မလာသေးဘူး။ ဘိုးဘိုး လိုက်ခေါ်ပေး"

"တော်ကြာ ပြန်လာမှာပေါ့ မြေးလေးရဲ့၊ ဒီကပဲစောင့်နေနော်။ မြေးလေးက လိမ္မာပါတယ်"

သမီးမျက်နှာလေး ခပ်မှဲ့မှဲ့ ဖြစ်သွားလေလျှင် . . .

"သမီး"

ခွန်မို သမီးရှေ့မှာ ဒူးထောက်ထိုင်ချလျက် သမီးမျက်နှာလေးကို စိုက်ကြည့်နေလျှင် သမီးက သူ့မျက်နှာကို လုံးဝ မကြည့်ဘဲ မျက်လွှာချထား၏။ ရင်ထဲမှာ ဖော်မပြနိုင်တဲ့ ဝေဒနာတွေက ဘယ်လို ကင်ပွန်းတပ်ရမှန်း မသိဘူး။

"သမီး"

" . . . "

"ဦးဦးကို ကြည့်ပါဦး သမီးရဲ့၊ ခဏလေးပါဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ဦးဦးမျက်နှာလေးကို ကြည့်စမ်းပါ သမီးရယ်"

မေးစေ့လေးကိုကိုင်ပြီး ဆွဲမော့ပေးမှ သမီးက သူ့မျက်နှာကို တစ်ချက်သာ ကြည့်သည်။

"အို . . . ပွင့်ပွင့်လင်းလင်း ပြောလိုက်စမ်းပါ သားရယ်။ ဘာ ဦးဦးလဲ။ ဖေဖေက ဖေဖေပေါ့"

"ဟာ . . . မေမေရယ်။ သမီးက ကလေးလေးပဲ ရှိသေးတာ ချက်ချင်းကြီးပြောလို့ သူ့ဘယ်နားလည်မှာလဲ။ ဖြည်းဖြည်းချင်းမှ နားသွင်းယူရမှာပေါ့"

"မြေးလေးက ဒီလောက်သွက်တာ ပြောလိုက်ရင် သိမှာပါ။ ဒီမှာ မြေးလေး ဘွားဘွားကို ကြည့်စမ်း"

သမီးက ဒေါ်နန်းခင်ခင်ကို မော့ကြည့်လေလျှင် ...

"မြေလေးရဲ့ ရှေ့မှာ ခုရှိနေတာက မြေးလေးရဲ့ အဖေအရင်းပဲ။ စိုင်းချစ်ဦးက မြေးလေးရဲ့ အဖေမဟုတ်ဘူး။ မြေးလေးနဲ့ ဘာမှလည်း မတော်ဘူး။ စိုင်းခွန်မိုကမှ မြေးလေး အဖေရင်း"

"ဟင့်အင်း"

သမီးက ခေါင်းကို သွင်သွင်ခါလေ၏။ ခွန်မိုကို မျက်လုံးစိမ်းများနှင့်ကြည့်လျက် နောက်သို့ဆုတ်လေလျှင်

"သမီး"

ခွန်မို သမီးပခုံးကို ဆုပ်ကိုင်လိုက်ကာ . . .

"ဟုတ်ပါတယ် သမီးရယ်။ ဖေဖေက သမီးရဲ့



ဖေဖေအရင်းပါကွယ်"

"အဟင့်"

"သမီး"

သမီးက ရှိုက်သံလေးပေး၍ ငိုလျှင် ခွန်မို သမီးကို တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်၏။ သူ့ပခုံးပေါ်မှာ သမီးလေး တသိမ့်သိမ့် ရှိုက်ငိုနေခြင်းသည် ဘာအတွက်ကြောင့်ပါလဲ။

"အီး"

"သမီး"

"မြေးလေး မငိုနဲ့လေကွယ် မြေးလေး။ ဖေဖေကို ပြန်တွေ့ရင်တာ မြေးလေး ဝမ်းမသာဘူးလား"

"ဝမ်းမသာပါဘူး။ ဖေကြီးကို ခေါ်ပေးပါ။ ဖေကြီးရေ ပြန်လာပါတော့ . . . အီး . . . ဟီး . . . ဟီး"

"သမီး"

ခွန်မို အရှိုက်ကို တူနှင့်အထုခံလိုက်ရသလို ရင်ဘတ်ကြီး အောင့်တက်သွား၏။ ခံစားချက်တွေ ပြင်းထန်လာတော့ မျက်ရည်က တံခါးကို ချိုးဖျက်ပစ်ကာ . . .

"သမီးရယ် ဖေဖေ့ကိုကြည့်ပါဦး။ ဖေဖေလေ ဖေဖေက သမီးရဲ့ ဖေဖေပါ သမီးရဲ့"

"မသိဘူး . . . မသိဘူး။ ဖေကြီးရေ သမီးကို လာခေါ်ပါ . . . ဖေကြီးရေ"

www.burmeseclassic.com

www.burmeseclassic.com



"သမီးရယ်"

ကြီးကြီးသေးသေး ရင်ဘတ်နှစ်ခုမှာ မတူညီသော ဘာသာစကားများနှင့် ခွန်မို သမီးလေးလက်ခံအောင် ဘယ်လိုပြောရပါ့မလဲ။ အာခေါင်ခြစ်၍ အော်ငိုလိုက်သော သမီးလေးအသံကြောင့် သူ့ရင်တွေ မီးတောက်နေပါပြီ။ မသိဘူးတဲ့ ဖအေနဲ့ သမီးကြားမှာ သွေးက ဘာလို့ စကားမပြောတာလဲ။

"ဖေကြီးရေ . . . ဖေကြီးရေ အီး ဟီး"

မကြားနိုင်ဘူး မကြားရက်ဘူး။ ဒီအသံလေးကို နားနှစ်ဖက်ကို လက်နှင့်ဖိပိတ်ပြီး မျက်လုံးကို စုံမှိတ်ချလိုက်သည်နှင့် ချစ်ဦး၏ ပါးပြင်နှင့်အနီးတစ်ပိုက်တွင် ပူနွေးစိုစွတ်သွားလေ၏။ ဖေကြီး ရင်တွေကွဲကုန်ပြီ သမီးလေးရယ်။ သမီးလေးရဲ့ ငိုသံမပြောနဲ့ စိတ်ကောက်သံလေး စွတ်နေရင်တောင် မနေတတ်လို့ ပျာယာခတ်ခဲ့တဲ့ ချစ်ဦး။

သမီးလေးမျက်နှာ ကြည်စင်နေရင် လောကကြီးကိုတောင် ခေါင်းနဲ့တိုက်ချပေးချင်လောက်အောင် အချစ်တွေနှင့် စုပုံရစ်နွှေထားခဲ့တဲ့ သမီးလေးနဲ့ ခွဲခွာကြရဖို့ အချိန်ကျလာခဲ့ပြီ။ သမီးရယ် ဖေကြီးက ဘဲဥကို ဝပ်ပေးခဲ့ရတဲ့ ကြက်မကြီး၊ ဥသြရဲ့ ဥကို ယူဝပ်ပေးရတဲ့ ကျီးကန်းကြီးပါကွာ။ သူများပစ္စည်းကို အငှားကိုင်တဲ့လူလို အချိန်တန်ရင် ပိုင်ရှင်လက်ထဲကို ပြန်အပ်ရမှာပဲ မဟုတ်လား။



သမီးလေးရဲ့ ငိုသံကို ကြားရတော့ ရင်ထဲမှာ တဆစ်ဆစ် နာကျင်လာသည်။ ဖေကြီးကို ခွင့်လွှတ်ပါ သမီးလေးရယ်။ ခုလိုလုပ်တာ ဖေကြီး သမီးကို မချစ်လို့ မဟုတ်ပါဘူး။ နောင်ဘဝဆိုတာ ရှိခဲ့ရင် ဖေကြီးလေ သမီးလေးရဲ့ အဖေရင်းဖြစ်ခွင့် ကြုံပါစေလို့ ဆုတောင်းရုံမှအပ ဖေကြီး ဘာမှမတတ်နိုင်တော့ဘူး၊ သမီးလေးရယ်။ ကံကြမ္မာရယ့် ကျွန်တော့်ရဲ့ နှလုံးသွေးစက်တွေကို အနေခက်လို့ ခြေဆေးမယ်ဆိုရင်လည်း ဆေးပါ ယူပါ။ အဖြည့်ခံလူသားဘဝနဲ့ ကျင်လည်ခဲ့ရတဲ့ကျွန်တော့်ဘဝကို မာကျောတဲ့ ကျောက်စိုင်ကျောက်သားလို နှလုံးသားတစ်ခု အပိုဆုအဖြစ် ချီးမြှင့်ပေးကြပါဗျာ။

"ဖေကြီးဆီကို ပြန်ပို့ပေးပါ။ ဖေကြီးရေ သမီးလေးကိုချစ်ရင် ပြန်လာခေါ်ပါ ဖေကြီးရေ"

"သမီးလေး"

သမီးလေးရဲ့ ငိုသံသည် သူ့ရင်ခွင်ကို ပစ်ခွင်းလိုက်သည့်မြားတစ်စင်းအလား စူးရှနာကျင်လေသဖြင့် ထိန်းချုပ်ထားသည့်ကြားမှ စိတ်တို့သည် ဆောက်တည်ရာမရတော့ဘဲ တဒင်္ဂ လွင့်ထွက်သွားလေလျှင် ခြေလှမ်းတွေက အိမ်ထဲကို ဘယ်လိုပြေးဝင်သွားမိမှန်း မသိ။

"သမီး"

"ဖေကြီး"

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မြင်သည်နှင့် သမီးလေးက ခွန်မို ရင်ခွင်တွင်းမှ ရုန်းထွက်၍ သူ့ဆီကို ပြေးလာသည်။ သူ သမီးလေးကို ဆီးကြိုပွေ့ဖက်ထားလိုက်၏။

“ဖေကြီး သမီးလေးကို မထားခဲ့ပါနဲ့။ သမီးလေးပြန်ချင်တယ်။ သမီးလေး ဖေကြီးကိုပဲ ချစ်တယ်”

စကားတွေ တတွတ်တွတ် ပြောရင်း ငိုနေရှာတဲ့ သမီးလေး . . .

“မငိုနဲ့လေ သမီးရယ်။ ဖေကြီးက သမီးလေးကို ဘာလို့ထားခဲ့ရမှာလဲ”

သမီးလေးက သူနှင့် ကိုယ်ချင်းခွာလျက် မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ကာ . . .

“ဖေကြီး ဘာလို့ငိုတာလဲ”

“သမီးလေးငိုတော့ ဖေကြီးလည်း ငိုချင်တာပေါ့”

“အဲဒါဆို သမီးလေး မငိုတော့ဘူး။ ဖေကြီးလည်း မငိုနဲ့တော့”

သမီးလေးက သူ့မျက်ရည်တွေကိုလည်းသုတ် ကိုယ့်မျက်ရည်လည်း ကိုယ်သုတ်ရှာ၏။

“ဖေကြီး”

“ပြောလေ သမီးလေး”

“ဖေကြီးက သမီးလေးရဲ့ အဖေရင်းမှ်လားဟင်”

“ဟင်”





ချစ်ဦး ခွန်မိုကို လှမ်းကြည့်လိုက်မိ၏။ ငိုထားသော ခွန်မို မျက်နှာမှာလည်း နီးမြန်းလျက် ကိုယ့်ကို ဖြုံးပြလိုက်တာကပင် မနည်းအားတင်းလိုက်ရတာမျိုး။ ဒီပွဲမှာ တစ်ယောက်ကတော့ ရင်ကွဲမှာ ကျိန်းသေ။ တစ်ယောက်နဲ့ တစ်ယောက် အေးအတူပူအမျှ ဝေငှပြီး ချစ်လာခဲ့ကြတာ ဒီလို အဆုံးသတ်ဖို့လား။

“ဟို . . . ဦးဦးက သမီးရဲ့ အဖေရင်းလို့ ပြောနေတယ်၊ အဲဒါ ညာတာမဟုတ်လားဟင် ဖေကြီး”

“သမီး”

“ရှင်”

“ဖေကြီးက ပြောတာကို သေသေချာချာ နားထောင်နော်”

“ဟုတ်ကဲ့”

ပြောသင့်တဲ့ စကားတွေ ထွက်လာဖို့ တံတွေးကို မျိုချပြီး အားမွေးလိုက်ရ၏။ ရက်စက်တယ်လို့တော့ မထင်လိုက်ပါနဲ့ သမီးရယ်။

“ဖေကြီးကလေ . . . ဖေကြီးလေ”

စကားမဆက်ခင်ဘဲ ဆုံးမ မရသော မျက်ရည်တွေက ရှေ့ပြေးတယ်။

“ဖေကြီးက သမီးရဲ့ အဖေမဟုတ်ဘူး။ ဟို ဦးဦးကမှ သမီးလေးရဲ့အဖေရင်း”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"သမီး စဉ်းစားကြည့်လေ။ သမီးဖေဖေ နာမည်က စိုင်းခွန်မို။ အဲဒါကြောင့် သမီးလေးနာမည်က မိုပန်းအိမ်ဖြစ်နေတာလေ။ သားအဖရင်းမှ နာမည်တူတာ သမီးရဲ့"

"နာမည်တူလို့ သားအဖတော်တယ်ဆိုရင် သမီးလေး နာမည်ကို ချစ်ပန်းအိမ်လို့ ပြောင်းမယ်"

"မရဘူး သမီးရဲ့။ ခွန်မိုက သမီးလေးကို ဖေကြီးထက် အများကြီးပိုချစ်တာ"

"ဟင့်အင်း မယုံဘူး။ ဖေကြီး ညာတာ။ ဖေကြီး ညာတာ။ သမီးလေးသိတယ် ဖေကြီးကမှ သမီးရဲ့ ဖေကြီး။ သမီးလေး ဖေကြီးကိုပဲ ချစ်တယ်"

"မိုပန်းအိမ်"

ချစ်ဦး အော်လိုက်တာကြောင့် မိုပန်းအိမ် တွန့်သွားသည်။ အမုန်းဆေးကို မဖော်လိုကြတာ လူ့သဘာဝပေမယ့် ချစ်ဦးကတော့ မျက်ရည်ကို လက်နက်ချပြီး အမုန်းဆေးတစ်ခွက် ဖော်စပ်ရတော့မည်။ မစိမ်းချင်ဘဲ စိမ်းလိုက်ရသည့် မျက်ဝန်းတွေနှင့် . . .

"နင်က ငါ့သမီး မဟုတ်ဘူးလို့ ဘယ်နှစ်ခါ ပြောရမလဲ။ ငါ နင့်ကို မချစ်တော့ဘူး။ နင်လည်း ငါ့ကို မချစ်နဲ့တော့။ သွား . . . နင့်အဖေဆီကို"

"ဖေကြီး"





တွန်းလွှတ်လိုက်ပေမယ့် သမီးက သူ့လည်ပင်းကို အပြေးပြန်လာပြီး ဖက်ထားသည်။ ချစ်ဦး အံကြိတ်၍ မျက်နှာလွှဲထားလိုက်၏။ ပြီးမှ သမီးလက်တွေကို ခပ်ကြမ်းကြမ်း ဖယ်လိုက်ကာ . . .

"ဖယ်စမ်း မိုပန်းအိမ်။ နင်နဲ့ ငါ ဘာမှမတော်ဘူး။ အဲဒါကို နင် မြဲမြဲမှတ်ထား"

"အီး . . . ဟီး . . . ဟီး"

"ချစ်ဦး"

ခွန်မို ချစ်ဦး ပခုံးကို ဆုပ်ကိုင်လိုက်၏။ မြင်ရတဲ့ မြင်ကွင်းက ဘယ်သူ့မှ စိတ်ချမ်းသာဖွယ်ရာမှ မရှိတာ။ သူသာ ပြန်မလာခဲ့ရင် ဒီအဖြစ်တွေရှိလာမှာ မဟုတ်ပေ။

"သမီးလေး စိတ်ချမ်းသာပါစေ ချစ်ဦးရာ။ အားလုံးကို ငါ နားလည်ပေးနိုင်ပါတယ်"

"ဘာ"

"ခုအချိန်မှာ ငါက ဘေးလူဖြစ်နေပါပြီ"

"ခွန်မို"

ချစ်ဦး ဆတ်ခနဲ ထရပ်ပြီး ခွန်မိုနှင့် မျက်နှာချင်းဆိုင်လိုက်သည်။ မျက်ဝန်းတွေက ရူးရဲနေလျက် . . .

"မင်း ငါ့ကို ဘယ်အချိန်အထိ နဖားထိုးနေချင်သေးလို့လဲ ခွန်မို။ ငါ့ပခုံးတွေ ဂျွတ်တက်နေပြီကွ။ နောက်ထပ် ပေါက်ပြဲပြီး သွေးစက်စက်ထွက်အောင် ငါ့ပခုံးတာ[illegible]



www.burmeseclassic.com

www.burmeseclassic.com



မခံနိုင်တော့ဘူး။ ငါ ဒီလောက်ပေးဆပ်ခဲ့တာတောင် မင်း မကျေနပ်သေးဘူးလား။ ငါ့ကို ဒီလောက်နှိပ်စက်ရရင် မင်း ကျေနပ်ပါတော့"

"မဟုတ်ဘူး ချစ်ဦး။ ငါ ရှင်းပြ"

"မလိုတော့ဘူး။ မင်းသမီးကို မင်းခေါ်ပြီးရင် သူ့ အမေဆီကို မင်းပဲသွားပို့လိုက်"

"ဖေကြီး"

သမီးလေးက ချစ်ဦးရဲ့ ဒူးနှစ်ဖက်ကို ကျစ်ကျစ်ပါ အောင် ဖက်ထားလေ၏။

"ဖေကြီး သမီးလေးကို မထားခဲ့ပါနဲ့"

"ဖယ်စမ်း . . . မိုပန်းအိမ်"

ချစ်ဦး သမီးလေးရဲ့လက်တွေကို မရမက ဆွဲဖယ် ပြီး လှစ်ခနဲ ပြေးထွက်ခဲ့တော့သည်။

"ဖေကြီး"

"သမီး"

ခွန်မို သမီးလေးကို ဆွဲဖက်ထားလိုက်ရ၏။ ချစ်ဦး ရယ် မင်း ရင်ထဲမှာ ဘာတွေဖြစ်နေလဲ ငါ သိပါတယ်ကွာ။



## အခန်း ( ၃၂ )

"ပန်းအိမ်တော့ ဘာမှ မစဉ်းစားတတ်တော့ဘူး ကိုကို။ ပန်းအိမ် ကိုကို့ကို ချစ်တယ်။ ကိုကြီးကိုလည်း သံယောဇဉ်ရှိတယ်"

"ဘာစဉ်းစားစရာလိုတော့လို့လဲ ပန်းအိမ်ရယ်။ ကိုကို ရင်ဆိုင်ခဲ့ရတဲ့ ဒုက္ခတွေကို ချစ်ဦးရော ပန်းအိမ်ပါ သိပြီးပြီပဲ။ ချစ်ဦးက အားလုံးကို နားလည်ပေးထားပြီးသား"

ပန်းအိမ် သက်ပြင်းလေးချလိုက်ပြီး .

"ကိုကြီး အိမ်ကို ပြန်မလာတာ တစ်ပတ်တောင် ရှိနေပြီ ကိုကို"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ . . . ကိုကိုတို့ကို အဆင်ပြေအောင် ရှောင်ပေးတာကွ"

ခွန်မို ပန်းအိမ် ပခုံးလေးကို တင်းတင်းဖက်၍ ဆိုသည်။ ဒီချစ်သူလေးနဲ့ ဝေးခဲ့ရတာ ငါးနှစ်ကျော် ခြောက်နှစ် အဲဒီကာလတွေအပေါ်က အချစ်တွေကို အတိုးချ၍ ပေးဆပ်ချင်၏။

"ပန်းအိမ်ကို . . . ကိုကို အရမ်းကျေးဇူးတင်တယ်"

"ဟင် . . . ဘာအတွက်လဲ"

"ကိုကို့ရဲ့ရင်သွေးလေးကို သတ္တိရှိရှိနဲ့ မွေးပေးထားလို့လေ"

"သမီးက ကိုကို့ကို သူ့အဖေလို့ လက်မခံတဲ့အတွက် ပန်းအိမ် စိတ်မကောင်းဘူး ကိုကို"

"ဒါကတော့ ပန်းအိမ်ရယ်။ သမီးလေး လက်ခံလာအောင် ကိုကို ကြိုးစားရမှာပေါ့။ တစ်နေ့တော့ သွေးက စကားပြောလာပါလိမ့်မယ်။ ကိုကိုက ခုမှ ရုတ်တရက်ပေါ်လာတဲ့သူလေ။ ချက်ချင်းကြီး သမီး ဘယ်လို လက်ခံလို့ရမှာလဲ။ ချစ်ဦးနဲ့က သူ့လက်ပေါ်မှာကြီးပြီး သူ့မေတ္တာရိပ်မှာ သမီးလေး ခိုလှုံခဲ့တာ အကြာကြီးလေ။ လွယ်လွယ်နဲ့ ဘယ်လိုပြောင်းလဲပစ်လို့ရမှာလဲ။ နောက်တော့ သမီးလေး နားလည်လာမှာပါ"

ကိုကို့ရင်ခွင်ထဲမှာ ငြိမ်သက်နေမိပေမယ့် ပန်း



အိမ်စိတ်ကတော့ ဂဏာသောင်းကနင်း ဖြစ်လို့။ သမီးလေးက ကိုကြီး မရှိတော့ မှိုင်တွေငေးမောနေတတ်သည်။ သမီးကို ကြည့်ပြီး သူမမှာ စိတ်မချမ်းသာနိုင်။

"ကိုကို"

"ဟင်"

"ကိုကို မပြန်သေးဘူးလား"

"ပန်းအိမ်က ပြန်စေချင်ပြီလား"

"ညဘက်ဆိုတော့ ကိုကို ပြန်ရင်စိတ်မချလို့ပါ"

ခွန်မို ပြုံးလိုက်ရင်း တိုးတိုးလေးပြောသည်က

"မပြန်တော့ဘူးလေ။ ကိုကို ခုည ဒီမှာပဲ အိပ်မှာ"

"အို . . . မဖြစ်ပါဘူး"

"ဘာလို့ မဖြစ်ရမှာလဲ။ ကိုကိုနဲ့ ပန်းအိမ်က လင်မယားပဲဟာ။ သမီးလေးတောင် ရပြီးပြီပဲကွာ။ အထူးအဆန်းကျနေတာပဲ"

"မဟုတ်သေးဘူးလေ ကိုကိုရဲ့"

"မပြောနဲ့တော့ကွာ ပန်းအိမ်က ကိုကို့မိန်းမပဲ။ အဲဒါ ထာဝရ"

ခွန်မို ပန်းအိမ်ကို ဆွဲပွေ့လိုက်ပြီး မြတ်နိုးစွာ နမ်းလိုက်၏။ ထိုမြင်ကွင်းကို မမိတ်မသုန်တလေး ကြည့်နေသူက မိုပန်းအိမ်။ မိုပန်းအိမ်ကို အိပ်ပြီဆိုပြီး သိပ်ထားခဲ့တာ ဖေကြီးမရှိတော့ သူမ မပျော်ပါ။ ဖေကြီးရှိတုန်းကသာ သူမ

www.burmeseclassic.com

www.burmeseclassic.com



တို့ သီချင်းဆိုပြီး သိပ်တာ။ ဖေကြီးမရှိတဲ့နေ့တွေဆို ဘွားရှီလာလာ ပုံပြောပြခဲ့သည်။

ခု ဖေကြီးကလည်း မရှိ၊ ဘွားရှီလာကလည်း သစ်သီးခြံထဲမှာပဲ သွားနေတော့သည်။ ဘွားရှီလာ ပြောပြတာ ဖေကြီးက သူ့ကို ဒီအိမ်မှာ မနေနိုင်းတော့လို့တဲ့။ အရင်တုန်းကဆိုရင် ဘွားရှီလာရယ်၊ မေမေရယ်၊ သမီးလေးရယ် အတူတူ အိပ်ကြတာ။

ဖေကြီးက မေမေနှင့် တစ်ခါမှ အတူမအိပ်ခဲ့။ အခု ဟိုလူကြီးက မေမေနှင့် အတူတူအိပ်ဖို့ ပြောနေတာ မိုမန်း အိမ် ကြားပါသည်။ ကလေးဆိုပေမယ့် ပါးရည်နပ်ရည် ရှိသူလေးပီပီ မပြောတတ်ပေမယ့် သိတာလည်းရှိ မသိတာလည်းရှိ။

"မေမေ"

**"တင်"**

**"သမီး"**

**သူတို့**ဆီကို လျှောက်လာသော သမီးလေးကို ခွန်မိုက ပွေ့ချီလိုက်သည်။

"သမီး နိုးလာခဲ့ကိုး"

"ဦးဦး"

**"တင်"**

**"ဖေဖေလို့ခေါ်လေ သမီးရဲ့"**

●——ရွှေဒေဝါ——●



သမီးလေးက ခွန်မိုမျက်နှာကို မော့ကြည့်ကာ . . .

"ဖေဖေလို့ ခေါ်စေချင်ရင် သမီးခိုင်းတာ လုပ်ပေးမလား"

စကားတတ်သော သမီးလေးကို ခွန်မို ဖျတ်ခနဲ နှုတ်ခန်းလိုက်ပြီး . . .

"ပြောလေ . . . ဖေဖေ ဘာလုပ်ပေးရမလဲ"

"ဖေကြီးကို ပြန်ခေါ်ပေးပါ . . . အီ"

"ဟာ . . . သမီးရယ်"

စကားဆုံးတာနှင့် သမီးက ငိုချလေသဖြင့် ခွန်မို ပျာယာခတ်သွားလေ၏။ သမီးလေးက တော်တော်သံသော ဇည်ကြီးတတ်ရှာပါလား။ အေးလေ . . . ချစ်ဦး မေတ္တာကြီးမားပုံကလည်း အံ့မခန်းပဲကိုး။

"မငိုပါနဲ့ သမီးရယ်၊ မနက်ဖြန်ကျ ဖေဖေ သမီးရဲ့ ဖေကြီးကို ပြန်ခေါ်ပေးမယ်နော် တိတ်တိတ်"

"တကယ်ပြောတာလား"

"တကယ်ပေါ့ သမီးရဲ့"

ဒီတော့မှ သမီးက မျက်ရည်လေးတွေ သုတ်ပြီး ခွန်မို ရင်ထဲမှာငြိမ်သက်သွားလေသည်။ ပန်းအိမ်သက်ပြင်း ချလိုက်ရင်း . . .

"ခက်တယ် ကိုကိုရယ်"

"ဟင်"

●——ရွှေဒေဝါ——●

www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးနဲ့ သမီးလေး သံယောဇဉ်က . . ."

"ကိုကို နားလည်ပါတယ်။ အဲဒီသံယောဇဉ်ကို ထိုးဖောက်နိုင်အောင် ကိုကို ကြိုးစားမယ်"

ခွန်မို ငုံ့ကြည့်တော့ သမီးလေးက သူ့ရင်ခွင်ထဲမှာ ငိုက်မြည်းနေ၏။ အိပ်ပါစေတော့လို့ ခေါင်းကလေးပွတ် ကျောလေးပွတ်ပေးမှ အိပ်ပျော်သွားသော သမီးလေး ကစ်ချက်တစ်ချက် ရှိုက်သံလေးယောင်ရမ်း ထွက်လာတော့ စိတ်မချမ်းသာ။

လရောင်ဖျပ်ဖျပ်အောက်မှာ အတွေးကိုယ်စီနှင့်တိတ်ဆိတ်ငြိမ်သက်သွားခြင်းသည် တိမ်တွေကို လက်သီးနဲ့ ပြေးထိုးဖို့ စိတ်ကူးနေတာ မဟုတ်ဘူး။

ရေတစ်အိုးထဲကို ရေနွေးတစ်ခွက်လောင်းထည့်ရုံနဲ့ ရေဟာ အေးခြင်းမှ ပူခြင်းဘက်ကို ပြောင်းလဲသလို ရေနွေးတစ်အိုးထဲကို ရေတစ်ခွက် လောင်းထည့်ရင် လက်နှိုက်လို့ မရတော့ . . .

"တော်လောက်ပြီထင်တယ် ချစ်ဦး။ စိတ်ညစ်လို့ အရက်သောက်ရင် တစ်ညအဖို့ပဲ မှောက်လို့ရမယ်။ မနက်ဖြန်မိုးလင်းရင် ဒီအတိုင်းပဲ လူကို ဖျက်တာအရက်၊ စားကိုဖျက်တာ ဝါးမျက်ကွ ခံစားရသမျှကို အရက်နဲ့မျှောချရင်းမင်းပဲ ဘဝပျက်သွားလိမ့်မယ်"

"ကျွန်တော် အဲဒီလောက်အထိ မမိုက်မဲဘူး ဦး





ဆင့်။ ခုက အခိုက်အတန့်လေးပါ။ ကျွန်တော် လွတ်လွတ်လပ်လပ် ကြေကွဲပါရစေ"

"အေး . . . ကြေကွဲကြ။ တစ်ယောက်က ကြေကွဲတော့လည်း ငါ့အိမ်။ တစ်ယောက်က ရင်ကွဲတော့လည်း ငါ့အိမ်။ အခု ငါ့အိမ်က အလွမ်းသမား၊ အဲ့ဆွေးသမားတို့ တည်းခိုရာ။ အလွမ်းသမား သာလာယံဇရပ်။ ကောင်းနေတဲ့ အချိန် ဘယ်ကောင်မှ ငါ့အိမ်ကို မလာဘူး"

စိတ်ဆိုးလို့ပြောတာမဟုတ်သော ကရုဏာ ဒေါသ စကားတွေ ချစ်ဦး ရီဝေဝေ မျက်ဝန်းတွေက ဦးဆင့်ကို မသိမိုးဝါးကြည့်ကာ ပြုံးလိုက်မိ၏။ အေးချမ်းခြင်းတွေ သယ်ဆောင်လာသော လေပြည်ပြုံးတော့မဟုတ်။

"ဆောရီးပါ ဦးဆင့်ရယ်။ ဒီလောက်ပူပြင်းတဲ့ဟာတွေ မျိုချနေတာတောင် ထိုးမဖောက်နိုင်ဘူး ဖြစ်နေဗျာ"

"မင်းကို မခံစားနဲ့လို့ပြောနေတာ မဟုတ်ဘူး"

"အဲဒါလည်း သိတယ်"

ဦးဆင့် မျက်မှောင်ကြုတ်ပြီး ချစ်ဦးရှေ့က အရက်ကို ယူမှောက်ပစ်လိုက်၏။ သူ့အရက်ဖြတ် ထားတာကြာပြီ၊ အခုက မျှဝေခံစားခြင်းပဲ။ ချစ်ဦး ဒါတွေ အကုန်သောက်ရင် ဒုက္ခရောက်ဖွယ်ရာတွေ ရှိလာနိုင်သည်။ ပုံစံကြည့်ရတာ မမှောက်မချင်း အကုန်သောက်မယ့်သဘောမှာရှိနေတော့ တစ်ခွက်လျှော့သွားရင် တစ်ခွက်စာ သက်သာတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ရင်တွေ အရမ်းပူလောင်နေတယ် ဦးဆင့်ရယ်"

"သိလို့ မှုဝေခံစားခြင်းနဲ့ မင်းပြောသမျှ နားထောင်ပေးနေတာလေ။ မဟုတ်ရင် နားငြီးခံပြီး ထိုင်နေမပေးဘူး"

"အဲဒီအတွက် ကျေးဇူးတင်ပါတယ်"

အာလေးလျှာလေးအသံနှင့်ပေမယ့် သတိကတော့ မလစ်ပေ။ ပြောလိုက်သမျှ စကားတွေက တဖြောင်းဖြောင်း တရှဲရှဲ ထတောက်နေ၏။ ဒီအပူမီးတွေကို ဘာနဲ့ ငြိမ်းသတ်ပေးမလဲ။

"မင်းကို ငါ မသိတာလေး မေးရပါရစေဦး"

"မေးဗျာ . . . မေး"

ဦးဆင့် မတ်တတ်ရပ်နေရာမှ စားပွဲစွန်းမှာ တင်ပါးဝင်ချိတ်ပြီး လက်ထောက်၍ ချစ်ဦးကို ငုံ့ကြည့်ကာ . . .

"မင်း အခုလို ဖြစ်နေတာ လူကြီးအတွက်လား၊ ကလေးအတွက်လား"

"လူကြီးက ကိုယ်နဲ့ ဖူးစာမပါလို့ ကြံဖန်လွဲတာ ဖြေသိမ့်လို့ရတယ်။ ကျွန်တော် သမီးလေးကို အရမ်းချစ်တာ ဦးဆင့်ရဲ့၊ ဖြစ်နိုင်ရင် ကျွန်တော့်ရင်ဘတ်ကို ခွဲပြီး သမီးလေးကို ထည့်ဝှက်ထားလိုက်ချင်တာ အီး . . . ဟီး"

ရင်ဘတ်ကို တဘုန်းဘုန်းပုတ်ပြပြီး ငိုချလိုက်တဲ့ အမူးသမားမျက်ရည်ဟာ မျက်ရည်တစ်စက် နှပ်တစ်ဖတ်





ပေါ့။ မပိုင်ဘဲ ဝက်မွေးခဲ့တဲ့ ကိုယ်က ဘယ်ဥပဒေပုဒ်မတွေ ထပ်ပြီး သမီးလေးကို ပိုင်ဆိုင်ခွင့် လိုင်စင်ယူရမလဲ။ ဖြူစင်သော မေတ္တာကို အရင်းခံပြီး ပျိုးခဲ့တဲ့ပန်း ညိုးညိုးနွမ်းနွမ်း ဖြစ်နေမှာကို ကိုယ့်မေတ္တာမိုးပုလဲပွင့်တွေ အောက်မှာ လန်းဆန်းစေချင်တာ အတ္တသမားလို့ ခေါ်မလား။ မဟုတ်ဘူး။ ချစ်ဦးဆိုတဲ့ကောင်မှာ ဘယ်တုန်းကမှ အတ္တမာနတွေ မရှိခဲ့တာ။

"မင်းကို ကြည့်ပြီး ငါတောင် ငိုချင်လာပြီကွာ"

ဦးဆင့်လည်း ချစ်ဦး ဒုက္ခဖရောက်မှာ မကြည့်ရက်လို့ အပူစပ်ခါးတွေ တစ်ခွက်ပြီးတစ်ခွက် မြိုချ၊ မူးစစလေး ဖြစ်လာတော့ သူက ငိုချင်းကို တွန်းအားပေးတဲ့ နဲ့ရှည်သံကြီးပါ။

"ကျွန်တော် . . . ကျွန်တော့်ရင်ထဲမှာ မချိတော့ဘူး ဦးဆင့်ရာ"

"ငါလည်း မင်းကို ကြည့်ပြီး ခံစားရတယ်ကွ . . . အီး . . . ဟီး"

"သမီးလေး . . . သမီးလေးရယ် ဖေကြီး ရင်ဘတ်ကို လာစမ်းပြီး ချေဖြန်းပေးပါ သမီးရယ်။ ဖေကြီး ရင်တွေ ပူလောင်လွန်းလို့ပါ။ သမီးလေးကို ဖေကြီး ရင်နဲ့မဆံ့အောင် ချစ်တာ။ သမီးရဲ့ ခွဲရမှာကြောက်တယ်။ ဒါပေမဲ့ ခွဲရဦးမှာပါပဲ။ သမီးရယ် ဖေကြီး ဘာလုပ်ရမှာလဲ။ သမီးရဲ့ အီး ဟီး ဟီး"



www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်ကြီး ဟက်တက်ကွဲနေတာကို လူမသိမချိလို့ ငိုလိုက်တာသည် အမူးသမားမို့ လူရယ်စရာဖြစ်ကောင်း ဖြစ်နေပေလိမ့်မည်။ ဖွဲမီးလို တငွေ့ငွေ့လောင်နေရာမှ နောက်ဆုံး ကောက်ရိုးမီးလို ဟုန်းခနဲထတောက်ပြီး ရှားမီးခဲလို ရဲရဲတောက်နေဦးမည်ဆိုတာ . . .

သောက်ရင်း၊ မူးရင်း၊ ငိုရင်း၊ အိပ်ပျော်သွားခဲ့တာ နောက်နေ့ မိုးလင်းလို့ အိပ်ရာကနိုးတော့ ခေါင်းတွေတဆစ်ဆစ်ကိုက်သွားတာ။ ဘာဟုတ်သေးလို့လဲ မားထိုးခံရတုန်းခြေမကို ပရွတ်ဆိတ် ကိုက်သွားတာလောက်ပဲရှိတာ တကယ် ဝေဒနာအဆီအနှစ်က ရင်ထဲမှာလေ။

"ဦးဆင့်ရေ"

"ဟင်"

သွားတိုက် မျက်နှာသစ်ပြီးလို့ မျက်နှာကို ဖြစ်သလို ပုဆိုးနှင့်သုတ်နေသော ချစ်ဦး အသံလာရာဆီသို့ တစ်ချက်ကြည့်ပြီး လှစ်ခနဲ ခြေလှမ်းစလိုက်လျှင် . . .

"ချစ်ဦး"

"တာ"

ခွန်မိုကလည်း လျင်သည်။ လွှားခနဲ ရောက်သွားပြီး ချစ်ဦး အင်္ကျီကုပ်ကို ဆွဲထား၏။

"မင်း . . . ရှောင်မနေနဲ့တော့ ချစ်ဦး"

"လွှတ်စမ်းပါ"



"မင်း . . . ငါ့မျက်နှာကို သေသေချာချာ ကြည့်"

ခွန်မို လွှတ်မပေးဘဲ ချစ်ဦးက လက်ကိုပုတ်ထုတ်ပြီး မျက်နှာချင်း လှည့်ဆိုင်လိုက်သည်။

"မင်း ဘာလာလုပ်တာလဲ ခွန်မို"

"မင်းကို ပြန်လာခေါ်တာ"

"ဖတ်က သိမ်းနေပြီလေကွာ။ ငါက အရန်မင်းသား။ ဖတ်လမ်းတွဲတွေထဲက အတိုင်းဆိုရင် အရန်ကသေ ရင်သေ၊ မသေရင် အဝေးကိုထွက်သွားပေးရမှာ"

"ချစ်ဦး . . . မင်း"

အကြည့်ချင်းဆုံသွားကြတာ အကြာကြီး။ ဘယ်သူ့မျက်ဝန်းက ဘယ်မေရှာ ယူထားသလဲဆိုတာ သူတို့ကိုယ်မှ သူတို့ သိကြလိမ့်မည်။

ချစ်ဦး လွင့်ခနဲ ပြုံးလိုက်တာ နာကြည်းကြေကွဲသည့်အံလွှာကို ခြုံလိုက်တာပေမယ့် တကယ်တမ်းမှာက ခွင့်လွှတ်အနစ်နာခံခြင်း စွန့်လွှတ်ပေးဆပ်ခြင်းတွေနှင့်သား။ မျက်နှာကို အစွမ်းကုန်တင်းထားပေမယ့် နူးညံ့တဲ့ နှလုံးသားက စကားသံတွေ ထွက်ပေါက်ကို ရှာဖွေပြီး မျက်ဝန်းမှာ ခြေစုံလာရပ်တာ မသိဘူးလို့ရှိရအောင် ခွန်မိုက တုံးကြီးမှ မဟုတ်တာ။

နေသာခံခက်နဲ့ ကိုယ့်အတွက် အဖြည့်ခံ လူသားလားလို့ ထင်မှတ်ရအောင် ကျောတစ်ရာ ရင်တစ်ရာမှုနဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တ ရည်ရွယ်စေညွှန်းခဲ့တာ ဘာမှမရှိ။ ကိုယ့်ကို ချစ်လွန်းလို့ ဝင်ခံပေးလိုက်တဲ့ ကျောပြင်ကို ဆေးလိမ်းမပေးဘဲ ထုချလိုက်ရင် ကိုယ့်လောက် မိုက်တဲ့ကောင် ရှိပဦးမလား။

"မင်း ပြန်တော့ ခွန်မို"

"ဘာ"

"ငါ မြန်မာစကား ပြောနေတာ။ အပင်မလန်းခင် စမ်းပျိုးတဲ့ အောက်ခံဘူးစုတ်ခွက်စုတ်လို ကောင်က ငါ။ အခု အပင်လန်းလို့ ပန်းတွေပွင့်ပြီ ငါ မလိုချင်တော့ဘူး လွှင့်ပစ်လိုက်ပေ့ါ။ ရောက်ချင်ရာရောက် ဆိုလိုအပေါက်ရှာပြီး ပြောတတ်တဲ့ ပါးစပ်တွေထဲမှာ ငါ့ပါးစပ်က ကြိုးဝိုင်းသစ်တောထဲမှာပဲ ကိုယ့်ဘဝကိုယ်ပဲ လန်းဆအောင်နေပျော်ဖို့ ကြိုးစား ကိုးကားစိတ်တွေဖျောက်ဖို့ သင့်နေပြီဆိုတာလည်း သတိရဦး။ မင်းက လိပ်လိုညပြီး အဝေးကနေ မေတ္တာပို့နေတဲ့ ကောင်၊ ငါက ကြက်မလိုဝပ်ပြီး မျိုးမတူလို့ ဘဲလေးတွေကို စွန့်ရမယ့်ကောင်။ အဲဒီကြားမှာ အရင်းအဖျားဆိုတာကို ပတ်ဝန်းကျင်က မပေါ့်သဓာ ရှားလုံတံခွဲခြားသလို ခွဲခြားထားကြပြီးသား။ အဲဒီတော့ လက်မှတ်လာမစစ်ခင် ကိုယ့်နံပါတ် ကိုယ်ကိုင်ပြီး ကိုယ့်နေရာမှန် ကိုယ်ပြန်ထိုင်ကြတာ အကောင်းဆုံးပဲ"

ခွန်မိုကို ပြောလိုက်တာ မနားတမ်း။ မဟုတ်ဘူး ဟုတ်တယ်၊ မှန်တယ် မှားတယ်လို့တောင် ပြောခွင့်မရ



အောင် စကားတပ်မကြီးနဲ့ ကာရံပစ်လိုက်တာ ဝိတ်ပြီးဆို့ပြီး တိုက်ပြီးသား။ ကိုယ်ကလည်း ကိုယ်တစ်ခြမ်းပဲ တိုးဝင်ခွင့်ရရ . . .

"ကောင်းတာ မကောင်းတာ ခဏထား။ ပြီးရင် စဉ်းစားလို့ရတယ်။ လောလောဆယ် ငါပြောတာကို နားထောင်ပေးဦး။ မင်းပဲပြော မင်းပဲနိုင် မင်းပဲမောင်းထုတ်နေတာ ငါက ခွေးတစ်ကောင်လို တန်ဖိုးမဲ့နေပြီလား ချစ်ဦး"

"ငါပြောတာ အဲဒီသဘော သက်ရောက်သွားရင်တော့ ဆောရီးပဲ ခွန်မိုး လိုရင်းကိုပြော၊ ပြီးရင် ပြန်တော့"

"ကျုတ်"

အထင်းသားနှင့်လွှတ်နေတော့ ဒေါသက ဖြစ်ချင်လာပြီး နေရာတကာ သူပဲ ရှေ့ဆောင်လမ်းပြ၊ သူပဲ အနစ်နာခံ၊ သူပဲ ပေးဆပ်နေတာကို ကိုယ်က ဒီအတိုင်း ထိုင်ပြီး မေတ္တာကို ခေါင်းပုံဖြတ်နေရမှာလား။ ငယ်ငယ်ကတည်းက ကိုယ့်ကို သူများစရင် ကိုယ်ကရန်ရှောင်ချင်တာမျိုးရှိတောင် မခံနိုင်လို့ လက်သီးနဲ့ ပြေးထိုးပြီး ပွဲကြမ်းတာ ဘယ်သူလဲ။

ကျောင်းမှာ ကောင်မလေးတွေကိုစမိလို့ ကျောင်းအုပ်ခေါ်ကြွတာကို ရင်ဆိုင်တာလဲ သူ။ ကိုယ့်မြို့ရဲ့ ထုံးတမ်းစဉ်လာ မီးပုံပျံပွဲမှာ ရန်ဖြစ်ကြလို့ တစ်ဖက်က ထိပ်ပြု ခေါင်းကွဲတွေဖြစ်တော့ သူမပါဘူး ကျွန်တော်နဲ့ ဖြစ်တာဆိုပြီး အချုပ်ထဲကို တစ်ယောက်တည်း ဝင်သွားတာလဲ သူလေး

www.burmeseclassic.com

www.burmeseclassic.com



ပန်းအိမ်ကို ချစ်လွန်းကြိုက်လွန်းလို့ လိုက်ခဲ့တော့လည်း သူပဲ မပါရင် မပြီးရှိနေတာမို့ ကိုယ့်ဘဝတစ်ခုလုံးက သူ့အရိပ်နှင့် မလွတ်ကင်းခဲ့။ ကိုယ့်အပေါ် ဒီလောက်ချစ် ဒီလောက်ကောင်းခဲ့တဲ့ သူငယ်ချင်းကို သူခံစားနေတာကျတော့ ကိုယ်က လျစ်လျူရှုထားလိုက်ရမှာလား။

"ငါ လိုရင်းကိုပဲ ပြောမယ် ချစ်ဦး။ သမီးလေးရဲ့ဘဝမှာ မင်းမရှိလို့ မဖြစ်ဘူး။ သမီးလေး တမ်းတနေတာ၊ သမီးလေး လိုအပ်နေတာ ငါ မဟုတ်ဘူး မင်း"

"ပြီးတာတွေ ထားခဲ့လိုက်တော့။ ငါ့ကို ဘာမှ လာမပြောနဲ့"

"မပြောလို့ မရဘူး။ အခု သမီးလေးက မင်းမရှိတော့ တငိုငို၊ တရယ်ရယ်၊ တမှိုင်မှိုင်၊ တတွေ့တွေနဲ့။ ကောင်းကောင်းမစား ကောင်းကောင်းမအိပ်နဲ့ ငါ ဘာလုပ်ရမှာလဲ"

"ဟင်"

သမီးလေးဆိုတော့ ရင်ထဲမှာဖြစ်သွားတာက တနင့်တပိုး မဖြစ်နိုင်တော့တာကိုသိတော့ ပျော့ချင်တဲ့စိတ်ကိုပဲ သံပတ်ပေးရတာ အာထပ်ထပ်။

"မိုပန်းအိမ်က မင်းရဲ့သမီးပဲ။ မင်းဖအေတစ်ယောက်အနေနဲ့ ဒီလောက်တောင် မစွမ်းဆောင်နိုင်ဘူးလား။ နောက်တော့ သွေးက စကားပြောလိမ့်မယ်။ ကြာရင်





ငါ့ကို မေ့သွားပါလိမ့်မယ်ကွာ။ ကလေးဆိုတာ လက်သာတာကို ခင်မင်တွယ်တာကြတာ။ မင်း မညံ့ဘူးဆိုတာ ငါသိတယ်။ သမီးလေးရဲ့ စိတ်ကို ဖတ်တတ်အောင် မင်း ကြိုးစားပေါ့ကွာ"

"မဟုတ်သေးဘူး ချစ်ဦး"

"ဟုတ်တာတွေပဲ ငါ ပြောနေတာ ငါ့ကိုထပ်ပြီး ဒုက္ခမပေးနဲ့တော့ကွာ တောင်းပန်ပါတယ်။ ငါ ကိုယ့်မိုးကိုယ်ငြိမ်းနေတာ ရေလောင်းမပေးချင်နေ လောင်စာ လာထည့်မပေးနဲ့"

ပြောပြီး ခွန်မိုကို ထားခဲ့ကာ လွတ်ကင်းရာ အရပ်ဆီသို့ ခြေဦးတည်လိုက်သည်။ ရစ်ကျန်ခဲ့တဲ့ ခွန်မို ဘယ်လိုခံစားနေရမလဲဆိုတာထက် သူနဲ့ဝေးချင်တာပဲ အထွတ်အထိပ်မှာ . . .

"သမီးလေးရယ် ဖေကြီးကို ခွင့်လွှတ်ပါကွာ"

လူကွယ်ရာ အရပ်ဆီသို့ရောက်မှ ထုတ်ပေးသည့် တမ်းကို ရှိုးချပစ်လိုက်တော့၏။

"သမီးရယ် ဟင့် . . . အီး"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃၃ )

"မင်း ဆုံးဖြတ်ပြီးပြီလား ချစ်ဦး"

"ဟုတ်တယ် . . . မနက်ဖြန်သွားမှာ"

"ငါ စိတ်မကောင်းဘူး ချစ်ဦးရာ"

"ကျွန်တော် အလျှော့ပေးခြင့်ဆုံးလမ်းကို ရွေးချယ်လိုက်တာပါ။ ကျွန်တော့်အပေါ် ဖေးမပေးခဲ့တဲ့ ဦးဆင့်ကိုလည်း ကျွန်တော် သတိရနေမယ် ထင်တယ်"

"အင်း"

ဦးဆင့်ရဲ့ အင်းချသံက လေးလေးဖင့်ဖင့်ကြီးပါ။ အစတုန်းက ဒီကောင်လေးနဲ့ မေးပြောခေါ်ထူးလောက်သာ ရှိပေမယ့် နောက်ပိုင်း ဟိုဟာလေး လာတိုင်ပင် ဒီဟာလေး လာ





တိုင်ပင်နှင့် အိမ်ကို ခဏ ခဏ ရောက်လာတော့ သံယောဇဉ်က ကြာနွယ်ရိုးလေး ချိုးကြည့်ပါပေါ့"

သူ့အပူကို ကိုယ်ကလည်း မျှမယူနိုင်၊ အငှားခံစားပေးလို့လည်း မရဘူး။ အခုကျမှ နိုင်ငံခြားကို သွားတော့မည်လို့ဆိုလာတော့ စိတ်မကောင်းလို့ ညည်းမြဲရုံမှအပ ဘာတတ်နိုင်မှာလဲ။ သွားလို့ မတိုက်တွန်းချင်ပေမယ့် မသွားပါနဲ့လို့လည်း မတားရက်ပြန်။ အရက်ပျံစွတ်ပေးလို့ ပျောက်တဲ့ဒဏ်ရာဆိုရင်တော့ မအော်နိုင်အောင် ပါးစပ်ကို အဝတ်နဲ့ဆို့ပြီး အရက်ပျံပုလင်းကြီးနဲ့ သူ့နှလုံးသားတည့်တည့်ကို လောင်းထည့်လိုက်ရရဲ့။

အခုက အရက်ပျံလောင်းထည့်ရုံမကလို့ တစ်ကိုယ်လုံး ဓာတ်ဆီလောင်းပြီး မီးရှို့ခံရသည့် ရောဂါ။ သိကြားမင်း ဆေးဆရာယောင် ဖန်ဆင်းပြီး ဆင်းကုတောင် လူစော်နံပြီး ဟန်ချက်သွားရုံပဲ ရှိမည်။ ချစ်ဦး ရောဂါက ပျောက်မှာမဟုတ်တာ။

"ဦးဆင့်"

"ဟေ"

ဦးဆင့် လှည့်ကြည့်တော့ ချစ်ဦး ရှပ်အင်္ကျီ အိတ်ထဲမှ စာအိတ်ရှည် တစ်အိတ်ကို ဆွဲထုတ်တာ . . .

"ကျွန်တော် သွားပြီးတဲ့နောက် ဒါလေးကို [illegible] လက်ထဲ ထည့်ပေးပါနော်"



www.burmeseclassic.com

www.burmeseclassic.com



ဦးဆင့်က ဆွဲယူပြီး ဟိုဘက် ဒီဘက် လှန်လှော ကြည့်လျက် . . .

"အထဲက ဘာတွေလ"

"အမွေလွှဲစာချုပ်ပါ"

"ဘာ"

ချစ်ဦး မသက်မသာပြုံးလိုက်ရင် ခေါင်းငုံ့ချ ဖိနပ်ဦး ကို အဓိပ္ပာယ်မဲ့ကြည့်ရင်း . . .

"ကျွန်တော် ပိုင်ဆိုင်သမျှ စည်းစိမ်အားလုံးကို သမီးလေးနာမည်နဲ့ လွှဲပေးထားတာပါ"

"မင်း သွားတွေ့ပြီး နှုတ်မဆက်တော့ဘူးလား"

"အခုပဲ သွားမလို့ပါ။ ကျွန်တော် သွားမှာကို ဘယ် သူ့ကိုမှ မသိစေချင်ဘူး"

"ဟူး"

ဦးဆင့် သက်ပြင်းရှည်ကြီးသာ ချမိတော့၏။ ဖွဲ ကြည့်ပရိသတ် လုပ်ရတာတောင် မလွယ်ပါလား။ စင်ပေါ် က ပျက်လုံးထုတ်ရင် ရယ်ရတာ အရသာရှိပေမယ့် အလွမ်း ခန်းရောက်လာတော့ ဘယ်လူကြမ်းကိုမှ ဒေါသနှင့် ခဲ ပေါက်ခွင့်လည်း မရ။ ဗရုဆို လူကြမ်းမပါတဲ့ မင်းသား နှစ် လက် အားပြိုင်သည့် ဇာတ်လမ်းကြီးကို။

"ကျွန်တော် စိတ်ချမယ်နော် ဦးဆင့်။ ဦးဆင့်ကို ကျွန်တော် ယုံလို့ ဒီတာဝန်ပေးတာ"





"အေးပါကွာ"

"ဒါဆို ကျွန်တော်သွားမယ်"

ချစ်ဦး ဦးဆင့်ရှေ့မှ ထွက်လာခဲ့တော့သည်။ နောက်ဆုံးအကြိမ်တော့ သမီးလေးရဲ့ မျက်နှာလေးကို တစ်ဝကြီး ကြည့်ချင်၏။ အသံလေးကို ကြားချင်သည်။ စကားတွေ အများကြီးပြောကြမည်ဆိုသော ရည်ရွယ်ချက် တွေနှင့် ခြံထဲကို ဝင်လိုက်ကာ လှမ်းကြည့်တော့ အိမ်ရှေ့ ချယ်ရီပင်လေးအောက်မှာ သမီးလေးတစ်ယောက်တည်း ထိုင်လို့ မှိုင်တွေငေးမောနေ၏။

"သမီး"

"ဟင်"

သမီးလေးရဲ့ ခေါင်းလေးချာခနဲ လှည့်လာပြီး . . .

"ဖေကြီး"

"သမီးလေး"

တစ်ဦးကိုတစ်ဦး ပြေးဖက်ကာ ချစ်ဦး သမီးလေး ကို ပွေ့ချီလိုက်သည်။ ပြီးတော့ သမီးလေးရဲ့ ပါးပြင်နုနုလေး ကို နမ်းရှိုက်လိုက်တော့ သမီးကလည်း သူ့ကို ပြန်နမ်း၏။

"ဖေကြီး"

"ဗျာ"

"ဖေကြီး သမီးလေးဆီကို ပြန်လာတယ်နော်"

"ဒါပေါ့ သမီးလေးရဲ့။ ဖေကြီးက သမီးလေးကို



www.burmeseclassic.com

www.burmeseclassic.com



အကြာကြီးမှ မခွဲနိုင်တာ"

"ဒီတစ်ခါ သမီးလေးကို မထားခဲ့ရဘူးနော်"

ချစ်ဦး ခေါင်းမညိတ်၊ ခေါင်းမခါနှင့် ရယ်နေလိုက်သည်။ သူ့သမီးလေးကို မညာချင်ပါဘူးလေ။

"သမီးရေ"

"ရှင် ဖေကြီး"

"ဖေကြီးပြောတာကို သေသေချာချာ နားထောင်နော်"

"ဟုတ်ကဲ့"

ခုံတန်းလေးပေါ်မှာ ထိုင်လိုက်ကြတော့ သမီးလေးက သူ့ရင်ခွင်ထဲကနေ သူ့လည်ပင်းကို ဖက်ပြီး မျက်နှာကို ခပ်မေးမေးလေး ကြည့်ပြီး ပြုံးနေ၏။

"ဖေကြီး အလုပ်ကိစ္စနဲ့ ခရီးထွက်ရဦးမှာ သမီးရဲ့"

"ဟင်"

သမီးလေး မျက်နှာပျက်သွားတော့ မကြည့်ရက်နိုင်စွာ ချစ်ဦး မျက်နှာလွှဲလိုက်၏။ ထိုစဉ် အိမ်ပေါ်မှာ ခွန်မို နှင့် ပန်းအိမ်တို့ ဆင်းလာကြပြီး ခွန်မိုက ပန်းအိမ် ပခုံးလေးကိုဖက်လို့ သူ့ကိုမြင်သွားကြတော့ . . .

"ဟာ . . . ချစ်ဦး"

ခွန်မိုက ခြေလှမ်းကျဲများနှင့် လျှောက်လာပြီး သူ့ကိုရော သမီးပါ ခြုံသိုင်းကာ ဖက်လိုက်၏။ သူ့လက်တစ်





ဖက်လည်း ခွန်မိုကို ပြန်ဖက်ထားလိုက်သည်။

"မင်း ပြန်လာတာ ငါ ဝမ်းသာလိုက်တာ ချစ်ဦးရာ။ တို့တွေ မခွဲမခွာနဲ့ အတူတူ နေကြရအောင်နော်။ မိသားစုတွေလို ပျော်ပျော်ရွှင်ရွှင်နေကြရအောင်။ မင်းရှောင်နေစရာလည်း မလိုဘူး။ ဘယ်ကိုမှလည်း ထွက်မသွားပါနဲ့တော့ကွာနော်"

"ဖေဖေ"

"ဟင် . . . ဘာလဲ သမီး"

ခွန်မို ချစ်ဦးနှင့် လူချင်းခွာပြီး သမီးကို ငုံ့ကြည့်လိုက်စဉ် . . .

"ဖေကြီးက ခရီးထွက်ဦးမှာတဲ့။ အဲဒါ မသွားအောင် ဖေဖေ တားပေးပါနော်"

ခွန်မို ရုတ်တရက် ချစ်ဦးကိုစိုက်ကြည့်တော့ ချစ်ဦးက သမီးလေးကိုသာ ငုံ့ကြည့်နေသည်။ သူ့ဘာတွေကို ဖုံးကွယ်ထားပြန်ပြီလဲ။

"ချစ်ဦး"

"ဟင်"

"မင်း ရှောင်ပြေးဦးမလို့လား"

"မဟုတ်ပါဘူး။ တကယ် အလုပ်ကိစ္စကြောင့် သွားရမှာ"

"ကိုကြီးက ဘယ်ကိုသွားမှာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ရန်ကုန်ကိုပါ"

မသားစကားမဆိုချင်သော်လည်း ကိုယ့်ကိုပဲ ဝိုက်တွန်းချလျက် ဖမ်းထားချင်နေကြတာ။ ဒီမိသားစုလေးကို သူ မလွှဲမသွေ ခွဲခွာရဦးမည်။ သေခြင်းတရားမဟုတ်သော ပြန်မလာနိုင်ခြင်း ဆုံးဖြတ်ချက်နှင့် သမီးလေးအတွက် သူ နိုင်ငံခြားကို ထွက်ပြီး စီးပွားရှာမည်။ သူ အသက်ရှင်နေသရွေ့ သွေးသားလည်ပတ်မှုများသည် သမီးအတွက်။

မမြင်လိုတော့တာ မဟုတ်ပေမယ့် ကြင်လိုကခက်သည်အဖြစ်။ စနစ်တွေကြား အဖေနှစ်ယောက်ကြား ဗျာများနေတာမျိုး သမီးလေးကို မဖြစ်စေချင်။ ခွန်မိုက အဖေရင်းမို့ သမီးဆီက တုံ့ပြန်လာမယ့် မေတ္တာအလျှားအနံကို ပေမီကိုက်ပြည့် လိုချင်ရှာမှာပေါ့။ သမီးလေးက ကိုယ့်ဘက်မှာ အလေးသာနေတော့ ကိုယ်ပဲ ချိန်ခွင်လျှာကို ချိုးပြီး အလေးနိုးသူ ဖြစ်မနေဘူးလား။

ခွန်မို ခံစားရမှာကို မကြည့်ရက်။ သူတို့ မိသားစုလေးကြားမှာ ကိုယ်က အမှိုက်တစ်စ မဖြစ်ချင်တာကြောင့် ထွက်သွားပါတော့မည်။ ဟိုးအဝေးကို သူတို့တွေ ပျော်ကြပါစေလေ။ "တိမ်ငိုမှ ပိတောက်ပြုံး" ဆိုသလို သူက တိမ်၊ သူတို့ဓာတ်တွေက ပိတောက်ပွင့်လေးတွေပါ။ သူတို့တွေ ဘဝ မွေးပျံ့ကြိုင်လှိုင် ပွင့်လန်းနိုင်စေဖို့အတွက် ကိုယ့်မျက်ရည်ကိုပဲ သွန်ချပေးလိုက်တော့မယ်။

●——ရွှေသော——●



"ဖေကြီး"

"ပြောလေ . . . သမီး"

"သမီးလေး ဖေကြီးနဲ့ ထမင်းအတူတူ မစားရတာကြာပြီ"

"ဒီညစာ အတူတူ စားကြမယ်လေ။ ပြီးတော့ ဒီညဖေကြီးက သမီးလေးကို သီချင်းဆိုသိပ်မယ်"

"တကယ်လား"

"တကယ်ပေါ့ သမီးလေးရဲ့"

"ဟာ . . . ဒါမှ တို့ဖေကြီးကွ"

"ရွှတ် . . . ရွှတ်"

သမီးလေးက ချစ်ဦး ပါးပြင်တွေကို ဘယ်ပြန် ညာပြန် နမ်းရှိုက်လေတော့ ခွန်မိုနှင့် ပန်းအိမ်က ကြည့်၍ ရယ်လေသည်။

"သူ့ဖေကြီးကို တော်တော်ချစ်တာပဲ မနာလိုဘူးနော်"

"ဖေဖေ့ကိုလည်း သမီး ချစ်နေပါပြီ"

"ဒါဆို ဖေဖေ့ကိုလည်း နမ်းဦး"

သမီးလေးက ခွန်မိုကို နမ်းလေတော့ အားလုံးရဲ့ရင်ထဲမှာ ရေစီးကြောင်းကလေးတွေ။ ညစာ ထမင်းအတူတူစားဖြစ်ကြတော့ မိသားစု ထမင်းဝိုင်းလေးမှာ စေ...နောက်သံ ရယ်မောသံတွေနှင့် ကြည်နူးဖွယ်ရာတို။

●——ရွှေသော——●

www.burmeseclassic.com

www.burmeseclassic.com



ပန်းအိမ်တို့ သားအမိကို ခွန်မို အိမ်ခေါ်ပေမယ့် သမီးလေးက ခေါ်လို့မရ။ ချစ်ဦး အငွေ့အသက်တွေ ရှိနေသည့် ဒီအိမ်လေးကိုပဲ ခင်တွယ်နေခဲ့သည်။ ချစ်ဦးကလည်း ခွင့်ပြုထားသဖြင့် ခွန်မို ဒီအိမ်လေးမှာ လာပြီးနေဖြစ်ခဲ့တာ။

ခုတော့ သည်အိမ်ကလေးသည် သမီးလေး ပိုင်ဆိုင်ခွင့်ရပြီမို့ နေကြပါ။ တစ်သက်လုံး ပျော်ရွှင်မှုအပေါင်း သရုပ်ဆောင်နိုင်ကြပါစေတော့လေ။

"ကိုကြီး"

"ဟင်"

"စားလို့ကောင်းရဲ့လား"

"ကောင်းပါတယ် ပန်းအိမ်ရဲ့ ရေခဲသောက်ဖို့တောင် ချန်မထားမိဘူး။ အငံ့သွားတာပဲ"

"အလုပ်ကိစ္စအကြောင်းပြ ထွက်သွားပြီး ပြန်မလာဘဲ မနေနဲ့နော် ကိုကြီး။ ပန်းအိမ်တို့ မျှော်နေမှာ"

"ပူမနေပါနဲ့ မိန်းမရယ်။ ဒီကောင်ကြီး ပြန်မလာဘဲ နေကြည့် ကိုကို ကိုယ်တိုင်လိုက်ပြီး ခြေထောက် ရိုက်ချိုးခေါ်မယ်"

ချစ်ဦးက ပြုံးနေလျက် သမီးလေးကိုသာ ဂရုတစိုက် ထမင်းခွံ့ကျွေးနေသည်။ သမီးလေးမျက်နှာက ပြုံးလို့ ရွှင်လို့ လနှင့် အပြိုင်သာသည့်နယ်။ ထမင်းစားပြီးလို့ စကားစမြည်ပြောကြရင်း သမီးလေးက ဖေကြီး အိပ်ချင်ပြီ





ဆိုတော့ ချစ်ဦး သီချင်းဆို၍ သိပ်ခဲ့သည်။ သမီးလေးနဲ့ အတူတူ အိပ်တော့ သမီးလေးက သူ့ကို ထထွက်ပြေးမှာစိုးလို့ဟုဆိုကာ သူ့အပေါ်သို့ ခြေထောက်လည်းတင်၊ လက်တလည်း တင်းတင်းကျစ်ကျစ် ဖက်လျက် အိပ်ပျော်သွားရှာသည်။

သမီးလေး ဘယ်လောက်ပဲ ဖက်ထားထား ဖေကြီး အဝေးကို ပြေးရဦးတော့မယ်။ သမီးလေးရယ် သမီးလေးကို ဖက်ပြီး ချစ်ဦး ကျိတ်ငိုခဲ့ရတာ တစ်ညလုံး။

"သမီးလေးရယ် ဖေကြီးနှုတ်ဆက်ခဲ့ပါတယ်။ ဖေကြီး သမီးလေးရဲ့ပါးပြင်ကို နှုတ်ဆက်အနမ်းတွေ ခြွေချပစ်ခဲ့ပြီး ချစ်ဦး အလွမ်းမိုးစက်ပွင့်များနှင့်အတူ"

ဖေကြီး ဘယ်တော့မှ ပြန်မလာတော့ဘူးဆိုတာကို သမီးလေးသာ သိရင် သမီးလေးရယ် ဖေကြီးကို ခွင့်လွှတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၃၄ )

"ခွန်မို"

"ဟာ . . . ဦးဆင့်"

"အေး . . . ငါပဲ"

"မနက်စောစောစီးစီး ပေါက်ချလာတာ ဘာကိစ္စ ရှိလို့လဲ ဦးဆင့်"

"ရှိပါရန်ကောကွာ"

ဦးဆင့်က ကြုံသလိုပဲ ရေစည်ဘေးက အဝတ်ဖွတ်သည့် ကျောက်ပြားပေါ်မှာ ထိုင်ချမည်လုပ်တော့

"အိမ်ပေါ်တက်ပါ ဦးဆင့်ရဲ့"

ချစ်ဦးက ထည်ထည်ဝါဝါမနေသူမို့ ရေချိုးခန်းကို





သိပ်မသုံးဘဲ ရေစည်ထဲမှာပဲ လွတ်လွတ်လပ်လပ် ရေချိုး အဝတ်လျှော်တတ်သူ။ ခွန်မို ဦးဆင့်ကိုခေါ်ပြီး အိမ်ပေါ်သို့ တက်လာခဲ့၏။

"ကဲ . . . ဆို"

"ဆိုရအောင် မင်းအိမ်က အမျိုးသားဖာတ်ရုံမှ မဟုတ်တာ။ ဆိုဖို့ ကဖို့ထက် အရေးကြီးတာက ဒီမှာ"

ဦးဆင့် စားပွဲပေါ်ကိုချပြီး သူ့ရှေ့ရောက်အောင် တွန်းပို့ပေးလိုက်တဲ့ စာအိတ်ရှည်ကို ခွန်မို စိုက်ကြည့်လိုက်ပြီး . . .

"ဒါက ဘာလဲ ဦးဆင့်"

"သိချင်ရင် ဖောက်ကြည့်လေ။ ချစ်ဦး ပေးခဲ့တာ"

"ချစ်ဦး ပေးခဲ့တာ"

"ဟုတ်တယ်။ ငါလည်း သူ့ကိုကြည့်ပြီး မခံစားနိုင်လွန်းလို့ စောစောစီးစီး ထလာတာ"

ခွန်မို ပြုံးလိုက်မိသည်။ ဦးဆင့် ဝေါက်နေပြီလားပေါ့။ ချစ်ဦးကလည်း ညက ဒီမှာ သမီးလေးနဲ့ အိပ်နေတာ နိုးပင် မနိုးသေး။ ချစ်ဦး ညာတာ စတာခံလိုက်ရပြီဟု . . .

"ချစ်ဦးက ကြောင်နေတာလား၊ ဦးဆင့် ဝေါက်နေတာလား"

"ဘာကွ"

"ချစ်ဦးက စက်တော်ခေါ်နေတာ နိုးတောင် မနိုး



www.burmeseclassic.com

www.burmeseclassic.com



သေးဘူး။ ညက သူ ဒီမှာ လာအိပ်တယ်လေ"

"အေး . . . အဲဒါပဲကွ။ မင်းဟန်ဆောင်ခြင်း အတတ်ပညာကို ချစ်ဦးလို ကျွမ်းကျင်အောင် လေ့လာဦး ခွန်မို့။ မင်းဘိုအေလေး အိပ်ရာထဲမှာ ရှိသေးလား သွားကြည့်ဦး။ အဲဒီကောင် ဒီနေ့ ရန်ကုန်ဆင်းပြီး မနက်ဖြန် စက်ဘူကိုသွားမှာ။ မင်းတို့ကို မာလာတွေနဲ့ အချိုသတ်ပြီး လာနှုတ်ဆက်သွားတာ သိပြီလား ငတုံးရဲ့"

"ဗျာ"

ဦးဆင့် စိတ်မရှည်သလိုပြောမှပဲ ခွန်မို ကြက်သေ သေကာ ငေးကြောင်သွား၏။ ချစ်ဦး အိပ်ခဲ့သည့် အခန်း ဘက်သို့ လှည့်ကြည့်ရှုသော ကြည့်မိပြီး ထမသွားဖြစ်သည်။ ဒါတကယ်လား မဖြစ်ပါစေနဲ့ဟု အဝေဝေ ဆုတောင်းရင်း သွားကြည့်ချင်ပေမယ့် ခြေထောက်ကအရောက် သွားကြည့် ဦးမှ ဦးဆင့်ပြောသလို မတွေ့ရင် . . .

"ဖေဖေ"

". . ."

အခန်းထဲမှာ ပြေးထွက်လာသော သမီးလေး . . .

"ဖေဖေ ဖေကြီးရောဟင် . . . ဖေကြီးရော"

"ဟင်"

ဒါဆို ဦးဆင့်ပြောတာ တကယ်ပဲပေါ့။ ခုမှ စာအိတ်ကို အလောတကြီး ဖောက်ကြည့်လိုက်တော့ နှုတ်





ဆက်စာလေးတစ်စောင်နှင့် အမွေလွှဲစာချုပ်စာကို ဖတ် ကြည့်လိုက်တော့ . . .

သို့

ခွန်မို

ငါ နိုင်ငံခြားကို ထွက်သွားတော့မယ်လို့ ပါးစပ်က ပြောပြီး နှုတ်မဆက်ရက်လို့ ငါ ဒီစာကို ရေးထားခဲ့တယ်။ အထူးသဖြင့် သမီးလေးကို ငါ ခွဲခွာရမှာ မဟုတ်ဘူး ငါကို ခွင့်လွှတ်ပါ ခွန်မို။ မင်းတို့ကို အသိမပေးတဲ့အတွက် ပေါ့။ တစ်နေ့နေ့မှာ အချိန်ကာလတွေ ပြောင်းလွှဲသွားတာ နဲ့အမျှ ဖေကြီးဆိုတဲ့ ငါ ဘဝလည်း သမီးလေးရဲ့ ရင်ထဲ ကနေ လွင့်ပါးပျောက်ကွယ်သွားမှာပါ။

မင်းတို့ မိသားစုတွေ ပျော်ရွှင်ချမ်းမြေ့ကြပါစေလို့ ငါ အမြဲဆုတောင်းနေမှာပါ။ ပန်းအိမ်နဲ့ သမီးလေးကို နား လည်အောင် မင်းပဲ ရှင်းပြပေးပါ။ အထူးသဖြင့် သမီးလေး ပေါ့။ ဖေကြီး ဘယ်တော့ ပြန်လာမှာလဲလို့ မေးရင် မင်း အဖြေခက်နေမယ်ဆိုတာ ငါ သိပါတယ်။ အဆင်ပြေသလို ကြည့်ဖြေပေါ့ကွာ။ ငါက တကယ်တော့ တိမ်မင်းသားထက် ယောက်ပါ။ ပိတောက်တွေဖွေးစေ၊ လန်းစေ တင့်ဆန်းစေဖို့ အတွက် မျက်ရည်ကို သွန်းချပေးခဲ့ရတဲ့ တိမ်တိုက်တစ်ခုပါ။ ငါ သမီးလေးကို ဘယ်လောက် ချစ်တယ်ဆိုတာ မင်း



www.burmeseclassic.com

www.burmeseclassic.com



သိမှာပါ။

ဒါကြောင့် ငါ ပိုင်ဆိုင်သမျှ စည်းစိမ်အားလုံးကို သမီးလေးအတွက် ပုံပေးခဲ့ပါတယ်။ သမီးလေးရဲ့ ဘဝရေး ရေးအတွက် ငါပဲ တာဝန်ယူပါရစေ။ မင်းက မိဘဝတ္တရား ကျေချင်တယ်ဆိုရင်တော့ သမီးလေးကို သမီးကောင်း ရတနာဖြစ်လာအောင် ပျိုးပြင်ဆုံးမပေါ့ကွာ။

ပြီးတော့ ပန်းအိမ်ကို ထပ်မွေးနိုင်းပေါ့။ အဲဒါမှ မင်း တာဝန်တွေပြီးပြီး ငါ့ကို သတိမရအားမှာ။ အလကား စတာ နော်။ မင်းရဲ့ အချစ်ဆုံး သူငယ်ချင်း

စိုင်းချစ်ဦး

စာဆုံးသွားသည်နှင့် ခွန်မို ငိုင်တွေသွားလေး၏ ဦးဆင့် နှုတ်ဆက်သံကို မကြားတစ်ချက် ကြားတစ်ချက်နှင့် ပေါင်းညိတ်မိလား ခေါင်းခါမိလား မသိ၊ နောက်ပြန်ခနဲ ထရပ်ကာ . . .

"ပန်းအိမ် . . . ပန်းအိမ်"

"ရှင် . . . ကိုကို"

"သမီးရော မင်းပါ ရေချိုး အဝတ်အစားလဲ ပြီးရင် ကားပေါ်တက်"

"ဟင် . . . ဘယ်သွားမလို့လဲ ကိုကိုရဲ့"





"ပြန်မပေးနဲ့ နိုင်းတဲ့အတိုင်းလုပ်၊ ချစ်ဦးနောက် ကို လိုက်ရအောင်။ အရေးကြီးတယ်"

ခွန်မို ရေးကြီးသုတ်ပျာနှင့် ကားကို စက်နှိုးနေ သည်။ သမီးအတွက် အမွေလွှဲစာချုပ်ထဲမှာ ဒီကားလည်း ပါ၏။ ပိုင်ဆိုင်သမျှအားလုံးကို ပုံပေးသွားတာ သံတိုသံစ ကော်ဘူးကော်ခွက်မှ မကျန်။ ပန်းအိမ်မှာလည်း ဘာမသိ ဘာမသိနှင့် သမီးလက်ဆွဲပြီး ကားပေါ်သို့ တက်ရ၏။ လမ်း ရောက်မှာပဲ အကျိုးအကြောင်းကို ပြောပြလေတော့ ပန်း အိမ်မှာ မရှုနိုင် မကယ်နိုင်။ တကယ်ပဲ ခွဲခွာထားရစ်ခဲ့ပြီ ပေါ့။ ကိုကြီးရဲ့ရင်ထဲက ခံစားချက်ကို ပန်းအိမ် အသိဆုံး။

သူ့ခမျာ ပန်းအိမ်ကို ရင်ဖွင့်ပြီး ငါကယ်ပေါင်း သင်းကြဖို့ ခွင့်တောင်းကာမှ ကိုကိုက ပြန်ပေါ်လာတော့ နာကျင်ခံစားရမှာပေါ့။ ပန်းအိမ်ကို ခွင့်လွှတ်ပါ ကိုကြီးရယ်၊ အချစ်နဲ့သံယောဇဉ်က ဘယ်လိုမှ လွန်းကြိုးသွယ်လို့ မရ တော့ ခက်သားလား။

ချစ်ဦး ဘယ်မှာတည်းမှန်း မသိတော့ နောက်နေ့ ကျမှ လေယာဉ်ကွင်းကို လိုက်လေရာ . . .

"တောက် . . . အရေးထဲကွာ ဘားက ဖွာအောက် ဖြန့်ပြီ"

"ဘာဖြစ်တာလဲ ကိုကို"

"ပန်ကြိုးပြတ်သွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲ"

ခွန်မို စိတ်ရှုပ်စွာ ခေါင်းကုတ်လေတော့ သမီးလေးက မျက်ရည်လေး ဝေ့ဝေ့နှင့် ခေါင်းငုံ့နေရှာသည်။ တလေးဆိုတာလည်း ကလေးအရွေးတော့ ရှိနေမှာပေါ့။ သမီးလေး ဘာတွေ တွေးနေသလဲ။

"ပန်းအိမ်တို့ ဘာလုပ်ကြမလဲ ကိုကို"

"ဝပ်ရှော့ကိုပဲ ဖုန်းဆက်ရမှာပေါ့ ကိုကိုတို့က Taxi ငှားသွားကြမယ်လေ"

"အဲဒါဆို မြန်မြန်ဆက်လေ ကိုကိုရဲ့၊ တော်ကြာ လေယာဉ် မမီဘဲနေမယ်"

"အေးပါကွာ"

ခွန်မို ပျာယာခတ်နေပြီး ဝပ်ရှော့တစ်ခုကို ဖုန်းဆက်ခေါ်ပြီး စောင့်နေရသေး၏။ ရောက်လာလို့ ကားကို အပ်ပြီး Taxi ငှားကာ ထွက်လာခဲ့ကြတော့ အချိန်က ကပ်နေပြီ။ ရင်ထဲကို လက်ဖက်ခြောက်ခပ်လို့ ရပြီထင်ပါရဲ့။

"ကားဆရာ မြန်မြန်လေးမောင်းပေးပါဗျာ"

"ဟုတ်ကဲ့"

ကားက လေဟုန်ကို စွင်းသည့်မြားတစ်စင်းနှယ်။ ချစ်ဦးရယ် မင်း ဘာကြောင့် အဲဒီလို ဆုံးဖြတ်သွားတာလဲ။ သူမှာတော့ ပြန်လာပြီဆိုပြီး ဝမ်းသာအားရနှင့် ကြိုဆိုခဲ့တာ။ နောက်ဆုံးတော့ နှုတ်ဆက်ခြင်းတဲ့ ခဏတာ မဟုတ်ဘူးဆို





တာ သိလေလေ ရင်ပူလေလေပါပဲ။

ချစ်ဦး ဘက်ကသာ တောင်းဆိုလာရင် သူ ဘာမဆို လိုက်လျောပေးဖို့ အဆင့်သင့်။ အခုတော့ သူပဲ အရှုံးခံအနစ်နာခံပြီး ကိုယ့်ကိုတော့ ပြုံးပျော်ကြည်နူး နှင်ပြုံးပေတဲ့ သူကျတော့ အသည်းနှလုံးမရှိတဲ့ ကျောက်ရုပ်ကြီးလိုလို သမီးလေး သင်ပေါယာဇဉ်တိုက်ကျိုက်မိုက်ပြီး ဥပေက္ခာပြုသွားတော့

"ကိုကို ရောက်ပြီလေ"

"ဩ . . . အင်း"

အတွေးလွန့်သွားသဖြင့် ပန်းအိမ် သတိပေးမှ ကားပေါ်က ဆင်းဖြစ်သည်။ အပြေးအလွှားသွားတော့ လေယာဉ်ပေါ်သို့ ခရီးသည်တွေ တက်ကုန်ပြီ။

"ဖေဖေ . . . ဟိုမှာ ဖေကြီး . . . ဖေကြီး"

သမီးလေးက သူ့ကိုလည်းပြ သူ့ကိုယ်တိုင်လည်း လှမ်းခေါ်၏။

"ဖေကြီး"

"ချစ်ဦး"

"ကိုကြီး"

လေယာဉ်ပေါ်သို့ တက်နေသော ချစ်ဦးရဲ့ ခြေလှမ်းတွေ လှေကားအလယ်ရောက်မှ ရပ်တန့်သွားတော့၏

"ချစ်ဦး"

"ဖေကြီး"



www.burmeseclassic.com

www.burmeseclassic.com



အသံလာရာဆီသို့ ကြည့်လိုက်တော့ . . .

ဩော် . . . သမီးလိုက်လာတာကိုး။ ဘာကြောင့် လိုက်လာရတာလဲ သမီးရယ်၊ ထာဝရ ခွဲခွာရခြင်းအတွက် မျက်နှာချင်းဆိုင်ပြီး နှုတ်ဆက်နိုင်တဲ့ အခင်အားမရှိလို့ တိတ်တဆိတ်ကလေး ဖဲ့ . . ခဲ့လာခဲ့ကာမှ အသည်းနှလုံးတွေက ပေဟာဒီ မြန်မာပြည်မှာ ကျန်ခဲ့ပြီး လူ့ခန္ဓာ အခွံချည်းသက်သက်သာ ဟိုးအဝေးကို . . .

"ဖေကြီး . . . ဖေကြီး၊ ပြန်လာပါ သမီးလေး ဖေကြီးနဲ့ မခွဲနိုင်ဘူး။ အိး . . . ဟီး . . . ဟီး"

"သမီး"

သမီးလေ . . . ဘ သူ့ဆီသို့ ပြေးလာဖို့ ကြိုးစားနေသဖြင့် ခွန်မိုနှင့် ပန်းအိမ် သမီးလေးကို ချုပ်နှောင်နေရတာကို မြင်တော့ နှလုံးသားတွေ ပြာကျသွား၏။

"ဖေကြီးရေ . . . သမီးကို ခေါ်ပါ . . . ဖေကြီး"

"သမီး"

"ဖေကြီး"

နားနှစ်ဖက်ကို ပိတ်ထားလိုက်ချင်ပေမယ့် ထိုလက်သည် နားဆီသို့ မရောက်ဘဲ ဝေ့ယမ်းနှုတ်ဆက်ခြင်းသို့သာ။ မပိတ်ပါဘူး ဒီနားကို ငိုသံပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် သမီးလေးရဲ့ အသံကို ဒါနောက်ဆုံး နားထောင်ခြင်း။

ဖေကြီးကို ခွင့်လွှတ်ပါသမီးရယ်၊ အားလုံးကို





တောင်းပန်သောအပြုံး နှုတ်ဆက်ခြင်းအကြည့်တွေနှင့် တစ်ချက် စူးခနဲ ပစ်ခဲ့ပြီး ရှာခနဲ လှည့်လိုက်တဲ့ ကိုယ်ခန္ဓာနှင့်အတူ လွင့်ကျခဲ့ပါပြီ မျက်ရည်ပွင့်တွေ၊ အနောက်တိုင်းဝတ်စုံအဖြူရောင်လေးပေါ်မှာ မျက်ရည် မြစ်တစ်စင်းဖြတ်သန်း စီးဆင်းခဲ့ပြီလား။

"ချစ်ဦး"

ခေါ်ပေမယ့် တစ်လှမ်းချင်း တက်သွားတဲ့ နောက်ဆုံးခြေလှမ်းရဲ့ နောက်မှာ လေယာဉ်တံခါးက ပိတ်သွားခဲ့လေပြီ။ နေရစ်ခဲ့ပေတော့ သမီးလေးရယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃၅ )

နာရီ ဒိုင်ခွက်ထဲက စက္ကန့်လက်တံတွေ တစ်ချက်ချက်မြည် တရွေ့ရွေ့လှုပ်ရှားနေသည်နှင့်အမျှ မိသားစုလေး တစ်စုကတော့ ပျော်ရွှင်ကြည်နူးချမ်းမြေ့စွာ . . .

"ပန်းအိမ်"

"ရှင် . . . ကိုကို"

"ဟိုဝတ်စုံလေး ဝတ်ခဲ့နော်"

"ဘယ်ဝတ်စုံလဲ ကိုကိုရဲ့"

"ကိုကို နောက်ဆုံး ဝယ်ပေးထားတဲ့ မိုးပြာရောင်ဝတ်စုံလေးလေ"





ပန်းအိမ်က ချစ်စဖွယ် မျက်စောင်းလေးထိုးတော့ ခွန်မို အသည်းယားစွာ ပြုံးနေ၏။ ဒီဇနီးလေးကို သူမှာ ချစ်မဝနိုင်၊ သမီးလေးက အသည်းနှလုံးလေးပေါ့။

"ဖေဖေ"

"ဟင် . . . သမီး"

"သမီးလေးကို သနပ်ခါးလိမ်းပေး"

"လိမ်းပေးရမှာပေါ့။ သမီးလေးရဲ့ အမေရော၊ သမီးရော နှစ်ယောက်စလုံးကို လိမ်းပေးမှာ"

ခွန်မို သနပ်ခါးသွေးနေစဉ် ပန်းအိမ်က အဝတ်တွေ ထုတ်၏။ ပန်းအိမ် အဝတ်တွေကို အာရုံစိုက်နေစဉ်၊ ဗီရိုတစ်ထဲမှာဆည့်ထားသော အရုပ်ကလေးသုံးရုပ်အနက် ဗီဒိုဘတ်ပေါ်မှာ စိုင်းချစ်ဦးလို့ ဆောင်းပင်ပန်နှင့် နာမည်ထိုးထားသော အရုပ်ကလေးကို မိုပန်းအိမ် ယူဖွက်ထားတာ သိလိုက်။

မိုပန်းအိမ်လေး အခုလို ဆယ်နှစ် သမီးလေးပင်ဖြစ်နေပြီ။ လေးနှစ်ကျော်ကာလအတွင်းမှာ မိုပန်းအိမ်လေး ချစ်ဦးကို မေ့သွားပြီလို့ ထင်ထားကြပေမယ့် တကယ်တမ်းမှာ မေ့ပျောက်မသွားခဲ့ဘူးဆိုတာ ဘယ်သူမှ သိမှာမဟုတ်ပေ။ စိတ်ပုန်းလေးရှိနေတာကို သူမလေးပဲ သိလိမ့်မည်။

ပညာတတ်ကြီးဖြစ်ရင် နိုင်ငံခြားကို သွားလို့ သည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



မိုပန်းအိမ်လေး အမြဲတမ်း ကျော်မှာ အဆင့်တစ်ရအောင် ကြိုးစားခဲ့တာ ရည်ရွယ်ချက်တွေနှင့် ပညာတတ်ကြီးဖြစ်အောင် ကြိုးစားပြီး နိုင်ငံခြားကို သွားမည့် ဖေကြီးကို ရှာမည်ပေါ့။

"သမီးလေး"

"ရှင်"

"သနပ်ခါးသွေးပြီးပြီ"

"ခဏနေဦး ဖေဖေ။ သမီးလေး ရှူးပေါက်ချင်လို့"

"ကြည့် . . . အရေးထဲအရာပေါ်ပြီ"

ပန်းအိမ်က သမီးဘက်သို့ လှည့်ဆိုတော့ သမီးက စပ်ဖြဲဖြဲလေးလုပ်ကာ သုတ်ခနဲ ပြေးထွက်သွားလေ၏။ သမီးလေး တစ်ထောင့်တစ်နေရာကို သွားပြီ အရုပ်ကလေးကို ကြည့်ကာ မျက်ရည်ကျနေမည်ဆိုတာ ဘယ်သူကမှ မရိပ်မိခဲ့ကြ။

"ကဲ . . . မိန်းမရေ မင်းပဲ အရင်လိမ်းပေတော့လာ"

"အို . . . ကိုကိုကလည်း ကိုယ့်ဘာသာကိုယ် လိမ်းမှာပေါ့"

"မရဘူးကွာ ကိုကို လိမ်းပေးမယ်"

ခွန်မိုက ပန်းအိမ် လက်ကလေးကို ဆွဲချပြီး ထိုင်စေလျက် . . .

●——ဤမျှသာ——●



"သနပ်ခါး မလိမ်းခင်"

"ဘာ . . . ကိုကိုနော် သမီးကဖြင့် အပျိုဖြစ်တော့မယ်။ သူက အခုထိ ကဲချင်တုန်း"

"နောက်ထပ်လိုချင်လို့"

"ဘာရယ် . . ."

ခွန်မိုက မထိတထိပြုံးလျက် ပန်းအိမ် ကိုယ်လေးကို ထွေးဖက်ထားလိုက်သည်။ ပန်းအိမ်က ကိုယ်လေး တွန့်ကာ ရုန်းပေမယ့် မရ။ ပို၍ တင်းကျပ်စွာ ဖက်၍ အနမ်းတွေက ဆက်တိုက် ပန်းအိမ် မရုန်းတော့ဘဲ ငြိမ်သက်ကာ နေတော့၏။

"ကိုကို နောက်ထပ် သားသား၊ မီးမီးလေးတွေ လိုချင်သေးတယ် ပန်းအိမ်ရဲ့ မွေးပေးနော်"

"အမယ် . . . ကလေးတစ်ယောက်ထဲ မွေးရတာ လွယ်တာများ မှတ်နေလား။ သူမမွေးရတိုင်း . . . ဟွန်း"

"ဒါ . . . သဘာဝပဲ မိန်းမရယ်"

"ဖယ်စမ်းပါ။ ပွတ်သီးပွတ်သပ်နဲ့ သမီး မြင်သွားဦးမယ်၊ ကိုကိုနော် ကိုယ်မွေးထားတာ သမီးလေးဆိုတာကို သတိရဦး။ အတူမြင် အတတ်ရဖြစ်နေမှ"

ခွန်မို စပ်ဖြဲဖြဲမျက်နှာနှင့် လှုရှင်းခွာလိုက်ပြီး . . .

"သမီးလေး ဆယ့်သုံးနှစ်၊ ဆယ့်လေးနှစ်လောက် ရောက်တာနဲ့ ကိုကိုက ကိုယ်ရံတော်တပ်မကြီးဖွဲ့ထားမှာပျ"

●——ဤမျှသာ——●

www.burmeseclassic.com



"ရပါလိမ့်မယ်။ သေတ္တာထဲ ထည့်ပြီး သော့ခတ် ထားရင်တောင် မရဘူးဆိုတာ မကြားဖူးဘူးလား"

"ဗာပါဗျာ . . . မနိုင်တော့ပါဘူး"

ခွန်မိုက အလျှော့ပေးသည့် ပုံစံနှင့် နောက်ဖေး ဘက်သို့ မျက်နှာမူပြီး . . .

"သမီးရေ မပြီးသေးဘူးလားကွ။ မီးပုံပွဲက စတော့ မှာနော်"

"လာပြီ . . . ဖေဖေ"

ဟန်ဆောင်တောင်းလိုက်တဲ့ မိုပန်းအိမ်။ ပြန်ပြေး လာတာနှင့် ပကတိတည်ငြိမ်ပြုံးရွှင်နေလျက် ခွန်မို သမီး လေးကို သနပ်ခါး လိမ်းပေးပြီး မီးပုံပွဲလေးဆီသို့ ချီတက်ခဲ့ ကြသည်။

"ဝေး . . . ယေ့ . . . ဟေ့"

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း"

"တက်သွားပြီ ဆင်ရုပ်ကြီး"

လက်ခုပ်သံတွေ အော်သံတွေ ရှမ်းအိုးစည်သံ တွေနှင့် ဆူညံပွက်လို့ လူတွေက စည်စည်ကားကား ခွန်မို မှာ သမီးကို တစ်ဖက်က ချီလက် တစ်ဖက်က ဇနီးကို လက်ဆွဲလျက် လူအုပ်ကြီးထဲမှာ တိုးဝှေ့နေ၏။

သမီးလေးက မီးပုံပျံတွေ လွှတ်တာကို ကြည့်ပြီး လက်ခုပ်လက်ဝါးတီးကာ ရယ်မောနေတော့ မိဘနှစ်ပါးရဲ့



ရင်မှာ ကြည်နူးခြင်းတို့ သိမ့်သိမ့်ခါလို့ပါ။

"ပင်စိမ်းသီး ပိုးထိုး၊ တောင်ကြီးသူမ ရအောင်ပိုး ရအောင်ပိုးဟေ့ ရအောင်ပိုး"

"တောင်ကြီးသူမ ဟန်ကြီးလုပ် မယောကျ်ားရမှ တဘုတ်တုတ် မုန့်လာထုပ် မုန့်လာရွှင်"

ကာလသားတွေ၏ သီချင်းအော်ဆိုသံတွေကလည်း ဟိုမှာ တစ်စု ဒီမှာ တစ်စု။

"ဟော . . . ဟိုမှာ တစ်အုပ်ထပ်လွှတ်တော့မယ်"

"အာ . . . လူတွေကလည်း တိုးလိုက်တာ"

ပန်းအိမ် အသံကြောင့် ခွန်မို လှည့်ကြည့်တော့ နောက်မှ ကောင်လေးတစ်သိုက် ခွန်မို ပန်းအိမ် ချုံးလေး တို ဖက်၍ ရင်ခွင်ထဲသို့ ဆွဲသွင်းထားလိုက် . . .

"ပန်းအိမ်ကို အမျိုးမှတ်လို့ တိုးနေတာထင်တယ်"

"မဟုတ်ပါဘူး ကိုကိုရဲ့"

"ပြောလို့ရမလား။ ဒီအကောင် သဝန်တိုတတ် တယ်နော်"

ပန်းအိမ်က မျက်စောင်းလေး ထိုးလေလျှင် ခွန်မို ရယ်လိုက်ပြီး . . .

"စောင့်ကြည့် . . . အဲဒီကောင်တွေ နောက်ဆုတ် သွားအောင်။ ကိုကို ပြောပြမယ်"

"အာ . . . ကိုကိုကလည်း ရန်ဖြစ်နေမှ"

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်စေရဘူး . . . စိတ်ချ"

ခွန်မို နောက်က ကောင်လေးအဖွဲ့ကို ပြန်ငဲ့ကြည့်

လျက် . . .

"ညီလေးတို့ရေ . . . သိပ်မတိုးကြနဲ့ကွ။ မင်းတို့

တိုးနေတာ အပျိုမဟုတ်ဘူး။ ကလေးအမေ။ အစ်ကို့မိန်းမ

ကွာ"

"ဟာ . . . ဟုတ်လား . . . ဒါဆို မတိုးတော့ဘူး

အစ်ကိုရေ။ စိတ်ချ . . . စိတ်ချ"

ကောင်လေးအဖွဲ့က ရယ်မောကြပြီး ဘေးသို့

သွားကြသည်။ ဒါ လူငယ်တို့သဘာဝ ဘာရယ် ညာရယ်

မဟုတ်ဘဲ နောက်တတ်ကြသည် မဟုတ်လား။ ချစ်ဦး

ဖျတ်ခနဲ သတိရသွားပေမယ့် မညည်းရဲပေ။ သမီးလေး

အငိုစသလို ဖြစ်မှာစိုးလို့ . . .

မေ့လက်စနဲ့ မေ့ပျောက်နေပါစေလေ။ ကော

လေး အဖွဲ့ထဲမှာ တစ်ယောက်က ခပ်ကျယ်ကျယ်

အော်သွားသည်က . . .

"ဇနီးချောပါတဲ့ အစ်ကိုများ စိတ်မချရင် တို

သက်လျာ ကိုယ်ဖနုံးလေးဖက်ပြီး အပျိုမဟုတ်ကြော

ကြော်ငြာ တံဆိပ်ကလေးများ ကပ်ထားကြပါ ခင်ဗျား"

ထိုအသံကြားတော့ ပန်းအိမ်က သူ့လက်မော

ကို ဖွဖွထုကာ . . .



"တွေ့လား . . . ကိုကိုအဖြစ်သည်းလို့ ငေါ်ကုန်ပြီ"

"ငေါ်ပါစေကွာ။ ကိုကိုက ပန်းအိမ်ကို ဘယ်

လောက်ချစ်တဲ့အကြောင်း ဖြစ်နိုင်ရင် တစ်လောကလုံး သိ

အောင် ကြော်ငြာချင်တာ"

"ကိုကဲပို"

ပြောရင်း ဖျတ်ခနဲ ငုံ့နမ်းလိုက်တဲ့ အနမ်းနုနု

ကြောင့် ပန်းအိမ် မျက်နှာလေးမှာ ချယ်ရီပွင့်တို့နှင့် တူပြိုင်

နေမှာ မလွဲမသွေ။

မေတ္တာစစ်တို့မည်သည် ဖြောင့်ဖြူးရာ လမ်းမ

ရှိတဲ့။

ဒုက္ခပေါင်းများစွာကို ကျော်လွှားဖြတ်သန်းခဲ့ပြီးမှ

ဆုံစည်းခွင့်ရခဲ့သော ခွန်မိုနှင့် ပန်းအိမ်တို့မှာ ခုတော့ အချစ်

ပြီးရင် အချစ် . . . ချစ်ပြီးရင်း . . . ချစ်။

ပရိသတ်များကို ထာဝရလေးစားလျက်

မိုးစက်ပွင့်

www.burmeseclassic.com